# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**အနှစ်ရှိသော တရားကိုရနိုင်**

အနှစ်ရှိသော တရားကိုလည်း အနှစ်ရှိသော တရားဟူ၍၊ အနှစ်မရှိသော တရားကိုလည်း အနှစ်မရှိသော တရားဟူ၍ သိကြကုန်သောကြောင့် ထိုသူတို့သည် မှန်ကန်သော ကြံစည်မှုလျှင် အာရုံရှိကုန်ရကား အနှစ်ရှိသော တရားကို ရနိုင်ကြကုန်၏။

**ယမကဝဂ်(ဓမ္မပဒ-၁၂)**


၁၃၈၁ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၂ ရက် | ၂၀၁၉ ခုနှစ်၊ မေ ၁ ရက်၊ ဗုဒ္ဓဟူးနေ့ | အတွဲ (၅၈)၊ အမှတ် (၂၁၃)


# ခေတ်ကာလနှင့်အညီ အလုပ်သမားများ၏ ကျွမ်းကျင်မှုသည် အထူးအရေးပါလာ ဈေးကွက်မှ တောင်းဆိုနေသည့် ကျွမ်းကျင်လုပ်သားများဖြစ်စေရန် အားထုတ်ရန်လို

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံမှ အလုပ်သမားနေ့အခမ်းအနားသို့ ပေးပို့သော သဝဏ်လွှာ

(၂၀၁၉ ခုနှစ်၊ မေလ ၁ ရက်)

**ချစ်ကြည်လေးစားအပ်ပါသော အလုပ်သမားကြီးများခင်ဗျား-**

ယနေ့ကျရောက်သည့် အလုပ်သမားနေ့အခါသမယမှာ ပြည်ပနိုင်ငံအသီးသီး၌ ရောက်ရှိနေကြသည့် မြန်မာရွှေ့ပြောင်းအလုပ်သမားများအပါအဝင် မြန်မာအလုပ်သမားထုတစ်ရပ်လုံး ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းပြည့်ဝပြီး ကောင်းကျိုးမင်္ဂလာအဖြာဖြာနှင့် ပြည့်စုံကြပါစေ၊ လုပ်ငန်းခွင်အေးချမ်းသာယာပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်ကြပါစေလို့ ဆုတောင်းမေတ္တာပို့သရင်း ဦးစွာနှုတ်ခွန်းဆက်သအပ်ပါသည်။

ကမ္ဘာတစ်ဝန်းရှိ အလုပ်သမားများကို အလေးထားဂုဏ်ပြုသည့်အနေဖြင့် ပေါ်ပေါက်ခဲ့သော အလုပ်သမားနေ့သည် ခေတ်အဆက်ဆက်ရှည်လျားသည့် သမိုင်းကြောင်းနှင့်အတူ ကျော်ဖြတ်ခဲ့ရခြင်းဖြစ်ပါသည်။ စက်မှုတော်လှန်ရေးအဆက်ဆက်တွင် အလုပ်သမားများအနေနှင့် ရသင့်ရထိုက်သည့် အခွင့်အရေးများ၊ လိုလားချက်များကို အခက်အခဲမျိုးစုံကြားမှ

*စာမျက်နှာ ၃ ကော်လံ ၁* ✤

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အား ကမ္ဘောဒီးယားဝန်ကြီးချုပ်က ဂုဏ်ပြုအခမ်းအနားဖြင့် ကြိုဆို

**ဖနောင်ပင် ဧပြီ ၃၀**

ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့၌ တရားဝင်ချစ်ကြည်ရေးခရီး ရောက်ရှိနေသည့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် အဖွဲ့ဝင်များနှင့်အတူ ယနေ့ဒေသစံတော်ချိန် နံနက် ၈ နာရီ ၁၅ မိနစ်တွင် ကမ္ဘောဒီးယားနိုင်ငံ လွတ်လပ်ရေးအထိမ်းအမှတ် ကျောက်တိုင်သို့ ရောက်ရှိပြီး ဂုဏ်ပြုပန်းခွေချ အလေးပြုသည်။

**ဂုဏ်ပြုပန်းခွေချဂါရဝပြု**

ဆက်လက်၍ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် နတ်ရွာစံဘုရင်မင်းမြတ်၏ဖခမည်းတော် Preah Borom Ratanak Kaudh ၏ အထိမ်းအမှတ်ရုပ်တုသို့ ရောက်ရှိပြီး ဂုဏ်ပြုပန်းခွေချဂါရဝပြုသည်။

**ကြိုဆိုနှုတ်ဆက်**

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ဂုဏ်ပြုကြိုဆိုပွဲအခမ်းအနားသို့တက်ရောက်ရန် ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ်ရုံး ( Peace Palace ) သို့ ရောက်ရှိရာ ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် Samdech Akka Moha Sena Padei Techo Hun Sen က ကြိုဆိုနှုတ်ဆက်သည်။

*စာမျက်နှာ ၄ ကော်လံ ၁* ❖



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် **Samdech Akka Moha Sena Padei Techo Hun Sen** တို့ ဂုဏ်ပြုတပ်ဖွဲ့အား စစ်ဆေးစဉ်။ သတင်းစဉ်

# ၂၀၁၉ ခုနှစ် အလုပ်သမားနေ့အား ဂုဏ်ပြုပါ၏။


KBZ BANK

(6) CONSECUTIVE YEARS

'BANK OF THE YEAR IN MYANMAR 2018'

Awarded by Financial Times (The Banker)

# အပစ်အခတ် ရပ်စဲရေးနှင့် ထာဝရငြိမ်းချမ်းရေးဆီ

ငြိမ်းချမ်းရေးသည် မိမိတို့ နိုင်ငံသူနိုင်ငံသား ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တကြသည့်ဆန္ဒများအနက် ထိပ်ဆုံးမှာပါဝင်သည်။ အထူးသဖြင့် လက်နက်ကိုင်ပဋိပက္ခများ၊ ပစ်ခတ်တိုက်ခိုက်မှုများ ဖြစ်ပွားနေသည့်ဒေသများတွင် နေထိုင်ကြသည့် ပြည်သူများက အလိုလားဆုံးပင် ဖြစ်သည်။

တိုက်ပွဲများဖြစ်ပွားသည့်အခါ အေးချမ်းစွာ ဝမ်းစာရှာဖွေ၍မရ၊ လုံခြုံစွာ သွားလာနေထိုင်၍မရ၊ စိတ်ချလက်ချအိပ်စက်နားနေခွင့်မရ။ လယ်ယာစိုက်ခင်း၊ ကျွဲနွားများနှင့် အိုးအိမ်တို့ကို စွန့်ခွာ၍ စစ်မက်ဘေးမှ လွတ်ရာဆီသို့ ထွက်ပြေးတိမ်းရှောင်ကြရသည်။ တိုက်ပွဲရှောင်စခန်းများမှာ ခိုလှုံ၍ ထောက်ပံ့ပေးကမ်းမှုများကိုသာ လက်ခံရယူအသက်ဆက်ကြရသည်။ စစ်ပွဲများ၏ဘေးဒဏ်ကို ခံစားကြရသူများမှာ လက်နက်ကိုင်ဆောင်ထားခြင်းမရှိသည့် အပြစ်မဲ့ပြည်သူများ၊ သက်ကြီးရွယ်အို၊ အမျိုးသမီးများနှင့် ကလေးငယ်များပင်ဖြစ်သည်။

လက်နက်ဆွဲကိုင် တိုက်ခိုက်မှုများရှိနေသရွေ့ မငြိမ်းချမ်းနိုင်သည်ကို လည်းကောင်း၊ ငြိမ်းချမ်းရေးမတည်ဆောက်နိုင်သရွေ့ မဖွံ့ဖြိုး၊ မတိုးတက်နိုင်သည်ကို လည်းကောင်း၊ မဖွံ့ဖြိုး မတိုးတက်သေးသရွေ့ ဆင်းရဲခြင်းသံသရာမှာသာ လည်နေဦးမည်ကိုလည်းကောင်း ပြည်သူများက ဘဝပေး အသိဖြင့်သိကြသည်။ နှစ်ပရိစ္ဆေဒကြာမြင့်လှပြီဖြစ်သည့် လက်နက်ကိုင်ပဋိပက္ခများကို မည်သူမျှ အလိုမရှိကြတော့။ သို့ဖြစ်သည့်အလျောက် ငြိမ်းချမ်းရေး၊ ပစ်ခတ်တိုက်ခိုက်မှုများရပ်စဲရေး စသည်တို့အတွက် အားထုတ်ကြိုးပမ်းမှုမှန်သမျှကို စိတ်ဝင်တစားဖြင့် စောင့်ကြည့်လေ့လာနားစွင့်ကြသည်။ ထွက်ပေါ်လာမည့်ရလဒ်ကောင်းများကိုလည်း မျှော်လင့်တကြီးဖြင့် စောင့်စားတတ်ကြသည်။ ပြည်သူများအားလုံး စစ်ကို ငြီးငွေ့လှပြီ။ ငြိမ်းချမ်းအေးချမ်းစွာ၊ကြောက်ရွံ့ထိတ်လန့်မှုများ ကင်းရှင်းစွာ ရှင်သန်နေထိုင်ချင်ကြပြီ။

မေ ၃၀ ရက် နံနက်ပိုင်းက အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (NRPC)မှ ကိုယ်စားလှယ်အဖွဲ့နှင့် မြောက်ပိုင်း မဟာမိတ် အဖွဲ့လေးဖွဲ့ဟု သိကြသော KIO, MNTJP, PSLF, ULAတို့မှူဆယ်မြို့တွင် အပစ်အခတ်ရပ်စဲရေး တွေ့ဆုံဆွေးနွေးပွဲတစ်ရပ်ကို ကျင်းပခဲ့သည်။ တပ်မတော်က တစ်ဖက်သတ်ရပ်ဆိုင်းပေးထားခဲ့သည့် အပစ်ရပ်ကာလလေးလမှာ ပြည့်သွားပြီ ဖြစ်သည့်အလျောက် တိုက်ပွဲများ အရှိန်အဟုန်မြှင့် ပြန်လည်ဖြစ်ပွားလာမည်ကို ဒေသတွင်းနေ တိုင်းရင်းသား ပြည်သူများစိုးရိမ်မှု မြင့်တက်လာချိန်တွင် ကျင်းပခဲ့သည့် တွေ့ဆုံဆွေးနွေးပွဲဖြစ်ရာ အချိန်အခါသင့်သည်ဟု ဆိုရမည်ဖြစ်သည့်အပြင် အဆိုပါ တွေ့ဆုံဆွေးနွေးပွဲမှ အပြုသဘောဆောင်သည့် အလားအလာများ ထွက်ပေါ်လာခြင်းအတွက်လည်း ဝမ်းမြောက်ဝမ်းသာ ဖြစ်ကြရသည်။

ထို့အပြင် ထာဝရငြိမ်းချမ်းရေးရရှိစေရေး ဦးတည်လျက် ငြိမ်းချမ်းရေး လုပ်ငန်းစဉ် အဆင့်ဆင့်တို့ကို ပိုမိုထိရောက်စွာ ဆက်လက်ဆောင်ရွက်နိုင်ရန် အလို့ငှာ တပ်မတော်၏ စစ်ရေးဆိုင်ရာ လှုပ်ရှားမှုများကို ၂၀၁၉ ခုနှစ် ဇွန် ၃၀ ရက်အထိ ထပ်မံတိုးမြှင့်ရပ်ဆိုင်းပေးသွားမည်ဖြစ်ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံးက ထုတ်ပြန်ချက်တစ်ရပ်ကို မေ ၃၀ ရက်စွဲဖြင့် ထုတ်ပြန်လိုက်ရာ နှစ်ဖက်ယုံကြည်မှု တည်ဆောက်ရေးနှင့် လက်နက်ကိုင်ပဋိပက္ခများ လျှော့ချနိုင်ရေးတို့အတွက် အခွင့်အလမ်းများ ပိုမိုတိုးမြှင့် ဖြစ်ပေါ်လာခဲ့ပြီဖြစ်သည်။

မျက်မှောက်ခေတ်တွင် နိုင်ငံရေးပြဿနာများကို စားပွဲဝိုင်းများတွင် ဆွေးနွေးခြင်းဖြင့် အဖြေရှာနိုင်ကြပြီ ဖြစ်သည်။ ထာဝရငြိမ်းချမ်းရေး အတွက် လျှောက်လှမ်းကြရမည့် ခရီးစဉ်လမ်းကြောင်းလည်း ရှိနေပြီ ဖြစ်သည်။ လက်နက်ဆွဲကိုင်တိုက်ခိုက်နေရန်မလိုဘဲ ရင်းနှီးပွင့်လင်းစွာ တွေ့ဆုံဆွေးနွေး အဖြေရှာခြင်းဖြင့် စစ်ပွဲသံသရာနှင့် ပြည်သူလူထု ထိခိုက်ခံစားကြရသည့် ဘေးဒုက္ခတို့ကို ရှောင်ရှားနိုင်ကြမည်လည်း ဖြစ်သည့်အလျောက် တပ်မတော်၏စစ်ရေးလှုပ်ရှားမှုအားလုံး ရပ်ဆိုင်းထားသည့်ကာလအတွင်း ထာဝရငြိမ်းချမ်းရေးဆီဦးတည်သည့် အပြုသဘောဆောင်သော လုပ်ငန်းစဉ်တို့ကို စိတ်နှလုံးရွှင်ပျစွာ ဆောင်ရွက်နိုင်ကြပါစေကြောင်း။ ။

## ဆက်သွယ်စုံစမ်းနိုင်

သတင်းစာမှာယူခြင်း၊ ကိုယ်စားလှယ် လျှောက်ထားခြင်းနှင့် ကြော်ငြာထည့်သွင်းခြင်းကိစ္စများအတွက် သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များကို ဆက်သွယ်စုံစမ်းနိုင်ပါသည်။

မြန်မာ့အလင်း - ၀၉၄၄၂၅၅၀၇၆၄

ကြေးမုံ - ၀၉၂၅၀၁၈၉၂၇၇

# ထာဝရငြိမ်းချမ်းရေးစေတီတော်တွင် ကိန်းဝပ်စံပယ်တော်မူမည့် စကျင်ဗုဒ္ဓရုပ်ပွားတော်များ မုံရွာမြို့သို့ ဒေသစာရီကြွချီအပူဇော်ခံ



**မုံရွာ မေ ၃၀**

ပြည်ထောင်စုနယ်မြေ နေပြည်တော်တွင် ရွှေပါရမီတောရဆရာတော် အရှင်ဆန္ဒာဓိက ဦးဆောင်၍ နိုင်ငံတော်အကြီးအကဲများ၊ နိုင်ငံသူ၊ နိုင်ငံသားများ၏ စုပေါင်းအင်အားဖြင့် တည်ထားကိုးကွယ်လျက်ရှိသည့် ထာဝရငြိမ်းချမ်းရေးစေတီတော်တွင် ကိန်းဝပ်စံပယ်တော်မူမည့် စကျင်ဗုဒ္ဓရုပ်ပွားတော်နှစ်ဆူ၊ ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ရွှေထီးတော် ဘုံအဆင့်ဆင့်တို့သည် ယနေ့နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး ပုဂံ-ညောင်ဦးမြို့မှ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့သို့ ဒေသစာရီကြွချီအပူဇော်ခံသည်။

စကျင်ဗုဒ္ဓရုပ်ပွားတော်များ၊ ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ရွှေထီးတော်ဘုံအဆင့်ဆင့်တို့အား ယနေ့နံနက်ပိုင်းက ပုဂံ - ညောင်ဦးမြို့ - ပခုက္ကူမြို့ - ရေစကြိုမြို့ - ချောင်းဦးမြို့ လမ်းကြောင်းတစ်လျှောက် ပင့်ဆောင်အပူဇော်ခံရာ လမ်းတစ်လျှောက်တွင် ခရိုင်/ မြို့နယ် ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ ဘာသာရေးအသင်းအဖွဲ့များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ကျောင်းသားကျောင်းသူများ၊ ဒေသခံပြည်သူများက စည်ကားလှိုက်လှဲစွာဖြင့် ကြိုဆိုဖူးမြော်ကြပြီး စေတီတော်ကြီးတည်ထားကိုးကွယ်ရေး အလှူငွေများလှူဒါန်းကြသည်။

စစ်ကိုင်းတိုင်းဒေသကြီး ဆင်ဖြူရှင်တံတားတွင် စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်၏ ဇနီး ဒေါ်တင့်တင့်၊ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ် ဦးဝင်းမြင့်နှင့်ဇနီး၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များနှင့် ၎င်းတို့ဇနီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ ဂေါပကအဖွဲ့ဝင်များ၊ ဝတ်အသင်းအဖွဲ့များက မုံရွာမြို့သို့ ကြိုဆိုပင့်ဆောင်ကြသည်။

စကျင်ဗုဒ္ဓရုပ်ပွားတော်များ၊ ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ရွှေထီးတော်ဘုံအဆင့်ဆင့်တို့အား မုံရွာမြို့ ရွှေစည်းခုံဘုရားဝင်းအတွင်းရှိ သာသနာ့ဗိမာန်တော်တွင် ရွှေစည်းခုံစေတီတော်မြတ်ကြီး ရင်ငွေ့လှုံကာ ဒေသခံပြည်သူများ ဖူးမြော်ကြည်ညိုနိုင်ရန် နှစ်ရက်တာ အပူဇော်ခံထားရှိမည်ဖြစ်သည်။

မေ ၁ ရက် ည ၇ နာရီတွင် ရွှေပါရမီတောရဆရာတော် အရှင်ဆန္ဒာဓိက က မုံရွာမြို့ မြို့တော်ခန်းမ၌ စကျင်ဗုဒ္ဓရုပ်ပွားတော်များ၊ ရွှေထီးတော်၊ ငှက်မြတ်နားတော်နှင့် ရတနာစိန်ဖူးတော်များ ပင့်ဆောင်ပူဇော်ခြင်း အထိမ်းအမှတ် နိဗ္ဗာန်ရောက်ကြောင်း အထောက်အပံ့ တရားတော်ကို ဟောကြားချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ- ဟန်လင်းနိုင်**
**ထွန်းကိုကို(ယင်းမာပင်)**

# အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေးစီမံကိန်း လုပ်ငန်းအပ်နှံသည့်စာချုပ် လက်မှတ်ရေးထိုးပွဲအခမ်းအနား ကျင်းပ




အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေးစီမံကိန်း လုပ်ငန်းအပ်နှံသည့်စာချုပ် လက်မှတ်ရေးထိုးစဉ်။

**နေပြည်တော် မေ ၃၀**

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်းနှင့် ကမ္ဘာ့ဘဏ်ချေးငွေဖြင့် ဆောင်ရွက်လျက်ရှိသည့် အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေး စီမံကိန်းအတွက် ဓာတ်အားလိုင်း၊ ထရန်စဖော်မာ တည်ဆောက်ရေး တင်ဒါအောင်မြင်သည့် ကုမ္ပဏီများလုပ်ငန်းအပ်နှံသည့် စာချုပ်လက်မှတ်ရေးထိုးပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ လျှပ်စစ်နှင့်စွမ်းအင် ဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါ စီမံကိန်းကို ရန်ကုန်တိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်အတွင်းရှိ ကျေးရွာ ၅၉၀ တွင် အကောင်အထည်ဖော်မည် ဖြစ်ကြောင်း သိရသည်။

လက်မှတ်ရေးထိုးပွဲအခမ်းအနားသို့ လျှပ်စစ်နှင့်စွမ်းအင် ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်၊ အမြဲတမ်းအတွင်းဝန် ဦးတင်မောင်ဦး၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ကုမ္ပဏီများမှ မန်နေဂျင်းဒါရိုက်တာနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်က အမှာစကားပြောကြားရာတွင် "၂၀၃၀ ပြည့်နှစ်တွင် တစ်နိုင်ငံလုံး လျှပ်စစ်ဓာတ်အားရရှိရေး" ကို ရည်မှန်း၍ စီမံကိန်းလုပ်ငန်း ဆောင်ရွက်လျက်ရှိရာ လက်ရှိအခြေအနေတွင် တစ်နိုင်ငံလုံး၏ အိမ်ထောင်စုများအားလုံးအနက်မှ ၄၄ ရာခိုင်နှုန်းသည် လျှပ်စစ်ဓာတ်အား အသုံးပြုခွင့်ရရှိနေပြီး ၂၀၂၀-၂၀၂၁ ခုနှစ်တွင် အိမ်ထောင်စု ၅၅ ရာခိုင်နှုန်း လျှပ်စစ်ဓာတ်အားသုံးစွဲခွင့် ရရှိရန် လျာထား ဆောင်ရွက်လျက်ရှိကြောင်း၊ အနာဂတ် လျှပ်စစ်ဓာတ်အားသုံးစွဲနိုင်ရေး ရည်မှန်းချက်အဖြစ် ၂၀၂၅-၂၀၂၆ ခုနှစ်တွင် အိမ်ထောင်စုဦးရေ ၇၅ ရာခိုင်နှုန်း၊ ၂၀၃၀-၂၀၃၁ ခုနှစ်တွင် မြန်မာတစ်နိုင်ငံလုံး အိမ်ထောင်စုဦးရေ ၁၀၀ ရာနှုန်းပြည့် လျှပ်စစ်ဓာတ်အား သုံးစွဲခွင့်ရရှိရေး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း။

ပြည်သူများ လျှပ်စစ်ဓာတ်အား အပြည့်အဝရရှိနိုင်ရန် တည်ဆောက်ရေးလုပ်ငန်းများ၊ စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ဘဏ္ဍာငွေရရှိရေးကို ပြည်ထောင်စုဘဏ္ဍာငွေ၊ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့၏ နှစ်စဉ်ခွင့်ပြုရန်ပုံငွေ၊ နိုင်ငံတကာ အဖွဲ့အစည်းများဖြစ်သော World Bank၊ ADB၊ JICA၊ KfW Bank တို့မှ အတိုးနှုန်းသက်သာသော နှစ်ရှည်ချေးငွေများဖြင့် တွန်းအားပေးအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ကမ္ဘာ့ဘဏ်ချေးငွေ အမေရိကန် ဒေါ်လာသန်း ၃၁၀ ဖြင့် အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေး စီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ပထမအဆင့် အနေဖြင့် ဓာတ်အားစနစ်မှ နှစ်မိုင်အတွင်း ကျေးရွာ ၅၀၈၀ ရွာအတွက် လိုအပ်သော ထရန်စဖော်မာ၊ ကွန်ကရစ်တိုင်၊ ကြေးသီး၊ ကြိုး၊ လက်တန်းနှင့် ဆက်စပ်ပစ္စည်းများကို (International Competitive Bidding- ICB) ဖြင့် ခေါ်ဆိုခဲ့ပြီး ပစ္စည်းများရောက်ရှိနေပြီဖြစ်ကြောင်း၊ တည်ဆောက်တပ်ဆင်ခြင်း တင်ဒါကို ကမ္ဘာ့ဘဏ်၏ လုပ်ထုံးလုပ်နည်းများနှင့်အညီစိစစ်ခဲ့ပြီး ယခုကဲ့သို့ စာချုပ်ချုပ်ဆိုခြင်း ဖြစ်ပါကြောင်း။

ယနေ့ချုပ်ဆိုသည့် စာချုပ်များအရ မီးလင်းနိုင်မည့် အိမ်ထောင်စုဦးရေမှာ ရန်ကုန်တိုင်းဒေသကြီးတွင် အိမ်ထောင်စုဦးရေ ၂၀၂၉၂ စု၊ စစ်ကိုင်းတိုင်းဒေသကြီးတွင် အိမ်ထောင်စု ၃၅၁၉ စု၊ မကွေးတိုင်းဒေသကြီးတွင် အိမ်ထောင်စု ၉၄၅၉ စု၊ ရခိုင်ပြည်နယ်တွင် အိမ်ထောင်စု ၄၈၀ စု၊ ရှမ်းပြည်နယ် (မြောက်ပိုင်း) တွင် အိမ်ထောင်စု ၁၀၄၄ စု ၊ ကရင်ပြည်နယ်တွင် အိမ်ထောင်စု ၄၂၂၀ စု၊ မွန်ပြည်နယ်တွင် အိမ်ထောင်စု ၁၃၃၂ စု၊ မန္တလေးတိုင်းဒေသကြီးတွင် အိမ်ထောင်စု ၃၅၇၄၂ စု တိုးတက်လာမည် ဖြစ်ပါကြောင်း၊ တည်ဆောက်ရေးလုပ်ငန်းများကို ယခုနှစ် ဇန်နဝါရီတွင် စတင်ဆောင်ရွက်နေပြီး ၂၀၂၀ ဇွန်လတွင် ပြီးစီးမည်ဖြစ်ပါကြောင်း။

NEP ဒုတိယအဆင့် အနေဖြင့် ဓာတ်အားလိုင်းမှ ငါးမိုင်အတွင်း ကျေးရွာများ ဓာတ်အားရရှိရေးအတွက် ဆက်လက်ဆောင်ရွက်လျက်ရှိပြီး ၂၀၂၁ ခုနှစ် စက်တင်ဘာလကုန်တွင် ပြီးစီးအောင် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ပြီးစီးပါက ကျေးရွာပေါင်း ၈၅၃၇ ရွာရှိ အိမ်ထောင်စုပေါင်း ၁၀၃၂၄၁၁ စု ခန့် လျှပ်စစ်ဓာတ်အား ရရှိလာမည်ဖြစ်ပြီး စုစုပေါင်း Electrification Rate ၉ ဒသမ ၅ ရာခိုင်နှုန်းခန့် တိုးတက်လာကာ တစ်နိုင်ငံလုံး၏ Electrification Rate မှာ ၂၀၁၉ ခုနှစ် ကုန်တွင် ရာခိုင်နှုန်း ၅၀ နှင့် ၂၀၂၁ခုနှစ်တွင် တစ်နိုင်ငံလုံး Electrification Rate ၅၅ ရာခိုင်နှုန်းထိ တိုးတက်လာမည်ဖြစ်ပါကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးစောဝင်းမောင်က စီမံကိန်းလုပ်ငန်းများဆောင်ရွက်မည့် အစီအစဉ်များနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း၏ တည်ဆောက်ရေးတင်ဒါများအတွက် တာဝန်ရှိသူများနှင့် လက်မှတ်ရေးထိုး၍ စာချုပ်များ အပြန်အလှန်လဲလှယ်ခဲ့ကြပြီး စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကူးကြသည်။ **သတင်းစဉ်**

**“နိုင်ငံတော်အနေဖြင့် ရေရှည်တည်တံ့ခိုင်မြဲသည့် ဖွံ့ဖြိုးမှုပန်းတိုင်ရောက်ရှိရန် မျှော်မှန်း၍ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန် အရှိန်အဟုန်မြှင့် ကြိုးပမ်းဆောင်ရွက်နေသည့် အချိန်အခါဖြစ်သည်နှင့်အညီ နိုင်ငံသူ၊ နိုင်ငံသားအားလုံးအနေဖြင့် ကြုံတွေ့ရသည့်စိန်ခေါ်မှုများကို စုပေါင်းအင်အားဖြင့် ရင်ဆိုင်ကျော်လွှားကြရမည် ဖြစ်ပါသည်။ အလုပ်သမားများ၏ဘဝ တစ်ဆင့်ပြီးတစ်ဆင့် တိုးတက်မြင့်မားရေးအတွက် နိုင်ငံတော်အစိုးရက အရေးကြီးသော မူဝါဒဆိုင်ရာ ပြုပြင်ပြောင်းလဲခြင်းများ အလေးပေးဆောင်ရွက်နေချိန်တွင် အလုပ်ရှင်၊ အလုပ်သမားနှင့် သက်ဆိုင်ရာဌာနများအနေဖြင့် ကုန်ထုတ်လုပ်မှုတိုးတက်မြင့်မားရေးအတွက် အပြန်အလှန်နားလည်မှုရှိရှိ ဟန်ချက်ညီညီ ကြိုးပမ်းဆောင်ရွက်”**

✤ *ရှေ့စာမှ*

တောင်းဆိုရယူနိုင်ခဲ့ကြပါသည်။ လက်ရှိကာလတွင် မြန်မာနိုင်ငံအပါအဝင် ကမ္ဘာတစ်ဝန်းမှ အလုပ်သမားများ၏ ရသင့်ရထိုက်သည့် အခွင့်အရေးများသည် ယခင်ကထက် ပိုမိုတိုးတက်ရရှိနေကြောင်း တွေ့မြင်နိုင်ပါသည်။ ယခုကဲ့သို့ တိုးတက်မှုများ ဖြစ်ပေါ်လာရန် စိတ်ထားကောင်းနှင့် ဦးဆောင်ဦးရွက်ပြုခဲ့သည့် အလုပ်သမားများကို လေးစားအသိအမှတ်ပြုအပ်ပါသည်။ အလုပ်သမားများ ရသင့်ရထိုက်သည့် အခွင့်အရေးများကို ဥပဒေနှင့်အညီ ရရှိခံစားနိုင်ရန် နိုင်ငံတော်အစိုးရအနေဖြင့် အလေးထားဆောင်ရွက်ပေးလျက်ရှိပါသည်။

**ချစ်ကြည်လေးစားအပ်ပါသော အလုပ်သမားကြီးများခင်ဗျား-**

ယနေ့ မြန်မာနိုင်ငံသည် ဒီမိုကရေစီအသွင်ကူးပြောင်းနေသည့် နိုင်ငံဖြစ်ပြီး ပြည်တွင်းမှာသာမက နိုင်ငံတကာမျက်နှာစာတွင်ပါ စိန်ခေါ်မှုများနှင့် ရင်ဆိုင်နေရသဖြင့် ရလဒ်ကောင်းများ ထွက်ပေါ်လာစေရေးအတွက် ပြည်သူလူထုအားသာမက ပြည်တွင်းပြည်ပ မိတ်ဖက်များ၏ အကူအညီများကို ရယူဆောင်ရွက်လျက်ရှိပါသည်။

နိုင်ငံတော်အနေဖြင့် ပြည်သူအများ ဆန္ဒပြင်းပြ မျှော်လင့်တောင့်တနေသည့် ဒီမိုကရေစီနှင့် လူ့အခွင့်အရေးကို မျက်ခြည်ပြတ်မခံဘဲ ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။ ပြည်သူထဲက ပြည်သူဖြစ်သည့် အလုပ်သမားများအနေဖြင့် မိမိတို့၏ လုပ်ငန်းတာဝန်များကို ကြိုးပမ်းထမ်းဆောင်ကြပြီး ကြုံတွေ့ရသည့်အခက်အခဲများကို ဥပဒေနှင့်အညီ စေ့စပ်ညှိနှိုင်းဆွေးနွေးဖြေရှင်းကြရမည် ဖြစ်ပါသည်။

နိုင်ငံတော်အနေဖြင့် ကမ္ဘာလုံးဆိုင်ရာ ရည်မှန်းချက်များကို အခြေခံပြီး ချမှတ်ထားရှိသော မြန်မာနိုင်ငံရေရှည်တည်တံ့ခိုင်မြဲ၍ ဟန်ချက်ညီသည့်ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း (MSDP)(၂၀၁၈-၂၀၃၀) တွင်လည်း (၂၁)ရာစု လူမှုအသိုက်အဝန်းအတွက် လူသားအရင်းအမြစ်များနှင့် လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးဆိုသည့် ပန်းတိုင်သတ်မှတ်ထားရှိပြီး ရွှေ့ပြောင်းလုပ်သားအပါအဝင် လုပ်သားအားလုံး၏ ထုတ်လုပ်နိုင်မှုစွမ်းအားကို အသုံးချရေးနှင့် အလုပ်သမားအခွင့်အရေးကို ကာကွယ်ပေးရေးဟူ၍ မဟာဗျူဟာထည့်သွင်းသတ်မှတ်ကာ အလုပ်သမားများ ဘဝသာယာရေးအတွက် လုပ်ငန်းစဉ်များကိုလည်း ဦးစားပေးလုပ်ငန်းစဉ်များထဲတွင် ထည့်သွင်းချမှတ် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။ အဆိုပါလုပ်ငန်းစဉ်များအရ အလုပ်သမားရေးရာ ကိစ္စရပ်များနှင့်စပ်လျဉ်းပြီး အလုပ်ရှာဖွေနေသူများ အလုပ်အကိုင်ရရှိရေးအတွက် ဝန်ဆောင်မှုအပြည့်အဝပေးရေး၊ လိုအပ်သည့်ကျွမ်းကျင်မှု သင်တန်းများပေးရေး၊ ကျွမ်းကျင်မှု အသိအမှတ်ပြုလက်မှတ်များ ထုတ်ပေးရေး၊ လုပ်ငန်းခွင်ဝင်ရောက်စဉ် လုပ်ခလစာများပုံမှန်ရရှိရေး၊ ခွင့်ရက် အလုပ်ပိတ်ရက်များ ခံစားရရှိရေး၊ လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် ကျန်းမာရေး၊ လုပ်ငန်းခွင်တည်ငြိမ်အေးချမ်းသာယာပြီး လုပ်ငန်းခွင်ဆက်ဆံရေး ကောင်းမွန်စေရေး၊ ကုန်ထုတ်စွမ်းအားတိုးတက်ရေး၊ လူမှုဖူလုံရေးအကျိုးခံစားခွင့်များကို အာမခံအလုပ်သမားများမှ ရရှိခံစားနိုင်ရေး၊ အလုပ်သမားရေးရာ အငြင်းပွားမှုများ ဖြစ်ပေါ်လာပါက တည်ဆဲဥပဒေများနှင့်အညီ ညှိနှိုင်းဖြေရှင်းရေး စသည့် လုပ်ငန်းရပ်များအား အလေးထားဆောင်ရွက်ပေးလျက်ရှိပါသည်။

**ချစ်ကြည်လေးစားအပ်ပါသော အလုပ်သမားကြီးများခင်ဗျား-**

အလုပ်လုပ်ကိုင်လိုသူတိုင်း အလုပ်အကိုင်ရရှိနိုင်စေရန် နိုင်ငံတော်၏ စီမံကိန်းများနှင့် ပြည်ပရင်းနှီးမြှုပ်နှံမှုဆိုင်ရာမူဝါဒများ၊ အလုပ်အကိုင်မူဝါဒ၊ ရွှေ့ပြောင်းအလုပ်သမားဆိုင်ရာ မူဝါဒများချမှတ်ခြင်း၊ နိုင်ငံအဝန်းအလုပ်အကိုင်နှင့် အလုပ်သမားရှာဖွေရေးရုံးများ၊ Mobile Team များ၊ One Stop Service များ ဖွင့်လှစ်ဆောင်ရွက်ခြင်းနှင့် ပြည်တွင်းအလုပ်အကိုင်ရှာဖွေရေး အေဂျင်စီများမှ တစ်ဆင့် ဝန်ဆောင်မှုပေးခြင်းတို့ဖြင့် စီစဉ်ပေးလျက်ရှိပါသည်။

ထို့အပြင် ပြည်ပအလုပ်အကိုင်ရရှိစေရန်အတွက် မူဝါဒချမှတ်ဆောင်ရွက်ပေးလျက်ရှိသည့်နည်းတူ ရွှေ့ပြောင်းလုပ်သားများနှင့် စပ်လျဉ်း၍လည်း အမျိုးသားအဆင့် လုပ်ငန်းစီမံချက် (၂၀၁၈-၂၀၂၂)ကို ရေးဆွဲအကောင်အထည်ဖော်လျက်ရှိပါသည်။

အလားတူ ပြည်ပရောက် မြန်မာရွှေ့ပြောင်းလုပ်သားများကို ကာကွယ်စောင့်ရှောက်နိုင်ရေးအတွက် သက်ဆိုင်ရာနိုင်ငံများတွင် အလုပ်သမားသံအရာရှိများ ခန့်အပ်ပြီး သက်ဆိုင်ရာ မြန်မာသံရုံးများနှင့် ပူးပေါင်းကာ ဖြေရှင်းပေးလျက်ရှိပါသည်။ ထို့အပြင် ပြည်တွင်းရွှေ့ပြောင်းလုပ်သားများအတွက်ကိုလည်း ILO၊ IOM အကူအညီများနှင့် ထောက်ပံ့ကူညီရေးဗဟိုဌာနများ ဖွင့်လှစ်ထားပြီး ဆောင်ရွက်ပေးလျက်ရှိပါသည်။

ရုပ်မြင်သံကြားနှင့် သတင်းမီဒီယာများမှ အသိပညာပေးအစီအစဉ်များ ထုတ်လွှင့်ခြင်း၊ ပြည်ပအလုပ်အကိုင်အတွက် ကျင့်ဝတ်နှင့်အညီ အလုပ်သမားစုဆောင်းရန်နှင့် ဥပဒေနှင့်ညီညွတ်စေရန် ကြပ်မတ်ခြင်းနှင့် အရေးယူဆောင်ရွက်ခြင်း၊ နေရပ်ပြန်လုပ်သားများဆိုင်ရာကိစ္စရပ်များ ညှိနှိုင်းပေါင်းစပ်ခြင်းများ ဆောင်ရွက်ပေးလျက်ရှိပါသည်။

ခေတ်ကာလနှင့်အညီ အလုပ်သမားများ၏ ကျွမ်းကျင်မှုသည် အထူးအရေးပါလာသောကြောင့် နိုင်ငံတော်အနေဖြင့် ကျွမ်းကျင်လုပ်သားများ ပြုစုပျိုးထောင်ရေးဆိုင်ရာ ကိစ္စရပ်များအား အလေးထားဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ ဈေးကွက်မှ တောင်းဆိုနေသည့် ကျွမ်းကျင်လုပ်သားများဖြစ်စေရန်၊ အလုပ်သမားများကိုယ်တိုင်က အားထုတ်ရန်လည်း လိုအပ်ပါသည်။

အလုပ်ရှင်များ၏ ပူးပေါင်းဆောင်ရွက်မှုသည် အလွန်အရေးကြီးသောကြောင့် ကျွမ်းကျင်မှုရန်ပုံငွေထူထောင်နိုင်ရန်အတွက် တည်ဆဲအလုပ်အကိုင်နှင့် ကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်ရေးဥပဒေကို ပြင်ဆင်ရေးဆွဲလျက်ရှိကြောင်းကိုလည်း အသိပေးအပ်ပါသည်။ စက်ရုံ အလုပ်ရုံ၊ အလုပ်ဌာနနှင့် လုပ်ငန်းခွင်များ ဘေးကင်းလုံခြုံစေရေး လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ပိုမိုထိရောက်မှုရှိစေရန် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဥပဒေအသစ်ကိုလည်း ပြဋ္ဌာန်းခဲ့ပြီး ဖြစ်ပါသည်။

**ချစ်ကြည်လေးစားအပ်ပါသော အလုပ်သမားကြီးများခင်ဗျား-**

လူမှုဖူလုံရေး အကျိုးခံစားခွင့်များကို အလုပ်သမားများ ပိုမိုရရှိခံစားနိုင်စေရန် အတွက် ဝန်ဆောင်မှုများ တိုးချဲ့ခြင်းနှင့် လုပ်ထုံးလုပ်နည်းများ ဖြေလျှော့နိုင်ရေးတို့ အတွက် ပြုပြင်ပြောင်းလဲခြင်းများကို အရှိန်မြှင့်ဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ လုပ်ငန်းခွင်ဆက်ဆံရေး ကောင်းမွန်ရေးအတွက်ကိုလည်း အလုပ်သမားရေးရာ လုပ်ငန်းညှိနှိုင်းရေးကော်မတီ (WCC) များကို လုပ်ငန်းခွင်တိုင်းတွင် အလုပ်ရှင်၊ အလုပ်သမားများမှ ညှိနှိုင်းဖွဲ့စည်းရေးကိစ္စရပ်များနှင့် အငြင်းပွားမှု ဖြေရှင်းရေး လုပ်ငန်းစဉ်အတွက် စွမ်းဆောင်ရည်မြှင့်တင်ရေးလုပ်ငန်းများကိုလည်း စနစ်တကျ ကြိုးပမ်းစီမံပေးလျက်ရှိပါသည်။

နိုင်ငံတော်အနေဖြင့် အလုပ်သမားများအကျိုးရှေးရှုပြီး ခေတ်ကာလနှင့် ဆီလျော်သော အလုပ်သမားလျော်ကြေးများ ရရှိနိုင်ရန် ဥပဒေပြင်ဆင်ရေးဆွဲခြင်း၊ အခြားနိုင်ငံများမှ မြန်မာနိုင်ငံအတွင်း လာရောက်လုပ်ကိုင်မည့် နိုင်ငံခြားသားအလုပ်သမားများကို စနစ်တကျကြီးကြပ်နိုင်ရန် နိုင်ငံခြားသားအလုပ်သမားဥပဒေ ရေးဆွဲခြင်း၊ ခေတ်ကာလနှင့် မလျော်ညီသည့် ဥပဒေများကို ပြင်ဆင်ခြင်း၊ အသစ်ရေးဆွဲခြင်းများ ဆောင်ရွက်လျက်ရှိပါသည်။

လက်ခံကျင့်သုံးလျက်ရှိသည့် အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာစံများနှင့်အညီ အလုပ်သမားရေးရာ ကိစ္စရပ်များအား ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ၂၀၁၁ ခုနှစ်၊ အလုပ်သမားအဖွဲ့အစည်း ဥပဒေနှင့်အညီ အခြေခံအလုပ်သမားအဖွဲ့အစည်းများ၊ မြို့နယ်အဆင့်၊ တိုင်းဒေသကြီး/ပြည်နယ်အဆင့် အလုပ်သမားအဖွဲ့အစည်းများ၊ အလုပ်သမားအဖွဲ့ချုပ်များ၊ မြန်မာနိုင်ငံလုံးဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့၊ အခြေခံအလုပ်ရှင်အဖွဲ့အစည်းများနှင့် အလုပ်ရှင်အဖွဲ့ချုပ် စသည်ဖြင့် ယနေ့အထိ အလုပ်ရှင်၊ အလုပ်သမားအဖွဲ့အစည်း စုစုပေါင်း (၂၉၃၂) ဖွဲ့ ဖွဲ့စည်းပြီး ဖြစ်ပါသည်။

နိုင်ငံတော်အနေဖြင့် အဓမ္မခိုင်းစေမှု ပပျောက်ရေးအတွက် ILO နှင့် ပူးပေါင်း၍ တိုင်ကြားမှု ယန္တရားတစ်ရပ် ထူထောင်ဆောင်ရွက်လျက်ရှိသကဲ့သို့ ထိခိုက်လွယ်သော ပြည်သူတို့အပါအဝင် တိုင်းရင်းသားလူနည်းစု၏ အလုပ်သမား အခွင့်အရေးများ မြှင့်တင်ဆောင်ရွက်ရန် ရည်ရွယ်၍ အဓမ္မခိုင်းစေမှု ပပျောက်ရေးဆိုင်ရာ လုပ်ငန်းစီမံချက်ကို ရေးဆွဲလျက်ရှိပြီး နိုင်ငံအဆင့်တိုင်ကြားမှု ယန္တရားတစ်ရပ်(National Complaints Mechanism) အမြန်ဆုံးထူထောင်နိုင်ရေး ဆောင်ရွက်နေပါသည်။

ကလေးအလုပ်သမားများ လျော့နည်းပပျောက်ရေးနှင့် အဆိုးရွားဆုံးပုံစံနှင့် ခိုင်းစေမှု မရှိစေရေးအတွက် သက်ဆိုင်ရာကော်မတီများအား ကြပ်မတ်လမ်းညွှန်ခြင်းနှင့် အလုပ်ရှင်၊ အလုပ်သမားဆိုင်ရာ ပြည်တွင်း၊ ပြည်ပအဖွဲ့အစည်းများနှင့် ပူးပေါင်းညှိနှိုင်းဖြေရှင်းခြင်းတို့ဖြင့် အကောင်အထည်ဖော်လျက်ရှိပြီး အန္တရာယ်ရှိသော အလုပ်သမားများစာရင်း အတည်ပြုနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိပါသည်။

“အစိုးရ၊ အလုပ်ရှင်၊ အလုပ်သမား သုံးပွင့်ဆိုင်ဆက်ဆံရေးကောင်းမွန်ခြင်းဖြင့် တည်ငြိမ်အေးချမ်းသည့် လုပ်ငန်းခွင်များဖြစ်ပေါ်စေရေး” ဟူသော ရည်မှန်းချက်ဖြင့် အမျိုးသားအဆင့် သုံးပွင့်ဆိုင်ဆွေးနွေးပွဲ (National Tripartite Dialogue Forum - NTDF) များကို (၄) လတစ်ကြိမ် ကျင်းပ၍ အလုပ်သမားဥပဒေ ပြင်ဆင်ရေးအပါအဝင် အလုပ်သမားရေးရာကိစ္စရပ်များ ဆွေးနွေးအတည်ပြုဆုံးဖြတ်လျက်ရှိပါသည်။

နိုင်ငံတော်အနေဖြင့် ရေရှည်တည်တံ့ခိုင်မြဲသည့် ဖွံ့ဖြိုးမှုပန်းတိုင်ရောက်ရှိရန် မျှော်မှန်း၍ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန် အရှိန်အဟုန်မြှင့် ကြိုးပမ်းဆောင်ရွက်နေသည့် အချိန်အခါဖြစ်သည်နှင့်အညီ နိုင်ငံသူ၊ နိုင်ငံသားအားလုံးအနေဖြင့် ကြုံတွေ့ရသည့် စိန်ခေါ်မှုများကို စုပေါင်းအင်အားဖြင့် ရင်ဆိုင်ကျော်လွှားကြရမည် ဖြစ်ပါသည်။ အလုပ်သမားများ၏ဘဝ တစ်ဆင့်ပြီးတစ်ဆင့် တိုးတက်မြင့်မားရေးအတွက် နိုင်ငံတော်အစိုးရက အရေးကြီးသော မူဝါဒဆိုင်ရာ ပြုပြင်ပြောင်းလဲခြင်းများ အလေးပေးဆောင်ရွက်နေချိန်တွင် အလုပ်ရှင်၊ အလုပ်သမားနှင့် သက်ဆိုင်ရာဌာနများအနေဖြင့် ကုန်ထုတ်လုပ်မှုတိုးတက်မြင့်မားရေးအတွက် အပြန်အလှန်နားလည်မှုရှိရှိ ဟန်ချက်ညီညီ ကြိုးပမ်းဆောင်ရွက်နိုင်ကြပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက် သဝဏ်လွှာပေးပို့အပ်ပါသည်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ် နယူးဇီလန်နိုင်ငံ သံအမတ်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် ဧပြီ ၃၀**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်သည် မြန်မာနိုင်ငံဆိုင်ရာ နယူးဇီလန်နိုင်ငံ သံအမတ်ကြီး H.E. Mr. Steve Marshall အား ယနေ့မွန်းလွဲ ၃ နာရီတွင် နေပြည်တော်ရှိလွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

ထိုသို့တွေ့ဆုံစဉ် မြန်မာနိုင်ငံ၏ ဒီမိုကရေစီ ပြုပြင်ပြောင်းလဲရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှုဆိုင်ရာကိစ္စ၊ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးကိစ္စ၊ ပြည်သူများ၏ တိုင်ကြားစာဆိုင်ရာကိစ္စ၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေးလုပ်ငန်းစဉ်များတွင် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စများနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။ **သတင်းစဉ်**




**အသိပေး**

**ကြေညာခြင်း**

**နေပြည်တော် ဧပြီ ၃၀**

ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်၏Website ကို ဝင်ရောက် ကြည့်ရှုရာတွင် www.uecmy- anmar.org Domain Name အစား www. uec. gov.mm Domain Name ဖြင့် ပြင်ဆင် ကြည့်ရှုနိုင်ပါရန် အသိပေးကြေညာအပ်ပါသည်။

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် Samdech Akka Moha Sena Padei Techo Hun Sen တို့ ဦးဆောင်၍ နှစ်နိုင်ငံ တွေ့ဆုံဆွေးနွေးပွဲ ပြုလုပ်စဉ်။ သတင်းစဉ်



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် နတ်ရွာစံဘုရင်မင်းမြတ်၏ ဖခမည်းတော် Preah Borom Ratanak Kaudh ၏ အထိမ်းအမှတ်ရုပ်တု၌ ဂုဏ်ပြုပန်းခွေချ ဂါရဝပြုစဉ်။ သတင်းစဉ်

❖ *ရှေ့ဖုံးမှ*

အခမ်းအနားတွင် မြန်မာ - ကမ္ဘောဒီးယား နှစ်နိုင်ငံနိုင်ငံတော်သီချင်းများ ဂုဏ်ပြုတီးမှုတ်အလေးပြုကြသည်။

**ဂုဏ်ပြုတပ်ဖွဲ့အား စစ်ဆေး**

ယင်းနောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ်တို့သည် ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူကြပြီး ဂုဏ်ပြုတပ်ဖွဲ့အားစစ်ဆေးသည်။

ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ်တို့ဦးဆောင်၍ နှစ်နိုင်ငံ တွေ့ဆုံဆွေးနွေးပွဲ ပြုလုပ်သည်။

**ရင်းနှီးပွင့်လင်းစွာ ဆွေးနွေး**

တွေ့ဆုံဆွေးနွေးပွဲတွင် မြန်မာ-ကမ္ဘောဒီးယား နှစ်နိုင်ငံအကြား ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး၊ အထူးသဖြင့် နှစ်နိုင်ငံကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု၊ ယဉ်ကျေးမှု၊ ပညာရေး၊ ခရီးသွားလာရေး၊ အာဆီယံအဖွဲ့ အပါအဝင် ဒေသတွင်းပူးပေါင်းဆောင်ရွက်ရေး၊ ကုလသမဂ္ဂ၊ ဘက်မလိုက်လှုပ်ရှားမှု အပါအဝင် နိုင်ငံတကာမျက်နှာစာတွင် ဆက်လက်ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးဆိုင်ရာကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

ထို့ပြင် နှစ်နိုင်ငံအကြား ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေး၊ အပြန်အလှန်အကာအကွယ်ပေးရေးစာချုပ်၊ အခွန်နှစ်ထပ်ကျသင့်မှုရှောင်ရှားရေး သဘောတူစာချုပ်နှင့် ပညာရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ သဘောတူစာချုပ် ချုပ်ဆိုနိုင်ရေးတို့အတွက် နှစ်ဖက်ညှိနှိုင်းဆောင်ရွက်သွားရေးတို့ကို ဆွေးနွေးခဲ့ကြသည်။

**လာရောက်လည်ပတ်ရန် ဖိတ်ကြား**

ဆွေးနွေးပွဲတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က ကမ္ဘောဒီးယားနိုင်ငံအစိုးရမှ ရခိုင်ပြည်နယ် လူသားချင်းစာနာထောက်ထားမှုအကူအညီအဖြစ် အမေရိကန်ဒေါ်လာ ကိုးသောင်းပေးအပ်လှူဒါန်းမှုအတွက် ကျေးဇူးတင်စကားပြောကြားပြီး ကမ္ဘောဒီးယားဝန်ကြီးချုပ်အား နှစ်ဦးနှစ်ဖက် အဆင်ပြေသည့်အချိန်တွင် မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်ရန်ဖိတ်ကြားခဲ့သည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ကမ္ဘောဒီးယားနိုင်ငံ လွှတ်တော် အဆောက်အဦသို့ရောက်ရှိပြီး ကမ္ဘောဒီးယားနိုင်ငံ အောက်လွှတ်တော်ဥက္ကဋ္ဌ Samdech Akka Moha Ponhea Chakrei HENG SAMRIN နှင့် တွေ့ဆုံသည်။

ဆက်လက်၍ ကမ္ဘောဒီးယားနိုင်ငံ လွှတ်တော်အဆောက်အဦ Senate Building သို့ရောက်ရှိပြီး ကမ္ဘောဒီးယားနိုင်ငံ အထက်လွှတ်တော်ဥက္ကဋ္ဌ Samdech Vibol Sena Pheakdey SAY Chhum နှင့် တွေ့ဆုံသည်။

**အပြန်အလှန် ပူးပေါင်း**

တွေ့ဆုံပွဲများတွင် နှစ်နိုင်ငံ လွှတ်တော်များအကြား ပူးပေါင်းဆောင်ရွက်မှုနှင့် ထိတွေ့ဆက်ဆံမှုမြှင့်တင်ရေးနှင့် လွှတ်တော်နှစ်ရပ်အကြား အတွေ့အကြုံဖလှယ်ရေး လုပ်ငန်းစဉ်များ၊ ယဉ်ကျေးမှု၊ ခရီးသွားလုပ်ငန်းကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးဆိုင်ရာကိစ္စရပ်များ၊ နှစ်နိုင်ငံ လွှတ်တော်များအကြား အပြန်အလှန် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

*စာမျက်နှာ ၅ သို့*



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ကမ္ဘောဒီးယားနိုင်ငံ အောက်လွှတ်တော်ဥက္ကဋ္ဌ Samdech Akka Moha Ponhea Chakrei HENG SAMRIN နှင့် တွေ့ဆုံဆွေးနွေးစဉ်။ သတင်းစဉ်



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ကမ္ဘောဒီးယား ဘုရင့်မယ်တော်စံအိမ်တော်၌ ကမ္ဘောဒီးယားနိုင်ငံ ဘုရင်မင်းမြတ်၏မယ်တော် **H.M. Norodom Monineath Sihanouk** နှင့် တွေ့ဆုံစဉ်။ သတင်းစဉ်



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ကမ္ဘောဒီးယားနိုင်ငံ ဘုရင့်နန်းတော်၌ ကမ္ဘောဒီးယားနိုင်ငံ ဘုရင်မင်းမြတ် **His Majesty Norodom Sihamoni** နှင့် တွေ့ဆုံဆွေးနွေးစဉ်။ သတင်းစဉ်

*စာမျက်နှာ ၄ မှ*

ဆက်လက်၍ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ကမ္ဘောဒီးယားနိုင်ငံ ဘုရင့်နန်းတော်သို့ ရောက်ရှိပြီး ကမ္ဘောဒီးယားနိုင်ငံ ဘုရင်မင်းမြတ် His Majesty Norodom Sihamoni နှင့် တွေ့ဆုံသည်။

**ဆွေးနွေး**

တွေ့ဆုံစဉ် မြန်မာ - ကမ္ဘောဒီးယား နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှုမြှင့်တင်ရေးဆိုင်ရာကိစ္စရပ်များ၊ ယဉ်ကျေးမှု အပြန်အလှန်ဖလှယ်ရေး၊ ပြည်သူအချင်းချင်း ထိတွေ့ဆက်ဆံမှု မြှင့်တင်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြပြီး နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က ကမ္ဘောဒီးယားနိုင်ငံ ဘုရင်မင်းမြတ် His Majesty Norodom Sihamoni အား နှစ်ဦးနှစ်ဖက် အဆင်ပြေသည့် အချိန်တွင် မြန်မာနိုင်ငံသို့လာရောက်လည်ပတ်ရန် ဖိတ်ကြားခဲ့သည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ကမ္ဘောဒီးယားဘုရင့်မယ်တော် စံအိမ်တော်သို့ရောက်ရှိပြီး ကမ္ဘောဒီးယားနိုင်ငံ ဘုရင်မင်းမြတ်၏ မယ်တော် H.M. Norodom Monineath Sihanouk နှင့် တွေ့ဆုံသည်။

အဆိုပါတွေ့ဆုံပွဲများသို့ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့်အတူ ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်၊ ဒုတိယဝန်ကြီး ဦးအောင်ထူး၊ ကမ္ဘောဒီးယားနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးမြင့်စိုးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**ဂုဏ်ပြုညစာစားပွဲ တက်ရောက်**

ညနေပိုင်းတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ်ရုံး၌ ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် Samdech Hun Sen က တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်သည်။ **သတင်းစဉ်**



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ကမ္ဘောဒီးယားနိုင်ငံ အထက်လွှတ်တော်ဥက္ကဋ္ဌ **Samdech Vibol Sena Pheakdey SAY Chhum** နှင့် တွေ့ဆုံဆွေးနွေးစဉ်။ သတင်းစဉ်

# ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်း ပေတောကျေးရွာ ရန်ပုံငွေဖွံ့ဖြိုးတိုးတက်ရေးအသင်း၊ ရောဝတီဘဏ်လီမိတက်နှင့် Myanmar CP. Livestock Co.,Ltd. တို့အကြား ချေးငွေသဘောတူစာချုပ် ချုပ်ဆိုခြင်းအခမ်းအနားသို့ တက်ရောက်




**နေပြည်တော် မေ ၁၀**

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းသည် ယနေ့နံနက် ၉ နာရီတွင် M Gallery ဟိုတယ် နေပြည်တော်၌ ကျင်းပပြုလုပ်သည့် ရောဝတီဘဏ်လီမိတက်မှ အတိုးနှုန်းသက်သာသော နှစ်ရှည်ချေးငွေနှင့် ပံ့ပိုးကူညီအကောင်အထည်ဖော်ထားသော တပ်ကုန်းမြို့နယ်ရှိ ပေတောကျေးရွာ ဥစားကြက်ခြံ စီမံကိန်းအတွက် ပေတောကျေးရွာ ရန်ပုံငွေဖွံ့ဖြိုးတိုးတက်ရေးအသင်း၊ ရောဝတီဘဏ်လီမိတက်နှင့် Myanmar CP.Livestock Co.,Ltd. တို့အကြား ချေးငွေသဘောတူစာချုပ်ချုပ်ဆိုခြင်း အခမ်းအနားသို့ တက်ရောက်သည်။ (ဝဲပုံ)

အဆိုပါ ပေတောကျေးရွာ ဥစားကြက်ခြံစီမံကိန်း ဆောင်ရွက်နိုင်ရေးအတွက် ချေးငွေထောက်ပံ့ရေးအစီအစဉ်အား ၂၀၁၈ ခုနှစ် မေလမှ စတင်ညှိနှိုင်းခဲ့ပြီး စီမံကိန်းအတွက် ရောဝတီဘဏ်မှ ငွေကျပ်သန်း ၁၃၀၀ ကို အတိုးနှုန်း ၁၁ ရာခိုင်နှုန်းဖြင့် ချေးငွေသက်တမ်း ၁၀ နှစ် ထုတ်ချေးပေးခဲ့ခြင်းဖြစ်ပြီး စီမံကိန်းဆောင်ရွက်ခြင်းဖြင့် နိုင်ငံတော်၊ လူမှုအဖွဲ့အစည်းနှင့် ကုမ္ပဏီတို့အတွက် ရေရှည်အကျိုးကျေးဇူးရရှိစေမည် ဖြစ်သည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက အဖွင့်အမှာစကားပြောကြားပြီး ရောဝတီဘဏ်လီမိတက်၊ Myanmar CP.Livestock Co.,Ltd.နှင့် ပေတောကျေးရွာ ရန်ပုံငွေဖွံ့ဖြိုးတိုးတက်ရေးအသင်းမှ တာဝန်ရှိသူတို့က စာချုပ်ချုပ်ဆိုသည့်အကြောင်းအရင်းနှင့် ရရှိလာမည့်ရလဒ်များအား ရှင်းလင်းပြောကြားသည်။

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးနှင့်အတူ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်၊ ရောဝတီဘဏ်လီမိတက်နှင့် Myanmar CP.Livestock Co.,Ltd. ၊ ပေတောကျေးရွာ ရန်ပုံငွေဖွံ့ဖြိုးတိုးတက်ရေးအသင်းတို့မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။ **သတင်းစဉ်**

*❋ ကျောဖုံးမှ*

(၄၂-၄၃) ကီလိုမီတာအကြား ဒေါင်ဗားချောင်းတံတားတည်ဆောက်ခြင်း စီမံကိန်းသို့ ရောက်ရှိပြီး လုပ်ငန်းဆောင်ရွက်နေမှုနှင့် တံတားတည်ဆောက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

**လုပ်ငန်းဆောင်ရွက်နေမှု ရှင်းလင်းတင်ပြ**

ယင်းနောက် ရှင်းလင်းဆောင်၌ တံတားဦးစီးဌာန၊ တံတားစီမံကိန်းအဖွဲ့(၁)မှ လက်ထောက်ညွှန်ကြားရေးမှူး ဦးသန့်စင်က တံတားစီမံကိန်းဆိုင်ရာ အချက်အလက်များနှင့် လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြရာ ဒုတိယသမ္မတက လုပ်ငန်းလိုအပ်ချက်များအပေါ် တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းပေးသည်။

ဒေါင်ဗားချောင်းတံတားသည် အရှည် ပေ ၂၅၀၊ အကျယ် ပေ ၃၀ ရှိပြီး စီမံကိန်းတန်ဖိုးအားဖြင့် ငွေကျပ် သန်း ၃၃၀၀ ခန့်မှန်းထားသည်။ အဆိုပါ စီမံကိန်းကို ၂၀၁၉ ခုနှစ် ဧပြီ ၃ ရက်တွင် စတင်ဆောင်ရွက်ပြီး ၂၀၂၀ ခုနှစ် စက်တင်ဘာ ၃၀ ရက်တွင် တံတားတစ်စင်းလုံး ပြီးစီးမည်ဖြစ်ကြောင်း သိရသည်။

ဆက်လက်၍ လမ်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးရဲလင်းက ဟားခါး - ဟာသာမှန်တော လမ်းဖောက်လုပ်နေမှုအခြေအနေများနှင့် လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

**အိန္ဒိယနိုင်ငံနှင့် ကုန်စည်စီးဆင်းမှု ပိုမိုမြန်ဆန်သွက်လက်လာမည်**

ရှင်းလင်းတင်ပြချက်များအပေါ် ဒုတိယသမ္မတက အဆိုပါလမ်းပိုင်းသည် မုံရွာ-ယာကြီး - ကလေးဝလမ်းနှင့် ဆက်စပ်နေသည့်အတွက် အိန္ဒိယနိုင်ငံနှင့် ကုန်စည်စီးဆင်းမှု ပိုမိုမြန်ဆန်သွက်လက်လာမည်ဖြစ်ပြီး ဟားခါးမြို့မှ အထက်မြန်မာပြည်သို့ သွားရောက်ရာတွင် အဓိကကျသည့် လမ်းပိုင်းတစ်ခုဖြစ်ကြောင်း၊ လမ်းတာချဲ့ရန်လိုအပ်သော အပိုင်းများကို ၃၄ ပေအကျယ်အထိ ဆောင်ရွက်သွားရန်၊ အတက်၊ အဆင်း မတ်စောက်သည့်နေရာများအား ပြေပြစ်အောင် ဆောင်ရွက်သွားရန်၊ သတ်မှတ်ကာလအတွင်း ပြီးစီးနိုင်ရေးအတွက် လိုအပ်သည့် ဘဏ္ဍာငွေရရှိရေးအား ညှိနှိုင်းဆောင်ရွက်သွားရန်နှင့် လုပ်ငန်းနှောင့်နှေးမှုမရှိစေရေးနှင့် အရည်အသွေးပြည့်မီစေရေးတို့အတွက် ကြီးကြပ်ဆောင်ရွက်မှုများကို အလေးထားလုပ်ဆောင်သွားရန် မှာကြားသည်။

**၂၀၁၉ -၂၀၂၀ ဘဏ္ဍာနှစ် လုပ်ငန်းလျာထားချက်**

အဆိုပါ လမ်းလုပ်ငန်းဆောင်ရွက်မှုများအနေဖြင့် ၂၀၁၇ - ၂၀၁၈ ဘဏ္ဍာနှစ်တွင် ပေ၂၀ အကျယ် လမ်းသစ်ဖောက်လုပ်ခြင်း ၉ မိုင် ၂ ဖာလုံ၊ ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာနှစ် (၆ လဘတ်ဂျက်) လုပ်ငန်းဆောင်ရွက်မှုအနေဖြင့် ၃၄ ပေအကျယ် လမ်းတာချဲ့ခြင်း ၁၅ မိုင် ၂ ဖာလုံ၊ ၃၄ ပေအကျယ် လမ်းသစ်ဖောက်ခြင်း ၄ မိုင် ၀ ဖာလုံ၊ ရေထုတ်ပြွန်တည်ဆောက်ခြင်း ၃၃ လုံး၊ Gabion Wall တည်ဆောက်ခြင်း ၅၀၅ ကုဗမီတာ၊ ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာနှစ် လုပ်ငန်းဆောင်ရွက်မှုအနေဖြင့် ၃၄ ပေအကျယ် လမ်းတာချဲ့ခြင်း ၅ မိုင် ၇ ဒသမ ၅ ဖာလုံ၊ ၁၄ ပေအကျယ် အမာခံလမ်းခင်းခြင်း ၂ မိုင် ၄ ဖာလုံနှင့် တစ်ကြောင်းထိုးဖောက်လုပ်ခြင်း၊ ၂၀၁၉ -၂၀၂၀ ဘဏ္ဍာနှစ် လုပ်ငန်းလျာထားချက်အနေဖြင့် ၃၄ ပေအကျယ် လမ်းဖောက်လုပ်ခြင်း ၆ မိုင် ၇ ဖာလုံ၊ ရေထုတ်ပြွန်တည်ဆောက်ခြင်း ကိုးလုံး၊ သံကူကွန်ကရစ်တံတား တည်ဆောက်ခြင်း နှစ်စင်း၊ ကျောက်စီမြေထိန်းနံရံ တည်ဆောက်ခြင်း ၁၆၄ ပေနှင့် တစ်ကြောင်းထိုးဖောက်လုပ်ခြင်းတို့ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာ-အိန္ဒိယ နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား ချစ်ကြည်ရင်းနှီးမှု တိုးမြှင့်ဆောင်ရွက်ရေးဆွေးနွေး



**နေပြည်တော် ဧပြီ ၃၀**

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် အိန္ဒိယကြည်းတပ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးချုပ် (Director General of Military Operations- DGMO), Lieutenant General Anil Chauhan အား ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် မြန်မာ-အိန္ဒိယ နှစ်နိုင်ငံ တပ်မတော်နှစ်ရပ်အကြား ချစ်ကြည်ရင်းနှီးမှု တိုးမြှင့်ဆောင်ရွက်ရေး၊ နှစ်နိုင်ငံ နယ်စပ်ဒေသလုံခြုံရေးနှင့် ကုလားတန်မြစ်ဝှမ်းစီမံကိန်း လုံခြုံရေး၊ အကြမ်းဖက်မှုတိုက်ဖျက်ရေးအတွက် သတင်းအချက်အလက်များ အပြန်အလှန်ဖလှယ်ရေးဆိုင်ရာ ကိစ္စရပ်များအား ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

**သတင်းစဉ်**

**ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း အိန္ဒိယကြည်းတပ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးချုပ် (Director General of Military Operations- DGMO), Lieutenant General Anil Chauhan အား လက်ခံတွေ့ဆုံစဉ်။**

ဓာတ်ပုံ-တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် ဧပြီ ၃၀**

ထူးခြားသည့် နေ့အပူချိန်များမှာ ချောက်မြို့တွင် ၄၆ ဒီဂရီစင်တီဂရိတ်၊ ဂန့်ဂေါမြို့တွင် ၄၅ ဒီဂရီစင်တီဂရိတ်နှင့် မြင်းခြံမြို့၊ ညောင်ဦးမြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ တောင်တွင်းကြီးမြို့၊ ပေါက်မြို့၊ တောင်ငူမြို့နှင့် ဘော်လခဲမြို့တို့တွင် ၄၄ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။

တနင်္သာရီတိုင်းဒေသကြီးတွင် နေရာအနှံ့အပြား၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ်၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

**မိုး/ဇလ**

# သူနာပြု/သားဖွား ဝင်ခွင့်လျှောက်လွှာ စိစစ်ရွေးချယ်ရေး ညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် ဧပြီ ၃၀

**(၂၀၁၉-၂၀၂၀) ပညာသင်နှစ်အတွက် သူနာပြု-သားဖွားဒီပလိုမာ (၃)နှစ်သင်တန်းနှင့် ဘက်စုံသားဖွားဒီပလိုမာ (၂)နှစ်သင်တန်း ဝင်ခွင့်လျှောက်လွှာစိစစ်ရွေးချယ်ရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဝန်ကြီးရုံး၌ ကျင်းပသည်။**

အစည်းအဝေး၌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက သူနာပြုနှင့် သားဖွားကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်ရေးကို အထူးဦးစားပေးလုပ်ငန်းတစ်ရပ်အဖြစ် သတ်မှတ်ဆောင်ရွက်ခဲ့ပါကြောင်း၊ သူနာပြုတက္ကသိုလ်များ၊ သူနာပြုနှင့် သားဖွား သင်တန်းကျောင်းများတွင် သင်ကြားသင်ယူမှုများ ပိုမိုကောင်းမွန်ရေးအတွက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ ပညာရှင်များနှင့် ပူးပေါင်း၍ သင်ရိုးညွှန်းတမ်းများ ပြုပြင်မွမ်းမံခဲ့ပါကြောင်း။

သူနာပြု/သားဖွား ဝင်ခွင့်လျှောက်လွှာ စိစစ်ရွေးချယ်ရာတွင် စနစ်ကျမှန်ကန်စွာဖြင့် အမှန်တကယ် တက်ရောက်ခွင့် ရရှိသင့်သူများကို ရွေးချယ်နိုင်ရေးအတွက် ဝိုင်းဝန်းဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ခက်ခဲဝေးလံဒေသများတွင် နေထိုင်ပြီး သူနာပြု/ သားဖွားသင်တန်း တက်ရောက်ပြီးနောက် အဆိုပါဒေသများတွင် ပြန်လည်တာဝန်ထမ်းဆောင်မည့်သူများကိုလည်း ဝင်ခွင့်သတ်မှတ်ချက် လျှော့ပေါ့ကာ ထည့်သွင်းရွေးချယ် ခေါ်ယူသွားမည်ဖြစ်ပါကြောင်း။

သူနာပြု/သားဖွား ဝင်ခွင့်လျှောက်လွှာ စိစစ်ရွေးချယ်ရေးအဖွဲ့၏ လုပ်ငန်းတာဝန်မှာလည်း များပြားသဖြင့် စိစစ်ရွေးချယ်ရေးအဖွဲ့ဝင်များ ထပ်မံထည့်သွင်း တိုးချဲ့ဖွဲ့စည်းနိုင်ရန် ဝိုင်းဝန်းဆွေးနွေး အကြံပြုစေလိုပါကြောင်း၊



ယခင်နှစ်များက စိစစ်ရွေးချယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ရာတွင် တွေ့ကြုံခဲ့သည့် အခက်အခဲများနှင့် စိန်ခေါ်မှုများကိုအခြေခံ၍ ပိုမိုကောင်းမွန်ရေး ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ကျန်းမာရေး လူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာတင်တင်လေးက နှုတ်ခွန်းဆက်စကားပြောကြားပြီး ညွှန်ကြားရေးမှူး (သူနာပြု) ဒေါ်ဌေးဌေးလှိုင်က သူနာပြု/သားဖွား ဝင်ခွင့်လျှောက်လွှာ စိစစ်ရွေးချယ်ရေး လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြရာ တက်ရောက်လာကြသူများက ဘက်စုံဝိုင်းဝန်းဆွေးနွေးကြသည်။

သူနာပြု/သားဖွား ဝင်ခွင့် လျှောက်လွှာများကို ၂၀၁၉ ခုနှစ် မေလဒုတိယအပတ်တွင် ခေါ်ယူနိုင်ရန်အတွက် လျာထားဆောင်ရွက်လျက်ရှိသည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံ ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အမျိုးသားကော်မတီ၏ စောင့်ကြည့်အကဲဖြတ်စိစစ်ရေး လုပ်ငန်းကော်မတီ အစည်းအဝေးကျင်းပ

**နေပြည်တော် ဧပြီ ၃၀**

မြန်မာနိုင်ငံ ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အမျိုးသားကော်မတီ၏ စောင့်ကြည့်အကဲဖြတ်စိစစ်ရေးလုပ်ငန်းကော်မတီ အစည်းအဝေး (၁/၂၀၁၉) ကို ယမန်နေ့ မွန်းလွဲ ၂နာရီတွင် နေပြည်တော်ရှိ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် မြန်မာနိုင်ငံ ကလေးအလုပ်သမား ပပျောက်ရေးဆိုင်ရာ အမျိုးသားကော်မတီ၏ စောင့်ကြည့်အကဲဖြတ်စိစစ်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ အမြဲတမ်းအတွင်းဝန် ဦးမျိုးအောင်က နိုင်ငံတော်အနေဖြင့် ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန် ကဏ္ဍအသီးသီးတွင် ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်လျက်ရှိသည့်အပြင် ကလေးအလုပ်သမားနှင့်စပ်လျဉ်း၍ ကာကွယ်စောင့်ရှောက်မှုများကိုလည်း အလေးထားဆောင်ရွက်လျက်ရှိကြောင်း။

ကလေးအလုပ်သမား ပပျောက်ရေးသည် မျက်မှောက်ခေတ်၏ Global Issue တစ်ခုဖြစ်ပြီး နိုင်ငံအတွက် ကြီးမားသော စိန်ခေါ်မှုဖြစ်သည့်အပြင် အမျိုးသားရေး တာဝန်တစ်ရပ်ဖြစ်၍ ကာလတို ဆောင်ရွက်ရန် မဖြစ်နိုင်သည့်အတွက် ဆက်စပ်ကဏ္ဍပေါင်းစုံပါဝင်ပြီး လက်တွေ့ကျကျ အကောင်အထည်ဖော်ဆောင်ရွက်နိုင်မည့် မိမိနိုင်ငံ၏ အခြေအနေနှင့် လျော်ညီသော အသေးစိတ်လုပ်ငန်းစီမံချက် ထွက်ပေါ်လာရန် အရေးကြီးကြောင်း၊ စောင့်ကြည့်အကဲဖြတ်စိစစ်ရေး ကော်မတီ၏ အသေးစိတ်လုပ်ငန်းစီမံချက်ကို မြန်မာနိုင်ငံ ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အမျိုးသားအဆင့် လုပ်ငန်းစီမံချက်ပါ စောင့်ကြည့်လေ့လာခြင်းနှင့် အကဲဖြတ်ခြင်းမူဘောင်၏ စီမံကိန်းရည်မှန်းချက်၊ အညွှန်းကိန်း၊ တာဝန်ယူဆောင်ရွက်မည့် အဖွဲ့အစည်းများအပေါ် အခြေခံရေးဆွဲသွားရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ ကလေးအလုပ်သမား ပပျောက်ရေးဆိုင်ရာ အမျိုးသားကော်မတီ၏ စောင့်ကြည့်အကဲဖြတ်စိစစ်ရေး လုပ်ငန်းကော်မတီ အတွင်းရေးမှူး အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးညွန့်ဝင်းက စောင့်ကြည့်အကဲဖြတ်စိစစ်ရေးလုပ်ငန်းကော်မတီ၏ လုပ်ငန်းတာဝန်များ၊ အသေးစိတ်လုပ်ငန်းစီမံချက်များနှင့် ရှေ့ဆက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် လုပ်ငန်းကော်မတီအဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ ဖိတ်ကြားထားသူများက ကလေးအလုပ်သမား ပပျောက်ရေးဆိုင်ရာ လုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် တွေ့ကြုံရသည့် အခက်အခဲများကို ရှင်းလင်းဆွေးနွေးကြပြီး ပြီးပြည့်စုံသည့် လုပ်ငန်းစီမံချက် ရေးဆွဲနိုင်ရေးအတွက် ပါဝင်သင့်သည့် အချက်များ၊ ဥပဒေ၊ နည်းဥပဒေများ၊ အပြည်ပြည်ဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့် ပူးပေါင်းဆောင်ရွက်သွားမည့်အခြေအနေများကို အကြံပြုဆွေးနွေးကြသည်။

**သတင်းစဉ်**

# မြို့ပြဖွံ့ဖြိုးရေးစီမံကိန်းများဆောင်ရွက်ရန် ဂျပန်နိုင်ငံ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီထံမှ ဂျပန် ယန်း ၈၂ ဒသမ ၂၇၃ ဘီလီယံ ချေးငွေရယူရေးနှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်၌ ဆွေးနွေး

**နေပြည်တော် ဧပြီ ၃၀**

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော်(၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဒုတိယ နေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် ပြည်ထောင်စုလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့ပြဖွံ့ဖြိုးရေးစီမံကိန်းများ ဆောင်ရွက်ရန် ဂျပန်နိုင်ငံ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီထံမှ ဂျပန် ယန်း ၈၂ ဒသမ ၂၇၃ ဘီလီယံ ချေးငွေ ရယူရေးနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

**လှိုင်သာယာမဲဆန္ဒနယ်မှ ဦးဝင်းမင်း**က ရန်ကုန်မြို့ပြ လူဦးရေထူထပ်လာသည့် အတွက် လွန်ခဲ့သော နှစ်ပေါင်းသုံးဆယ်ကျော်က အကောင်အထည်ဖော်ခဲ့သည့် ဒဂုံ လေးမြို့နယ်၊ ရွှေပြည်သာနှင့် လှိုင်သာယာ စသည့်မြို့သစ်များကို လယ်ကွက်များအပေါ် အိမ်ကွက်ရိုက်ပြီး မြို့သစ်တည်ထားပေးခဲ့ကြောင်း၊ ယနေ့အချိန်အထိ မြို့ပြအင်္ဂါရပ်နှင့် အညီ တိုးတက်မှုမရှိသေးပါကြောင်း၊ မိုးတွင်းအခါ ရေကြီးရေလျှံမှုဖြစ်ပြီး မိုးများလျှင် စာသင်ကျောင်းခန်းထဲအထိ ရေများဝင်ရောက်သဖြင့် ကျောင်းပိတ်ထားရသည့် အခြေအနေထိ ဖြစ်နေပါကြောင်း။

ရန်ကုန်မြို့ပြ ဖွံ့ဖြိုးစေရန်အတွက် မြို့နယ်များအားလုံး ဖွံ့ဖြိုးရန်လိုအပ်ပါကြောင်း၊ မြို့သစ်များဖွံ့ဖြိုးရေးအတွက် ရန်ကုန်တိုင်းအစိုးရဘတ်ဂျက်ဖြင့် လုံလောက်မှုမရှိလျှင် ယခုကဲ့သို့ နိုင်ငံတကာချေးငွေများနှင့် မြို့သစ်များဖွံ့ဖြိုးရေး၊ ရေစီးရေလာကောင်းမွန် ရေးအတွက် လှိုင်မြစ်၊ ပန်းလှိုင်မြစ်၊ ငမိုးရိပ်ချောင်းဘေးများတွင် တည်ဆောက်ခဲ့သည့် မြို့သစ်များ ရေစီးရေလာကောင်းမွန်ရေးအတွက် ရေထိန်းတံခါးများ၊ ရေထုတ်ပြွန်များ၊ အုတ်စီရေမြောင်းများ၊ တံတားများ အလျင်အမြန် အကောင်အထည်ဖော်ဆောင်ရွက် ပေးရန် လိုအပ်ပါကြောင်း ဆွေးနွေးသည်။

## တာဝန်ယူမှုနှင့် တာဝန်ခံဆောင်ရွက်ကြမည့်သူများအနေဖြင့် ပြည်သူတို့၏ ဘဝကို စာနာနားလည်ခြင်းများစွာဖြင့် စေတနာရှေ့ထား ဆောင်ရွက်ကြမှသာ စီမံကိန်းလုပ်ငန်းများ အောင်မြင်မည်ဖြစ်

**မော်လိုက်မဲဆန္ဒနယ်မှ ဒေါ်ချို့ချို့ဝင်း**က ပြည်ပကြွေးမြီဖြင့် တည်ဆောက်ကြမည့် စီမံကိန်းများကို တာဝန်ယူအကောင်အထည်ဖော်မည့် အဖွဲ့အစည်းများ၊ ဌာနများ အနေဖြင့် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်၊ သုံးသပ်ချက် သဘောထားမှတ်ချက်များကို လိုက်နာဆောင်ရွက်သင့်ပါကြောင်း၊ တာဝန်ယူမှုနှင့် တာဝန်ခံဆောင်ရွက်ကြမည့်သူများအနေဖြင့် သန်း ၅၀ ကျော် ပြည်သူတို့၏ ဘဝကို စာနာနားလည်ခြင်းများစွာဖြင့် ခေတ်သစ်၊ စနစ်သစ်၊ စိတ်သစ်များနှင့် စေတနာရှေ့ထား ဆောင်ရွက်ကြမှသာ စီမံကိန်းလုပ်ငန်းများအောင်မြင်မည်ဖြစ်ကြောင်း ဆွေးနွေးသည်။

ဆက်လက်၍ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မဲဆန္ဒနယ်မှ ဦးမြစိန်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဦးသန်းစိုး(ခေါ်) သန်းစိုး(ဘောဂဗေဒ)၊ ဂန့်ဂေါမဲဆန္ဒနယ်မှ ဒေါ်ယဉ်မင်းလှိုင်၊ မွန်ပြည်နယ်မဲဆန္ဒနယ် အမှတ်(၈)မှ ဦးမျိုးဝင်း၊ တောင်ဥက္ကလာပ မဲဆန္ဒနယ်မှ ဒေါက်တာစောနိုင်၊ ဒဂုံမြို့သစ်(တောင်ပိုင်း) မဲဆန္ဒနယ်မှ ဦးအေးနိုင်၊ ခရမ်းမဲဆန္ဒနယ်မှ ဒေါက်တာအေးမင်း၊ ရွှေပြည်သာမဲဆန္ဒနယ်မှ ဦးဉာဏ်လင်းနှင့် ဖျာပုံမဲဆန္ဒနယ်မှ ဦးဝင်းထွင့်တို့က ဆွေးနွေးကြသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော် နာယက က ဆွေးနွေးချက်များနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ပြန်လည်ရှင်းလင်းခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်းတို့ကို ဆက်လက်ကျင်းပမည့် ပြည်ထောင်စု လွှတ်တော်အစည်းအဝေးတွင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်းကြေညာသည်။

အစည်းအဝေးတွင် ၂၀၁၈-၂၀၁၉ ခု ဘဏ္ဍာရေးနှစ်အတွက် ပြည်ထောင်စု၏ နောက်ထပ် ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ စီမံကိန်းနှင့်ဘဏ္ဍာ ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်းက ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အတွက် ပြည်ထောင်စုနှင့်တိုင်း၊ ပြည်နယ်ဌာန၊ အဖွဲ့အစည်းများ၏ ဖြည့်စွက်ခွင့်ပြုငွေတောင်းခံ မှုများကို စိစစ်ရာတွင် လာမည့်ဘဏ္ဍာရေးနှစ် မူလခန့်မှန်းခြေငွေစာရင်း(BE) တွင် ဆောင်ရွက်နိုင်သည်များကို(BE)မှသာ တောင်းခံရန်နှင့် ယခုနှစ်အတွင်း သုံးစွဲရန် ကာလသည်လည်း ဤဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေကို ပြည်ထောင်စုလွှတ်တော်က အတည်ပြုပြီးမှသာ သုံးစွဲနိုင်မည်ဖြစ်သည့်အတွက် လေးလခန့်သာကျန်ရှိသဖြင့် အမှန်တကယ်သုံးနိုင်မည့်ကိစ္စများ၊ ဆောင်ရွက်ဆဲစီမံကိန်းများနှင့် မဖြစ်မနေလိုအပ် လာသည့်ကိစ္စများကိုသာ ဦးစားပေးတောင်းခံပါရန် ကြိုတင်အကြောင်းကြားခဲ့ပြီး အဆိုပါအချက်များကို အခြေခံ၍ စိစစ်ခဲ့ပါကြောင်း။

ဖြည့်စွက်ခွင့်ပြုငွေ တောင်းခံမှုများအနက် နိုင်ငံခြားငွေလဲလှယ်နှုန်းပြောင်းလဲမှု ကြောင့် ထပ်မံလိုအပ်လာသည့်အသုံးစရိတ်များ၊ ပင်စင်လစာနှုန်းတိုးမြှင့်၍ ထပ်မံလိုအပ် လာသည့်စရိတ်များ၊ မဖြစ်မနေပေးချေရမည့်စရိတ်များ၊ ကုန်သွယ်လုပ်ငန်းခွန်၊ ဝင်ငွေခွန်၊ နိုင်ငံတော်သို့ ထည့်ဝင်ငွေစသည့် နိုင်ငံတော်ကရရှိမည့် အသုံးစရိတ်များကို ဦးစားပေး၍ ခွင့်ပြုခဲ့ပါကြောင်း၊ ပြည်ပအကူအညီရငွေများနှင့် ချေးငွေများထပ်မံရရှိ လာခြင်းကြောင့် လိုအပ်လာသည့် အသုံးစရိတ်၊ အမှန်တကယ် ထပ်မံလိုအပ်သည့် လစာစရိတ်၊ ဒေသစရိတ်၊ ပြည်တွင်းအတိုးပေးငွေ၊ ပြည်ပချေးငွေအတွက် အတိုးနှင့် အရင်းပေးဆပ်ငွေများကိုလည်း စိစစ်၍ ခွင့်ပြုခဲ့ပါကြောင်း။

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေ တွင် ပြဋ္ဌာန်းထားသည့် ပြည်ထောင်စုအစိုးရအဖွဲ့က ချေးယူနိုင်သည့် ငွေကျပ်သန်းပေါင်း ၇၂ သိန်းဖြစ်ပါကြောင်း၊ ဖြည့်စွက်ခွင့်ပြုငွေစာရင်းတွင် ပြည်ပချေးငွေကျပ် ၁၇၁ ဒသမ ၁၀၁ ဘီလီယံ ထပ်မံတိုးလာသည့်အတွက် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ပြည်ထောင်စု၏ နောက်ထပ် ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေကြမ်းတွင် ကျပ်သန်းပေါင်း ၅ သိန်း ထပ်မံ လျာထားပါကြောင်း။



ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်



ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း



လှိုင်သာယာမဲဆန္ဒနယ်မှ ဦးဝင်းမင်း



မော်လိုက်မဲဆန္ဒနယ်မှ ဒေါ်ချို့ချို့ဝင်း

သို့ဖြစ်၍ ဘဏ္ဍာရေးကော်မရှင်၏ ထောက်ခံချက်ဖြင့် ပြည်ထောင်စုအစိုးရအဖွဲ့က ပေးပို့တင်ပြထားသည့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အတွက် ပြည်ထောင်စု၏ ဖြည့်စွက် ခွင့်ပြုငွေစာရင်း ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ပြည်ထောင်စု၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေ သုံးစွဲရေး ဥပဒေကြမ်းတို့အပေါ် ပြည်ထောင်စုလွှတ်တော်က ဆွေးနွေးသုံးသပ်ပြီး အတည်ပြုပေးပါရန် ရှင်းလင်းတင်ပြသည်။

နိုင်ငံတော်သမ္မတထံမှ ပေးပို့သော လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနအတွက် စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ရန် ပြင်သစ်ဖွံ့ဖြိုးတိုးတက်ရေးအေဂျင်စီထံမှ ယူရို ၃၅ ဒသမ ၇ သန်းချေးငွေရယူရေးနှင့်စပ်လျဉ်း၍ **လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်နှင့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း**တို့က ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော် နာယက က အထက်ပါချေးငွေကိစ္စနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

## လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနအတွက် စီမံကိန်း လုပ်ငန်းများ ဆောင်ရွက်ရန် ချေးငွေထိုင်းဘတ် ၁၄၅၈ ဒသမ ၂၄၈ သန်း ချေးငွေရယူရေးနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြ

ယင်းနောက် နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီး ဌာနအတွက် စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ရန် ထိုင်းနိုင်ငံ Neighbouring Countries Economic Development Cooperation Agency(NEDA) ထံမှ ချေးငွေ ထိုင်းဘတ် ၁၄၅၈ ဒသမ ၂၄၈ သန်း ချေးငွေရယူရေးနှင့်စပ်လျဉ်း၍ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနနှင့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနတို့မှ ဒုတိယ ဝန်ကြီးများက ရှင်းလင်းတင်ပြကြသည်။

**လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်**က အဆိုပါ စီမံကိန်းတွင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြောက်ဥက္ကလာပမြို့နယ်နှင့် ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်များတွင် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးမှုစနစ် တိုးတက်ကောင်းမွန် လာစေရန်၊ လျှပ်စစ်ဓာတ်အားသုံးစွဲသူ ပြည်သူများသို့ လျှပ်စစ်ဓာတ်အားကို ဗို့အား ပြည့်ဝတည်ငြိမ်စွာဖြင့် ဖြန့်ဖြူးပေးနိုင်ရန်၊ ဓာတ်အားပြတ်တောက်မှု လျော့နည်းစေ ရန်နှင့် ဓာတ်အားပျောက်ဆုံးမှု လျော့ကျစေရန်တို့အတွက် ဆောင်ရွက်မည်ဖြစ်ပါ ကြောင်း။

စီမံကိန်းကို ထိုင်းဘတ် ၁၄၅၈ ဒသမ ၂၄၈ သန်းဖြင့် ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်မှ ၂၀၂၁-၂၀၂၂ ဘဏ္ဍာရေးနှစ်အတွင်း အပြီးသတ်ဆောင်ရွက်သွားမည်ဖြစ်ပြီး ချေးငွေ ဆိုင်ရာ အချက်အလက်များအနေဖြင့် အတိုးနှုန်း ၁ ဒသမ ၅ ရာခိုင်နှုန်း၊ ဆိုင်းငံ့ကာလ ၁၀ နှစ်၊ ပြန်ဆပ်ကာလအနှစ် ၂၀ ဖြစ်ပါကြောင်း၊ စီမံခန့်ခွဲမှုစရိတ်အနေဖြင့် ချေးငွေ၏ ၀ ဒသမ ၁၅ ရာခိုင်နှုန်း ပေးဆောင်ရမည်ဖြစ်ပြီး အကြံပေးလုပ်ငန်းများကို ထိုင်းနိုင်ငံ ကုမ္ပဏီများက ဆောင်ရွက်မည်ဖြစ်ကြောင်း၊ ချေးငွေပမာဏ၏ ၅၀ ရာခိုင်နှုန်းကို ထိုင်းနိုင်ငံမှ ပစ္စည်းဝယ်ယူခြင်းနှင့် ဝန်ဆောင်မှုလုပ်ငန်းအတွက်သုံးစွဲရမည်ဖြစ်ပြီး အခွန်အခများကို ချေးငွေဖြင့်သုံးစွဲခြင်းမပြုရန် စည်းကမ်းချက်ပါရှိပါကြောင်း။

စီမံကိန်းကို အဆင့်(၂)ဆင့်ဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပြီး ပထမအဆင့်အနေဖြင့် မြောက်ဥက္ကလာပမြို့နယ်တွင် ၆၆ကေဗွီ GIS ဓာတ်အားခွဲရုံ သုံးရုံတည်ဆောက်ခြင်းနှင့် ယင်းဓာတ်အားခွဲရုံများသို့ သွယ်တန်းမည့် ၆၆ ကေဗွီဓာတ်အားလိုင်း ငါးလိုင်း တည်ဆောက်ခြင်းတို့အတွက် ထိုင်းဘတ် ၁၁၉၀ ဒသမ ၄၉၄ သန်းဖြင့်လည်းကောင်း၊ ဒုတိယအဆင့်အနေဖြင့် ဒဂုံမြို့သစ်မြောက်ပိုင်းတွင် ၁၁ ကေဗွီဓာတ်အားလိုင်းများ အဆင့်မြှင့်တင်ခြင်း၊ အသစ်တည်ဆောက်ခြင်းနှင့် ၁၁/၀ ဒသမ ၄ ကေဗွီ ထရန်စဖော်မာများ တပ်ဆင်ခြင်းလုပ်ငန်းတို့အတွက် ထိုင်းဘတ် ၂၆၇ ဒသမ ၇၅၄ သန်း ဖြင့်လည်းကောင်း ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

စီမံကိန်းဆောင်ရွက်သည့် မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့နယ်နှင့် ဒဂုံ မြို့သစ်(မြောက်ပိုင်း)မြို့နယ်များရှိ အိမ်ထောင်စုပေါင်း ၁၂၇၃၅၆ စုတို့အတွက် လျှပ်စစ် ဓာတ်အားဖြန့်ဖြူးရေးစနစ် ပိုမိုတိုးတက်ကောင်းမွန်စေမည်ဖြစ်ကြောင်း၊ ထိုင်းနိုင်ငံ NEDA ချေးငွေရယူ၍ စီမံကိန်းလုပ်ငန်းများကို ၂၀၂၀ ခုနှစ်မှ ၂၀၂၂ ခုနှစ်အတွင်း အပြီးဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြင့် ရန်ကုန်မြို့တွင်း ဓာတ်အား ဖြန့်ဖြူးမှုစနစ် တိုးတက်ကောင်းမွန်စေခြင်းနှင့် ဓာတ်အားပျောက်ဆုံးမှုလျှော့ချနိုင် ခြင်း၊ ယခင် ၃၃ ကေဗွီဗို့အားမှ ၆၆ ကေဗွီဗို့အား အဆင့်သို့မြှင့်တင်ခြင်း၊ ၆၆ ကေဗွီ ဓာတ်အားစနစ် တည်ဆောက်ခြင်းတို့ကြောင့် လက်ရှိ လျှပ်စစ်ဓာတ်အားသုံးစွဲလျက်ရှိ သော အိမ်ထောင်စုများအတွက် ဗို့အားပြည့်ဝသော လျှပ်စစ်ဓာတ်အားပေးနိုင်ခြင်း၊ မီးသုံးစွဲသူအသစ်များအတွက် ဓာတ်အားတိုးမြှင့်ပေးနိုင်ခြင်း၊ ၆၆ ကေဗွီ Ring Circuit တည်ဆောက်မည်ဖြစ်သဖြင့် ဓာတ်အားလိုင်းအပြစ်ဖြစ်ပါက အစားထိုး ဓာတ်အား ပေးနိုင်ခြင်း၊ ဓာတ်အားပြတ်တောက်မှုကြာချိန်ကို လျှော့ချနိုင်ခြင်း စသည့် အကျိုး ကျေးဇူးများ ရရှိလာမည်ဖြစ်သဖြင့် ထိုင်းနိုင်ငံ Neighbouring Countries Economic Development Cooperation Agency(NEDA) ထံမှ ချေးငွေ ထိုင်းဘတ် ၁၄၅၈ ဒသမ ၂၄၈ သန်း ရယူ၍ အကောင်အထည်ဖော်ဆောင်ရွက်မည့် ရန်ကုန် တိုင်းဒေသကြီးအတွင်း လျှပ်စစ်ဓာတ်အားဖြန့်ဖြူးမှု တိုးတက်ကောင်းမွန်စေရေး စီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်ခွင့်ပြုပါရန် ရှင်းလင်းတင်ပြသည်။

## NEDA ၏ ချေးငွေဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များသည် ဆိုင်းငံ့ကာလ ၁၀ နှစ်၊ ပြန်ဆပ်ကာလ နှစ် ၂၀ စုစုပေါင်းချေးငွေ သက်တမ်း နှစ် ၃၀ ဖြစ်ပြီး အတိုးနှုန်းမှာတစ်နှစ်လျှင် ၁ ဒသမ ၅ ရာခိုင်နှုန်းဖြစ်

**စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း**က NEDA အဖွဲ့အစည်းသည် ထိုင်းနိုင်ငံ ဘဏ္ဍာရေးဝန်ကြီးဌာန လက်အောက်ခံအဖွဲ့အစည်းတစ်ခု ဖြစ်ပြီး အိမ်နီးချင်းနိုင်ငံများနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်ရန် ဖွဲ့စည်းထားသည့် အစိုးရအဖွဲ့အစည်းတစ်ခုဖြစ်ပါကြောင်း၊ NEDA ၏ ချေးငွေဆိုင်ရာ စည်းကမ်းသတ်မှတ် ချက်များသည် ဆိုင်းငံ့ကာလ ၁၀ နှစ်၊ ပြန်ဆပ်ကာလ နှစ် ၂၀ စုစုပေါင်းချေးငွေ သက်တမ်း နှစ် ၃၀ ဖြစ်ပြီး အတိုးနှုန်းမှာတစ်နှစ်လျှင် ၁ ဒသမ ၅ ရာခိုင်နှုန်း ဖြစ်ပါ ကြောင်း၊ စီမံခန့်ခွဲမှုစရိတ်အဖြစ် ချေးငွေပမာဏ၏ ၀ ဒသမ ၁၅ ရာခိုင်နှုန်းကို တစ်ကြိမ်တည်းပေးချေရမည် ဖြစ်ပါကြောင်း၊ အဆိုပါချေးငွေ၏ Grant Element တွက်ချက်ရာတွင် ၄၆ ရာခိုင်နှုန်းရရှိသည့်အတွက် သက်သာမှုရှိသောချေးငွေ (Concessional Loan) အမျိုးအစားတွင် ပါဝင်ပါကြောင်း။

စီမံကိန်းကို ၂၀၂၀ ခုနှစ်မှ ၂၀၂၂ ခုနှစ်အထိ သုံးနှစ် အကောင်အထည်ဖော် ဆောင်ရွက်ရန်လျာထားကြောင်း။

ချေးငွေအပြည့်အဝထုတ်ယူသုံးစွဲပါက အကြမ်းအားဖြင့် ဆိုင်းငံ့ကာလအတွင်း တစ်နှစ်လျှင် အတိုးထိုင်းဘတ် ၂၁ ဒသမ ၈၇ သန်းခန့်နှင့် ပြန်ဆပ်ကာလအတွင်း တစ်နှစ်လျှင် အရင်းအတိုးပေါင်း ထိုင်းဘတ် ၉၄ ဒသမ ၅၁ သန်းခန့်တို့ကို နှစ်စဉ် ပြန်လည်ပေးဆပ်သွားရမှာဖြစ်ပါကြောင်း၊ အချိန်စေ့ရောက်သည့် နှစ်အလိုက်အတိုး၊ အရင်း ပြန်လည်ပေးဆပ်နိုင်ရန်အတွက် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ ရန်ကုန် လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း၏ တိုးတက်ရရှိလာမည့် ဓာတ်အားခဝင်ငွေ များကို သက်ဆိုင်ရာဌာန ဘတ်ဂျက်သို့ နှစ်အလိုက် ပေးသွင်းပြီး ချေးငွေပေးဆပ်ရန် အတွက် နှစ်အလိုက်လျာထားသုံးစွဲရန်ဖြစ်ပါကြောင်း။

ဤချေးငွေစီမံကိန်းသည် ၂၀၁၈-၂၀၁၉ခု၊ ဘဏ္ဍာရေးနှစ်ပြည်ထောင်စု၏ ဘဏ္ဍာ ငွေ အရအသုံးဆိုင်ရာဥပဒေ၊ ပြည်သူ့ကြွေးမြီစီမံခန့်ခွဲမှုဥပဒေ၊ ၂၀၁၈ ခုနှစ်၊ "ကာလ လတ်ကြွေးမြီ စီမံခန့်ခွဲမှုမဟာဗျူဟာ"၊ ဖွံ့ဖြိုးမှုအကူအညီဆိုင်ရာမူဝါဒတို့နှင့် ကိုက်ညီမှု ရှိသည့်အပြင် မကြာသေးမီက ထုတ်ပြန်ထားသော မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း(၂၀၁၈-၂၀၃၀)၏ မဟာဗျူဟာ ၅ ဒသမ ၄ နှင့်လည်း ကိုက်ညီမှုရှိပါကြောင်း။

သို့ပါ၍ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးမှု တိုးတက်ကောင်းမွန်စေရေးစီမံကိန်း ဆောင်ရွက်ရန် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်းအတွက် ထိုင်းနိုင်ငံ Neighbouring Countries Economic Development Cooperation Agency (NEDA) ထံမှ ချေးငွေထိုင်းဘတ် ၁၄၅၈ ဒသမ ၂၄၈ သန်းရယူနိုင်ရေးကိစ္စကို ပြည်ထောင်စုလွှတ်တော်က ဆွေးနွေး သုံးသပ်၍ အတည်ပြုပေးပါရန် ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော် နာယကက အထက်ပါချေးငွေနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင် ကြောင်း ကြေညာသည်။

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး တတိယနေ့ကို မေ ၆ ရက် နံနက်ပိုင်းတွင် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ပုဂံလူရည်ချွန်စခန်းရှိ လူရည်ချွန် ကျောင်းသား ကျောင်းသူများနှင့် လူရည်ချွန်ကြီးများ တွေ့ဆုံ

**ပုဂံ ဧပြီ ၃၀**

“ပညာ သမ္မာ အာဘာနတ္ထိ”ဆိုသည့်အတိုင်း ပညာနှင့်တူသော အလင်းရောင်သည် မရှိကြောင်း၊ ပညာဆိုသည်မှာ အသိပညာ၊ အတတ်ပညာနှစ်မျိုးရှိပြီး အသိပညာကြောင့် စိတ်ပိုင်းဆိုင်ရာ တိုးတက်နိုင်သလို အတတ်ပညာကြောင့် ရုပ်ပိုင်းဆိုင်ရာ တိုးတက်နိုင်ကြောင်း၊ ထို့ကြောင့် လူရည်ချွန် ကျောင်းသား ကျောင်းသူများအနေဖြင့် အသိပညာရော အတတ်ပညာပါ ဖွံ့ဖြိုးတိုးတက်အောင် ကြိုးစားကြစေလိုကြောင်း ရွှေပါရမီတောရ ဆရာတော် အရှင်ဆန္ဒာဓိက (သုံးထပ်ကွမ်း လူရည်ချွန်)က သြဝါဒစကား မြွက်ကြားသည်။

ယနေ့နံနက်ပိုင်းက ပုဂံမြို့ရှိ မြနန်းဘုံ Royal Emerald River View Resort ဟိုတယ်၌ ကျင်းပသည့် ပုဂံလူရည်ချွန်စခန်းရှိ အဠမတန်း လူရည်ချွန် ကျောင်းသား ကျောင်းသူများနှင့် လူရည်ချွန်ကြီးများ တွေ့ဆုံပွဲအခမ်းအနားတွင် ဆရာတော်က အထက်ပါအတိုင်း မြွက်ကြားခဲ့ခြင်းဖြစ်သည်။

အဆိုပါ တွေ့ဆုံပွဲအခမ်းအနားတွင် ရွှေပါရမီတောရဆရာတော် အရှင်ဆန္ဒာဓိကနှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိန်ဝင်း အပါအဝင် လူရည်ချွန်ကြီးများအဖွဲ့သည် တစ်ဦးချင်း မိတ်ဆက်စကား ပြောကြားကာ ၎င်းတို့၏ အတွေ့အကြုံများမျှဝေခြင်းနှင့် အသိပညာပေးဟောပြောခြင်းများ ဆောင်ရွက်ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိန်ဝင်း က အမှာစကား ပြောကြားသည်။

မွန်းလွဲပိုင်းတွင် လူရည်ချွန်ကြီးများက ဦးဆောင်၍ ၂၀၁၉ ခုနှစ် အဠမတန်း လူရည်ချွန်ကျောင်းသား ကျောင်းသူများကို အုပ်စုခွဲပြီး ဉာဏ်စမ်းပဟေဠိမေးခွန်း ၅၀ မေးမြန်းကာ ဆုရရှိသူများကို ဆုများပေးအပ်ချီးမြှင့်သည်။

ထို့နောက် ၁၉၆၄-၁၉၈၈ လူရည်ချွန်ကြီးများအဖွဲ့ (အထက် မြန်မာပြည်) ဥက္ကဋ္ဌ ဒေါက်တာမောင်မောင်လေးက လူရည်ချွန်ဟူသည် ခေါင်းစဉ်ဖြင့်လည်းကောင်း၊ (အထက်မြန်မာပြည်) ဒုတိယဥက္ကဋ္ဌ ဒေါ်နန်းမြင့်မြင့်လွင်က ပုဂံခေါင်းစဉ်ဖြင့်လည်းကောင်း၊ ဦးမြင့်လွင်က အချိန်နှင့်တန်ဖိုး ခေါင်းစဉ်ဖြင့်လည်းကောင်း ဟောပြောဆွေးနွေးကြပြီး မျိုးဆက်သစ် လူရည်ချွန်အဖွဲ့က ၎င်းတို့၏ ပရဟိတလုပ်ဆောင်မှုများကို ရှင်းလင်းပြောကြားကြသည်။



ရွှေပါရမီတောရ ဆရာတော် အရှင်ဆန္ဒာဓိက လူရည်ချွန် ကျောင်းသား ကျောင်းသူများနှင့် လူရည်ချွန်ကြီးများ တွေ့ဆုံပွဲအခမ်းအနားတွင် သြဝါဒစကား မြွက်ကြားစဉ်။

ပုဂံလူရည်ချွန်အပန်းဖြေစခန်း ဖွင့်ပွဲအခမ်းအနားကို မေ ၁ ရက် နံနက်ပိုင်းတွင် ကျင်းပမည်ဖြစ်ပြီး ပုဂံလူရည်ချွန်စခန်းရှိ အဠမတန်း ကျောင်းသား ကျောင်းသူများသည် ပုဂံဒေသရှိ ရှေးဟောင်းတန်ခိုးကြီးဘုရားများကို လှည့်လည်ဖူးမြော် ကြည်ညိုကြမည် ဖြစ်ကြောင်း သိရသည်။

**ကိုမင်း၊ ဓာတ်ပုံ - မင်းမင်း**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးနှင့် ၂၀၁၈-၂၀၁၉ ဒသမတန်း လူရည်ချွန် မောင်မယ်များတွေ့ဆုံ

**ငွေဆောင် ဧပြီ ၃၀**

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးနှင့် ၂၀၁၈-၂၀၁၉ ဒသမတန်း လူရည်ချွန်မောင်မယ်များ တွေ့ဆုံပွဲကို ယမန်နေ့ညနေပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး ငွေဆောင်မြို့ ပုလဲငွေဆောင်ဟိုတယ်၌ ကျင်းပသည်။

တွေ့ဆုံပွဲတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက လူရည်ချွန်များသည် မြန်မာနိုင်ငံမှ Grade-11 ကျောင်းသား ကျောင်းသူများထဲတွင် စာတော်သော ကျောင်းသား ကျောင်းသူများ ဖြစ်သကဲ့သို့ အားကစားနှင့် ကာယပညာတွင်လည်း ထူးချွန်ထက်မြက်သူများ ဖြစ်ပါကြောင်း၊ နိုင်ငံတော်အနေဖြင့် ယခုကဲ့သို့ သင်ယူလေ့လာစရာ ဒေသန္တရဗဟုသုတများ၊ ဒေသအလိုက် ယဉ်ကျေးမှုဓလေ့ထုံးစံများ၊ သိသင့်သိထိုက်သည့် ပညာရပ်ဆိုင်ရာများကို လေ့လာသင်ယူနိုင်ရန် လူရည်ချွန်များအဖြစ် ရွေးချယ်ဂုဏ်ပြုရသည့်အတွက် ပညာရေးဝန်ကြီးဌာနအနေဖြင့် မှတ်တမ်းတင်ပါကြောင်း။

မောင်တို့မယ်တို့ကဲ့သို့ ထူးချွန်သူများအနေဖြင့် ကျောင်းဆရာ ဆရာမများအဖြစ် တာဝန်ထမ်းဆောင်ကြစေလိုကြောင်း၊ သို့မှသာ ပိုမိုထူးချွန်သည့် မျိုးဆက်သစ်လူငယ်များကို ပြုစုပျိုးထောင်မွေးထုတ်ပေးနိုင်မည် ဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရန် တစ်ဦးနှင့်တစ်ဦး ပူးပေါင်းဆောင်ရွက်တတ်သည့် စိတ်ဓာတ်နှင့် အလေ့အကျင့်ကောင်းများသည် အရေးကြီးပါကြောင်း၊ အခက်အခဲများ၊ မပြည့်စုံမှုများနှင့် စိန်ခေါ်မှုများသည် လူတိုင်းတွင်ရှိပြီး အတူတူကြံ့ကြံ့ခိုင်ရင်ဆိုင်ဖြေရှင်းကြပြီး မိမိတို့၏လုပ်ငန်းတာဝန်များကို အကောင်းဆုံးလုပ်ဆောင်ကြရန် မောင်မယ်တို့ကဲ့သို့ ထူးချွန်သည့် လူငယ်များပေါ်တွင် မူတည်ပါကြောင်း။

လူရည်ချွန်များအနေဖြင့် အခြားနိုင်ငံများမှ လူငယ်များနှင့် ယှဉ်ပြိုင်ရာတွင် ပြောဆိုဆက်ဆံမှု၊ အတူလက်တွဲအလုပ်လုပ်ရန်နှင့် အတူပူးပေါင်းဆောင်ရွက်ကြရန် အင်္ဂလိပ်စာနှင့် အိုင်စီတီဘာသာရပ်များ ကျွမ်းကျင်ရန် လိုအပ်ပါကြောင်း၊ လူငယ်များအနေဖြင့် အင်္ဂလိပ်စာနှင့် အိုင်စီတီ ဘာသာရပ်များကို ကျွမ်းကျင်ရုံသာမက အခြားလူငယ်များကို ကျွမ်းကျင်မှုရှိအောင် အတူလက်တွဲ ခေါ်ဆောင်ကြရန် အရေးကြီးပြီး ယှဉ်ပြိုင်နိုင်စွမ်းရှိသော အရည်အချင်းရှိရန် ကြိုးစားကြစေလိုကြောင်း၊ မြန်မာနိုင်ငံတွင် မူးယစ်ဆေးဝါးအန္တရာယ်သည် လူငယ်မောင်မယ်များ၏ဘဝ တစ်ခုလုံးကို ပျက်စီးစေနိုင်သည့်အတွက် အသုံးမပြုကြဘဲ အထူးရှောင်ရှားကြရန် အရေးကြီးပါကြောင်း၊ ထို့ပြင် မိမိတို့၏ ဘေးပတ်ဝန်းကျင်တွင်ရှိသည့် ကျောင်းသား ကျောင်းသူများအား မူးယစ်ဆေးဝါး အန္တရာယ်၏ ခြိမ်းခြောက်မှုကိုခံနေရသည့်အတွက် အတူတူပူးပေါင်းစည်းရုံး အသိပေး ပြောကြားကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ၁၉၆၄-၁၉၈၈ လူရည်ချွန်ကြီးများက ပြည်ထောင်စုဝန်ကြီးအား အမှတ်တရလက်ဆောင်များ ပေးအပ်ကြသည်။

လူရည်ချွန်စခန်း (ငွေဆောင်)ကို ဧပြီ ၂၉ ရက်မှ မေ ၄ ရက်အထိ ဖွင့်လှစ်သွားမည်ဖြစ်ပြီး လူရည်ချွန်မောင်မယ်များ အပန်းဖြေနေထိုင်စဉ်အတွင်း လေ့လာရေး ခရီးစဉ်နှင့် ဟောပြောပွဲများ၊ တစ်ဦးချင်းအလိုက် အတွေ့အကြုံဖလှယ်ခြင်းများကိုလည်း ဆောင်ရွက်သွားမည် ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး လူရည်ချွန်မောင်မယ်များအား တွေ့ဆုံမှာကြားစဉ်။



ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင် လူရည်ချွန်လူငယ်များအား တွေ့ဆုံအားပေးစဉ်။

# ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင် အင်းလေးခေါင်တိုင် လူရည်ချွန် အပန်းဖြေစခန်းရှိ လူရည်ချွန်များအား တွေ့ဆုံအားပေးစကားပြောကြား

**ညောင်ရွှေ ဧပြီ ၃၀**

၂၀၁၉ ခုနှစ် အင်းလေးခေါင်တိုင်လူရည်ချွန် အပန်းဖြေစခန်း၌ ၁၉၆၇ ခုနှစ် လူရည်ချွန်ဟောင်း ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်နှင့်ဇနီးတို့ ပါဝင်သော လူရည်ချွန်ကြီးများနှင့် လူရည်ချွန် မောင်မယ်များ တွေ့ဆုံပွဲနှင့် ပညာရေးဆိုင်ရာဟောပြောပွဲများကို ယနေ့ နံနက်ပိုင်းတွင် ကျင်းပသည်။

ပညာရေးဆိုင်ရာဟောပြောပွဲတွင် ညောင်ရွှေမြို့နယ် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ အကြောင်းသိကောင်းစရာများ၊ မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ လေ့ကားထစ်စိုက်ပျိုးနည်း၊ မြေဆီလွှာနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအတွက် သစ်ပင်စိုက်ပျိုးနည်းတို့ကို ဟောပြောဆွေးနွေးကြပြီး လူရည်ချွန် ကျောင်းသား ကျောင်းသူများက သိရှိလိုသည်များကို မေးမြန်းရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားကြသည်။

ထို့နောက် လူရည်ချွန်လူငယ် မောင်မယ်များသည် အထွေထွေဗဟုသုတဆိုင်ရာ ဉာဏ်စမ်းပဟေဠိများကို မေးမြန်းဖြေကြားကြသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်နှင့်ဇနီး၊ ၁၉၆၇၊ ၁၉၆၈၊ ၁၉၇၀ သုံးထပ်ကွမ်း လူရည်ချွန်ဟောင်း ဒေါက်တာ ဒေါ်ခင်သန်းအေးတို့ ပါဝင်သော ၁၉၆၄- ၈၈ လူရည်ချွန်ကြီးများက လူရည်ချွန် လူငယ်မောင်မယ်များအား တွေ့ဆုံ၍ မိတ်ဆက်အားပေးစကား ပြောကြားကြကာ အမှတ်တရ လက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

ထို့နောက် လူရည်ချွန်ကြီးများက လူရည်ချွန် တေးသီချင်းများ သင်ကြားပေးပြီး ဉာဏ်စမ်းပဟေဠိများ မေးမြန်းဖြေကြားကြကာ ဆုရရှိသူ လူရည်ချွန်များအား ဆုများပေးအပ်ကြသည်။

ညနေပိုင်းတွင် မေ ၁ ရက် နံနက်ပိုင်းတွင်ကျင်းပမည့် အင်းလေးခေါင်တိုင် လူရည်ချွန် အပန်းဖြေစခန်းဖွင့်ပွဲအခမ်းအနားအတွက် အစမ်းလေ့ကျင့်ကြသည်။

မေ ၂ ရက်တွင် လူရည်ချွန်များသည် အင်းလေးကန်အတွင်းရှိ စိုက်ပျိုးရေးလုပ်ငန်းများ၊ တိုင်းရင်းသားရိုးရာ လက်မှုလုပ်ငန်းများလေ့လာခြင်း၊ ရှေးဟောင်း သမိုင်းဝင် ဖောင်တော်ဦးဘုရား၊ အလိုတော် ပေါက်ဘုရား၊ ရွှေဇောဓိမြို့ဦးစေတီ ဖူးမြော်လေ့လာခြင်း၊ ညောင်ရွှေဟော်နှင့် ညောင်ရွှေ စံပြစိုက်ခင်းများ လေ့လာခြင်းတို့ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ဇင်ဦး(မြန်မာ့အလင်း)**
**ဓာတ်ပုံ - သီဟစည်သူ**

# မဏ္ဍိုင်(၄)ရပ် တွေ့ဆုံကြခြင်းသည် မဏ္ဍိုင်များ အချင်းချင်းအကြား အခက်အခဲများကို အပြန်အလှန်ညှိနှိုင်းအဖြေရှာနိုင်ရန်ဖြစ်



ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် တတိယအကြိမ် မဏ္ဍိုင်(၄)ရပ် အလုပ်ရုံဆွေးနွေးပွဲတွင် အမှာစကား ပြောကြားစဉ်။

**နေပြည်တော် ဧပြီ ၃၀**

ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေး မဏ္ဍိုင် (၃) ရပ်နှင့် စတုတ္ထမဏ္ဍိုင်ဖြစ်သည့် သတင်းမီဒီယာတို့အကြား ဟန်ချက်ညီ ပူးပေါင်းဆောင်ရွက်မှု တိုးတက်စေရန်နှင့် ပြည်သူများအား တိကျခိုင်မာသည့် သတင်းအချက်အလက်များ ပေးနိုင်ရန်တို့အတွက် တတိယအကြိမ် မဏ္ဍိုင်(၄)ရပ် အလုပ်ရုံဆွေးနွေးပွဲကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန စုပေါင်းခန်းမ၌ ကျင်းပသည်။

**လုပ်ပိုင်ခွင့်များ ရှိသလို အကန့်အသတ်များလည်းရှိ**

အလုပ်ရုံဆွေးနွေးပွဲတွင် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က ယခုကဲ့သို့ မဏ္ဍိုင် (၄) ရပ် တွေ့ဆုံကြခြင်းသည် မဏ္ဍိုင်များ အချင်းချင်းအကြား အခက်အခဲများကို အပြန်အလှန် ညှိနှိုင်းအဖြေရှာနိုင်ရန် ဖြစ်ပါကြောင်း၊ ယခု တွေ့ဆုံပွဲမှတစ်ဆင့် သတင်းနှင့်စာနယ်ဇင်း လွတ်လပ်ခွင့်များ ပိုမိုခိုင်မာလာရန်နှင့် ဒီမိုကရေစီ အသွင်ကူးပြောင်းမှု ပိုမိုချောမွေ့လာရန် မျှော်လင့်ပါကြောင်း၊ မဏ္ဍိုင်အချင်းချင်းအကြား အပြန်အလှန် ထိန်းကျောင်းမှု ခံယူနေရသလို ပြည်သူများ၏ အသံနှင့်အတူ ဝေဖန်ထောက်ပြသည့် မီဒီယာများ၏ ထိန်းညှိမှု၊ ထောက်ပြမှုကိုလည်း မပြတ်ခံယူနေရပါကြောင်း၊ မဏ္ဍိုင်အသီးသီးတွင် လုပ်ပိုင်ခွင့်များ ရှိသလို အကန့်အသတ်များလည်း ရှိပါကြောင်း။



မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ ဥက္ကဋ္ဌ ဟံသာဝတီ ဦးအုန်းကြိုင်

ယနေ့ဆွေးနွေးပွဲတွင် သတင်းမီဒီယာများကို ကိုယ်စားပြုသည့် စတုတ္ထမဏ္ဍိုင်က လုပ်ပိုင်ခွင့်များ တောင်းဆိုခြင်းနှင့် ဆွေးနွေးဖြေရှင်းခြင်းများ ပြုလုပ်သွားမည်ဖြစ်ပါကြောင်း၊ ဆွေးနွေးမှု အောင်မြင်ပါက မီဒီယာများအတွက် ပိုမိုအကျိုးရလဒ်ရရှိမည်ဖြစ်ပြီး ကျန်သည့် မဏ္ဍိုင်များသည်လည်း ဂုဏ်သိက္ခာ တိုးတက်လာမည် ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဥက္ကဋ္ဌ ဟံသာဝတီ ဦးအုန်းကြိုင်က အစိုးရနှင့် သတင်းမီဒီယာအကြား ယုံကြည်မှုတည်ဆောက်ရန် အရေးအကြီးဆုံးဖြစ်ပါကြောင်း၊ နားလည်မှုမှတစ်ဆင့် ယုံကြည်မှု တည်ဆောက်ရမည် ဖြစ်ပါကြောင်း၊ ယနေ့ဆွေးနွေးပွဲသည် အစိုးရနှင့် မီဒီယာအကြား ယုံကြည်မှုတည်ဆောက်သည့် ဆွေးနွေးပွဲဖြစ်ပါကြောင်း ပြောကြားသည်။

**နားလည်မှုသည် သတင်းမီဒီယာသမားများအတွက် အရေးကြီး**

ယင်းနောက် ဒုတိယဝန်ကြီး ဦးအောင်လှထွန်းက သတင်းသမားများကို စနစ်တကျ အသိအမှတ်ပြုကတ်ပြားများ ထုတ်ပေးခြင်းအားဖြင့် ယနေ့ကြုံတွေ့နေရသည့် သတင်းသမားနှင့် သတင်းဖြေကြားသူများအကြား မယုံကြည်မှုများ၊ သံသယစိတ်များ ပပျောက်သွားမည်ဟု ယုံကြည်ပါကြောင်း၊ သတင်းမီဒီယာနှင့် မဏ္ဍိုင် (၃) ရပ်၏ နားလည်မှုသည် အရေးကြီးပါကြောင်း၊ သတင်းမီဒီယာများသည် အုပ်ချုပ်ရေး၊ တရားစီရင်ရေး၊ ဥပဒေပြုရေး မဏ္ဍိုင် (၃) ရပ်နှင့် ပြည်သူအကြား ပေါင်းစပ်ပေးပါကြောင်း၊ မဏ္ဍိုင် (၃)ရပ်မှ တာဝန်ရှိသူများ၏ ပူးပေါင်းဆောင်ရွက်မှု၊ နားလည်မှုသည် သတင်းမီဒီယာသမားများအတွက် အရေးကြီးပါကြောင်း၊ သို့မှသာ လွတ်လပ်၍ တရားမျှတသည့် သတင်းအချက်အလက်များကို ပြည်သူများထံ အချိန်နှင့်တစ်ပြေးညီ ပေးပို့နိုင်မည်ဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီ ဒုတိယဥက္ကဋ္ဌ(၁) ဒေါက်တာမျိုးသန့်တင်က စတုတ္ထမဏ္ဍိုင်သည် ပြည်သူပြည်သားများ၏ အသံ၊ မျက်လုံးဖြစ်ပြီး နိုင်ငံနှင့်လူမျိုး အဓွန့်ရှည်စွာ တည်ရှိနေရန်အတွက် ပေါ်ပေါက်လာခြင်းဖြစ်ပါကြောင်း၊ ယခု မဏ္ဍိုင် (၃) ရပ်နှင့် စတုတ္ထမဏ္ဍိုင်တို့ ညှိနှိုင်းပြီး မိမိတို့နိုင်ငံတွင် ဒီမိုကရေစီ မပျက်သုဉ်းစေရန်၊ နိုင်ငံနှင့် လူမျိုးအတွက် ရေရှည်တည်တံ့အောင် ဆွေးနွေးပွဲများ ပြုလုပ်ကြရန် လိုအပ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်သူ့လွှတ်တော် ကျန်းမာရေးနှင့် အားကစားဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ ဒေါက်တာစံရွှေဝင်းက သတင်းမီဒီယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ခြင်းသည် သတင်းမီဒီယာကဏ္ဍအတွက်သာမက မိမိတို့နိုင်ငံတွင် ရင်ဆိုင်ကြုံတွေ့နေရသည့် ဆင်းရဲနွမ်းပါးမှု လျှော့ချရေး၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေး၊ တရားစီရင်ရေး မဏ္ဍိုင် တည့်မတ်ရေး၊ လူ့အခွင့်အရေးနှင့် ပြည်သူ့ဘဏ္ဍာဆုံးရှုံးမှုများ မရှိစေရေးတို့ကို အကာအကွယ်ပေးနိုင်သည့်အတွက် အရေးကြီးပါကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးညိုထွန်းက ၂၀၁၄ ခုနှစ် သတင်းမီဒီယာ ဥပဒေထွက်ပေါ်လာပါကြောင်း၊ ၂၀၁၅ ခုနှစ်တွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်က တရားရုံးသတင်းမီဒီယာလက်စွဲကို ထုတ်ပြန်ခဲ့ပါကြောင်း၊ သတင်းပြန်ကြားရေးအဖွဲ့များကို တရားရုံးအဆင့်ဆင့်တွင် ဖွဲ့စည်းပေးခဲ့ပါကြောင်း၊ သတင်းမီဒီယာများ၏ သိလိုသည့် သတင်းများကို တစ်နိုင်ငံလုံးရှိ တရားရေး သတင်းပြန်ကြားရေး အရာရှိများက ထုတ်ပြန်ပေးနိုင်ခဲ့ပါကြောင်း၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က တရားရုံးအဆင့်ဆင့်၏ ဆောင်ရွက်ချက်များကို နှစ်အလိုက် အစီရင်ခံစာထုတ်ပြန်လျက်ရှိပါကြောင်း ပြောကြားသည်။

ဆက်လက်၍ တပ်မတော်သတင်းမှန်ပြန်ကြားရေးအဖွဲ့ အတွင်းရေးမှူး ဗိုလ်မှူးချုပ် ဇော်မင်းထွန်းက တပ်မတော်နှင့်ပတ်သက်သည့် သတင်းအချက်များကို အချိန်နှင့်တစ်ပြေးညီ သိရှိနိုင်ရန် ထုတ်ပြန်လျက်ရှိပါကြောင်း၊ တပ်မတော်အနေဖြင့် သတင်းမီဒီယာများနှင့် စဉ်ဆက်မပြတ် ထိတွေ့ဆက်ဆံလျက်ရှိပါကြောင်း၊ တပ်မတော်နှင့် သတင်းမီဒီယာ ဆက်ဆံရေးကို စာနယ်ဇင်းကောင်စီ စတင်ဖွင့်လှစ်ကတည်းက အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်နိုင်ခဲ့ပါကြောင်း ပြောကြားသည်။

ယင်းနောက် ပြန်ကြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင်က သတင်းမီဒီယာများကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ခဲ့မှုများနှင့် စပ်လျဉ်း၍ လည်းကောင်း၊ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီ အတွင်းရေးမှူး ဦးကျော်စွာမင်းက မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီအနေဖြင့် မီဒီယာဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်နေမှုများနှင့် စပ်လျဉ်း၍ လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

**အပြန်အလှန်နားလည်မှု ရှိရှိ ပူးပေါင်းဆောင်ရွက်**

ထို့နောက် အုပ်ချုပ်ရေးမဏ္ဍိုင်၊ ဥပဒေပြုရေးမဏ္ဍိုင်၊ တရားစီရင်ရေး မဏ္ဍိုင်၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီမှ တာဝန်ရှိသူများက မဏ္ဍိုင်ကြီး (၃) ရပ်နှင့် သတင်းမီဒီယာကဏ္ဍတို့အကြား သတင်းမှန် ရရှိရေးနှင့် အပြန်အလှန်နားလည်မှု ရှိရှိ ပူးပေါင်းဆောင်ရွက်နိုင်ရေးကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

ယင်းနောက် မြန်မာနိုင်ငံသတင်းစာဆရာအသင်း၊ မြန်မာဂျာနယ်လစ်ကွန်ရက်၊ BNI (Burma News International)၊ မြန်မာစာနယ်ဇင်းသမဂ္ဂ၊ မြန်မာအမျိုးသမီး သတင်းစာဆရာအဖွဲ့တို့မှ သတင်းမီဒီယာသမားများ၏ မေးမြန်းဆွေးနွေးချက်များအပေါ် မဏ္ဍိုင် (၃) ရပ်မှ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဆွေးနွေးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ် အမှာစကားပြောကြားပြီး ဆွေးနွေးပွဲကို ရုပ်သိမ်းလိုက်သည်။



ဒုတိယဝန်ကြီး ဦးအောင်လှထွန်း

ပထမအကြိမ် မဏ္ဍိုင် (၄) ရပ် အလုပ်ရုံဆွေးနွေးပွဲကို ၂၀၁၆ ခုနှစ် ဒီဇင်ဘာ ၃၀ ရက်တွင် လည်းကောင်း၊ ဒုတိယအကြိမ် မဏ္ဍိုင် (၄) ရပ် အလုပ်ရုံဆွေးနွေးပွဲကို ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီ ၂၁ ရက်တွင်လည်းကောင်း ပြုလုပ်ခဲ့သည်။

ယနေ့ အလုပ်ရုံဆွေးနွေးပွဲတွင် ရလဒ်အဖြစ် မြန်မာ့မီဒီယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မဏ္ဍိုင်(၄)ရပ်အကြား ပူးပေါင်းဆောင်ရွက်မှုများကို ဆက်လက်အရှိန်အဟုန် မြှင့်တင်ဆောင်ရွက်သွားရန်နှင့် ပြည်ထောင်စုအဆင့်မဏ္ဍိုင်(၄)ရပ် တွေ့ဆုံမှုများကို အနည်းဆုံး တစ်နှစ်တစ်ကြိမ်ဆောင်ရွက်သွားရန်၊ သတင်းမီဒီယာသမားများ ကျင့်ဝတ်စည်းကမ်းနှင့်အညီ သတင်းရယူနိုင်ရေးနှင့် ပတ်သက်၍ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီက ဦးစီးပြီး အခြားအဖွဲ့အစည်းအသီးသီးက လိုအပ်သလို ပံ့ပိုးကူညီဆောင်ရွက်သွားရန်၊ သတင်းအချက်အလက် ရယူခြင်းနှင့် ပတ်သက်၍ စိန်ခေါ်မှုများကို ပူးပေါင်းဖြေရှင်းရာတွင် မဏ္ဍိုင် (၄)ရပ်အကြား အပြန်အလှန်လေးစားမှုကို အခြေခံလျက် ဆောင်ရွက်သွားရန်၊ သတင်းမီဒီယာသမားများ အသိအမှတ်ပြုလက်မှတ် ထုတ်ပေးနိုင်ရေးနှင့် ပတ်သက်၍ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီက ဦးစီးဆောင်ရွက်သွားရန်နှင့် ကျန်မဏ္ဍိုင်များမှလည်း လိုအပ်သလို ပံ့ပိုးကူညီဆောင်ရွက်သွားရန်၊ ပုံနှိပ်မီဒီယာကဏ္ဍ ရေရှည်ရှင်သန်ရပ်တည်နိုင်ရေးအတွက် မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီနှင့် ပြန်ကြားရေးဝန်ကြီးဌာနတို့ ပူးပေါင်းဆောင်ရွက်သွားရန်၊ သတင်းမှားများ ပပျောက်ရေး၊ သတင်းမှန်များ လျင်မြန်စွာ ထုတ်ပြန်နိုင်ရေးနှင့် သတင်းအချက်အလက် သိနားလည်မှု (Media and Information Literacy) မြှင့်တင်ရေးဆိုင်ရာ လုပ်ငန်းများအား ဆက်လက်ပူးပေါင်းဆောင်ရွက်သွားရန်၊ ဝန်ကြီးဌာနများအနေဖြင့် သတင်းများကို အချိန်မီထုတ်ပြန်ပေးရန်နှင့် သက်ဆိုင်ရာ Web-siteနှင့် Page များတွင် အချိန်နှင့်တစ်ပြေးညီ သတင်းများ လွှင့်တင်ပေးရန်၊ လွှတ်တော်တွင်း မီဒီယာသမားများ သတင်းရယူမှုများ ပိုမိုအဆင်ပြေချောမွေ့စေရေး လိုအပ်သလို ညှိနှိုင်းပေးရန်၊ မဏ္ဍိုင် (၄)ရပ်ဆွေးနွေးပွဲများမှ ရရှိသောရလဒ်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် လုပ်ငန်းကော်မတီတစ်ရပ် ဖွဲ့စည်းနိုင်ရေး ဆက်လက်ညှိနှိုင်းဆောင်ရွက်ရန်၊ သတင်းအတု/အယောင်များ၊ သတင်းမှားများ ရေးသားဖြန့်ဖြူးနေမှုများနှင့် ပတ်သက်၍ သတင်းမီဒီယာများနှင့် သက်ဆိုင်ရာ အဖွဲ့အစည်းများက ဖော်ထုတ်ပြီး ပြည်သူလူထုသို့ အသိပေးဖြန့်ဝေသွားရန်၊ Social Media အလွဲသုံးမှုများကို တရားဝင် ထိန်းချုပ်နိုင်ရေးအတွက် သက်ဆိုင်ရာ အစိုးရအဖွဲ့အစည်းများက လိုအပ်သလို ဆောင်ရွက်ပေးရန်၊ သတင်းမီဒီယာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုမည့် ဥပဒေများ အမြန်ဆုံးပေါ်ထွက်လာရေးအတွက် မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီက သက်ဆိုင်ရာ ဝန်ကြီးဌာနများ၊ လွှတ်တော်တို့နှင့် ညှိနှိုင်းပူးပေါင်းဆောင်ရွက်သွားရန်နှင့် တိုင်းဒေသကြီး/ပြည်နယ်အစိုးရဌာနဆိုင်ရာ တာဝန်ရှိသူများက တိုင်းရင်းသားမီဒီယာ အပါအဝင် သတင်းမီဒီယာသမားများ သတင်းရယူရာ၌ တန်းတူအခွင့်အရေး ရရှိစေရေး ဆက်လက်ဆောင်ရွက်ပေးရန် ဟူသည့် အချက် ၁၃ ချက်ကို သဘောတူညီခဲ့ကြသည်။

**သတင်းစဉ်**

❒ ***ကျောဖုံးမှ***

အထက်ပါ စစ်ရေးဆိုင်ရာ လှုပ်ရှားမှုအားလုံးရပ်ဆိုင်းပြီး အပစ်အခတ်ရပ်စဲရေးကာလအတွင်း NCA လက်မှတ်ရေးထိုးရန် ကျန်ရှိနေသေးသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများမှလည်း ငြိမ်းချမ်းရေးဆွေးနွေးမှုများ ပြုလုပ်ခဲ့ကြကြောင်း၊ ထိုသို့ ဆွေးနွေးကြရာတွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ ဖြစ်သော KIA ၊ TNLA နှင့် MNDAA တို့မှ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) အား လက်မှတ်ရေးထိုးနိုင်သည်အထိ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအား ဆက်လက်ဆွေးနွေးဆောင်ရွက်နိုင်ရေး အပစ်အခတ်ရပ်စဲရေးကာလအား ထပ်မံတိုးမြှင့်ပေးရန် တောင်းဆိုလာခဲ့ကြောင်း။

သို့ဖြစ်ပါ၍ တပ်မတော်အနေဖြင့် အဆိုပါ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၏ တောင်းဆိုချက်အရ ထာဝရငြိမ်းချမ်းရေးရရှိစေရေး ဦးတည်လျက် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် အဆင့်ဆင့်အား ပိုမိုထိရောက်စွာ ဆက်လက်ဆောင်ရွက်နိုင်ရန် အထက်ဖော်ပြပါ တိုင်းစစ်ဌာနချုပ် နယ်မြေများ၌ စစ်ရေးဆိုင်ရာ လှုပ်ရှားမှုများအား ၂၀၁၉ ခုနှစ် ဇွန် ၃၀ ရက်အထိ ထပ်မံတိုးမြှင့် ရပ်ဆိုင်းပေးသွားမည်ဟု သတင်းထုတ်ပြန်ကြေညာအပ်ပါကြောင်း ဖော်ပြပါရှိသည်။ **သတင်းစဉ်**

## မြန်မာနိုင်ငံအောက်ပိုင်းဒေသများတွင် မိုးဆက်လက်ထစ်ချုန်းရွာနိုင်

**နေပြည်တော် ဧပြီ ၃၀**

နေပြည်တော်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ မြန်မာနိုင်ငံအောက်ပိုင်းဒေသများတွင် မိုးဆက်လက်ထစ်ချုန်းရွာနိုင်သည်။

မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၁၀ ပေမှ ၁၂ ပေခန့်နှင့် ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခြောက်ပေမှ ကိုးပေခန့်ရှိနိုင်သည်။

**မိုး/ဇလ**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် ဂျပန်နိုင်ငံ အအိချိခရိုင် နာဂိုယာမြို့၏ မြန်မာနိုင်ငံ ဂုဏ်ထူးဆောင် ကောင်စစ်ဝန်နှင့်အဖွဲ့အား လက်ခံတွေ့ဆုံ



**နေပြည်တော် ဧပြီ ၃၀**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်သည် ဂျပန်နိုင်ငံ အအိချိခရိုင်၊ နာဂိုယာမြို့ရှိ မြန်မာနိုင်ငံ၏ ဂုဏ်ထူးဆောင်ကောင်စစ်ဝန်ဖြစ်သူ မစ္စတာ တိုရှိအို နီရှိမူရနှင့်အဖွဲ့အား ယနေ့မွန်းလွဲ ၂ နာရီက ပြန်ကြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

**ယဉ်ကျေးမှုပူးပေါင်းဖလှယ်**

တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် ဂျပန်နိုင်ငံတို့အကြား ကဗျာ၊ စာပေ၊ ပန်းချီ၊ အနုပညာ ယဉ်ကျေးမှုပူးပေါင်းဖလှယ်ရေး၊ Documentary ၊ Drama ၊ Action ရုပ်ရှင်ဇာတ်ကားများ ပူးပေါင်းရိုက်ကူးရေး၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားနှင့် Animation များ ပူးပေါင်းဆောင်ရွက်ရေး၊ ခရိုင်၊ မြို့နယ်တို့ရှိ စာကြည့်တိုက်များနှင့် ကလေးစာကြည့်တိုက်များသို့ ကူညီဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

**ရွေးချယ်ခန့်အပ်**

မစ္စတာ တိုရှိအို နီရှိမူရ အား နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ၂၀၁၇ ခုနှစ်၊ အောက်တိုဘာလတွင် မြန်မာနိုင်ငံ၏ ဂုဏ်ထူးဆောင် ကောင်စစ်ဝန်အဖြစ် ရွေးချယ်ခန့်အပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေး စီမံကိန်းအတွက် Soft Loan Agreement လက်မှတ်ရေးထိုးခြင်း အခမ်းအနားကျင်းပ

**နေပြည်တော် ဧပြီ ၃၀**

အီတလီအစိုးရ၏ ချေးငွေပူးပေါင်းထည့်ဝင်မည့် အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေးစီမံကိန်းအတွက် Soft Loan Agreement လက်မှတ်ရေးထိုးခြင်း အခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီက နေပြည်တော်ရှိ ဝန်ကြီးရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။

**လျှပ်စစ်မီးရရှိရန် ဆောင်ရွက်ပေး**

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက မိမိတို့ဝန်ကြီးဌာနအနေဖြင့် မဟာဓာတ်အားလိုင်းပြင်ပမီးလင်းရေးလုပ်ငန်းများကို နှစ်တို နှစ်ရှည်စီမံချက်များဖြင့် ဆောင်ရွက်လျက်ရှိကြောင်း၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှစတင်၍ ပထမငါးနှစ်စီမံချက်အဖြစ် ကျေးရွာပေါင်း ၉၇၇၄ ရွာတွင် ကျေးလက်မီးလင်းရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့ရာ စီမံကိန်းစတင်ဆောင်ရွက်သည့်အချိန်မှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အထိ ဆိုလာစနစ်ဖြင့် အိမ်ခြေပေါင်း ၂၂၉၀၀၀ ခန့်နှင့် အများပိုင်အဆောက်အအုံ ၃၂၀၀၀ ခန့်ကို လျှပ်စစ်မီးရရှိရန် ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း။





မြန်မာနိုင်ငံဆိုင်ရာ အီတလီသံအမတ်ကြီးနှင့်ကမ္ဘာ့ဘဏ်မှ Country Director တို့ နည်းပညာအကူအညီပေးရေး သဘောတူညီချက်ကို လက်မှတ်ရေးထိုးစဉ်။ သတင်းစဉ်

၂၄ နာရီ မီးလင်းနိုင်ရေးအတွက် ဆိုလာ၊ အသေးစား ရေအားလျှပ်စစ်စနစ်နှင့် ဇီဝလောင်စာစနစ်တို့ဖြင့် ကျေးရွာပေါင်း ၂၆ ရွာတွင် ဆောင်ရွက်လျက်ရှိကြောင်း၊ ယခု ဘဏ္ဍာရေးနှစ်တွင် ဆိုလာစနစ်ဖြင့် အိမ်ခြေပေါင်း ၂၃၇၀၀၀ ခန့်နှင့် အများပိုင် အဆောက်အအုံ ၂၂၀၀၀ ခန့်အတွက် မီးလင်းရေးလုပ်ငန်းများ ဆောင်ရွက်သွားမည် ဖြစ်ကြောင်း၊ ယခုအချိန်အထိ စီမံကိန်းအတွက် ကမ္ဘာ့ဘဏ်ချေးငွေ အမေရိကန်ဒေါ်လာ ၆၈ ဒသမ ၂၂ သန်း၊ နိုင်ငံတော်မှထည့်ငွေ အမေရိကန်ဒေါ်လာ ၂၅ ဒသမ ၂၆ သန်း၊ ပြည်သူလူထုထည့်ဝင်ငွေ အမေရိကန်ဒေါ်လာ ၆ ဒသမ ၉ သန်းတို့ဖြင့် ကျေးလက်နေပြည်သူ ၁ ဒသမ ၈၅ သန်းအတွက် အကျိုးကျေးဇူးများရရှိအောင် ဆောင်ရွက်ပေးနိုင်ခဲ့ပါကြောင်း။

ကမ္ဘာ့ဘဏ်နှင့် ESMAP အဖွဲ့တို့၏ မြန်မာနိုင်ငံ စွမ်းအင်ရရှိမှုအဆင့်လေ့လာချက် စစ်တမ်းမှ မဟာဓာတ်အားလိုင်းပြင်ပစနစ်သည် ကျေးလက်ဒေသလျှပ်စစ်ဓာတ်အား ရရှိရေးအတွက် များစွာအကျိုးပြုမည့် စနစ်တစ်ခုဖြစ်သည်ဟု ဖော်ပြထားကြောင်း၊ ယခုဘဏ္ဍာရေးနှစ်ကုန်တွင် မဟာဓာတ်အားလိုင်းပြင်ပ အစီအစဉ်၏ ဆောင်ရွက်ပေးမှုဖြင့် မဟာဓာတ်အားလိုင်းပြင်ပရေိယာတွင် ပါဝင်သည့် ကျေးလက်နေပြည်သူအိမ်ထောင်စုပေါင်း ၂၅ ဒသမ ၆ ရာခိုင်နှုန်းအတွက် လျှပ်စစ်ဓာတ်အားရရှိရေး ဆောင်ရွက်ပေးနိုင်မည်ဖြစ်ကြောင်း။

ကမ္ဘာလုံးဆိုင်ရာ စွမ်းအင်ရရှိမှုအဆင့် တိုင်းတာချက်များအရ အဆင့် (၆) ဆင့်ဖြင့် ခွဲခြားသတ်မှတ်ထားပါကြောင်း၊ မဟာဓာတ်အားလိုင်းပြင်ပအစီအစဉ်အရ ဆောင်ရွက်ပေးလျက်ရှိသည့် စွမ်းအင်ရရှိမှု အနေအထားသည် အဆင့် (၁) အနေဖြင့် ကျေးလက်နေအိမ်ထောင်စုများ၏ ၀ ဒသမ ၈၂ ရာခိုင်နှုန်း၊ အဆင့်(၂)အနေဖြင့် ၅ ဒသမ ၃ ရာခိုင်နှုန်း၊ အဆင့်(၃)နှင့်(၄)အနေဖြင့် ၁ ရာခိုင်နှုန်းခန့်အထိ ဆောင်ရွက်ပေးနိုင်ခဲ့ပါကြောင်း၊ စီမံကိန်းအတွက် အီတလီနိုင်ငံအစိုးရမှ ချေးငွေယူရိုသန်း ၃၀ ပေးအပ်သည့်အတွက် များစွာ ကျေးဇူးတင်ရှိကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ အီတလီသံအမတ်ကြီး Ms. Alessandra Schiavo နှင့် ကမ္ဘာ့ဘဏ်မှ Country Director, Ms. Ellen Goldstein တို့က နှုတ်ခွန်းဆက်စကား ပြောကြားကြသည်။

**လက်မှတ်ရေးထိုး**

ယင်းနောက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခန့်ဇော်နှင့် အီတလီနိုင်ငံသံအမတ်ကြီး Ms. Alessandra Schiavo တို့က အီတလီအစိုး၏ ချေးငွေပူးပေါင်းထည့်ဝင်မည့် အမျိုးသား လျှပ်စစ်ဓာတ်အားရရှိရေး စီမံကိန်းအတွက် Soft Loan Agreement ကို လည်းကောင်း၊ သံအမတ်ကြီး Ms.Alessandra Schiavo နှင့် ကမ္ဘာ့ဘဏ်မှ Country Director, Ms. Ellen Goldstein တို့က စီမံကိန်းအတွက် နည်းပညာအကူအညီပေးရေး သဘောတူညီချက်ကို လည်းကောင်း လက်မှတ်ရေးထိုးကြသည်။

အီတလီနိုင်ငံအစိုးရ၏ ချေးငွေပူးပေါင်းထည့်ဝင်မည့် အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေး စီမံကိန်းအတွက် လက်မှတ်ရေးထိုးသည့် Soft Loan Agreement သည် ချင်းပြည်နယ်နှင့် အနီးတစ်ဝိုက်ဒေသရှိ ကျေးလက်နေပြည်သူ ၀ ဒသမ ၄၈ သန်း အကျိုးခံစားရမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှုအကူအညီအထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေး၊ ဖွံ့ဖြိုးရေးစီမံကိန်းကော်မတီ အစည်းအဝေးကျင်းပ

**နေပြည်တော် ဧပြီ ၃၀**

ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှုအကူအညီအထောက်အပံ့ပေးရေး၊ ပြန်လည် နေရာချထားရေး၊ ဖွံ့ဖြိုးရေးစီမံကိန်း (UEHRD) ကော်မတီ၏ (၂/၂၀၁၉) ကြိမ်မြောက် အစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ကော်မတီ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက ယခုအစည်းအဝေးတွင် ဆောင်ရွက်ခဲ့ပြီး လုပ်ငန်းများနှင့်ပတ်သက်၍ လုပ်ထုံးလုပ်နည်းနှင့် ဘဏ္ဍာရေးစည်းမျဉ်းများအရ လိုအပ်သောအတည်ပြုမှုများကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ လူသားချင်းစာနာထောက်ထားမှုအကူအညီများပေးရေးနှင့် စပ်လျဉ်းပြီး ဝန်ကြီးဌာနက ဆောင်ရွက်ပေးနေသကဲ့သို့ ကြက်ခြေနီလှုပ်ရှားမှုအနေဖြင့်ပါ ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ UEHRD ၏ စေတနာ့ဝန်ထမ်းလူငယ်အစီအစဉ်များဖြင့် လူသားချင်းစာနာမှုအကူအညီများပေးခဲ့ကြောင်း၊ UEHRD ကော်မတီ၏ လုပ်ငန်းများနှင့် ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များ အကောင်အထည်ဖော်ဆောင်ရွက်ရေး ကော်မတီ၏ လုပ်ငန်းများသည် ဆက်စပ်ဆောင်ရွက်ရသောလုပ်ငန်းများ ဖြစ်ကြောင်း၊ ASEAN-ERAT အဖွဲ့အပါအဝင် ရခိုင်ပြည်နယ်၏ အခြေအနေများကို ဆန်းစစ်လေ့လာသည့်အဖွဲ့အစည်းများ၏ ဖော်ထုတ်ချက်အရ ရခိုင်ပြည်နယ်အတွင်း တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကအကျဆုံးအချက်မှာ လူမှုစီးပွားဖွံ့ဖြိုးမှုနိမ့်ကျနေမှုကို ဖြေရှင်းဆောင်ရွက်ရန်ဖြစ်ကြောင်း၊ လူမှုသဟဇာတဖြစ်ရေးသည် ဦးစားပေးဆောင်ရွက်ရမည့် လုပ်ငန်းဖြစ်ကြောင်း၊ ရခိုင်ပြည်နယ် လူမှုစီးပွားဖွံ့ဖြိုးရေးနှင့် ရေရှည်ပဋိပက္ခကင်းဝေးရေးအတွက် UEHRD ကော်မတီ၏ လုပ်ငန်းအဖွဲ့ (၁၀) ဖွဲ့၏ ဆောင်ရွက်မှုများသည် အရေးပါကြောင်း၊ လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အောင်အောင်မြင်မြင်ဆောင်ရွက်ပေးခဲ့ကြသည့်အတွက် အသိအမှတ်ပြုပါကြောင်း ပြောကြားသည်။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှုအကူအညီအထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေး၊ ဖွံ့ဖြိုးရေးစီမံကိန်း ကော်မတီ အစည်းအဝေးတွင် အမှာစကား ပြောကြားစဉ်။ သတင်းစဉ်

ထို့နောက် UEHRD ကော်မတီဝင်များက ကဏ္ဍအလိုက်ဆွေးနွေးကြပြီး ကော်မတီ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားသည်။

**သတင်းစဉ်**

# အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (NRPC) ကိုယ်စားလှယ်အဖွဲ့နှင့် KIO, MNTJP, PSLF, ULA တို့ တွေ့ဆုံဆွေးနွေး

မူဆယ် ဧပြီ ၃၀

**အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (NRPC) ကိုယ်စားလှယ်အဖွဲ့နှင့် KIO (ကချင် ပြည်လွတ်မြောက်ရေးအဖွဲ့)၊ MNTJP (မြန်မာနိုင်ငံအမှန်တရားနှင့် တရားမျှတသော အမျိုးသားပါတီ)၊ PSLF (ပလောင်ပြည်နယ် လွတ်မြောက်ရေးတပ်ဦး) နှင့် ULA (ရခိုင်အမျိုးသား အဖွဲ့ချုပ်) တို့သည် ယနေ့နံနက် ၉ နာရီက မူဆယ်မြို့ရှိ မူဆယ်-နမ့်ခမ်း နယ်စပ် ကုန်သွယ်ရေးကုန်သည်များအသင်းတွင် တွေ့ဆုံဆွေးနွေးကြသည်။** (အောက်ပုံ)



### ပြည်သူတွေရဲ့အရေး စဉ်းစားကြဖို့

ရှေးဦးစွာ ငြိမ်းချမ်းရေးကော်မရှင် ဒုတိယဥက္ကဋ္ဌဦးသိန်းဇော်က "ငြိမ်းချမ်းရေးကို လက်နက်ကိုင်ထားရုံနဲ့ ဖော်ဆောင်ဖို့ဆိုတာ ခက်ခဲပါတယ်။ ရလဲမရနိုင်ပါဘူး။ တွေ့ဆုံဆွေးနွေးညှိနှိုင်းအဖြေရှာခြင်းဖြင့်သာ ဖော်ဆောင်ဖို့လိုအပ်ပါတယ်။ တစ်ဖက်နှင့် တစ်ဖက် အပြန်အလှန် အပြစ်တင်နေခြင်း၊ ဝေဖန်နေခြင်း၊ ပြောဆိုနေခြင်းဖြင့် ပြဿနာ၏အဖြေကို မရနိုင်ပါဘူး။ ဖြစ်သင့်ဖြစ်ထိုက်ပြီး အခြေအနေ အချိန်အခါနှင့် သင့်လျော်သည့်ကိစ္စများကို နှစ်ဖက်ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးရပါတယ်။ ဒါကြောင့် တွေ့ဆုံဆွေးနွေးနိုင်ရေးဟာ မိမိတို့က အစဉ်အမြဲ ကြိုးစားနေတဲ့ လမ်းစဉ်တစ်ခုဖြစ်တယ်လို့ ပြောလိုပါတယ်။ တွေ့ဆုံဆွေးနွေးမှုများမှတစ်ဆင့် နှစ်ဖက်အပြန်အလှန် ယုံကြည်မှုကို တည်ဆောက်ပြီး လက်နက်ကိုင် ပဋိပက္ခများကို လျှော့ချသွားကြရမှာ ဖြစ်ပါတယ်။ မိမိတို့နိုင်ငံမှာ တိုင်းရင်းသားအချင်းချင်း လက်နက်ကိုင် ပဋိပက္ခ ဖြစ်ပွားခဲ့သည်မှာ စိတ်မကောင်းစရာ နှစ်ပေါင်းများစွာ ကြာမြင့်ခဲ့ပြီဖြစ်ပါတယ်။ လက်နက်ကိုင်ပဋိပက္ခတွေရဲ့ ဒဏ်ရာဒဏ်ချက်တွေကို အဓိက ခံစားရနေရတာ ကျွန်တော်တို့ရဲ့ ပြည်သူတွေပဲဖြစ်ပါတယ်။ ဒါကြောင့် ပြည်သူများအတွက် အကျိုးစီးပွားကို ဖော်ဆောင်ပြီး ပြည်သူကောင်းကျိုးကို ဖော်ဆောင်ကြမယ်ဆိုတဲ့ ရည်ရွယ်ချက်တွေနဲ့ ဖွဲ့စည်းထားတဲ့ လက်နက်ကိုင်အဖွဲ့အစည်းများအားလုံးဟာ ပြည်သူတွေရဲ့ အရေးကို ထည့်သွင်းစဉ်းစားကြဖို့ လိုအပ်ပါတယ်လို့ ကျွန်တော်အနေနဲ့ အဆိုပြုပြောကြားလိုပါတယ်။

### NCA ကို ရှောင်လွှဲ၍ မရနိုင်

"နိုင်ငံတော်ရဲ့ အရေးဟာလည်း အားလုံးရဲ့အရေးဖြစ်ပါတယ်ဆိုတာကို ကျွန်တော်တို့ သတိချပ်ပြီး နိုင်ငံတော်ကြီးကို အတူတကွ အောင်မြင်အောင် ကြိုးပမ်းကြဖို့ အချိန်အခါရောက်လာပြီဆိုတာ ပြောလိုပါတယ်။ လက်နက်ကိုင် ပဋိပက္ခများရဲ့ဒဏ်ရာကြောင့် မိမိတို့ ပြည်သူများ ဆင်းရဲဒုက္ခရောက်ပြီး ခေတ်နောက်ကျ ကျန်ခဲ့တာကို ကျွန်တော်တို့ တစ်တွေ သင်ခန်းစာယူသင့်ပါပြီ။ မိမိတို့၏ လိုလားချက်၊ တောင်းဆိုချက်များကို လက်နက်ကိုင်ဆောင်ပြီး တောင်းဆိုနေမယ့်အစား လက်နက်ကိုင်ဆောင်ပြီး ပယ်ချကြမယ့်အစား စားပွဲဝိုင်းပေါ်မှာ တွေ့ဆုံညှိနှိုင်း အဖြေရှာကြဖို့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို ကျွန်တော်တို့ ဆက်လက်ပြီးတော့ အကောင်အထည်ဖော်သွားကြစို့လို့ တိုက်တွန်းလိုပါတယ်။ ဒီနေရာမှာ ကျွန်တော်တို့နိုင်ငံတော်အစိုးရ၊ တပ်မတော်၊ လွှတ်တော်အနေနဲ့ မိမိတို့နိုင်ငံရဲ့ ငြိမ်းချမ်းရေးဖြစ်စဉ်မှာ NCA ကို ရှောင်လွှဲ၍ မရနိုင်ပါဘူး။ ဒါဟာလည်း သမိုင်းရဲ့လက်ဆင့်ကမ်း အမွေ ဖြစ်ပြီး မိမိတို့အားလုံးအတွက် ပေးထားချက်လည်း ဖြစ်ပါတယ်။ ဒါကြောင့် ယနေ့တွေ့ဆုံဆွေးနွေးပွဲသို့ တက်ရောက်လာကြတဲ့ အဖွဲ့အစည်းများအနေနဲ့ ကျွန်တော်တို့ ငြိမ်းချမ်းရေးကော်မရှင်ရဲ့ NCA တံခါးပေါက်မှ တစ်ဆင့် နိုင်ငံတော်ရဲ့ ငြိမ်းချမ်းရေးဖြစ်စဉ်မှာပါဝင်ပြီး မိမိတို့အားလုံး မျှော်မှန်းထားတဲ့ အနာဂတ်ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကို အချိန်အခါ အခြေအနေ ပေးထားချက်များနဲ့အညီ တစ်ဆင့်ပြီးတစ်ဆင့် ဇွဲနပဲနဲ့ ဖော်ဆောင်သွားကြမယ်ဆိုတဲ့ သန္နိဋ္ဌာန်ချမှတ်ပေးနိုင်ကြပါစေကြောင်း၊ ကျွန်တော့်အနေနဲ့ မေတ္တာရပ်ခံအပ်ပါတယ်။ နိဂုံးချုပ်အနေနဲ့ ယနေ့တွေ့ဆုံပွဲ ဖြစ်မြောက်အောင် ဦးဆောင်ကြိုးစားပေးပါသော KIO မှ ကိုယ်စားလှယ်များ၊ PCG မှ တာဝန်ရှိသူများ၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ တာဝန်ရှိသူများ၊ အဘက်ဘက်မှ ပံ့ပိုးကူညီပေးသူများနှင့် ဆွေးနွေးပွဲကို အလေးအနက်ထား တက်ရောက်လာတဲ့ တိုင်းရင်းသား ကိုယ်စားလှယ်များ အားလုံးနဲ့ ငြိမ်းချမ်းရေးဖြစ်အောင် ပါဝင်ခဲ့ကြသူများကို ကျွန်တော်တို့ ငြိမ်းချမ်းရေးကော်မရှင်က အားလုံးကို ကျေးဇူးတင်ရှိပါတယ်" ဟု နှုတ်ခွန်းဆက် အမှာစကားပြောကြားသည်။

### နှစ်ဦးနှစ်ဖက် လက်ခံသဘောတူညီမှု ရရှိသည့်အထိ ဆွေးနွေးရန် လိုအပ်

ထို့နောက် KIO အထွေထွေအတွင်းရေးမှူး ဆလန်ကဘာထိန်နန်က NCA စာချုပ်လက်မှတ် ရေးထိုးထားခြင်းမရှိသည့် အဖွဲ့အစည်းများသည် နိုင်ငံတော်အစိုးရနှင့် အပစ်အခတ်ရပ်စဲရေး Bilateral ကို တင်ပြဆွေးနွေးခဲ့ကြောင်း၊ Bilateral အဆင့်သွားနိုင်ရေးကို နှစ်ဦးနှစ်ဖက် သဘောတူညီမှု ရရှိစေရန် အဓိကထားတင်ပြဆွေးနွေးလိုကြောင်း၊ အပစ်အခတ်ရပ်စဲရေးနှင့် ပတ်သက်ပြီး NRPC ၏ သဘောထားကို ဆွေးနွေးပေးရန်လိုလားကြောင်း၊ KIO အနေဖြင့် လိုလားသည့် စာချုပ်မူကြမ်းကိုလည်း PCG မှ တစ်ဆင့် NRPC သို့ ပေးပို့ထားပြီးဖြစ်ကြောင်း၊ အဆိုပါစာချုပ်မူကြမ်းကို နှစ်ဦးနှစ်ဖက် လက်ခံသဘောတူညီမှုရရှိသည့်အထိ ဆွေးနွေးရန်လိုအပ်ကြောင်း၊ စာချုပ်မူကြမ်းအတွက် လိုအပ်ပါက တစ်ဖွဲ့ချင်းဆွေးနွေးရမည်ဖြစ်ကြောင်း၊ KIO အနေဖြင့် မျှော်မှန်းထားသည့် လုပ်ငန်းစဉ်များမှာ Bilateral နှင့် IDPs များ မူလနေရပ်သို့ ပြန်နိုင်ရေးဖြစ်ပြီး အစိုးရနှင့်ညှိနှိုင်း အကောင်အထည်ဖော်ဆောင်ရွက်သွားလိုကြောင်း၊ NCA ကို နှစ်ဦးနှစ်ဖက် လက်ခံနိုင်သည့်အထိ ဆွေးနွေးသွားလိုကြောင်း၊ ထိုသို့ဆွေးနွေးစဉ်ကာလအတွင်း တိုက်ပွဲများ ရပ်တန့်ရေးသည် အလွန်အရေးကြီးကြောင်း၊ ထို့ကြောင့် နိုင်ငံတော်အစိုးရ နှင့် တပ်မတော်အနေဖြင့် သဘောထားကြီးရန် လိုအပ်ပါကြောင်း၊ တိုက်ပွဲများ ဆက်လက်ဖြစ်ပွားနေပါက တစ်ဦးနှင့်တစ်ဦး တစ်ဖက်နှင့်တစ်ဖက် ယုံကြည်မှုကင်းမဲ့လာနိုင်ကြောင်း စသည်ဖြင့် ပြောကြားသည်။

ယင်းနောက် MNTJ၊ PSLF နှင့် ULA ကိုယ်စား ဦးဆောင်သူများက နှုတ်ခွန်းဆက် အမှာစကား ပြောကြားပြီး အစည်းအဝေးကို ဆက်လက်ကျင်းပသည်။

နိုင်ငံတော် အတိုင်ပင်ခံရုံးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးက အမျိုးသားပြန်လည် သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (NRPC) အနေဖြင့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (Nationwide Ceasefire Agreement-NCA) စာချုပ်လက်မှတ်ရေးထိုးရန် ကျန်ရှိနေသေးသည့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်း ရှစ်ဖွဲ့ပါဝင်လာနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေများ၊ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (Bilateral Ceasefire Agreement)ရရှိပါက တိုက်ပွဲများကြောင့် နေရပ်စွန့်ခွာ ရွှေ့ပြောင်းနေထိုင်နေကြရသည့် (IDPs) များအတွက် ဆောင်ရွက်ရမည့် အကြောင်းအရာများ အပါအဝင် တစ်ပြိုင်နက်တည်း ဆက်လက်ဆောင်ရွက်သွားမည့် ကိစ္စရပ်များ၊ နိုင်ငံတော်အစိုးရနှင့် NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအကြား ကျင်းပပြုလုပ်မည့် နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာ မူဘောင် ပြန်လည်သုံးသပ်ခြင်း ညှိနှိုင်းအစည်းအဝေးများတွင် NCA လက်မှတ်ရေးထိုးထားခြင်း မရှိသေးသည့် တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများကို ဖိတ်ကြားမည့် အစီအစဉ်များ၊ NCA ရေးထိုးမည့် အဆင့်၊ NCA ရေးထိုးပြီးနောက် ဆက်လက်ဆောင်ရွက်ရမည့် အဆင့်လိုက် အခြေအနေများကို အကျယ်တဝင့်ရှင်းလင်းတင်ပြသည်။

### အပြန်အလှန်ဆွေးနွေး

ယနေ့ကျင်းပသည့် အစည်းအဝေးတွင် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (Bilateral Ceasefire Agreement) မူကြမ်းအဆိုပြုချက်များအား ယခုကျင်းပသည့်အစည်းအဝေးတွင် ပေးပို့လာသည့်အတွက် နှစ်ဖက်စလုံး အနေဖြင့် အသေးစိတ်ဆွေးနွေး၍ မရကြောင်း၊ သို့သော်လည်း ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် (Bilateral Ceasefire Agreement) တွင်ပါဝင်သည့် NCA စာချုပ်လက်မှတ်ရေးထိုးရန် ကတိကဝတ်၊ တပ်ပိုင်းဆိုင်ရာ နေရာချထားရေးကိစ္စရပ်များ၊ ဆက်ဆံရေးရုံးများ ဖွင့်လှစ်သွားမည့် ကိစ္စရပ်များ၊ တိုက်ပွဲများမဖြစ်ပွားစေရန် ဆောင်ရွက်မည့် နည်းလမ်းများ အပါအဝင်ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် အဆိုပြုမူကြမ်းတွင် တိတိကျကျ ထည့်သွင်းရန် လိုအပ်သည့် အချက်များ စသည့် ငြိမ်းချမ်းရေးဆိုင်ရာ လုပ်ငန်းစဉ်ကိစ္စရပ်များကို အပြန်အလှန်ဆွေးနွေးခဲ့ကြသည်။

ထို့နောက် MNTJP၊ ULA နှင့် PSLF တို့က အဆိုပြုချက်များကို ပေးအပ်ခဲ့ကြပြီး အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟို ဌာန (NRPC) အနေဖြင့် ပေးပို့လာသည့် အဆိုပြုမူကြမ်းများအပေါ် ပြင်ဆင်အဆိုပြုချက်များ ပြန်လည်ပေးပို့၍ နှစ်ဖက် ဆက်လက်ညှိနှိုင်းကြမည်ဖြစ်ကြောင်း၊ နှစ်ဖက်အဆိုပြုချက်များရရှိပါက မေလအတွင်း ပြန်လည်တွေ့ဆုံကာ အသေးစိတ်ဆွေးနွေးကြမည်ဖြစ်ကြောင်း၊ တွေ့ဆုံမည့်နေ့ရက်နှင့် နေရာတို့ကို နှစ်ဖက် ပြန်လည်ညှိနှိုင်းကြမည်ဖြစ်ကြောင်း သဘောတူညီခဲ့ကြသည်။

ယင်းနောက် ဆွေးနွေးမှုများနှင့် ပတ်သက်၍ ငြိမ်းချမ်းရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဦးသိန်းဇော်က နိဂုံးချုပ် အမှာစကားပြောကြားကာ ဆွေးနွေးပွဲကို ရုပ်သိမ်းခဲ့သည်။

ယနေ့ဆွေးနွေးပွဲသို့ အမျိုးသားပြန်လည် သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (NRPC) ကိုယ်စားလှယ်များအဖြစ် ငြိမ်းချမ်းရေးကော်မရှင် ဒုတိယဥက္ကဋ္ဌဦးသိန်းဇော်၊ ငြိမ်းချမ်းရေးကော်မရှင်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး (ငြိမ်း) ခင်ဇော်ဦး၊ ငြိမ်းချမ်းရေးကော်မရှင်အကြံပေး ဦးလှမောင်ရွှေ၊ နိုင်ငံတော် အတိုင်ပင်ခံရုံးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးနှင့် အကျိုးဆောင်အဖြစ် ဦးသက်နိုင်တို့ တက်ရောက်ကြပြီး KIO (ကချင်ပြည်လွတ်မြောက်ရေးအဖွဲ့) ကိုယ်စားလှယ်ခေါင်းဆောင်အဖြစ် KIO-အထွေထွေအတွင်းရေးမှူး ဆလန်ကဘာထိန်နန်၊ MNTJP (မြန်မာနိုင်ငံအမှန်တရားနှင့် တရားမျှတသောအမျိုးသားပါတီ) ကိုယ်စားလှယ် ခေါင်းဆောင်အဖြစ် MNTJP -ပြင်ပဆက်ဆံရေးဌာနမှူး ဦးဝင်းနိုင်၊ ULA (ရခိုင်အမျိုးသားအဖွဲ့ချုပ်) ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်အဖြစ် ULA-အထွေထွေအတွင်းရေးမှူး ဒေါက်တာညိုထွန်းအောင်နှင့် PSLF (ပလောင်ပြည်နယ်လွတ်မြောက်ရေးတပ်ဦး) ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်အဖြစ် PSLF-အထွေထွေအတွင်းရေးမှူး တာဘုန်းကျော်ဦးဆောင်သည့် ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြပြီး လေ့လာသူများအဖြစ် UWSP ("ဝ" ပြည်သွေးစည်းညီညွတ်ရေးပါတီ)၊ SSPP (ရှမ်းပြည်တိုးတက်ရေးပါတီ) နှင့် PCG (ငြိမ်းချမ်းရေး ဆွေးနွေးရေးအကျိုးဆောင်အဖွဲ့) တို့မှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**

## စာပေဆိုင်ရာလှုပ်ရှားမှုများအတွက် သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းရုံးချုပ်၏ အစည်းအဝေးခန်းမကို အခမဲ့ ငှားရမ်းအသုံးပြုနိုင်

**နေပြည်တော် ဧပြီ ၃၀**

စာပေဆိုင်ရာ လှုပ်ရှားမှုများအတွက် ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် အမှတ် (၂၁၂) သိမ်ဖြူလမ်းရှိ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းရုံးချုပ်၏ အစည်းအဝေးခန်းမကို အခမဲ့ ငှားရမ်းအသုံးပြုနိုင်ကြောင်း သိရသည်။

အဆိုပါ အစည်းအဝေးခန်းမတွင် စာအုပ်မိတ်ဆက်ပွဲများ၊ စာပေဆွေးနွေးပွဲများ၊ စာပေဟောပြောပွဲများနှင့် စကားဝိုင်းများ စသည့် စာပေဆိုင်ရာလှုပ်ရှားမှုများ ကျင်းပနိုင်ရန်အတွက် စကားပြောစင်မြင့်၊ အသံစနစ်နှင့် နေရာထိုင်ခင်းများကို သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းက ပြင်ဆင်ဆောင်ရွက်ပေးထားသည်။

"ခန်းမက လူဦးရေ ၃၀၀ ဝင်ဆံ့ပါတယ်။ လာမယ့် မေလဆန်းကစပြီး ခန်းမကို လတ်တလောမှာ အခမဲ့ငှားရမ်းအသုံးပြုနိုင်ဖို့ စီစဉ်ပေးထားပါတယ်။ စာပေဆိုင်ရာ လှုပ်ရှားမှုတွေအတွက် အထောက်အကူ ဖြစ်စေဖို့ ရည်ရွယ်ချက်နဲ့ ဒီလိုစီစဉ်ပေးတာ ဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်နိုင်ဖို့အတွက် ခန်းမထဲမှာ အဲကွန်းတွေ၊ အသံဆိုင်ရာတွေနဲ့ နေရာထိုင်ခင်းတွေကို စီစဉ်ပေးထားပါတယ်" ဟု သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းမှုမန်နေဂျာ (ထုတ်လုပ်) ဒေါ်ဖြူဖွေးသန့်စင်က ပြောသည်။

မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီ ဒုတိယဥက္ကဋ္ဌ (၂) ဦးထက်မြက်က "ခန်းမအသုံးပြုခွင့်ကို ကြိုဆိုပါတယ်။ စာပေသမားတွေသိရှိအောင် ကျယ်ကျယ်ပြန့်ပြန့် အသိပေးသင့်ပါတယ်။ စာတမ်းဖတ်ပွဲတွေကိုလည်း ခွင့်ပြုပေးစေလိုပါတယ်" ဟု အဆိုပါ အစည်းအဝေးခန်းမ အခမဲ့အသုံးပြုခွင့်ပြုမည့် သတင်းနှင့် ပတ်သက်၍ မှတ်ချက်ပြုသည်။

အစည်းအဝေးခန်းမကို ငှားရမ်းအသုံးပြုလိုပါက အသုံးပြုမည့်သူ /အဖွဲ့အစည်းအမည်၊ အသုံးပြုလိုသည့် အကြောင်းအရာ၊ အသုံးပြုမည့်နေ့ရက်နှင့် တက်ရောက်မည့် ခန့်မှန်းအင်အားတို့ကို သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းသို့ သုံးရက်ကြိုတင်စာရင်းပေးသွင်းနိုင်ပြီး သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းမှ ရန်ကုန် တာဝန်ခံ ဒုတိယညွှန်ကြားရေးမှူး ဦးလှရွှေ၊ ဖုန်း ၀၉-၂၅၀၁၈၉၂၇၇၊ ဒေါ်ဖြူဖွေးသန့်စင် (မန်နေဂျာ - ထုတ်လုပ်)၊ ဖုန်း ၀၁-၂၀၁၁၉၂၊ ၀၉-၂၅၀၀၆၄၅၉၉ တို့ထံ ဆက်သွယ်၍ ငှားရမ်းအသုံးပြုနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**



# ငြိမ်းချမ်းရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဦးသိန်းဇော်နှင့် တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန၏ အာရှရေးရာအထူးကိုယ်စားလှယ်တို့ တွေ့ဆုံ

**မူဆယ် ဧပြီ ၃၀**

အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (NRPC) ကိုယ်စားလှယ်များဖြစ်ကြသည့် ငြိမ်းချမ်းရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဦးသိန်းဇော်၊ ငြိမ်းချမ်းရေးကော်မရှင် အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး(ငြိမ်း) ဦးခင်ဇော်ဦး၊ ငြိမ်းချမ်းရေးကော်မရှင် အကြံပေး ဦးလှမောင်ရွှေ၊ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန၏ အာရှရေးရာ အထူးကိုယ်စားလှယ် မစ္စတာ စွန်းကော်ရှန်း ဦးဆောင်သော အဖွဲ့တို့သည် ယနေ့နံနက် ၇ နာရီခွဲက ရှမ်းပြည်မြောက်ပိုင်း မူဆယ်မြို့ရှိ ရွှေလီရတနာ ဧည့်ရိပ်သာ ခန်းမတွင် တွေ့ဆုံခဲ့ကြသည်။ **(ဓါတ်ပုံ)**

ထိုသို့ တွေ့ဆုံရာတွင် မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဆိုင်ရာ ကိစ္စရပ်များနှင့် တရုတ်နိုင်ငံမှ ပံ့ပိုးကူညီမှုပေးနိုင်မည့် အခြေအနေများ၊ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (Nationwide Ceasefire Agreement-NCA) လက်မှတ်ရေးထိုးရန် ကျန်ရှိနေသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ NCA တွင် ပါဝင်လက်မှတ်ရေးထိုးရေးဆိုင်ရာကိစ္စရပ်များ၊ KIO ၊ MNTJP ၊ ULA ၊ PSLFတို့နှင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (Bilateral Ceasefire Agreement) ရေးထိုးရေး ညှိနှိုင်း ဆွေးနွေးမည့် အစီအစဉ်များနှင့် ပတ်သက်၍ ဆွေးနွေးခဲ့ကြသည်။ **သတင်းစဉ်**

# မူဆယ်မြို့တွင် ကျင်းပသည့် အပစ်အခတ်ရပ်စဲရေးတွေ့ဆုံဆွေးနွေးပွဲမှ အလားအလာကောင်းများ ထွက်ပေါ်လာဟု သိရှိရ

**မူဆယ် ဧပြီ ၃၀**

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ မူဆယ်ခရိုင် မူဆယ်မြို့တွင် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (NRPC) ကိုယ်စားလှယ်အဖွဲ့နှင့် KIO (ကချင်ပြည်လွတ်မြောက်ရေးအဖွဲ့) ၊ MNTJP (မြန်မာနိုင်ငံအမှန်တရားနှင့် တရားမျှတသော အမျိုးသားပါတီ)၊ PSLF (ပလောင်ပြည်နယ် လွတ်မြောက်ရေးတပ်ဦး) နှင့် ULA (ရခိုင်အမျိုးသား အဖွဲ့ချုပ်) တို့၏ အပစ်အခတ်ရပ်စဲရေးတွေ့ဆုံဆွေးနွေးပွဲကို ဧပြီ ၃၀ ရက် နံနက် ၉ နာရီတွင် မူဆယ်မြို့ မူဆယ်-နမ့်ခမ်း ကုန်သည်ကြီးများအသင်း အစည်းအဝေးခန်းမ၌ ပြုလုပ်ရာ အပြုသဘောဆောင်သည့်တိုးတက်မှုများ ထွက်ပေါ်ခဲ့ကြောင်း သိရသည်။ **(ယာပုံ)**



### ပွင့်လင်းစွာဆွေးနွေး

"ဒီတွေ့ဆုံပွဲက တပ်မတော်ဘက်ကနေ ဒီဇင်ဘာ ၂၁ ရက်နေ့မှာ ကြေညာထားတဲ့ အပစ်ရပ် (၄) လ နောက်ဆုံးရက်ဖြစ်ပါတယ်။ အခုကျွန်တော်တို့ ပွင့်ပွင့်လင်းလင်း ဆွေးနွေးတယ်၊ ပွင့်ပွင့်လင်းလင်းဆွေးနွေးတဲ့အတွက် ကျွန်တော်တို့ နှစ်ဦးနှစ်ဖက်မှာ ရှိနေတဲ့ သံသယတွေအားလုံး ကျေကျေလည်လည်နားလည်ပြီးတော့ ရှေ့ဆက်ဘယ်လိုသွားမလဲဆိုတာလည်း ပွင့်လင်းစွာ ဆွေးနွေးဖြစ်ပါတယ်။ ဒီနေ့ဆွေးနွေးပွဲက အားရကျေနပ်မှုရှိတယ်၊ တစ်စုံတစ်ရာတော့ အထောက်အကူပြုနိုင်မယ်လို့ ကျွန်တော်တို့ မျှော်လင့်ပါတယ်" ဟု အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (NRPC) ကိုယ်စားလှယ် ငြိမ်းချမ်းရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဦးသိန်းဇော်က ပြောကြားသည်။

တွေ့ဆုံပွဲ၌ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (NRPC) နှင့် အဆိုပါလေးဖွဲ့တို့အကြားတွင် မေလတတိယပတ်၌ အမြန်ဆုံးပြန်လည်တွေ့ဆုံရန်မှုအားဖြင့် သဘောတူထားပြီး ယင်းတွေ့ဆုံပွဲတွင် နှစ်ဦးနှစ်ဖက် အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်များ ဆွေးနွေးသွားမည်ဖြစ်ကြောင်း သိရသည်။ ယခုတွေ့ဆုံပွဲမတိုင်မီ သုံးရက်အလိုတွင် KIO (ကချင်ပြည်လွတ်မြောက်ရေး အဖွဲ့) ဘက်မှ သဘောတူညီချက်ကြိုတင်ပေးထားခဲ့ပြီး PSLF (ပလောင်ပြည်နယ်လွတ်မြောက်ရေးတပ်ဦး)၊ MNTJP (မြန်မာနိုင်ငံအမှန်တရားနှင့်တရားမျှတသော အမျိုးသားပါတီ)၊ ULA (ရခိုင်အမျိုးသားအဖွဲ့ချုပ်) တို့၏ အဆိုပြုချက်များကို ယခု တွေ့ဆုံပွဲမှ သိရသောကြောင့် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (NRPC) ဘက်က တွေ့ဆုံပွဲကို မေလတွင်ထပ်မံဆွေးနွေးရန် ပြောင်းရွှေ့ရခြင်း ဖြစ်ကြောင်း အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန(NRPC) ကိုယ်စားလှယ် ဦးသိန်းဇော်၏ ပြောပြချက်အရ သိရသည်။

### အပစ်ရပ်စဲရေး ဦးတည်

"အဓိက ရည်ရွယ်ချက်ကတော့ အပစ်အခတ်ရပ်စဲရေးပေါ့။ ဒါကိုပဲဦးတည်တာ၊ အပစ်အခတ်ရပ်စဲဖို့အတွက် စည်းမျဉ်းစည်းကမ်းတွေလိုတယ်။ NCA မူအတိုင်းသွားဖို့အတွက် ကတိကဝတ်တွေလိုတယ်။ တပ်ပိုင်းဆိုင်ရာနဲ့ပတ်သက်လို့ ဘယ်လိုအခြေခံတွေနဲ့ နယ်မြေတွေဘယ်လိုသတ်မှတ်ကြမလဲဆိုတာ၊ တိုက်ပွဲတွေမဖြစ်ပွားအောင် အောက်ခြေတပ်ဖွဲ့တွေကြားမှာ ဘယ်လိုလုပ်ကြမလဲဆိုတာ၊ နှစ်ဦးနှစ်ဖက်လိုအပ်ရင် ဆက်သွယ်ဖို့ ဆက်ဆံရေးရုံးတွေလိုအပ်တယ်၊ ဒါမှလည်း တိုက်ပွဲတွေရှောင်ရှားနိုင်မှာဖြစ်တယ်" ဟု အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန(NRPC) ကိုယ်စားလှယ် ဦးသိန်းဇော်က ဆက်လက်ပြောကြားသည်။

### ကောင်းမွန်တဲ့ဆွေးနွေးပွဲ

"အခုကျွန်တော်တို့ ဆွေးနွေးပွဲက အရင်ဆွေးနွေးပွဲနဲ့မတူဘူး။ အရင်ဆွေးနွေးပွဲတွေက နောက်တစ်ခါပြန်တွေ့မယ်ပြောတယ်။ ဘာကိစ္စနဲ့တွေ့ရမလဲဆိုတာ ကျွန်တော်တို့ ဇဝေဇဝါဖြစ်နေတယ်။ ဒါပေမယ့်ဒီဆွေးနွေးပွဲကတော့ နောက်တစ်ခါဆွေးနွေးပွဲမှာ အပစ်အခတ်ရပ်စဲအောင် အပြီးအသတ်ဆွေးနွေးကြမယ်၊ လက်မှတ်ထိုးနိုင်အောင် ကျွန်တော်တို့ ကြိုးပမ်းကြမယ်။ ပြီးရင် NCA ကို ဘယ်လိုလမ်းလျှောက်ကြမလဲ၊ ဘယ်လိုဆွေးနွေးကြမလဲဆိုတာကို အပြန်အလှန်ဆွေးနွေးကြတယ်။ ကောင်းမွန်တဲ့ ဆွေးနွေးပွဲဖြစ်ပါတယ်" ဟု ယနေ့ဆွေးနွေးချက်အပေါ် PSLF (ပလောင်ပြည်နယ်လွတ်မြောက်ရေးတပ်ဦး) မှ အထွေထွေအတွင်းရေးမှူး တာဘုန်းကျော်က ပြောကြားသည်။

အပစ်အခတ် ရပ်စဲရေးစာချုပ် ချုပ်ဆိုထားသည့် လက်နက်ကိုင်တပ်ဖွဲ့တချို့သည် တပ်မတော်နှင့်တိုက်ပွဲများ ဖြစ်ပွားနေမှုကြောင့် PSLF (ပလောင်ပြည်နယ်လွတ်မြောက်ရေးတပ်ဦး) တို့ဘက်မှ လက်တွေ့ကျသည့် အပစ်အခတ်ရပ်စဲရေးစာချုပ်ချုပ်ရန်လိုအပ်ကြောင်းသိရသည်။ ယခုတွေ့ဆုံပွဲတွင် လက်တွေ့ကျသည့် အပစ်အခတ်ရပ်စဲရေးဆိုင်ရာ အကြောင်းအရာများကို အပြန်အလှန်ဆွေးနွေးခဲ့ပြီး နောက်တစ်ကြိမ် ဆွေးနွေးပွဲတွင် ယခုထက်တိကျ ရှင်းလင်းသည့် အပစ်အခတ်ရပ်စဲရေးကိစ္စများကို အမှန်ဆုံးအဆင်ပြေအောင် နှစ်ဦးနှစ်ဖက်မှ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

"NCA လက်မှတ်ထိုးဖို့ဆိုတာထက် အပစ်အခတ်ရပ်စဲရေးကိုသွားမယ်၊ အပစ်အခတ်ရပ်စဲရေးမှာ သဘောတူခြင်းတွေကို NCA မှာ ကျွန်တော်တို့ ဘယ်လိုပိုပြီး ကောင်းမွန်အောင် ထပ်ဖြည့်စွက်မလဲဆိုတဲ့ သဘောထားကို (FPNCC)မှာလည်း ရှိပါတယ်။ NCAကို ထပ်ပြီးဖြည့်စွက်ဖို့အတွက် ကျွန်တော်တို့ဘက်က လိုလားပါတယ်။ ဒီနေ့ဆွေးနွေးပွဲမှာ အပစ်အခတ်ရပ်စဲရေးကို ဆက်ညှိမယ်ဆိုလို့ရှိရင် တိုးတက်တဲ့ အပြုသဘောဆောင်တဲ့ ရလဒ်ရနိုင်ပါတယ်။ ဒါပေမယ့် ဒီနေ့ ULA (ရခိုင်အမျိုးသားအဖွဲ့ချုပ်) နဲ့ မြန်မာ့တပ်မတော်တို့ ရခိုင်ပြည်နယ်မှာ တိုက်ပွဲတွေဖြစ်နေပါတယ်။ တစ်ဖက်မှာ တိုက်ပွဲတွေဖြစ်နေပါတယ်။တစ်ဖက်မှာ ဆွေးနွေးမှုတွေကြောင့် ရလဒ်ကောင်းတွေ တိုးတက်မှုတွေရှိလာပါတယ်" ဟု ULA (ရခိုင်အမျိုးသားအဖွဲ့ချုပ်) အတွင်းရေးမှူး ဖြစ်သူက ပြောကြားသည်။ ULA (ရခိုင်အမျိုးသားအဖွဲ့ချုပ်) ဘက်မှ လွန်ခဲ့သည့်လတွင် ထိန်းသိမ်းထားသည့် အရပ်သားများကိုလည်း ပြန်လည်လွှတ်ပေးရန် လုပ်ဆောင်ထားကြောင်းနှင့် ယခုရခိုင်ပြည်နယ်တွင် တိုက်ပွဲများ ဖြစ်နေခြင်းကြောင့် အရပ်သားများတစ်ခုခုဖြစ်ပါက ULA (ရခိုင်အမျိုးသားအဖွဲ့ချုပ်) ဘက်မှ တာဝန်ရှိသည့်အတွက် သူတို့ကိုလက်ခံပေးမည့်အနေထားတစ်ခုရရှိပါက ပြန်လည်လွှတ်ပေးဖို့ အဆင်သင့်ရှိ နေကြောင်း ULA (ရခိုင်အမျိုးသားအဖွဲ့ချုပ်) မှ အထွေထွေအတွင်းရေးမှူး ဒေါက်တာ ညိုထွန်းအောင်၏ ပြောပြချက်အရ သိရသည်။

"ယခုဆွေးနွေးပွဲကြောင့် အမြန်ဆုံးငြိမ်းချမ်းရေးရအောင် ဆွေးနွေးဖို့ မျှော်လင့်ပါတယ်။ အမြန်ဆုံးအောင်မြင်စေချင်တယ်။ တကယ်လို့ငြိမ်းချမ်းရေးရမှသာလျှင် ပြည်သူတွေအတွက် အကျိုးရှိမယ်။ တိုင်းပြည်တိုးတက်လာမယ်။ လုပ်ငန်းကိုင်ငန်းတွေ အဆင်ပြေလာမယ်။ အဓိကကတော့ ကျေးရွာမှာနေတဲ့ပြည်သူလူထုတွေအတွက် ပိုပြီးအကျိုးရှိမယ်။ တောင်ယာ၊ တောတောင်တွေမှာ အလုပ်လုပ်တာတွေလည်း ကောင်းကောင်းမွန်မွန်လုပ်နိုင်မယ်။ သူတို့အတွက်လည်း လုံခြုံမှုရှိလာမယ်" ဟု ဒေသခံ မိုင်းရီမွန်က ပြောသည်။

ယခုပြုလုပ်သည့် ဆွေးနွေးပွဲမှ ရလဒ်ကောင်းများထွက်ပေါ်လာရန် ပြည်သူများကလည်း မျှော်လင့်ခဲ့ကြပြီး အမြန်ဆုံး အပစ်အခတ်များ ရပ်စဲစေလိုကြောင်း သိရသည်။

**သန့်ဇင်-မူဆယ်**






# AA အဖွဲ့၏ ယာယီလေ့ကျင့်ရေးစခန်းတစ်ခုအား သိမ်းပိုက်ရရှိ

**နေပြည်တော် ဧပြီ ၃၀**

တပ်မတော်စစ်ကြောင်းသည် ဘူးသီးတောင်မြို့နယ် ဖုန်ညိုလိပ်ကျေးရွာ၏ အရှေ့တောင်ဘက်တွင် ဧပြီ ၂၈ ရက်က AA အဖွဲ့၏ ယာယီလေ့ကျင့်ရေး စခန်းနေရာတစ်ခုအား တွေ့ရှိရှင်းလင်းခဲ့ရာ AA အဖွဲ့မှ အလောင်းများနှင့် ခဲယမ်းဆက်စပ်ပစ္စည်းများ တွေ့ရှိသိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

**သိမ်းဆည်းရမိ**

တပ်မတော် စစ်ကြောင်းသည် ဘူးသီးတောင်မြို့နယ် ဖုန်ညိုလိပ်ကျေးရွာ၏ အရှေ့တောင်ဘက် မီတာ ၁၂၀၀ ခန့်အကွာ၌ AA အဖွဲ့၏ ယာယီလေ့ကျင့်ရေးစခန်း နေရာတစ်ခုအား တွေ့ရှိသဖြင့် ဝင်ရောက်ရှင်းလင်းခဲ့ရာ AA အဖွဲ့မှာ အရှေ့တောင်ဘက်သို့ ဆုတ်ခွာထွက်ပြေးသွားပြီး ယင်းနေရာတွင် အလောင်းများနှင့် ခဲယမ်းဆက်စပ်ပစ္စည်းများ သိမ်းဆည်းရမိခဲ့ကာ တန်းစီကွင်း ၂ ကွင်း၊ လူနေတဲ ၄၉ လုံးနှင့် ပစ်ကျင်းများပါဝင်သော ယာယီလေ့ကျင့်ရေး စခန်းတစ်ခုအား သိမ်းဆည်းရမိခဲ့ကြောင်း။

ယနေ့တွင် အဆိုပါနေရာအနီး တစ်ဝိုက်အား အသေးစိတ်ရှင်းလင်းခြင်းများ ဆက်လက်ဆောင်ရွက်ခဲ့ရာ AA အဖွဲ့များ ကျင်းတူး၍ သိုဝှက်ထားသော ရိက္ခာပစ္စည်းများအား ရှာဖွေတွေ့ရှိခဲ့ပြီး (**ယာပုံ**) ၎င်းတို့အထဲတွင် WFP တံဆိပ်ပါ ဆန်အိတ် ၁၅ အိတ်နှင့် WFP တံဆိပ်ပါ ဆီဘူး ၃၈ ဘူး တို့ပါဝင်ကြောင်း သိရှိရ သည်။

အထက်ပါရိက္ခာထုပ်များသည် တိုက်ပွဲရှောင် စခန်းများအတွက် အလှူရှင်များက လှူဒါန်းထားသော ထောက်ပံ့ရေးပစ္စည်းများဖြစ်ပြီး AA အဖွဲ့က ယင်းထောက်ပံ့ရေးပစ္စည်းများကို နည်းလမ်းမျိုးစုံဖြင့် ရရှိသုံးစွဲနေခြင်းဖြစ်ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

**သတင်းစဉ်**



## မြန်မာ့ရုပ်မြင်သံကြား

၁-၅-၂၀၁၉ (ဗုဒ္ဓဟူးနေ့)

**နံနက်ပိုင်း**

- ၆း၀၀ - တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၀၀ - Breakfast News
- ၈း၃၅ - နိုင်ငံတော်အစိုးရ၏ ပြည်သူ့ အတွက်တတိယ တစ်နှစ်တာ "ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန" "တနင်္သာရီတိုင်းဒေသကြီး"
- ၁၅း၀၀ - "တေလပတ္တဇာတ်တော်ကြီး"

**ညပိုင်း**

- ၁၆း၅၅ - "မြွေဆိပ်ဖြေဆေးအဆင့်ဆင့် ထုတ်လုပ်ပုံ"
- ၁၈း၃၀ - ဘဝထဲကဝတ္တု၊ ဝတ္တုထဲကဘဝ "ကယ်တင်ရှင်"
- ၁၉း၃၀ - မြန်မာဇာတ်လမ်းတွဲ "သူ" (အပိုင်း-၄)
- ၂၀း၀၀ - ပြည်တွင်းသတင်း နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- ၂၀း၃၅ - နိုင်ငံတော်အစိုးရ၏ပြည်သူ့ အတွက်တတိယတစ်နှစ်တာ "ကာကွယ်ရေးဝန်ကြီးဌာန" "မကွေးတိုင်းဒေသကြီး"
- - ဂီတသဟ၊ ဂီတစကား "စောမွန်လှအကြောင်း သိကောင်းစရာသီချင်း" ဂီတစာဆို-ဦးမောင်မောင်လတ်၊ ဦးဝင့်အောင်

# မြို့နယ်အချို့မှ မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် ဧပြီ ၃၀**

မူးယစ်တပ်ဖွဲ့စု(၇) တမူးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဧပြီ ၂၉ ရက် ညနေ ၆ နာရီက တမူးမြို့နယ် ခါမ်းပါတ်မြို့ အမှတ်(၂)ရပ်ကွက် တမူး-ကလေးကားလမ်း၌ အိန္ဒိယနိုင်ငံသူ မနင်ဟွေ့အား စစ်ဆေးရှာဖွေရာ ဘိန်းဖြူ ၂၆၂ ဒသမ ၅ ဂရမ် ကိုလည်းကောင်း။

ထို့အတူ ယင်းနေ့ နံနက် ၁၀ နာရီခွဲက လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မောင်တောမြို့နယ် ၃ မိုင် - ကြိမ်ချောင်းကားလမ်းရှိ သီဟိုဠ်ရဲကင်းစခန်းရှေ့တွင် ခမ့်လှိုင်(ခ) မန်းလှိုင် မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ၎င်း၏ လွယ်အိတ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၉၅၀၀ ကိုလည်းကောင်း။

အလားတူ ယင်းနေ့ ည ၈ နာရီက တပ်မတော်နှင့် မူးယစ်တပ်ဖွဲ့စု(၂၃) တန့်ယန်းမှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် တန့်ယန်းမြို့နယ် တန့်ယန်း-မိုင်းကောင်သွားကားလမ်း မိုင်တိုင်အမှတ် 3KM အနီးတွင် အိုက်မတ် မောင်းနှင်လာသော မော်တော်ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ၎င်းထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀၀ ကိုလည်းကောင်း။

ထို့အတူ ယင်းနေ့ နံနက် ၁၁ နာရီခွဲက မူးယစ်တပ်ဖွဲ့စု (၃၀) တာချီလိတ်မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် တာချီလိတ်မြို့ ပုန်းထွန်းရပ်ကွက် ငွေစေတီလမ်းနှင့် ဝမ်ကောင်းမြို့ပတ်လမ်းဆုံ၌ အားဖုအား ရှာဖွေရာ ၎င်းထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၆၀၅ ပြားနှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကိုလည်းကောင်း။

အလားတူ ယင်းနေ့ နံနက် ၈ နာရီခွဲက မူးယစ်တပ်ဖွဲ့စု (၂၄) လားရှိုးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် လားရှိုးမြို့နယ် လားရှိုး - တန့်ယန်းသွားလမ်း မိုင်တိုင်အမှတ် (၅/၇)အနီး၌ စိုင်းထွန်းဆာ မောင်းနှင်လာသည့် Toyota Revo Hilux အမျိုးအစား မော်တော်ယာဉ်ကို X-Rays စက်ဖြင့် စစ်ဆေးရှာဖွေရာ မော်တော်ယာဉ်၏အင်ဂျင်ခန်း၊ နောက်တံခါးပိတ်၊ ကြမ်းခင်းနှင့် ရှေ့ခန်း ဘော်ဒီကြားတို့မှ စိတ်ကြွရူးသွပ်ဆေးပြား ၂၉၉၆၀၀၊ ငွေကျပ် ၄၅၀၀၀၀နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို သိမ်းဆည်း ရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါး နှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**

# အင်းတော်မြို့နယ်အတွင်းမှ တရားမဝင် ကျောက်စိမ်းအရိုင်းတုံး ကီလိုဂရမ် ၁၀၀ ကျော် ဖမ်းမိ

**အင်းတော် ဧပြီ ၃၀**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့နယ် ရွှေဘို - မြစ်ကြီးနားသွားကားလမ်းပေါ်ရှိ နဘားလမ်းဆုံနေရာမှ တရားမဝင်ကျောက်စိမ်းအရိုင်းတုံးများ ဖမ်းမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဧပြီ ၂၉ ရက် ညနေ ၅ နာရီခွဲခန့်တွင် အင်းတော်မြို့နယ် နဘားနယ်မြေခေတ္တရဲကင်းစခန်းမှူး ရဲအုပ်စိုးနိုင်အောင် ဦးစီးသောရဲတပ်ဖွဲ့ဝင်များသည် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး ခင်မောင်သင်း ကြီးကြပ်၍ သက်သေများနှင့်အတူ အင်းတော်မြို့နယ် ရွှေဘို-မြစ်ကြီးနားသွားကားလမ်းပေါ်ရှိ နဘားလမ်းဆုံနေရာတွင် သတင်းအရ စောင့်ဆိုင်းနေစဉ် ယဉ်ဆောင်ကွေး ဆိုသူမောင်းနှင်ပြီး မော်ဆိုင်ဖန်း လိုက်ပါလာသော GG/--- ယာဉ်အား မသင်္ကာ၍ရပ်တန့်စစ်ဆေးရာ အဆိုပါယာဉ်အတွင်းမှ တရားမဝင် ကျောက်စိမ်းအရိုင်းတုံး ၁၁၀ တုံး၊ (၁၀၇ ဒသမ ၄၅) ကီလိုဂရမ်ကို ရှာဖွေစစ်ဆေးတွေ့ရှိရသဖြင့် တရားမဝင်ကျောက်စိမ်းများ သယ်ဆောင်လာသူ ယဉ်ဆောင်ကွေး မနော်ဟာရီလမ်း ပြည်ကြီးတံခွန်မြို့နယ် မန္တလေးတိုင်းဒေသကြီးနေသူ နှင့် မော်ဆိုင်ဖန်း အမှတ် (၄) ရပ်ကွက် တာမိုးညဲမြို့ ရှမ်းမြောက်နေသူတို့အား နဘားနယ်မြေ ရဲကင်းစခန်းမှ ဖမ်းဆီးအရေးယူ ဆောင်ရွက်ထားကြောင်း သိရသည်။

**လူအောင်(ကသာ)**

# လှည်းကူးမြို့နယ်နှင့် ကသာမြို့နယ်တို့တွင် မီးလောင်

**လှည်းကူး ဧပြီ ၃၀**

ရန်ကုန်မြောက်ပိုင်းခရိုင် လှည်းကူးမြို့နယ် တောင်ထပ်ကျေးရွာ အနီးရှိ ဦးစိုးမြင့် ပိုင် ရော်ဘာစိုက်ပျိုးရေးခြံကေ (၅၁၀ ဒသမ ၇၈) ဧကအတွင်း၌ ဧပြီ ၂၉ ရက် မွန်းလွဲပိုင်းက နေအပူရှိန်မြင့်မားမှုကြောင့် မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

မီးလောင်မှု ဖြစ်ပွားရာသို့ မြို့နယ်မီးသတ်ဦးစီးဌာနမှ မီးငြှိမ်းသတ်ယာဉ်နှစ်စီး၊ အင်အား ၁၂ ဦး၊ မင်္ဂလာဒုံမြို့နယ် ထောက်ကြန့်မီးသတ်ဦးစီးဌာနမှ မီးငြှိမ်းသတ်ယာဉ် တစ်စီး၊ အင်အား ခုနစ်ဦး၊ နယ်မြေခံ တပ်ရင်းမှ ဗိုလ်မှူးရဲလင်းထက် ဦးစီးအင်အား ၂၆ ဦး၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး သန်းဝင်း ဦးစီး ၁၅ ဦး၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ နှင့် ကျေးရွာနေပြည်သူ ၁၀၀ ခန့်မှ ဝိုင်းဝန်းမီးငြှိမ်းသတ်ခဲ့ရာ ညနေ ၄ နာရီ ၅ မိနစ်တွင် မီးထိန်းနိုင်ခဲ့ပြီး ည ၇ နာရီ မိနစ် ၄၀ တွင် မီးငြှိမ်းသတ်နိုင်ခဲ့ကြောင်း သိရသည်။

မီးလောင်မှုကြောင့် စိုက်ပျိုးဧက ၁၀၀ ကျော်ခန့်အတွင်းရှိ ရော်ဘာပင်များနှင့် ဝါးရုံများ မီးလောင်ခဲ့ပြီး လူ၊ တိရစ္ဆာန်ထိခိုက်မှုမရှိကြောင်း သိရသည်။

**နိုင်လင်း(လှည်းကူး)**

**ကသာ**

စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့နယ် ပြည်သာယာကျေးရွာ အလယ်စုရပ်တွင် ယနေ့မွန်းလွဲ ၂ နာရီခွဲခန့်က နေအိမ်တစ်လုံး မီးလောင်မှုဖြစ်ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ထင်းမီးဖိုဖြင့် ဝက်စာအိုးတည်ပြီးလူစောင့်မရှိဘဲ အပြင်သွားရာမှ စတင်လောင်ခဲ့ခြင်း ဖြစ်သည်။ အဆိုပါ မီးလောင်မှု ဖြစ်ပွားရာသို့ ခရိုင်မီးသတ်ဦးစီးမှူး ဦးစိုးမင်းညွန့်နှင့် မြို့နယ်ဦးစီးမှူး ဦးအောင်ဖြိုးသူ ဦးဆောင်သည့် မီးသတ်တပ်ဖွဲ့ဝင်များ၊ မီးငြှိမ်းသတ်ယာဉ် သုံးစီး၊ ကျေးရွာနေပြည်သူများ ဝိုင်းဝန်းငြှိမ်းသတ်ခဲ့ရာ မီးငြိမ်းသွားခဲ့ကြောင်း သိရသည်။

**ဟန်မျိုးကျော်(ကသာ)**

# ရန်ကုန်နှင့် ရှမ်းယူနိုက်တက်တို့ ယှဉ်ပြိုင်နေသည့် AFC Cup ပြိုင်ပွဲ အုပ်စုပွဲစဉ် (၅) ယနေ့ကျင်းပမည်

**ရန်ကုန် ဧပြီ ၃၀**

မြန်မာကလပ်အသင်းများ ဝင်ရောက်ယှဉ်ပြိုင်နေ သည့် ၂၀၁၉ ရာသီ AFC Cup ပြိုင်ပွဲ အုပ်စု ပွဲစဉ် (၅) ကို မေ ၁ ရက် (**ယနေ့**) ကျင်းပမည်ဖြစ်ပြီး ရန်ကုန်အသင်းက အဝေးကွင်း၊ ရှမ်းယူနိုက်တက်အသင်းက အိမ်ကွင်းယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။



ရန်ကုန်နှင့် တမ်ပနိစ်ရိုဗာအသင်း ပထမအကျော့ တွေ့ဆုံခဲ့စဉ်။

အုပ်စုပွဲစဉ် (၅) အဖြစ် ညနေ ၃ နာရီခွဲတွင် သုဝဏ္ဏကွင်း၌ ရှမ်းယူနိုက်တက်အသင်းနှင့် ဖိလစ်ပိုင်ကလပ် ဆီရက်စ်အသင်း၊ မြန်မာစံတော်ချိန် ညနေ ၆ နာရီတွင် စင်ကာပူကလပ် တမ်ပနိစ်ရိုဗာ အသင်းနှင့် ရန်ကုန်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ရန်ကုန်အသင်းပါဝင်သော အုပ်စု (F) တွင် လေးပွဲစီကစားအပြီး၌ တမ်ပနိစ်ရိုဗာ (စင်ကာပူ) အသင်းက ၁၀ မှတ်၊ ဟန္နိုင်း (ဗီယက်နမ်) က ခုနစ်မှတ်၊ နာဂါဝေါ (ကမ္ဘောဒီးယား) နှင့် ရန်ကုန် (မြန်မာ) တို့က သုံးမှတ်စီရထားသည်။ ရန်ကုန်အသင်းသည် အုပ်စုပထမနေရာရရန် မျှော်လင့်ချက် မရှိတော့ဘဲ အကောင်းဆုံး အုပ်စုဒုတိယနေရာအတွက်မှာလည်း အခွင့်အရေး အနည်းငယ်သာ ကျန်ရှိတော့ကာ ယခုပွဲအနိုင်ရမှသာ ဆက်လက်မျှော်လင့်နိုင်မည်ဖြစ်သည်။ သို့သော် ရန်ကုန်အသင်းသည် ယခုပွဲအနိုင်ရရန် လိုအပ်သလို အုပ်စုတွင်း ဒုတိယနေရာရနေသည့် ဟန္နိုင်းအသင်း အပါအဝင် အခြားအာဆီယံဇုန်အုပ်စုနှစ်ခုမှ ဒုတိယနေရာရရန် မျှော်လင့်ချက်ရှိပြီး ခုနစ်မှတ်နှင့် အထက်ရထားသည့် အသင်းများ နိုင်ပွဲပျောက်ဆုံးမှသာ အခွင့်အရေး ဆက်ရှိမည်ဖြစ်သည်။ ယင်းအသင်းများ အနိုင်ရခဲ့ပါက ရန်ကုန်အသင်းသည် တမ်ပနိစ်ရိုဗာအသင်းကို အနိုင်ရလျှင်ပင် အုပ်စုအဆင့်မှ ထွက်ရမည်ဖြစ်သည်။ ပြိုင်ပွဲကျင်းပသည့်ပုံစံအရ အာဆီယံဇုန် အုပ်စုသုံးခုမှ ထိပ်ဆုံးသုံးသင်းနှင့် အကောင်းဆုံးအုပ်စု ဒုတိယနေရာရတစ်သင်းသာ အာဆီယံဇုန် ဆီမီးဖိုင်နယ်သို့ တက်ရောက်ခွင့်ရမည်ဖြစ်သည်။ အုပ်စု (G) တွင် ပါဝင်နေသည့် ရှမ်းယူနိုက်တက်အသင်းမှာလည်း အုပ်စုအဆင့်မှထွက်ခဲ့ရပြီဖြစ်ပြီး လက်ကျန်နှစ်ပွဲမှာ ဂုဏ်သိက္ခာအတွက်သာ ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ အုပ်စု (G) တွင် ဆီရက်စ် (ဖိလစ်ပိုင်) က ၁၂ မှတ်၊ ဘင်ဒေါင်း (ဗီယက်နမ်) က ခုနစ်မှတ်၊ ပါဆီဂျာဂျကာတာ (အင်ဒိုနီးရှား)က လေးမှတ်ရထားပြီး ရှမ်းယူနိုက်တက်အသင်းမှာမူ လေးပွဲစလုံး ရှုံးကာ အမှတ်မရသေးပေ။ ပထမအကျော့တွင် ရန်ကုန်အသင်းသည် အိမ်ကွင်း၌ တမ်ပနိစ်ရိုဗာ အသင်းကို သုံးဂိုး-တစ်ဂိုး၊ ရှမ်းယူနိုက်တက်အသင်းသည် အဝေးကွင်း၌ ဆီရက်စ် အသင်းကို သုံးဂိုး-နှစ်ဂိုးဖြင့် ရှုံးနိမ့်ထားသည်။

မြန်မာကလပ်အသင်းများသည် ယခုရာသီတွင် ရှုံးကန်နေရပြီး လေးပွဲစီ ကစားအပြီးတွင် ရန်ကုန်အသင်းက နိုင်ပွဲတစ်ပွဲသာရပြီး ရှမ်းယူနိုက်တက် အသင်းမှာမူ ပွဲတိုင်းရှုံးနိမ့်ထားသည်။

**ညီမြတ်သော်တာ**

**ဓာတ်ပုံ - စိုးညွန့်**

# ဗိုလ်ချုပ်အောင်ဆန်းဒိုင်း ရှုံးထွက်ပြိုင်ပွဲ ဒုတိယအဆင့်ပွဲစဉ်များ ယနေ့ စတင်မည်

**ရန်ကုန် ဧပြီ ၃၀**

၂၀၁၉ ရာသီ ဗိုလ်ချုပ်အောင်ဆန်းဒိုင်း ရှုံးထွက်ပြိုင်ပွဲ ဒုတိယအဆင့်ပွဲစဉ်များကို မေ ၁ ရက်တွင် စတင်ကျင်းပတော့မည်ဖြစ်သည်။ မြန်မာနေရှင်နယ်လိဂ်ကော်မတီသည် ယခုရာသီ ရှုံးထွက်ပြိုင်ပွဲ ဒုတိယအဆင့်မှ ဆီမီးဖိုင်နယ်အထိ ပွဲစဉ်များကို မေ ၁ ရက်မှ ဇွန် ၂ ရက်အထိ ရက်ပေါင်း ၃၀ ကျော်အတွင်း ကျင်းပမည်ဖြစ်သည်။

ဒုတိယအဆင့်ပွဲစဉ်များကို မေ ၁၊ ၈၊ ၁၅ ရက်တို့တွင် ကျင်းပမည်ဖြစ်ပြီး လက်ရှိချန်ပီယံ ရန်ကုန်အသင်းမှလွဲ၍ ကျန် MNL အသင်းကြီးများ ပါဝင်လာမည်ဖြစ်သည်။ ဒုတိယအဆင့်ပွဲစဉ်များအဖြစ် မေ ၁ ရက်တွင် အောင်ဆန်းကွင်း၌ ရှောဝတီအသင်းနှင့် ရတနာပုံအသင်း၊ ပဒုမ္မာကွင်း၌ တက္ကသိုလ်အသင်းနှင့် ဟံသာဝတီအသင်း၊ ပထမအဆင့်ပွဲစဉ်များကို မတ်လဒုတိယပတ်က ကျင်းပခဲ့ပြီး ပထမအဆင့်မှ တက်ရောက်လာသည့်ငါးသင်း၊ ဒုတိယအဆင့်မှ တိုက်ရိုက်ယှဉ်ပြိုင်ခွင့်ရသည့် ကိုးသင်း၊ စုစုပေါင်း ၁၄ သင်းဖြင့် ဒုတိယအဆင့်ကို ကျင်းပမည်ဖြစ်သည်။

**ညီမြတ်သော်တာ**

# ဂျပန်ဧကရာဇ်ထီးနန်းစွန့်ပြီးနောက် သားတော်အရိုက်အရာဆက်ခံ

**တိုကျို မေ ၃၀**

ဂျပန်ဧကရာဇ်အာကီဟီတိုသည် ဧပြီ ၃၀ ရက်က တိုကျိုမြို့တော်ဝင်နန်းတော်၌ကျင်းပသော ထီးနန်းစွန့်ပွဲတွင် ထီးနန်းစွန့်လွှတ်ခဲ့ကြောင်း ကြေညာခဲ့သည်။

၎င်း၏နောက်ဆုံး ပြည်သူသို့ပြောကြားခဲ့သော မိန့်ခွန်းတွင် အာကီဟီတိုက အာဏာလွှဲပြောင်းပေးခဲ့ပြီဖြစ်ကြောင်းနှင့် နှစ်ပေါင်း ၃၀ ၎င်းစိုးစံခဲ့သည့်ကာလအတွင်း ပြည်သူလူထု၏ထောက်ခံမှုများကို ကျေးဇူးတင်ရှိပါကြောင်း ပြောကြားခဲ့သည်။

သက်တော် ၈၅ နှစ်ရှိပြီဖြစ်သော ဧကရာဇ်အာကီဟီတိုသည် တာဝန်များကို ထမ်းဆောင်ရန် မစွမ်းနိုင်တော့ကြောင်း ပြောကြားပြီး ထီးနန်းစွန့်ခဲ့ခြင်းဖြစ်သည်။ ထို့နောက်၎င်း၏အမွေဆက်ခံသူအဖြစ် အသက် ၅၉ နှစ်ရှိ သားတော်နာရူဟီတိုသည် ဂျပန်နိုင်ငံ၏ ၁၂၆ ယောက်မြောက်တရားဝင်ဧကရာဇ်တစ်ပါးဖြစ်လာခဲ့သည်။

ယခုလိုနန်းစွန့်ခြင်းသည် နှစ်ပေါင်း ၂၀၀ အတွင်း သက်ရှိထင်ရှားရှိနေသည့် ဧကရာဇ်တစ်ဦးမှ ပထမဆုံးအကြိမ် နန်းစွန့်ခြင်းလည်းဖြစ်သည်။ လွန်ခဲ့သောသုံးနှစ်ခန့်က ဧကရာဇ်အာကီဟီတိုသည် ၎င်း၏အသက်အရွယ်ကြောင့် တာဝန်ထမ်းဆောင်ရာတွင်အခက်တွေ့လာမည်ကို စိုးရိမ်ကြောင်းပြောကြားခဲ့သည်။ ထို့ကြောင့် ၎င်းမှာ နန်းစွန့်လိုကြောင်း သိသာလာသည်။

ဖွဲ့စည်းပုံအရ ဂျပန်ဧကရာဇ်အနေဖြင့် နိုင်ငံရေးများတွင် ဝင်ရောက်စွက်ဖက်ခွင့်မရှိပေ။ ဧကရာဇ်အာကီဟီတိုသည် ၎င်း၏ဖခင်သေဆုံးပြီးနောက် အသက် ၅၅ နှစ်အရွယ်တွင် ဧကရာဇ် အဖြစ် ထီးနန်းဆက်ခံခဲ့သည်။ စစ်ပွဲပြီးနောက်ပိုင်းဖွဲ့စည်းပုံဥပဒေ အရ ၎င်းသည် ပထမဦးဆုံး တင်မြှောက်ခံရသည့် ဧကရာဇ်လည်း ဖြစ်သည်။ ၎င်းကိုတိုင်းပြည်၏ သင်္ကေတအဖြစ် သတ်မှတ်ထားသည်။ ၎င်းသည် တိုင်းပြည်အနှံ့သဘာဝဘေးထိခိုက်ခံစားရသည့် ဒေသများသို့သွားရောက်ခဲ့ပြီး ပြည်သူများအဆင်ပြေစေရေးလုပ်ဆောင်ပေးခဲ့သည်။ **အေအက်ဖ်ပီ**



ဂျပန်နိုင်ငံ၏ ၁၂၆ ယောက်မြောက်ဧကရာဇ်ဖြစ်သူ သားတော် နာရူဟီတို။

# ဗင်နီဇွဲလားအတိုက်အခံခေါင်းဆောင် ဂွါအန်ဂွိုက်ဒို က လက်ရှိသမ္မတကို ဖြုတ်ချရန်ကြိုးပမ်း



ဗင်နီဇွဲလားအတိုက်အခံခေါင်းဆောင် ဂွါအန်ဂွိုက်ဒို

**ကာရာကတ်စ် ဧပြီ ၃၀**

လက်ရှိသမ္မတ နီကိုလက်စ်မာဒူရိုကို ဖြုတ်ချရန် တပ်ဖွဲ့ဝင်များသည် မိမိ၏လှုပ်ရှားမှုတွင် ပူးပေါင်းပါဝင်လာကြကြောင်း ဧပြီ ၃၀ ရက်က ဗင်နီဇွဲလားအတိုက်အခံခေါင်းဆောင်လည်းဖြစ် မိမိကိုယ်ကို ယာယီသမ္မတအဖြစ်လည်း ကြေညာထားသူ ဂွါအန်ဂွိုက်ဒိုက ပြောသည်။

လူရာပေါင်းများစွာတို့သည် ဗင်နီဇွဲလားအလံကို ဝှေ့ယမ်းကာ ကာရာကပ်စ်စစ်အခြေစိုက်စခန်းအနီး အဝေးပြေးလမ်းမကြီး တစ်ဖက်တစ်ချက်တွင် နေရာအပြည့်ယူကာ ချီတက်လာချိန်တွင် ရဲတပ်ဖွဲ့ဝင်များကလည်း လူစုခွဲရန်အတွက် မျက်ရည်ယိုဗုံးများ ပစ်ပေါက်ခဲ့ရာ လူတချို့က အဆိုပါရဲတပ်ဖွဲ့ဝင်များကို ကျောက်တုံးများဖြင့် ပြန်လည်ပစ်ပေါက်ခဲ့သည်။

တပ်ဖွဲ့ဝင်များ ပါဝင်လာသည့် အာဏာသိမ်းသည့် ကြိုးပမ်းမှုတစ်ခုအဖြစ် အစိုးရကသုံးသပ်သလို ၎င်းတို့သည် အာဏာသိမ်းမှု အောင်မြင်ရန် ပါဝင်နေကြောင်း ဆက်သွယ်ရေးဝန်ကြီး ဂျော့ဂ်ျ ရိုဒရီဂွေ့ဇ်က တွစ်တာတွင် ပြောသည်။

မိမိတို့အနေဖြင့် ပြည်သူလူထုအားသတိထားနေထိုင်ရန် တိုက်တွန်းဆော်ဩထားပြီး ယခုလိုအာဏာသိမ်းသည့် ပုံစံမျိုးကို ဖြိုခွင်းပြီး ငြိမ်းချမ်းမှုကို ထိန်းသိမ်းရန် ကြိုးပမ်းသွားမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောသည်။

သို့သော်လည်း ဂွါအန်ဂွိုက်ဒိုကို အမေရိကန်က ထောက်ခံနေပြီး စစ်ဘက်ဆိုင်ရာတပ်ဖွဲ့ဝင်များက ပြည်သူကို ကာကွယ်ရန်နှင့် ဂွါအန်ဂွိုက်ဒိုအတိုက်အခံအင်အားစုက ထိန်းချုပ်ထားသော အမျိုးသား ညီလာခံအပါအဝင် တရားဝင်အင်စတီကျူးရှင်းများကို ကာကွယ်ရန် အိမ်ဖြူတော်ကလည်း တိုက်တွန်းထားသည်။

အမေရိကန်အစိုးရက ဗင်နီဇွဲလားပြည်သူများကို ထောက်ခံပြီး လွတ်လပ်မှုနှင့် ဒီမိုကရေစီဖြစ်ထွန်းပေါ်ပေါက်ရေးတွင် အပြည့်အဝထောက်ခံပေးသွားမည်ဟု ပြောသလို ဒီမိုကရေစီဖြစ်စဉ်သည် ဘယ်သောအခါမှ ရှုံးနိမ့်သွားမည်မဟုတ်ကြောင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မိုက်ပွန်ပီအိုက ပြောသည်။ **အေအက်ဖ်ပီ**

# အင်ဒိုနီးရှား ရွေးကောက်ပွဲအတွင်း အမှုထမ်းပေါင်း ၃၀၀ ကျော် သေဆုံး

**ဂျကာတာ ဧပြီ ၃၀**

အင်ဒိုနီးရှားရွေးကောက်ပွဲအနိုင်အရှုံးရလဒ်စာရင်းများကို မေ ၂၂ ရက်တွင် ထုတ်ပြန်မည်ဖြစ်ကြောင်း ရွေးကောက်ပွဲကော်မရှင်က ပြောသည်။ သို့သော်လည်း အင်ဒိုနီးရှားရွေးကောက်ပွဲအတွင်း အမှုထမ်းပေါင်း ၃၀၀ ကျော် လက်ပန်းကျသေဆုံးခဲ့ကြောင်း နိုင်ငံတကာသတင်းအချို့တွင် ဖော်ပြထားသည်။

မဲဆန္ဒရှင်သန်းပေါင်း ၁၉၀ ကျော်ရှိပြီး မဲရုံပေါင်း ၈၀၀၀၀၀ ကျော်မကရှိခဲ့သည့် အင်ဒိုနီးရှားနိုင်ငံတွင် ဧပြီ ၁၇ ရက်က သမ္မတနှင့် လွှတ်တော်ကိုယ်စားလှယ်ရွေးကောက်ပွဲများကို ကျင်းပခဲ့သည်။

ရွေးကောက်ပွဲကော်မရှင်၏ မကြာသေးမီက ထုတ်ပြန်သည့် စာရင်းအရ မဲရုံဝန်ထမ်းအရာရှိပေါင်း ၃၁၁ ဦးသေဆုံးခဲ့ပြီး နောက်ထပ်ဝန်ထမ်းပေါင်း ၂၂၃၂ ဦးရွေးကောက်ပွဲမဲအရေအတွက် တွင် ပါဝင်ကူညီခဲ့ပြီးနောက် အလုပ်ဖိစီးမှုဒဏ်၊ ပင်ပန်းဖျားနာမှုဒဏ်များကို ခံစားခဲ့ရသည်။

ဝန်ထမ်းများ သေဆုံးရသည့် အကြောင်းရင်းတွင် ဝန်ထမ်းများခြေကုန်လက်ပန်းကျပြီး နှလုံးရောဂါဝေဒနာခံစားခဲ့ရကြောင်း အင်ဒိုနီးရှားအထွေထွေရွေးကောက်ပွဲကော်မရှင်နာမင်းကြီး အက်ဗီနိုဗီဒါဂင်တင်က ပြောသည်။

သေဆုံးသူတစ်ဦးချင်းစီ၏ ကျန်ရစ်ခဲ့သည့် ဆွေမျိုးသားချင်းများအတွက်လည်း လျော်ကြေးငွေအမေရိကန်ဒေါ်လာ ၂၁၀၀ စီ ပေးအပ်သွားမည်ဖြစ်ကြောင်း ကော်မရှင်နာမင်းကြီး အက်ဗီနိုဗီဒါဂင်တင်ကပြောသလို နာမကျန်းဖြစ်နေသည့် မဲရုံဝန်ထမ်းများကို အထူးကြပ်မတ်ကုသပေးရန် ကျန်းမာရေးဝန်ကြီးဌာနက တိုက်တွန်းထားကြောင်း သိရသည်။

လတ်တလော စစ်တမ်းများအရ လက်ရှိသမ္မတ ဂျိုကိုဝီဒိုဒိုသည် ဒုတိယသက်တမ်းအတွက် ပြန်လည်ရွေးချယ်ခံရနိုင်ခြေရှိကြောင်း သတင်းများထွက်ပေါ်လျက်ရှိသည်။ မဲအကြိုစစ်တမ်းများအရ ဂျိုကိုဝီဒိုဒိုသည် မဲများ၏ ၅၅ ရာခိုင်နှုန်းရရှိထားပြီး ၎င်း၏ပြိုင်ဘက် ပရာဘိုဝူက ၄၄ ရာခိုင်နှုန်းရရှိထားကြောင်း သိရသည်။ **အေအက်ဖ်ပီ**




ဧပြီ ၁၇ ရက်က ကျင်းပခဲ့သော အင်ဒိုနီးရှားရွေးကောက်ပွဲတွင် မဲပေးနေသူများကိုတွေ့ရစဉ်။

# ကိုလံဘီယာ၌ ရောက်ရှိနေသော ဗင်နီဇွဲလား ကလေး သုံးသိန်းကျော် အကူအညီလိုအပ်

**ဂျီနီဗာ ဧပြီ ၃၀**

ကိုလံဘီယာနိုင်ငံတွင် ဒုက္ခသည်များနှင့် ရွှေ့ပြောင်းနေထိုင်သူများအဖြစ် ရောက်ရှိနေသော ဗင်နီဇွဲလားကလေးပေါင်း ၃၂၇၀၀၀ခန့်မှာ အကူအညီများ တိုးမြှင့်မရပါက ပညာရေး၊ ကျန်းမာရေး၊ ကာကွယ်ရေးနှင့် အခြားကိစ္စများတွင် ဒုက္ခရောက်နိုင်ကြောင်း ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့ ယူနီဆက်ဖ်ကပြောသည်။

ယူနီဆက်ဖ်ကထုတ်ပြန်သော ကြေညာချက်တွင် ဗင်နီဇွဲလားနိုင်ငံတွင်ဖြစ်ပေါ်နေသော စီးပွားရေးနှင့် နိုင်ငံရေးအကျပ်အတည်းများကြောင့် ဗင်နီဇွဲလားနိုင်ငံသားပေါင်း ၃ ဒသမ ၇ သန်းခန့်တို့သည် ဘရာဇီး၊ ကိုလံဘီယာ၊ အီကွေဒေါ ၊ ပီရူးနှင့် အခြားသောဒေသတွင်း တိုင်းပြည်များသို့ ထွက်ခွာသွားကြကြောင်း ဖော်ပြထားသည်။ ထိုအထဲမှ လူဦးရေပေါင်း ၁ ဒသမ ၂ သန်းခန့်မှာ ကိုလံဘီယာတွင် ရောက်ရှိနေပြီး ကိုလံဘီယာ နိုင်ငံတွင်လည်း ဝန်နှင့်အားမမျှအောင် လက်ခံထားရသည့်အတွက် ဆိုးရွားသည့်အခြေအနေများနှင့် ရင်ဆိုင်နေရကြောင်း ယူနီဆက်ဖ်က ဖော်ပြထားသည်။

ဗင်နီဇွဲလားနိုင်ငံတွင်မိသားစုများမှ နေရပ်မှစွန့်ခွာရန် ဆုံးဖြတ်ချက်ချနေရသည့်အတွက် အပြည်ပြည်ဆိုင်ရာအသိုင်းအဝိုင်းမှ အကူအညီများပေးကြရန် ယူနီဆက်ဖ်မှ ညွှန်ကြားရေးမှူး ပါလိုမာအက်ကူဒီရိုက ပြောသည်။ ကိုလံဘီယာတွင် ဗင်နီဇွဲလားမှ ကလေးငယ်များအတွက် အခမဲ့ပညာရေးပေးထားပြီး ဗင်နီဇွဲလား ကလေးငယ်ပေါင်း ၃၀၀၀၀ ခန့်မှာ ကိုလံဘီယာရှိ ကျောင်းများတွင် ပညာသင်ကြားလျက်ရှိသည်။ **ဆင်ဟွာ**

# သီရိလင်္ကာဗုံးပေါက်ကွဲမှုတွင် နိုင်ငံခြားသားသေဆုံးသူ ၄၂ ဦးရှိ

**ကိုလံဘို ဧပြီ ၃၀**

သီရိလင်္ကာနိုင်ငံတွင် အီစတာပွဲတော်ကာလအတွင်း ဗုံးပေါက်ကွဲမှုများကြောင့် သေဆုံးသူ ၂၅၃ ဦးရှိရာ နိုင်ငံခြားသား ၄၂ ဦးပါဝင်ကြောင်း သီရိလင်္ကာအာဏာပိုင်များက အတည်ပြုပြောကြားခဲ့သည်။ နိုင်ငံခြားသား ၁၂ ဦးမှာ စာရင်းပျောက်နေဆဲဖြစ်ပြီး ကိုလံဘိုရှိရဲဌာနပိုင် ရင်ခွဲရုံတွင် ရောက်ရှိနေသော အမည်မဖော်နိုင်သော အလောင်းများတွင် ရောထွေးနေနိုင်ကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနက ပြောသည်။

ဧပြီ ၂၁ ရက် ပေါက်ကွဲမှုများအပြီး ဆေးရုံတက်ရောက်ကုသနေသော နိုင်ငံခြားသား ငါးဦးရှိပြီး ယခုထက်ထိတိုင် ဆေးရုံ၌ ရှိနေဆဲပင်ဖြစ်သည်။ ဘုရားရှိခိုးကျောင်းများနှင့် ဟိုတယ်များတွင် ဖြစ်ခဲ့သော ဗုံးပေါက်ကွဲမှု၏ လက်သည်မှာ အိုင်အက်စ်အုပ်စုဖြစ်ကြောင်း ဖော်ပြကြသည်။ ထိခိုက်ခံစားခဲ့ရသည့် နိုင်ငံခြားသားများမှာ အိန္ဒိယနိုင်ငံမှ ၁၁ ဦး၊ ဗြိတိန်မှ ခြောက်ဦး၊ တရုတ်မှ လေးဦးနှင့် ဒိန်းမတ်မှ သုံးဦးဖြစ်ကြောင်း သိရသည်။

ဆော်ဒီအာရေဗျ၊ စပိန်၊ တူရကီနိုင်ငံတို့မှ နှစ်ဦးစီရှိကြောင်း၊ ဘင်္ဂလားဒေ့ရှ်၊ ဂျပန်၊ နယ်သာလန်၊ ပေါ်တူဂီ၊ ဆွစ်ဇာလန်၊ အမေရိကန်တို့မှ တစ်ဦးစီ သေဆုံးကြကြောင်း သိရသည်။ သေဆုံးသူ နိုင်ငံခြားသားများထဲမှ ခြောက်ဦးမှာ တစ်နိုင်ငံထက်ပိုပြီး နိုင်ငံသားအဖြစ်ခံယူထားကြောင်း သိရသည်။

အစောပိုင်းကာလသတင်းထုတ်ပြန်မှုများအရ သေဆုံးသူနိုင်ငံခြားသားဦးရေ ၄၀ ဟုသိရပြီး မည်သည့်နိုင်ငံသားများဖြစ်သည်ကို တရားဝင်ဖော်ပြခဲ့ခြင်းမရှိပေ။ နိုင်ငံခြားသား ၂၅ ဦးကို တနင်္လာနေ့က နေရပ်သို့ ပြန်ပို့ပေးခဲ့သည်ဟု နိုင်ငံခြားရေးဝန်ကြီးဌာနက ထုတ်ပြန်သော သတင်းထုတ်ပြန်ချက်တွင် ပါဝင်သည်။ ယင်းပေါက်ကွဲမှုအပြီး နိုင်ငံအတွင်းရောက်ရှိနေသော နိုင်ငံခြားခရီးသွားများ ထွက်ခွာသွားကြပြီး သီရိလင်္ကာနိုင်ငံသို့ နိုင်ငံခြားသားခရီးသွား ဝင်ရောက်မှုနှုန်းမှာ ကျဆင်းလာနိုင်သည်။

အချို့သော တိုင်းပြည်များတွင် သီရိလင်္ကာသို့ သွားရောက်ခြင်းမပြုရန် သတိပေးချက်ထုတ်ပြန်ထားသည်။ ယခုနှစ်အတွင်း ခရီးသွားဝင်ရောက်မှုနှုန်း ၃၀ ရာခိုင်နှုန်း ကျဆင်းသွားနိုင်ပြီး အခွန်ငွေ ဒေါ်လာ ၁ ဒသမ ၅ ဘီလီယံ ဆုံးရှုံးနိုင်သည်ဟု သီရိလင်္ကာဘဏ္ဍာရေးဝန်ကြီးဌာနမှ ခန့်မှန်းထားသည်။ **အေအက်ဖ်ပီ**

# ဘိုးရင်း ၇၃၇ မက်စ်လေယာဉ်များ ပြန်လည်ပျံသန်းခွင့်ရမလား

*ကလျာမိုးမြင့်*

**ဘိုးရင်း ၇၃၇ မက်စ်လေယာဉ် မတော်တဆပျက်ကျမှုတွေ ဖြစ်ပွားခဲ့ပြီးတဲ့နောက်မှာ ဘိုးရင်းကုမ္ပဏီက အမှုဆောင်အဖွဲ့တွေဟာ ကုမ္ပဏီရဲ့လုပ်ပိုင်ခွင့်နဲ့ ပတ်သက်ပြီး အစုစပ်ရှယ်ယာရှင်တွေရဲ့စိန်ခေါ်မှုတွေကို တနင်္လာနေ့မှာ ပြန်လည်ချေပနိုင်ခဲ့ပြီဖြစ်တယ်လို့ သိရပါတယ်။ လေယာဉ်မတော်တဆပျက်ကျမှု နှစ်ခုဖြစ်ပွားပြီးနောက်မှာ ၇၃၇ မက်စ်လေယာဉ်တွေကို ပြန်လည်ပျံသန်းခွင့်ရရှိဖို့ ကြိုးပမ်းမယ့် အဓိကခြေလှမ်းအဆင့်ကို တရားဝင်ထိန်းသိမ်းသူအဖွဲ့အစည်းတွေက လာမယ့်ရက်သတ္တပတ်လောက်မှာ ဆောင်ရွက်တော့မယ်လို့ ကုမ္ပဏီက မျှော်လင့်ထားပါတယ်။**

### ရင်းနှီးမြှုပ်နှံသူတွေဆီက ထောက်ခံမှုရရှိ

လေယာဉ်ကုမ္ပဏီကြီးတစ်ခုဖြစ်တဲ့ ဘိုးရင်းကုမ္ပဏီဟာ လေယာဉ်အမှုထမ်းတွေအပါအဝင် လူပေါင်း ၃၄၆ ဦးကို သေဆုံးစေခဲ့တဲ့ လေယာဉ်ပျက်ကျမှုဖြစ်ပွားခဲ့ပြီးနောက်မှာ မသေချာမရေရာမှုတွေနဲ့ ရင်ဆိုင်ခဲ့ရပြီး ကမ္ဘာတစ်ဝန်းမှာရှိတဲ့ ဘိုးရင်းမက်စ်လေယာဉ်တွေကိုလည်း ပျံသန်းပြေးဆွဲမှုမရှိတော့ဘဲ ရပ်နားထားခဲ့ရပါတယ်။ အခုအခါမှာတော့ ကုမ္ပဏီဟာ ရင်းနှီးမြှုပ်နှံသူတွေဆီက ထောက်ခံမှုကိုရရှိထားပြီလို့ သိရပါတယ်။ လေယာဉ်ရဲ့ဒီဇိုင်းဖန်တီးထားမှုနဲ့ပတ်သက်ပြီး ခက်ခဲတဲ့မေးခွန်းတွေအပါအဝင် လေယာဉ်ကိုဈေးကွက်ထဲရောက်ရှိဖို့ လုပ်ဆောင်ရာမှာ မမှန်မကန်မှုတွေရှိခဲ့သလားဆိုတဲ့ မေးခွန်းအမြောက်အမြားကို ရင်ဆိုင်နေရချိန်မှာ ကုမ္ပဏီအတွက် မျှော်လင့်ချက်ပြန်ရှိလာတဲ့ အနေအထားတစ်ခုဖြစ်လာပါတယ်။

### ပျံသန်းမှုစစ်ဆေးမည်

ဘိုးရင်း ၇၃၇ မက်စ်လေယာဉ်နဲ့ပတ်သက်ပြီး ပျံသန်းမှုစနစ်အတွက် ကုမ္ပဏီကဆော့ဖ်ဝဲပိုင်းအဆင့်မြှင့်တင်ထားမှုကို ဖက်ဒရယ်လေကြောင်း အာဏာပိုင်အဖွဲ့က လာမယ့်ရက်သတ္တပတ်အကုန်လောက်မှာ စမ်းသပ်ပျံသန်းမှု လုပ်ဆောင်သွားလိမ့်မယ်လို့ ဘိုးရင်းက ခန့်မှန်းထားတယ်လို့ ဘိုးရင်းကုမ္ပဏီရဲ့ တာဝန်ရှိသူတစ်ဦးက ဧပြီ ၂၉ ရက်မှာ ပြောကြားခဲ့ပါတယ်။ ဒီစစ်ဆေးမှုက လေယာဉ်ပျံသန်းဖို့ အရည်အသွေးပြည့်မီခြင်းရှိမရှိ သတ်မှတ်ဖို့အတွက် အရေးကြီးတဲ့ အဆင့်တစ်ခုဖြစ်လာမယ်လို့ သိရပါတယ်။ သို့သော်လည်း ဖက်ဒရယ်လေကြောင်းအာဏာပိုင်အဖွဲ့ဟာ လေယာဉ်ပျံသန်းမယ့်နေ့ရက်အချိန် စာရင်းအတိအကျကို အခုချိန်ထိ ထုတ်ပြန်ခြင်းမရှိသေးဘူးလို့ အဲဒီအဖွဲ့အစည်းရဲ့ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောပါတယ်။

### ရှယ်ယာရှင်တွေ စည်းဝေး

လူကြိုက်အများဆုံး အမျိုးအစားတစ်ခုဖြစ်တဲ့ ဘိုးရင်းမက်စ်လေယာဉ်ရဲ့ အဆန်းသစ်ဆုံးဗားရှင်းကို မြှင့်တင်ခဲ့မှုအပိုင်းမှာ မှားယွင်းမှုတွေရှိခဲ့တယ်ဆိုတဲ့သတင်းတွေ အမျိုးမျိုးပေါ်ထွက်လာချိန်မှာ စိုးရိမ်ကြောင့်ကြနေတဲ့ အစုစပ်ရှယ်ယာရှင်တွေဟာ နှစ်စဉ်ပြုလုပ်မြဲဖြစ်တဲ့ အစည်းအဝေးတွေပြုလုပ်ပြီး ဥက္ကဋ္ဌအနေနဲ့ ဘယ်လိုမဲဆွယ်စည်းရုံးလှုပ်ရှားမှုတွေ လုပ်ခဲ့တယ်ဆိုတာကို ဖွင့်ချဖို့ ကမ်းလှမ်းခြင်းအားဖြင့် ပွင့်လင်းမြင်သာမှုကြီးကြီးမားမားရရှိအောင် ကြိုးပမ်းခဲ့ပါတယ်။ ကုန်သွယ်ရေးအဖွဲ့ကြီးမှာပါဝင်တဲ့ အဖွဲ့ဝင်တွေလည်း အလားတူကြိုးပမ်းခဲ့ပေမယ့် အဆိုပြုချက်တွေဟာဆိုရင် ထောက်ခံမှု ၃၄ ရာခိုင်နှုန်းနဲ့ ၃၂ ရာခိုင်နှုန်းစီလောက်သာ အသီးသီးရရှိခဲ့သလို ယခင်နှစ်ကအလားတူလုပ်ဆောင်ခဲ့တာထက် မဆိုစလောက်လေးပဲ သာလွန်ခဲ့တယ်။ ဒီလိုလုပ်ဆောင်တာက ဘိုးရင်းကုမ္ပဏီအမှုဆောင်ချုပ် ဒန်းနစ်မူလန်ဘာ့ဂ်နဲ့ တခြားကုမ္ပဏီက ထိပ်တန်းပုဂ္ဂိုလ်တွေအတွက် သက်သာရာရစေတယ်ဆိုတာ သံသယဖြစ်စရာမရှိပေမယ့် အသက်ဆုံးရှုံးခဲ့သူတွေအတွက် ခေတ္တခဏ တိတ်ဆိတ်စွာနေခဲ့တဲ့ နှစ်ပတ်လည်အစည်းအဝေးမှာတော့ သိပ်ပြီးအခြေအနေ မကောင်းလှပါဘူး။




ဘိုးရင်း ၇၃၇ မက်စ်လေယာဉ်တစ်စင်း ရပ်နားထားမှုကို တွေ့ရစဉ်။

### မသေချာမရေရာမှုများ

ဘိုးရင်းကုမ္ပဏီဟာ နှစ်ကြိမ်တိုင်တိုင် ပျက်ကျမှုဖြစ်ပွားခဲ့ပြီးတဲ့နောက်မှာ ရပ်နားထားတဲ့ လေယာဉ်တွေ ပြန်လည်ပျံသန်းနိုင်ဖို့ မသေချာမရေရာတဲ့ အချိန်ဇယားတစ်ခုနဲ့ ရင်ဆိုင်နေရကာ လေယာဉ်ဒီဇိုင်းသစ်နဲ့ပတ်သက်ပြီး မေးလာကြတဲ့မေးခွန်းပေါင်းမြောက်မြားစွာကိုသာမက ပြဿနာတွေကြောင့် ဖြစ်လာနိုင်တဲ့ ကုန်ကျစရိတ်တွေကိုပါ ရင်ဆိုင်နေရပါတယ်။ မူလန်ဘာ့ဂ်အနေနဲ့ ရာထူးကနေနုတ်ထွက်ဖို့ရှိမရှိ ဆိုတာနဲ့ပတ်သက်ပြီးတော့လည်း သတင်းစာရှင်းလင်းပွဲမှာ မီဒီယာတွေရဲ့မေးမြန်းခြင်းကို ခံနေရပါတယ်။ "ဘေးကင်းလုံခြုံမှုကို ကျွန်ုပ်တို့ အလေးထားဆောင်ရွက်နေပါတယ်။ ခင်ဗျားတို့ကို ကျွန်တော် ပြောနိုင်တာကတော့ ဒီမတော်တဆ ဖြစ်ရပ်တွေက ကုမ္ပဏီတစ်ခုအနေနဲ့ ကျွန်တော်တို့အပေါ်မှာ အကြီးအကျယ် ဝန်ထုပ်ဝန်ပိုးဖြစ်စေခဲ့တယ်ဆိုတာပဲ"လို့ မူလန်ဘာ့ဂ်က ချေပခဲ့ပါတယ်။

### မေးခွန်းပေါင်းမြောက်မြားစွာ

ကျွန်တော့်ရဲ့ရည်ရွယ်ချက်ကတော့ ဘေးကင်းလုံခြုံမှု၊ အရည်အသွေးနဲ့ ပြီးပြည့်စုံတဲ့အခြေအနေတွေကို ဆက်လက်ပြီး ဦးဆောင်သွားလိုတာပါပဲလို့ ၎င်းက မီဒီယာတွေကိုပြောကြားခဲ့ပါတယ်။ ကျပ်တည်းတဲ့ အခြေအနေတွေကြောင့် ယခုနှစ်ရဲ့ ပထမသုံးလမှာ အမေရိကန်ဒေါ်လာ တစ်ဘီလီယံ ကုန်ကျဖို့ဖြစ်လာတော့မယ်လို့ မူလန်ဘာ့ဂ်က ထည့်ပြောခဲ့ပါတယ်။ Lion Air လေယာဉ်ပျက်ကျမှုနဲ့ အီသီယိုးပီးယားလေကြောင်းလိုင်းက လေယာဉ်ပျက်ကျမှုဖြစ်ပွားခဲ့ပြီးနောက် မတ်လလယ်လောက်ကစပြီး ဘိုးရင်း ၇၃၇ မက်စ်လေယာဉ်တွေကို ပျံသန်းပြေးဆွဲခြင်းမရှိတော့ဘဲ ရပ်နားထားခဲ့ရပါတယ်။ ဒီအခြေအနေက အမေရိကန်လေယာဉ်ကုမ္ပဏီကြီးတစ်ခုဖြစ်တဲ့ ဘိုးရင်းဟာ ကိုယ်ထည်ကျဉ်းမြောင်းတဲ့ လေယာဉ်သစ်ကို ဈေးကွက်တင်ဖို့နဲ့ Airbus နဲ့ ယှဉ်ပြိုင်ဖို့ ကြိုးပမ်းရင်း ဘေးကင်းလုံခြုံမှုအပိုင်းမှာ လစ်ဟာမှုရှိခဲ့တာလားဆိုတဲ့ မေးခွန်းပေါင်းမြောက်မြားစွာကို ပေါ်ထွက်လာစေခဲ့ပါတယ်။

### ဆော့ဖ်ဝဲပိုင်းအဆင့်မြှင့်တင်

လေယာဉ်ပျက်ကျမှုနှစ်ခုစလုံးမှာ antistall system ကနေ လေယာဉ်ဆီကိုလာတဲ့ သတင်းအချက်အလက်မှားယွင်းမှုတွေပါနေတယ်လို့ ဘိုးရင်းကုမ္ပဏီက ပြောကြားခဲ့ပါတယ်။ မတော်တဆဖြစ်ရပ်နှစ်ခုဟာဆိုရင် ကွင်းဆက်ဖြစ်ရပ်တွေရှိနေပြီး အဲဒီဆက်နွှယ်မှုတွေထဲက တစ်ခုကတော့ MCAS system ရဲ့ လှုံ့ဆော်မှုဖြစ်တယ်။ ဆော့ဖ်ဝဲပိုင်းအဆင့်မြှင့်တင်ပြီး ဒီဆက်နွှယ်မှုကို ချိုးဖျက်နိုင်တယ်လို့ ဘိုးရင်းရဲ့စီအီးအို မူလန်ဘာ့ဂ်က မီဒီယာတွေကို ဖြေကြားခဲ့ပါတယ်။ သို့သော်လည်း မူလန်ဘာ့ဂ်က MCAS system နဲ့ပတ်သက်ပြီး ဒီဇိုင်းမှာ အပြစ်အနာအဆာရှိတယ်ဆိုတာ မဟုတ်ဘူးလို့ အကြိမ်ကြိမ်အခါခါ ငြင်းဆန်ခဲ့ပါတယ်။ ဒီမတော်တဆဖြစ်ရပ်မျိုးတွေမှာ အကြောင်းရင်းဟာ တစ်ခုမကရှိနေတယ်၊စုံစမ်းစစ်ဆေးမှုတွေကို ဆက်လက်လုပ်ဆောင်နေဆဲပဲလို့ ၎င်းက ပြောကြားခဲ့ပါတယ်။

### အထောက်အထားများတင်ပြထား

အမေရိကန်လေကြောင်းလိုင်းတွေဖြစ်ကြတဲ့ American Airlines နဲ့ Southwest Airlines တို့က လာမယ့် ဩဂုတ်လလောက်မှာ ၇၃၇ မက်စ်လေယာဉ်တွေ ပျံသန်းမှု ပြန်လည်စတင်နိုင်ဖို့ ရည်မှန်းထားပြီး အဲဒီအချိန်လောက်မှာ ဘိုးရင်းကုမ္ပဏီဟာ အတည်ပြုထောက်ခံချက်ရလိမ့်မယ်လို့ ခန့်မှန်းထားပါတယ်။ ဘိုးရင်းကုမ္ပဏီဟာ MCAS စနစ် ပြင်ဆင်မှုအတွက် လိုအပ်တဲ့စာရွက်စာတမ်း အထောက်အထားတချို့ကို ဖက်ဒရယ်လေကြောင်း အာဏာပိုင်အဖွဲ့ထံ တင်သွင်းထားတယ်လို့ ဒီကိစ္စတွေနဲ့ ရင်းနှီးကျွမ်းဝင်သူတစ်ဦးက ပြောကြားပါတယ်။ လာမယ့်ရက်တွေအတွင်း စမ်းသပ်ပျံသန်းမှုအပြီးမှာ ဒီဆော့ဖ်ဝဲအောင်မြင်ပြီလို့ ယူဆရမှာဖြစ်ပါတယ်။

ဖက်ဒရယ်လေကြောင်းအာဏာပိုင်အဖွဲ့ဟာ တရားဝင်ထိန်းသိမ်းရေးအဖွဲ့အစည်းက တာဝန်ရှိသူတွေနဲ့ လာမယ့် မေ ၂၃ မှာ ဆွေးနွေးပွဲတွေ ပြုလုပ်ပြီးနောက် ဆော့ဖ်ဝဲပိုင်းအဆင့်မြှင့်တင်မှုကို အရည်အသွေးပြည့်မီကြောင်း အသိအမှတ်ပြုဖို့ ဘိုးရင်းကုမ္ပဏီက မျှော်လင့်ထားတယ်လို့ ကုမ္ပဏီပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့ပါတယ်။ လေယာဉ်ကိုမောင်းနှင်တဲ့လေယာဉ်မှူးတွေဟာ သတိပေးနှိုးဆော်ချက်တွေနဲ့ ပတ်သက်တဲ့ နောက်ထပ်လေ့ကျင့်သင်ကြားမှုတွေ လိုအပ်ခြင်းရှိမရှိ စစ်ဆေးပြီးချိန်မှာ ဖက်ဒရယ်လေကြောင်းအာဏာပိုင်အဖွဲ့က လေယာဉ်တွေရပ်နားဖို့ ညွှန်ကြားခဲ့တယ်လို့ အဆိုပါကိစ္စရပ်တွေနဲ့ ရင်းနှီးကျွမ်းဝင်သူတစ်ဦးကပြောကြားခဲ့ပါတယ်။

### အသေးစိတ်မဖော်ပြ

လေယာဉ်တွေပျံသန်းမှုကို ရပ်နားဖို့ ဆုံးဖြတ်ခဲ့ပေမယ့် အာဏာပိုင်အဖွဲ့အစည်းအတွင်း အဆင့်မြင့်အရာရှိတွေ ဆွေးနွေးခဲ့တာနဲ့ပတ်သက်လို့ အသေးစိတ်အချက်အလက်တွေကို လုံးဝဖော်ပြခြင်းမရှိခဲ့ဘူးလို့ သတင်းရင်းမြစ်တွေက ဖော်ပြပါတယ်။ဘိုးရင်းကုမ္ပဏီရဲ့ရှယ်ယာတွေဟာ အမေရိကန်ဒေါ်လာ ၃၇၉ ဒသမ ၀၅ မှာ ၀ ဒသမ ၅ ရာခိုင်နှုန်းအထိ ကျဆင်းပြီး အဆုံးသတ်သွားခဲ့ပါတယ်။

**ကိုးကား-အေအက်ဖ်ပီ**

## နိုင်ငံတကာသတင်းတိုထွာ

### ဖမ်းဆီးခံထားရသည့် ကနေဒါနိုင်ငံသားနှစ်ဦးအရေး ဂျပန်နှင့် ကနေဒါဝန်ကြီးချုပ်ဆွေးနွေး

**တိုကျို ဧပြီ ၃၀**

တရုတ်နိုင်ငံ၌ ဖမ်းဆီးထိန်းသိမ်းခံထားရသည့် ကနေဒါနိုင်ငံသားနှစ်ဦး အရေးကိစ္စနှင့်ပတ်သက်၍ ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးနှင့် ကနေဒါဝန်ကြီးချုပ် ဂျပ်စတင်ထရူးဒိုးတို့ အမြင်ချင်းဖလှယ်ခဲ့ကြကြောင်းသိရသည်။

ဥရောပနှင့် အမေရိကန်ခရီးစဉ်အတွင်း မစ္စတာအာဘေး နောက်ဆုံးဝင်ရောက်ခဲ့သည့်နိုင်ငံသည် ကနေဒါနိုင်ငံဖြစ်သည်။ မစ္စတာအာဘေးသည် ပြီးခဲ့သည့် ဧပြီ ၂၈ ရက်က ကနေဒါနိုင်ငံ မြို့တော်အော့တဝါ၌ ဝန်ကြီးချုပ် ဂျပ်စတင်ထရူးဒိုးနှင့်တွေ့ဆုံခဲ့သည်။ တွေ့ဆုံမှုအတွင်း မစ္စတာထရူးဒိုးက တရုတ်နိုင်ငံ၌ ဖမ်းဆီးခံထားရသည့် ကနေဒါနိုင်ငံသားနှစ်ဦးအရေးနှင့်ပတ်သက်၍ ပြောဆိုခဲ့သည်။ တရုတ်နည်းပညာလုပ်ငန်းစုဖြစ်သည့် ဟွာဝေးကုမ္ပဏီအမှုဆောင်ချုပ်မန်ဝမ်ကျိုကို ဖမ်းဆီးထိန်းသိမ်းခဲ့ပြီးနောက် ကနေဒါနိုင်ငံသားနှစ်ဦး ဖမ်းဆီးခံရမှု ပေါ်ပေါက်လာခဲ့သည်။ အဆိုပါကိစ္စနှင့်ပတ်သက်၍ ဥပဒေကြောင်းအရ ဖြေရှင်းရမည်ဖြစ်ကြောင်း ခေါင်းဆောင်နှစ်ဦးက သဘောတူညီခဲ့ကြသည်။

**အင်န်အိတ်ချ်ကေ**

### ဂါဇာရှိ အစ္စလာမ္မစ်ဂျီဟတ်စစ်သွေးကြွအဖွဲ့က ဒုံးကျည်ဖြင့် ပစ်ခတ်မှုပြုလုပ်ခဲ့သည်ဟု အစ္စရေးစွပ်စွဲ

**ဂျေရုဆလင် ဧပြီ ၃၀**

ဂါဇာဒေသ၌ အခြေစိုက်ထားသည့် အစ္စလာမ္မစ် ဂျီဟတ်စစ်သွေးကြွအဖွဲ့က ဧပြီ ၂၉ ရက်ညတွင် အစ္စရေးဘက်သို့ ဒုံးကျည်ပစ်ခတ်မှုပြုလုပ်ခဲ့ကြောင်း အစ္စရေးက ပြစ်တင်ပြောကြားလိုက်သည်။

အစ္စရေးစစ်ဘက်မှ ပြောရေးဆိုခွင့်ရှိသူ ရိုနန်မနီလစ်က ဒုံးကျည်ကို အစ္စလာမ္မစ်ဂျီဟတ်စစ်သွေးကြွအဖွဲ့က ပစ်ခတ်လိုက်ခြင်းဖြစ်ကြောင်းနှင့် ဒုံးကျည်သည် အစ္စရေးကမ်းလွန်မှ ကီလိုမီတာအနည်းငယ်အကွာ ပင်လယ်ပြင်ထဲသို့ ကျရောက်ခဲ့ကြောင်း ပြောကြားခဲ့သည်။

ပါလက်စတိုင်းမှ စစ်သွေးကြွအုပ်စုသည် ဟားမားစ်သူပုန်များနှင့် အပစ်အခတ်ရပ်စဲရေးကြိုးပမ်းမှုကို နှောင့်ယှက်ဖျက်ဆီးရန်အလို့ငှာ တင်းမာမှုများပိုမိုပေါက်ဖွားလာအောင်လုပ်ဆောင်နေကြောင်း ရိုနန်မနီလစ်က ပြောကြားခဲ့သည်။ ဟားမားစ်အဖွဲ့သည် ဂါဇာကမ်းခြေနှင့် အစ္စရေးတို့တွင် ဆောင်ရွက်နေသည့် အစ္စလာမ္မစ်ပါလက်စတိုင်း လှုပ်ရှားမှုအဖွဲ့တစ်ဖွဲ့ဖြစ်သည်။ ယခင်ကဖြစ်ပွားခဲ့သည့် ဒုံးကျည်ပစ်ခတ်မှုများတွင် အစ္စရေးဘက်မှ လေကြောင်း သို့မဟုတ် လက်နက်ကြီး ပစ်ခတ်မှုများဖြင့် တုံ့ပြန်လေ့ရှိသော်လည်း ယခုအခါတွင် တုံ့ပြန်တိုက်ခိုက်မည်မဟုတ်ကြောင်း အစ္စရေးတပ်ဖွဲ့က ပြောကြားလိုက်ကြောင်း သိရသည်။

**ဆင်ဟွာ**

## ပဋ္ဌာန်းဒေသနာတော်ရွတ်ဖတ်ပူဇော်ပွဲ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးလှမိုးအောင် တက်ရောက်

**ပုသိမ် မေ ၃၀**
ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့က ကြီးမှူး၍ အသံမစဲ မဟာပဋ္ဌာန်းဒေသနာတော် ရွတ်ဖတ်ပူဇော်ပွဲကို ပုသိမ်မြို့၏ ကျက်သရေတော်ဆောင် ရွှေမုဋ္ဌောမဟာစေတီတော်မြတ်ကြီးရှိ ဦးသောင်းဓမ္မာရုံအတွင်း၌ ယနေ့ နံနက်က ကျင်းပရာ အခမ်းအနားသို့ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးလှမိုးအောင်နှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

**ငါးပါးသီလ ခံယူဆောက်တည်**

တက်ရောက်လာကြသူများက ပုသိမ်မြို့ ကျောင်းတိုင်ဘုန်းကြီးသင်တန်းကျောင်းမှ ကျောင်းအုပ်ဆရာတော်က စိန်ရောင်ခြည်ဂါထာတော်ရွတ်၍ ဘုရားပင့်ကာ ညောင်ပင်သာကျောင်းတိုက်ဆရာတော်ထံမှ ငါးပါးသီလ ခံယူဆောက်တည်ခဲ့ကြသည်။

**လှူဖွယ်ဝတ္ထုငွေများ လှူဒါန်း**

နာယကဆရာတော်ကြီးများ၊ ဆရာတော်ကြီးများအား တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဝန်ကြီးများ၊ ဌာနဆိုင်ရာများက လှူဖွယ်ဝတ္ထုငွေများ လှူဒါန်းခဲ့ကြသည်။

ပဋ္ဌာန်းအလှည့်ကျစတင်ရွတ်ဆိုပူဇော်မည့် ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်းမှ အရှင်သူမြတ်များက ပဋ္ဌာန်းဒေသနာတော်မြတ်ကြီးကို စတင်၍ ရွတ်ဆိုပူဇော်ခဲ့ကြကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**

## မိုင်းဆတ်မြို့ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ကြည့်ရှုစစ်ဆေး

**မိုင်းဆတ် မေ ၃၀**
ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်သည် ပြည်နယ်ဝန်ကြီးများနှင့်အတူ ရှမ်းပြည်နယ်အရှေ့ပိုင်း မိုင်းဆတ်မြို့၏ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်နေမှုများကို ယမန်နေ့က ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။



ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ် ရေစုကန်အား သွားရောက်ကြည့်ရှုစဉ်။

ရှေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် တန့်ဆိုင်ကျေးရွာ၌ ရွှေ့လျားပြည်သူ့ဝန်ဆောင်မှုရုံး (OSS) ဖွင့်လှစ်၍ ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ပြည်သူများ အဆင်ပြေစေရန် ဝန်ဆောင်မှုလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေးရန် မှာကြားသည်။ ထို့နောက် အိမ်ထောင်စုစာရင်း၊ မှတ်ပုံတင်နှင့် မြေစာရင်း ပုံစံ (၇) တို့အား ပြည်သူ့လက်ဝယ်အရောက် ပေးအပ်သည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် လွယ်ဆမ်ဆုံကုမ္ပဏီမှ တာဝန်ယူဆောင်ရွက်လျက်ရှိသည့် မယ်ပန်ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံသို့ သွားရောက်စစ်ဆေးရာ လွယ်ဆမ်ဆုံကုမ္ပဏီမှ မန်နေဂျင်းဒါရိုက်တာ ဦးစိုင်းကောလီက စက်ရုံသမိုင်းကြောင်း၊ ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်း ဆောင်ရွက်မှုနှင့် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေး ဆောင်ရွက်ပေးနေမှု အခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။ ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်သည် ရေအားလျှပ်စစ် ရေစုကန်အား သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**

# ဒလမြို့နယ်၌ နွေရာသီစာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် ဆုပေးပွဲ ကျင်းပ

**ရန်ကုန် မေ ၃၀**
မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်း (ရန်ကုန်တိုင်းဒေသကြီး)နှင့် ဒလသစ္စာစာကြည့်တိုက်တို့ ပူးပေါင်းစီစဉ်၍ ဒလမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကူညီဆောင်ရွက်သည့် နွေရာသီစာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်နှင့် စာအုပ်ဈေးရောင်းပွဲတော်၊ စာစီစာကုံးပြိုင်ပွဲ၊ ကဗျာရွတ်ပြိုင်ပွဲ၊ ပုံပြောပြိုင်ပွဲ၊ ကျပန်းစကားပြောပြိုင်ပွဲ၊ စာဖတ်စွမ်းရည်ပြိုင်ပွဲ ဆုများပေးအပ်ပွဲ အခမ်းအနားကို ယမန်နေ့က ဒလမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ် သီရိဇေယျနော်ရထာခန်းမ၌ ကျင်းပခဲ့ရာ ရန်ကုန်တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဦးနိုင်ငံလင်း တက်ရောက်ခဲ့သည်။

အခမ်းအနားတွင် တိုင်းဒေသကြီး လူမှုရေးဝန်ကြီးက နိုင်ငံတော်အစိုးရမှ ကလေးစာပေပွဲတော်၊ စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်များကို တစ်နိုင်ငံလုံးဆောင်ရွက်ပေးနေကြောင်း၊ မြို့နယ်အဆင့်အနေနှင့် တာဝန်ရှိသူများက ဦးစီးဦးဆောင်ပြုလုပ်ပေးသူများကို အလွန်ပင်ကျေးဇူးတင်ရှိကြောင်း၊ ကလေးများအနေဖြင့် စာဖတ်ရန်လိုအပ်နေကြောင်း၊ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာများနှင့် စာသင်ကျောင်းများတွင် စာကြည့်တိုက်များ ပေါ်လာစေရန် ကြိုးစားဆောင်ရွက်နေကြောင်း၊ စာပေကို ချစ်မြတ်နိုးသည့် ခေါင်းဆောင်များ၊ လူရည်ချွန်များ ဦးဆောင်ပြီး ကလေးများကြားထဲတွင် စာပေကို ဖတ်တတ်သည့် အလေ့အကျင့်များ ဆောင်ရွက်ပေးနိုင်ပါက ကျွန်တော်တို့နိုင်ငံကြီး၏ အနာဂတ်တွင် စာပေတတ်သည့် ခေါင်းဆောင်ကောင်းများ၊ စာပေနှံ့စပ်သည့် ခေါင်းဆောင်ကောင်းများဖြစ်လာမည်ဟု ယုံကြည်ပါကြောင်း ပြောကြားခဲ့သည်။ ထို့နောက် တိုင်းဒေသကြီး လူမှုရေးဝန်ကြီးက ထင်ရှားသော နိုင်ငံ့ခေါင်းဆောင်များနှင့် ပညာရှင်များ၏ ပြောကြားခဲ့သော စာပေနှင့် ပတ်သက်သော အကြောင်းအရာများကို ဗဟုသုတတိုးပွားစေရန် အသိပညာပေး ပြောကြားခဲ့သည်။



နွေရာသီစာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် ကျင်းပစဉ်။

ထို့နောက် စာစီစာကုံးပြိုင်ပွဲ၊ ကဗျာရွတ်ပြိုင်ပွဲ၊ ပုံပြောပြိုင်ပွဲ၊ ကျပန်းစကားပြောပြိုင်ပွဲ၊ စာဖတ်စွမ်းရည်ပြိုင်ပွဲများတွင် ပထမဆု၊ ဒုတိယဆုနှင့် တတိယဆုများရရှိကြသော ကျောင်းသားကျောင်းသူများကို တိုင်းဒေသကြီးလူမှုရေးဝန်ကြီးနှင့် မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်းမှ တာဝန်ရှိသူများက ဂုဏ်ပြုဆုတံဆိပ်၊ ဆုငွေနှင့် ဂုဏ်ပြုမှတ်တမ်းများကို ပေးအပ်ချီးမြှင့်ခဲ့ကြသည်။

ယင်းနောက် တိုင်းဒေသကြီးလူမှုရေးဝန်ကြီးနှင့် တာဝန်ရှိသူများသည် ပွဲတော်အတွင်း ခင်းကျင်းပြသထားသည့် ပန်းချီပြခန်း၊ ဓာတ်ပုံပြခန်း၊ ကာတွန်းပြခန်း၊ ကယန်းတိုင်းရင်းသား ရိုးရာပြခန်းတို့ကို ကြည့်ရှုလေ့လာခဲ့ကြသည်။

နွေရာသီစာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်သို့ မြို့နယ်အတွင်းရှိ ကလေးသူငယ်များ၊ ကျောင်းသား ကျောင်းသူများ၊ လူငယ်လူရွယ်များနှင့် လူကြီးများပါ လာရောက်လျက်ရှိသည်။

ထို့အတူ ရန်ကုန်မြို့ ပန်းဆိုးတန်းစာအုပ်တန်း၊ ဗိုလ်ချုပ်ဈေး၊ သိမ်ဖြူစာအုပ်တန်းများမှ ဆိုင်ခန်းများတွင် ကလေး၊ လူငယ်၊ လူကြီးတို့ ကြိုက်နှစ်သက်မည့် စာအုပ်၊ စာပေအမျိုးမျိုးကို ဖွင့်လှစ်ရောင်းချပေးလျက်ရှိသည်။ ပွဲတော်တွင် ကလေးငယ်များနှင့် လူငယ်လူရွယ်များအတွက် အသိပညာဗဟုသုတ ရရှိစေရေး၊ စာအုပ်စာပေ၌ ရာသက်ပန်ပညာရှာမှီးသူများ ဖြစ်လာစေရေး၊ စုပေါင်းအလုပ်များတွင် ပူးပေါင်းပါဝင်တတ်သည့် အလေ့အကျင့်ကောင်းများ ရရှိစေရေးနှင့် အနာဂတ်တွင် တိုင်းပြည်အတွက် လူရည်ချွန်များအဖြစ် ဦးဆောင်မှုပြုနိုင်စေရန် ရည်ရွယ်၍ နွေရာသီစာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်ကို မြို့နယ်အဆင့် ကျင်းပရခြင်းဖြစ်ကြောင်း သိရသည်။

နွေရာသီ စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်ကို မေ ၂၇ ရက်မှ ၂၉ ရက်အထိ နံနက် ၉ နာရီမှ ည ၁၁ နာရီထိ သုံးရက်တိုင်တိုင် စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ကြောင်း သိရသည်။

**သတင်းနှင့် ဓာတ်ပုံ- နိုင်လင်းကျော် (ဒလ)**

## အိမ်တိုင်ရာရောက် ကျေးလက်ရေပေးရေးလုပ်ငန်းများ ဆောင်ရွက်

**ပွင့်ဖြူ မေ ၃၀**
မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် နဘဲကုန်းကျေးရွာတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် အလှူရှင်များ၊ ဒေသခံပြည်သူများ၊ ယူနီဆက်တို့၏ ပူးပေါင်းပံ့ပိုးကူညီမှုဖြင့် အကောင်အထည်ဖော် ဆောင်ရွက်နေသည့် အိမ်တိုင်ရာရောက် ကျေးလက်ရေပေးရေးလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေကို ယမန်နေ့က ပွင့်ဖြူမြို့နယ် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးတင့်ဆန်းနှင့် တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။



အိမ်တိုင်ရာရောက် ကျေးလက်ရေပေးရေး ဆောင်ရွက်နေမှုကို တွေ့ရစဉ်။

ကွင်းဆင်းကြည့်ရှုစစ်ဆေးရာတွင် လေးလက်မအဝီစိစက်ရေတွင်း တူးဖော်ပြီးစီးမှုလုပ်ငန်း၊ စင်မြင့်ရေစင် တည်ဆောက်ခြင်းလုပ်ငန်း၊ ဆိုလာစနစ်ဖြင့် ရေရယူသုံးစွဲနိုင်အောင် ဆောင်ရွက်မှုလုပ်ငန်းနှင့် အိမ်တိုင်ရာရောက် ရေမီတာ ရေပေးစနစ် တည်ဆောက်ခြင်းလုပ်ငန်းများကို သတ်မှတ်စံချိန်စံညွှန်းများနှင့် အညီ အရည်အသွေးပြည့်မီစွာ ဆောင်ရွက်ထားမှု ရှိ မရှိတို့ကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့ကြသည်။ ထို့နောက် ကျေးရွာရှိ ရေပေးဝေရေး ကော်မတီဝင်များနှင့် တွေ့ဆုံ၍ ကျေးရွာနေပြည်သူများ ရာသီမရွေး သောက်သုံးရေဖူလုံစွာ သုံးစွဲခွင့်ရရှိရေး ဆောင်ရွက်နေသည့်လုပ်ငန်းများ အချိန်မီပြီးစီးနိုင်ရေးအတွက် ကျေးရွာမှ လိုအပ်သည်များကို ပံ့ပိုးကူညီ ဆောင်ရွက်ပေးရန်နှင့် ရေရယူသုံးစွဲရာတွင် လေလွင့်ဆုံးရှုံးမှုမဖြစ်အောင် စနစ်တကျ သုံးစွဲသွားကြရန် ရှင်းလင်းမှာကြားသည်။

ပွင့်ဖြူမြို့နယ် နဘဲကုန်းကျေးရွာသည် အိမ်ခြေ ၁၇၈ အိမ်၊ လူဦးရေ ၆၉၂ ဦး ရှိသည်။

**ရဲဝင်းနိုင် (ညောင်ဦး)**

## ရှမ်းပြည်နယ်ဗမာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးနှင့် ဒေသခံတိုင်းရင်းသားများ တွေ့ဆုံ

**မိုင်းတုံ မေ ၃၀**
ရှမ်းပြည်နယ်အရှေ့ပိုင်း မိုင်းဆတ်ခရိုင် မိုင်းတုံမြို့နယ်တွင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ မေ ၂၉ ရက်က ရှမ်းပြည်နယ် ဗမာတိုင်းရင်းသား လူမျိုးရေးရာဝန်ကြီး ဒေါက်တာအောင်သန်းမောင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးနေအောင်နှင့် တာဝန်ရှိသူများက မြို့နယ်အတွင်းရှိ ဗမာတိုင်းရင်းသားများနှင့် တွေ့ဆုံခဲ့သည်။

တွေ့ဆုံရာတွင် ဗမာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးက မိုင်းတုံမြို့နယ်အတွင်းရှိ ဗမာတိုင်းရင်းသားများအတွက် ဗမာတိုင်းရင်းသား ရိုးရာယဉ်ကျေးမှုအဖွဲ့ကို ဖွဲ့စည်းစေလိုကြောင်း၊ ဖွဲ့စည်းပြီးပါက လိုအပ်သည်များကို ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း၊ ပရဟိတလုပ်ငန်း၊ အာဟာရလုပ်ငန်း၊ သားဆက်ခြားလုပ်ငန်း၊ မသန်စွမ်းကလေးသူငယ် အခွင့်အရေးထောက်ပံ့မှု၊ ရေဘေး၊ လေဘေး၊ မီးဘေး၊ သဘာဝဘေးများဖြစ်ပေါ်ပါက မြန်မြန်ဆန်ဆန် ဆောင်ရွက်ပေးနိုင်ရန်အတွက် ပြည်နယ်လူမှုရေးဝန်ကြီးက ဝန်ထမ်းများ ခန့်ထားပေးမည်ဖြစ်ကြောင်း၊ ခရိုင်တွင် အရာရှိအပါအဝင် ၁၈ ဦးနှင့် မြို့နယ်ရုံးတွင် အရာရှိတစ်ဦးအပါအဝင် ၁၁ ဦး ခန့်ပေးသွားမည်ဖြစ်ကြောင်း၊ ရုံးမြေနေရာရှိပါက ခရိုင်ရုံးနှင့် မြို့နယ်ရုံးကို ဦးစားပေး ဆောက်လုပ်ပေးသွားမည်ဖြစ်ကြောင်း၊ သာသနာရေးတွင်လည်း ကျောင်းတိုက်၊ သိမ်၊ ဇရပ်များ ဆောက်လုပ်မည်ဆိုပါက ဝန်ကြီးဌာနကို တင်ပြပြီး ကျလာသည့်အခါမှ ဆောက်လုပ်ရန် မှာကြားခဲ့သည်။

**မြို့နယ် (ပြန်/ဆက်)**

# ၂၀၁၉ ခုနှစ် ကမ္ဘာ့အလုပ်သမားနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အင်းဝဘဏ်လီမိတက်၊ နေပြည်တော်တပ်ကုန်းဘဏ်ခွဲဖွင့်လှစ်

**နေပြည်တော် ဧပြီ ၃၀**

၂၀၁၉ ခုနှစ် ကမ္ဘာ့အလုပ်သမားနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အင်းဝဘဏ်လီမိတက်၊ နေပြည်တော် တပ်ကုန်းမြို့ ဘဏ်ခွဲဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းက အဆိုပါဘဏ်ခွဲပရဝဏ်တွင် ကျင်းပသည်။

ရှေးဦးစွာ အင်းဝဘဏ်လီမိတက် အုပ်ချုပ်မှုဒါရိုက်တာနှင့် တာဝန်ရှိသူများက အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ ထို့နောက် နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မြင့်မော်က အင်းဝဘဏ်လီမိတက်၊ နေပြည်တော် တပ်ကုန်းမြို့ ဘဏ်ခွဲဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးကာ ဘဏ်ကောင်တာတို့အား အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးပြီး ဘဏ်အတွင်း လှည့်လည်ကြည့်ရှုကြသည်။

ယနေ့ဖွင့်လှစ်လိုက်သော အင်းဝဘဏ်လီမိတက် နေပြည်တော် တပ်ကုန်းမြို့ဘဏ်ခွဲသည် အင်းဝဘဏ်လီမိတက်၏ (၅၉)ခုမြောက် ဘဏ်ခွဲဖြစ်ပြီး အမှတ်(၆၄၅)၊ ဗိုလ်မင်းရောင်ရပ်ကွက်၊ သူရိယလမ်း၊ နယ်မြေ(၁၁)၊ တပ်ကုန်းမြို့ နေပြည်တော် ကောင်စီနယ်မြေတွင် ဖွင့်လှစ်ထားရှိကာ အပ်ငွေများ လက်ခံခြင်း၊ ငွေစုဘဏ်လုပ်ငန်းများ ဆောင်ရွက်ပေးခြင်း၊ ငွေလွှဲလုပ်ငန်းများ ဆောင်ရွက်ပေးခြင်း၊ စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန် ချေးငွေများထုတ်ချေးပေးခြင်း၊ ငွေပေးအမိန့်လွှာများ ထုတ်ပေးခြင်း၊ ဘဏ်အာမခံအမျိုးမျိုး ထုတ်ပေးခြင်း၊ Debit Card များ ထုတ်ပေးခြင်းစသည့်ဘဏ်ဝန်ဆောင်မှုလုပ်ငန်းများအား ဝန်ဆောင်မှုပေးသွားမည် ဖြစ်သည်။

အင်းဝဘဏ် လီမိတက်အနေဖြင့် ပြည်တွင်းငွေလွှဲဝန်ဆောင်မှုလုပ်ငန်းများအပြင် ငွေစုဘဏ်အပ်ငွေအပေါ် အတိုးနှုန်း ကိုးရာခိုင်နှုန်းနှင့် စာရင်းသေအပ်ငွေအပေါ် ငွေဆုဆောင်းသူများ၏ သဘောဆန္ဒအလျောက် စုဆောင်းသည့် အချိန်ကာလ အပိုင်းအခြားအလိုက် မူတည်၍ ၁၀ ရာခိုင်နှုန်းအထိ အတိုးနှုန်းများ ပေးအပ်လျက်ရှိပြီး စီးပွားရေးလုပ်ငန်း မတည်ရင်းနှီးလုပ်ကိုင်လိုသူများအတွက် ချေးငွေများ ထုတ်ချေးပေးလျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**



အင်းဝဘဏ် လီမိတက်၊ နေပြည်တော် တပ်ကုန်းမြို့ဘဏ်ခွဲဖွင့်ပွဲအခမ်းအနား ကျင်းပစဉ်။

# တောင်သူလယ်သမားများသို့ အသိပေးနှိုးဆော်ချက်

၁။ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ၂၀၁၉ ခုနှစ်၊ မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေများကို တောင်သူလယ်သမားများသို့ ၂၀၁၉ ခုနှစ်၊ မေလ ၆ ရက်နေ့မှ စတင်ထုတ်ချေးပေးမည် ဖြစ်ပါသည်။ ချေးငွေနှုန်းထားမှာ စပါးသီးနှံကို တစ်ဧက ကျပ် ၁၅၀၀၀၀ (ကျပ်တစ်သိန်းခွဲနှုန်း)၊ အခြားသီးနှံများကို တစ်ဧက ကျပ် ၁၀၀၀၀၀ ( ကျပ်တစ်သိန်းနှုန်း) ဖြင့် ယခင်နှစ်ကကဲ့သို့ တောင်သူတစ်ဦးချင်း ၎င်းတို့ပိုင်ဆိုင်သော လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် (ပုံစံ - ၇) မူရင်းကို ဘဏ်သို့ အပေါင်အဖြစ်ပေးအပ်၍ တောင်သူတစ်ဦးချင်းကိုယ်တိုင် အာမခံသည့်စနစ်ဖြင့် ထုတ်ချေးပေးမည် ဖြစ်ပါသည်။

၂။ ယခုအစိုးရကာလ ၂၀၁၆-၂၀၁၇ ခုနှစ်တွင် စပါးချေးငွေနှုန်းထားကို တစ်ဧက ကျပ်(၁) သိန်းမှ (၁) သိန်းခွဲသို့ လည်းကောင်း၊ အခြားသီးနှံကို ၂၀၁၇ - ၂၀၁၈ ခုနှစ်တွင် ကျပ် (၂) သောင်းမှ (၅) သောင်းသို့လည်းကောင်း၊ ၂၀၁၈-၂၀၁၉ ခုနှစ်တွင် ကျပ် (၅) သောင်းမှ (၁) သိန်းသို့ လည်းကောင်း ချေးငွေနှုန်းထား (၃) ကြိမ်တိုးမြှင့်ခဲ့ပြီး ဖြစ်ပါသည်။

၃။ ၂၀၁၉ မိုးချေးငွေ ထုတ်ချေးရေးကာလနှင့် ပြန်လည်ပေးဆပ်ရမည့်ကာလမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

| | |
|---|---|
| (က) ချေးငွေထုတ်ချေးခြင်း | **၂၀၁၉ ခုနှစ်၊ မေလမှ စက်တင်ဘာလကုန်ထိ** |
| (ခ) ချေးငွေပြန်လည်ပေးဆပ်ခြင်း | **၂၀၂၀ ခုနှစ်၊ ဧပြီလ (၁၅) ရက်နေ့ နောက်ဆုံးထားပေးဆပ်ရပါမည်** |

၄။ တောင်သူများအနေဖြင့် ချေးငွေအဆိုပြုလွှာများကို အချိန်မီတင်ပြနိုင်ရေးအတွက် မိမိတို့ ရပ်ကွက်/ကျေးရွာ အုပ်စုအလိုက် ချေးငွေစိစစ်ရေးအဖွဲ့များ၊ သက်ဆိုင်ရာမြို့နယ်ဘဏ်ခွဲများနှင့် ဆက်သွယ်ဆောင်ရွက်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

**မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်**

# ဆိုင်ကလုန်းမုန်တိုင်း ဖန်နီ၏ အရှိန်ကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့ နေရာကွက်ကျားမိုးကြီးနိုင်

နေပြည်တော် ဧပြီ ၃၀

**ယနေ့ ညနေ ၆ နာရီခွဲတိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အနောက်တောင်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော် အနောက်အလယ်ပိုင်းတို့တွင် ဖြစ်ပေါ်နေသော အားအလွန်ကောင်းသော ဆိုင်ကလုန်းမုန်တိုင်း "ဖန်နီ" သည် အနောက်မြောက်ဘက်သို့ ရွေ့လျားခဲ့ပြီး အိန္ဒိယနိုင်ငံ ချင်းနိုင်မြို့၏ အရှေ့ဘက် ၂၉၅ မိုင်ခန့်၊ မာချီလီပတ္တနမ်မြို့၏ တောင်- အရှေ့တောင်ဘက်မိုင် ၃၁၀ ခန့်၊ ဗီဇာကာပတ္တနမ်မြို့၏ တောင်-အရှေ့တောင်ဘက် ၃၀၅ မိုင်ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေသည်။ အဆိုပါ အားအလွန်ကောင်းသော ဆိုင်ကလုန်းမုန်တိုင်း "ဖန်နီ" သည် အနောက်မြောက်ဘက်သို့ ဆက်လက်ရွေ့လျားမည်ဟု ခန့်မှန်းရပါသည်။**

အားအလွန်ကောင်းသောဆိုင်ကလုန်းမုန်တိုင်း "ဖန်နီ" ၏ လက်ရှိအခြေအနေမှာ မြန်မာနိုင်ငံဘက်သို့ ဦးတည်ရွေ့လျားမည့် အခြေအနေမရှိသေးသဖြင့် အဝါရောင်အဆင့်ဟု သတ်မှတ်ပါသည်။

အားအလွန်ကောင်းသောဆိုင်ကလုန်းမုန်တိုင်း "ဖန်နီ" သည် မြန်မာစံတော်ချိန် ၆ နာရီခွဲတွင် မြောက်လတ္တီကျူ ၁၃ ဒသမ ၀ ဒီဂရီနှင့် အရှေ့လောင်ဂျီကျူ ၈၅ ဒသမ ၃ ဒီဂရီတွင်ရှိပြီး ဗဟိုချက်လေဖိအား ၉၇၀ ဟက်တိုပါစကယ်နှင့် အမြင့်ဆုံးလေတိုက်နှုန်းမှာ တစ်နာရီလျှင် မိုင် ၁၀၀ နှုန်းဖြစ်ပါသည်။

အားအလွန်ကောင်းသောဆိုင်ကလုန်းမုန်တိုင်း "ဖန်နီ" သည် နောက် ၆ နာရီအတွင်း အလွန့်အလွန်ကောင်းသော ဆိုင်ကလုန်းမုန်တိုင်း "ဖန်နီ" အဖြစ်သို့ ရောက်ရှိနိုင်သည်ဟု ခန့်မှန်းရပါသည်။ အဆိုပါ အားအလွန်ကောင်းသော ဆိုင်ကလုန်းမုန်တိုင်း "ဖန်နီ" သည် အနောက်မြောက်ဘက်သို့ ရွေ့လျားပြီး နောက် ၃၆ နာရီအတွင်း မြောက်-အရှေ့မြောက်ဘက်သို့ကွေ့ကာ အိန္ဒိယနိုင်ငံ ဩရိဿကမ်းခြေဆီသို့ ဦးတည်ရွေ့လျားမည်ဟု ခန့်မှန်းရပါသည်။

အဆိုပါ အားအလွန်ကောင်းသော ဆိုင်ကလုန်းမုန်တိုင်း "ဖန်နီ" ၏ အရှိန်ကြောင့် ယနေ့ညမှ နောက် ၇၂ နာရီအတွင်း နေပြည်တော်၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကျဲကျဲမှ နေရာစိပ်စိပ်မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် နေရာကွက်၍ မိုးကြီးနိုင်သည်။

မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီ ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီ ကမ်းရိုးတန်းတစ်လျှောက်နှင့်ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၁၀ ပေမှ ၁၂ ပေခန့်နှင့် ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၆ ပေမှ ၉ ပေခန့် ရှိနိုင်သည်။

အဆိုပါ အားအလွန်ကောင်းသော ဆိုင်ကလုန်းမုန်တိုင်း "ဖန်နီ" ၏ အရှိန်ကြောင့် ပြည်တွင်းလေကြောင်းပျံသန်းရေး၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက် နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေးငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။ **မိုး/ဇလ**

# ယနေ့ ဈေးကွက်ပေါက်ဈေးများ

၃၀-၄-၂၀၁၉

**ရွှေ**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၃၈၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၇၇၄၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၃၈၅၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၇၇၄၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၉၇၅/၁၀၁၀ ကျပ် | ၁၀၃၀/၁၀၄၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၉၈၅/၁၀၂၀ ကျပ် | ၁၀၄၅/၁၀၅၅ ကျပ် |
| အောက်တိန်း ၉၂ | ၈၄၀/၉၁၀ ကျပ် | ၉၂၅/၁၀၂၅ ကျပ် |
| အောက်တိန်း ၉၅ | ၉၁၀/၉၆၅ ကျပ် | ၉၄၀/၁၀၂၀ ကျပ် |

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် ၁၅၂၂ · ၇ |
| ဥရောပ | တစ်ယူရို | ကျပ် ၁၇၀၆ · ၁ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် ၁၁၁၈ · ၈ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် ၁၉၇၅ · ၂ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် ၁၃၆၇ · ၁ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် ၁၀၇၃ · ၉ |
| တရုတ် | တစ်ယွမ် | ကျပ် ၂၂၆ · ၀၁ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် ၂၁ · ၈၂၈ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် ၁၃၀ · ၅၉ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် ၃၆၈ · ၁၁ |
| ထိုင်း | တစ်ဘတ် | ကျပ် ၄၇ · ၆၈၁ |

(ဗဟိုဘဏ်ပေါက်ဈေး ဖြစ်ပါသည်)

ခင်ရတနာ-စုစည်းသည်။

# ပြည်သူများသို့ အသိပေးနှိုးဆော်ချက်

နိုင်ငံတော်အစိုးရ၏ လူမှုကာကွယ်စောင့်ရှောက်ရေး ငွေကြေးထောက်ပံ့မှု အစီအစဉ်များတွင် အကျုံးဝင်ပါလျက်နှင့် အချိန်မီမရရှိလျှင်သော်လည်းကောင်း၊ ကလေးသူငယ်များနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများနှင့် ပတ်သက်၍သော်လည်းကောင်း၊ သတင်းပေးတိုင်ကြားလိုပါက အောက်ဖော်ပြပါ Help Line တယ်လီဖုန်းနံပါတ်များသို့ (၂၄ )နာရီ တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်- ၀၆၇-၃၄၀၄၂၂၂၊ ၀၆၇-၃၄၀၄၉၉၉

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
လူမှုဝန်ထမ်းဦးစီးဌာန

မြန်မာ့အလင်း

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| စာတည်းမှူး | - | စိုးစိုးနိုင် |
| သတင်းထောက်ချုပ် | - | မြင့်ဆွေ |
| စာတည်းများ | - | ကြည်ဝင်း၊ ဝင်းကျော်၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့် |
| အကြီးတန်းသတင်းထောက်များ | - | ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး (ဓာတ်ပုံ)၊ မြတ်မွန်ထွေး |
| အငယ်တန်းသတင်းထောက်များ | - | တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ် |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇) |

mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၆၊ **ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချုပ်(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ **ဖြန့်ချိရေး** ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

# မြန်မာ့ရိုးရာလက်ဝှေ့ကို အခြေခံရိုက်ကူးထားသည့် လောကကြီးဝိုင်းဇာတ်လမ်းတွဲ စတင်ထုတ်လွှင့်


လောကကြီးဝိုင်း ဇာတ်လမ်းတွဲမှ သရုပ်ဆောင်များ။

မြန်မာ့ရိုးရာလက်ဝှေ့ကို အခြေခံရိုက်ကူးထားသည့် လောကကြီးဝိုင်း(The Spirit of Fight) ရုပ်သံဇာတ်လမ်းတွဲကို ဧပြီ ၂၈ ရက် ည ၇ နာရီမှစတင်ကာ CANAL+ ZAT LENN ချန်နယ်မှ ထုတ်လွှင့်ပြသနေပြီဖြစ်ပြီး အပတ်စဉ် တနင်္ဂနွေနေ့တိုင်း ပြသပေးသွားမည်ဟု သိရသည်။

အဆိုပါ လောကကြီးဝိုင်း ဇာတ်ကားသည် ရိုးရာလက်ဝှေ့လောကကို အခြေခံသော်လည်း လက်ဝှေ့သီးသန့်မဟုတ်ဘဲ အချစ်၊ အမုန်း၊ ပြိုင်ဆိုင်ခြင်း အစရှိသည့် ဒရာမာပုံစံများပါ ထပ်ရောထားကြောင်း၊ ဇာတ်ကားတွင် သရုပ်ဆောင်များအဖြစ် ရဲနောင်၊ ထွန်းနိုင်၊ ဇင်ဝိုင်း၊ အောင်ခိုင်၊ ဆန်းထွဋ်၊ ဝါဝါအောင်၊ မေမြတ်နိုး၊ ယဉ်လတ်၊ သဲနန္ဒာစိုးနှင့် ယုနန္ဒာတို့ ပါဝင်သရုပ်ဆောင်ထားကြပြီး သရုပ်ဆောင်အသစ်များက အဓိက ပါဝင်သရုပ်ဆောင်ကြကြောင်း သိရသည်။

"ဒီဇာတ်ကားကို ရက်ပေါင်းတစ်ရာကျော်ကြာ ရိုက်ကူးထားခဲ့ပါတယ်၊ မြန်မာ့ရိုးရာလက်ဝှေ့ကို အခြေခံရိုက်ထားတဲ့ ဇာတ်ကားဖြစ်တဲ့အတွက် ပါဝင်တဲ့ အဓိကဇာတ်ကောင်သုံးဦးကလည်း မြန်မာ့ရိုးရာလက်ဝှေ့နဲ့ ပတ်သတ်တဲ့ လေ့ကျင့်မှုတွေကို တစ်လကျော်ကျော်လောက် လုပ်ခဲ့ရပါတယ်၊ မြန်မာ့ရိုးရာလက်ဝှေ့အပေါ် အခြေခံထားတဲ့အတွက် ဒါရိုက်တာ၊ သရုပ်ဆောင်များနဲ့ အဖွဲ့သားများကလည်း မြန်မာ့လက်ဝှေ့အကြောင်းကို တတ်နိုင်သမျှလေ့လာထားကြပါတယ်၊ မြန်မာ့လက်ဝှေ့အဖွဲ့ချုပ်မှ လက်ဝှေ့ပညာရှင်တွေဖြစ်ကြတဲ့ ဦးကျော်ဆန်း၊ ဦးဇမ္ဗူကျော်၊ မြန်မာ့လက်ဝှေ့ကျော်များဖြစ်ကြတဲ့ စိုးလင်းဦး၊ တူးတူးတို့နဲ့ လေ့ကျင့်ခဲ့ပါတယ်"ဟု ဒါရိုက်တာ အာကာက ပြောသည်။

အဆိုပါ လောကကြီးဝိုင်း ရုပ်သံဇာတ်လမ်းတွဲသည် ဒါရိုက်တာ အာကာနှင့် Canal+ တို့၏ ပူးပေါင်းတင်ဆက်မှုတစ်ခုဖြစ်ပြီး မြန်မာ့ရိုးရာလက်ဝှေ့ကို အခြေခံကာ စိတ်ကူးယဉ်ရိုက်ကူးပုံဖော်ထားသည့် အက်ရှင်ဒရာမာ အမျိုးအစား ရုပ်သံဇာတ်လမ်းတွဲဖြစ်ကြောင်း သိရသည်။

**ကိုလင်း**

# Miss Glam World 2019 ပြိုင်ပွဲတွင် မြန်မာအလှမယ် ဟန်သူစံက Best National Costume ဆုရရှိ



အိန္ဒိယနိုင်ငံတွင် ကျင်းပခဲ့သည့် Miss Glam World 2019 ပြိုင်ပွဲသို့ မြန်မာနိုင်ငံကိုယ်စားပြုအဖြစ် ဂျွန်လွင် ဦးစီးသော Stars & Models Int'l မှ အရည်အချင်းပြည့်ဝသော မော်ဒယ်တစ်ဦးဖြစ်သည့် ဟန်သူစံကို စေလွှတ်ခဲ့ရာ ပြိုင်ပွဲတွင် Best National Costume ဆုကို ရရှိပြီး နိုင်ငံ့ဂုဏ်ဆောင်နိုင်ခဲ့ကြောင်း သိရသည်။

"ဒီပွဲအတွက် ပြင်ဆင်ချိန်ကတော့ သိပ်မရခဲ့ပါဘူး၊ ပြိုင်ပွဲကိုမသွားခင် နှစ်ပတ်အတွင်းမှာ ရသလောက်ကို ကြိုးစားပါတယ်၊ ပထမဆုံး သွားရောက်ယှဉ်ပြိုင်ရတာမို့ အခက်အခဲတော့ ကြုံတာပေါ့၊ ပြိုင်ပွဲမှာ နိုင်ငံတကာရဲ့ ယဉ်ကျေးမှုတွေ တွေ့မြင်ခဲ့ရပါတယ်၊ ကိုယ်တိုင်က နှစ်ပတ်လောက်ပဲ အချိန်ရခဲ့တာဆိုပေမယ့် ကိုယ့်ဘက်က တတ်နိုင်သမျှ မျှဝေခဲ့ပါတယ်၊ ကိုယ့်အတွက်လည်း အတွေ့အကြုံတွေ အများကြီး ရခဲ့ပါတယ်၊ Miss Glam World 2019 ပြိုင်ပွဲမှာ Best National Costume ဆုကို ဆွတ်ခူးရရှိခဲ့တာပါ၊ ကိုယ့်နိုင်ငံရဲ့ ယဉ်ကျေးမှုအဝတ်အစားနဲ့ ရခဲ့တာဆိုတော့ အများကြီး ဂုဏ်ယူရပါတယ်၊ ဆုတစ်ဆုရရှိခဲ့တဲ့အတွက် ကျေးဇူးတင်ထိုက်သူအားလုံးကို ကျေးဇူးတင်ပါတယ်၊ အစစအရာရာ ပံ့ပိုးကူညီပေးတဲ့ ဆရာဂျွန်ကိုလည်း ကျေးဇူးတင်ပါတယ်၊ ဝတ်စုံကိုဖန်တီးပေးတဲ့ ဒီဇိုင်နာ ဟေမာန်ဦးကိုလည်း ကျေးဇူးတင်ပါတယ်"ဟု အလှမယ် ဟန်သူစံက ပြောသည်။

အဆိုပါ Miss Glam World 2019 ပြိုင်ပွဲတွင် နိုင်ငံပေါင်း ၃၈ နိုင်ငံမှ အလှမယ်များ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ပြိုင်ပွဲကို ဧပြီ ၂၀ ရက်မှ ၂၇ ရက်အထိ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

**ကိုလင်း**

# ဒဏ္ဍာရီပင်လယ် ဇာတ်ကားတွင် သရုပ်ဆောင် အာကာက ငါးမန်းတစ်ကောင်အဖြစ် သရုပ်ဆောင်မည်

ဝါသုန္ဒြေရုပ်ရှင်ထုတ်လုပ်ရေးမှ ထုတ်လုပ်ရိုက်ကူးပြီး ဒါရိုက်တာကျော်သူ စီစဉ်ရိုက်ကူးမည့် ဒဏ္ဍာရီပင်လယ် ရုပ်ရှင်ဇာတ်ကားတွင် သရုပ်ဆောင် အာကာက ရေသူမလေးကို လိုက်၍စောင့်ရှောက်ရသူ ငါးမန်းတစ်ကောင်အဖြစ် ပါဝင်သရုပ်ဆောင်မည်ဟု သိရသည်။ ပါဝင်ရမည့် ကာရိုက်တာအတွက် ပြင်ဆင်မှုပိုင်းနှင့် ဇာတ်ကားအပေါ်ထားရှိသည့် ခံယူချက်ကို အာကာက ယခုလို ပြောပြသည်။

"ကျွန်တော် ဒီကားအတွက် ပြင်ဆင်မှုကတော့ အခုလောလောဆယ် ရေကူးတာကို ပိုကျွမ်းကျင်အောင် လေ့ကျင့်နေပါတယ်၊ ဒီဇာတ်ကားက ရေသူမလေးတစ်ယောက်ရဲ့ အကြောင်းကို အခြေခံပြီး ရိုက်မှာဆိုတော့ ကျွန်တော်တို့ ရေအောက်အထိတော့ သွားရိုက်ရမယ်ဆိုတာ သိထားပါတယ်၊ အခု ကျွန်တော် မနက် ၁၁ နာရီကနေ ညနေ ၄ နာရီအထိ လမ်းမတော် ဗဟိုစည်ရေကူးကန်မှာ ရေကူးလေ့ကျင့်တာတွေ ပြင်ဆင်နေပါတယ်၊ ပြီးတော့ ချပေးတဲ့ကာရိုက်တာထက် ကျွန်တော့်ခန္ဓာကိုယ်က နည်းနည်း ပိုထွားနေလို့ ကိုယ်အလေးချိန် ခုနစ်ပေါင်လောက် လျှော့ချလိုက်ပါတယ်၊ ကျွန်တော် ဒီကာရိုက်တာကို လက်ခံဖြစ်တာက ကိုယ့်အတွက် လုပ်ကွက်လည်းရတယ်၊ ပြီးတော့ ပင်ပန်းတယ်ဆိုပေမယ့် အတွေ့အကြုံသစ်တစ်ခုလည်းရလို့ လက်ခံဖြစ်တာပါ"ဟု ပြောသည်။

"ဒီဇာတ်ကားရဲ့ ထူခြားမှုကိုပြောရရင် ဆရာကျော်သူရဲ့ စိတ်ကူးလေးပေါ့နော်၊ ပင်လယ်သတ္တဝါတွေရဲ့ အသက်နဲ့ ပင်လယ်ပြင်ကို ကာကွယ်နိုင်ဖို့ ပညာပေးရိုက်ကူးထားတဲ့ အနုပညာဖန်တီးမှုတစ်ခုပေါ့နော်၊ ပင်လယ်ထဲမှာနေကြတဲ့ သတ္တဝါလေးတွေက လူတွေရဲ့စည်းကမ်းမရှိမှုကြောင့် ဒုက္ခရောက်ရတဲ့ ပုံစံလေးတွေကိုလည်း ဒီကားမှာ ထည့်သွင်းပြသသွားမှာပါ၊ ပြောချင်တာကတော့ သဘာဝတရားကြီးက ဖန်တီးထားတဲ့ လှပတဲ့ပင်လယ်ပြင်ကြီးထဲက သယံဇာတတွေကို လူသားတွေ တန်ဖိုးထားတတ်စေဖို့ ရည်ရွယ်ပြီးရိုက်တဲ့ ကားကောင်းတစ်ကားပါ"ဟုလည်း အာကာက ဆက်ပြောသည်။

အဆိုပါ ဒဏ္ဍာရီပင်လယ် ဇာတ်ကားတွင် ကျော်သူ၊ အလင်းရောင်၊ ထွန်းကိုကို၊ အာကာ၊ အိချောပို၊ မေသန်းနုနှင့် အနုပညာရှင်များစွာ ပါဝင်ထားပြီး ယင်းဇာတ်ကားကို မေလထဲတွင် စတင်ရိုက်ကူးသွားမည်ဖြစ်ကြောင်း သိရသည်။

**ကိုလင်း**

# ဓာတ်ပုံဆရာ ဇာနည်မျိုးဝင်း ၏ 'ဓာတ်ပုံအနုပညာ' စာအုပ် ထုတ်ဝေ


ဓာတ်ပုံအနုပညာ စာအုပ်မိတ်ဆက်ပွဲကျင်းပစဉ်။

မြန်မာနိုင်ငံ၏ နာမည်ကျော် ဓာတ်ပုံဆရာများထဲမှ တစ်ဦးဖြစ်သည့် ဓာတ်ပုံဆရာ ဇာနည်မျိုးဝင်းသည် ဓာတ်ပုံသက်တမ်း ငါးနှစ်ရှိခဲ့ပြီဖြစ်ကာ နိုင်ငံတကာ ဓာတ်ပုံပညာဆုများဖြစ်သည့် Overall Winner Prize, Travel Photographer Society(2017)၊ Third Place Winner National Award, Sony World Photography Award (2017) ဆုများအပြင် နိုင်ငံတကာမှ ချီးမြှင့်သည့် ဓာတ်ပုံပညာဆု ခုနစ်ဆုကို ရရှိထားသူလည်းဖြစ်သည်။ ၎င်းက ဓာတ်ပုံပညာဆိုင်ရာ စာအုပ်တစ်အုပ်ရေးသား၍ ယခုလအတွင်း ထုတ်ဝေထားပြီဖြစ်ကာ တစ်အုပ်လျှင် ငွေကျပ် ၃၀၀၀၀ ဖြင့် ရောင်းချသွားမည်ဟု သိရသည်။ အဆိုပါစာအုပ်နှင့်ပတ်သက်၍ ဓာတ်ပုံဆရာ ဇာနည်မျိုးဝင်းနှင့် တွေ့ဆုံမေးမြန်းဖြစ်ခဲ့သည်။

**မေး။ ။အစ်ကိုရေ မင်္ဂလာပါ၊ ဓာတ်ပုံအနုပညာ စာအုပ် ဖန်တီးဖြစ်ခဲ့တာလေး ရှင်းပြပါဦး၊**

ဖြေ။ ။ဒီစာအုပ်လေးကို ထုတ်ဖြစ်တာက ဓာတ်ပုံဝါသနာပါတဲ့သူတွေအတွက် လေ့လာစရာ တစ်ခုအနေနဲ့ ထုတ်တာပါ၊ အဲဒီထဲမှာ ဓာတ်ပုံနဲ့ပတ်သက်တဲ့ နည်းပညာထက် အနုပညာဖန်တီးမှုပိုင်းကို ပိုဦးစားပေးရေးထားပါတယ်၊ နောက်တစ်ခုက အခုမှစပြီးတော့ ဓာတ်ပုံစရိုက်မယ့်သူတွေအတွက်လည်း လွယ်ကူပြီး ရှင်းလင်းအောင် ကျွန်တော်ရေးသားထားပါတယ်၊ ကျွန်တော်ကိုယ်တိုင်က ပညာကို ရှူးရှူးမူးမူးကို လေ့လာခဲ့တယ်။

အဲလိုအချိန်မှာ ဘာတွေ့ရလဲဆိုတော့ ကျွန်တော်တို့ဆီမှာ ဓာတ်ပုံနဲ့ပတ်သက်ပြီး လေ့လာမှီငြမ်းစရာ စာအုပ်တွေ၊ နည်းစနစ်တွေ မရှိသလောက်ပါပဲ၊ ဒါကြောင့် ပြည်ပက ဓာတ်ပုံနဲ့ပတ်သက်တဲ့ စာအုပ်တွေကို လေ့လာဖတ်ရှုရပါတယ်၊ စာအုပ်ဖတ်ရတာတွေကလည်း အင်မတန်ကို အခက်အခဲတွေ ရှိခဲ့ပါတယ်၊ နောက်လက်ရှိ အွန်လိုင်းမှာရှိတာတွေက နည်းပညာပိုင်းတွေပါ၊ အနုပညာဖန်တီးမှုပိုင်းကျတော့ သိပ်မတွေ့ရဘူး၊ ဒါကြောင့် ဓာတ်ပုံနည်းပညာပိုင်း လေ့လာတာထက် ဖန်တီးမှုအနုပညာပိုင်းကို လေ့လာမှုအဆင်ပြေစေချင်တဲ့ စိတ်စေတနာကြောင့် ဒီစာအုပ်ကို ထုတ်ဖြစ်တာပါ၊

**မေး။ ။ဓာတ်ပုံပညာနဲ့ပတ်သက်ပြီး အစ်ကိုဖြတ်သန်းခဲ့တဲ့ အတွေ့အကြုံနဲ့ ဒီပညာကို ဘယ်လိုဖြန့်ဝေမယ် စိတ်ကူးထားလဲ။**

ဖြေ။ ။ကျွန်တော် ဒီပညာကို လွှန်ခဲ့တဲ့ ငါးနှစ်လောက်ကစပြီး လေ့လာဖြစ်ပြီး လုပ်ကိုင်ခဲ့တာပါ၊ ကျွန်တော် နေ့ရော၊ ညရော လေ့လာမှုတွေလုပ်တယ်၊ မြန်မာပြည်အနှံ့ ခရီးတွေထွက်ပြီး လေ့လာတယ်၊ အထူးသဖြင့် အခု ကျွန်တော်ဖန်တီးနေတာကတော့ မြန်မာ့ဇာတ်သဘင်လောကရဲ့ ပုံရိပ်လေးတွေ၊ မြန်မာ့ဇာတ်သဘင်နောက်ကွယ်က ဇာတ်သူဇာတ်သားတွေရဲ့ ဘဝအခြေအနေကို မှတ်တမ်းတင်သဘောမျိုးနဲ့ လေ့လာဖန်တီးနေတာတော့ ၂ နှစ်လောက် ရှိပါပြီ၊ ဒါကိုလုပ်ဖြစ်တာက ကျွန်တော်တို့နိုင်ငံရဲ့ ဇာတ်သဘင်ပိုင်းက တဖြည်းဖြည်း အားနည်းလာတာတွေ့ရတယ်၊ လူစိတ်ဝင်စားမှုလည်း နည်းလာတာပေါ့နော်၊ ပညာရှင်တွေလည်း ရှားလာကြပြီ၊ ပြီးတော့ သူတို့ဖြတ်သန်းရတဲ့ ဘဝတွေက ကြမ်းတမ်းတယ်၊ အဲဒါကို ပရိသတ်တွေက မသိတော့ဘူး၊ ဒါကြောင့် ကျွန်တော်က သူတို့ရဲ့ဘဝနဲ့ သက်ဆိုင်တာမျိုးကို နိုင်ငံတကာကို ပြနိုင်ဖို့အတွက် အင်္ဂလိပ်ဘာသာနဲ့ ရေးသားထုတ်ဝေသွားဖို့ ပြင်ဆင်နေပါတယ်၊ အခုစာအုပ်မှာတော့ သိပ်မပြည့်စုံသေးဘူး၊ နောက်တစ်ကြိမ်ထုတ်မယ့် စာအုပ်မှာတော့ အားလုံးထည့်သွင်းသွားမှာပါ၊ အခုစာအုပ်ကတော့ ရိုက်ကူးမှုကို ဦးစားပေး ရေးသားထားတဲ့ စာအုပ်လေးပါ။

**မေး။ ။ဓာတ်ပုံပညာနဲ့ ပတ်သက်ပြီး အစ်ကို အနေနဲ့ ဝေမျှမှုပိုင်းကို ပြောပြပါ။**

ဖြေ။ ။ကျွန်တော် ပြီးခဲ့တဲ့နှစ်ကတော့ ဓာတ်ပုံပညာသင် လေ့လာသူ ၅၀၀ ကျော်ကို ပရဟိတအဖြစ် ဝေမျှသင်ကြားပို့ချခဲ့ပါတယ်၊ အခုလည်း ရန်ကုန်မှာပဲ ပညာဒါနသင်တန်းတွေဆက်ဖွင့်ဖို့ရှိပါတယ်၊ နောက် ဒီပညာနဲ့ပတ်သက်ပြီး ဆွေးနွေးပွဲတွေ လုပ်ဖို့ရှိပါတယ်၊ အခုခေတ်မှာ ဓာတ်ပုံဆိုတာက ကင်မရာနဲ့ ကင်မရာပါတဲ့ ဖုန်းတွေက ကွာခြားမှုသိပ်မရှိပါဘူး၊ ကျွန်တော်ကိုယ်တိုင်လည်း အိုင်ဖုန်းကင်မရာနဲ့ ဓာတ်ပုံရိုက်တဲ့ပြိုင်ပွဲကို ၂၀၁၈ က ဝင်ပြိုင်ခဲ့ဖူးပါတယ်၊ ဆုလည်းရရှိခဲ့ပါတယ်၊ လက်ရှိမှာလည်း ဖုန်းနဲ့ရိုက်တာမျိုးတွေရှိပါတယ်၊ အဓိကကတော့ အနုပညာဖန်တီးမှုအပိုင်းပါပဲ၊ ဘာနဲ့ရိုက်ရိုက် အနုပညာဖန်တီးမှု ရသပိုင်း ကောင်းနေဖို့ အရေးကြီးပါတယ်။ ။

**ကိုလင်း**

## နိုင်ငံတကာအနုပညာသတင်းပဒေသာ

# Fantastic Beasts ဇာတ်ကားသစ် ၂၀၂၁ နိုဝင်ဘာလတွင် ရုံတင်ပြသမည်

မော်ကမ္ဘာကို ကြိုက်နှစ်သက်ကြတဲ့ ပရိသတ်တွေအတွက် သတင်းကောင်းပါပဲ။ Fantastic Beasts ဇာတ်ကားရဲ့ နောက်ဆက်တွဲဇာတ်ကားကို ပြသမယ့်ရက် ထွက်ရှိလို့လာပါပြီ။ Fantastic Beasts တတိယမြောက်ဇာတ်ကားဟာ ၂၀၂၁ နိုဝင်ဘာ ၁၂ ရက်မှာ ရုံတင်ပြသမယ်လို့ ဝင်းနားဘရားသားကုမ္ပဏီက တနင်္လာနေ့မှာ ကြေညာခဲ့ပါတယ်။

ပထမဆုံး Fantastic Beasts ဇာတ်ကားကို ၂၀၁၆ ခုနှစ်မှာ ရုံတင်ခဲ့တာဖြစ်ပြီး ဒုတိယမြောက်ဇာတ်ကားကိုတော့ ၂၀၁၈ ခုနှစ်မှာ ရုံတင်ခဲ့ပါတယ်။ ဝင်းနားဘရားသားကုမ္ပဏီဥက္ကဋ္ဌ တိုဘီအမ်းမရစ်ခ်က ဇာတ်ကားထွက်ရှိမယ့်ရက်ကို ၂၀၂၁ လို့ ကြေညာလိုက်တာဟာ ပရိသတ်တွေအတွက် အကောင်းဆုံးဇာတ်ကားအဖြစ် ပြသနိုင်ဖို့ ရုပ်ရှင်ရိုက်ကူးသူတွေကို အချိန်ပေးလိုက်တာလို့ ပြောပါတယ်။

Fantastic Beasts ဇာတ်ကားရဲ့ စာရေးဆရာဟာ ဟယ်ရီပေါ်တာ စာရေးဆရာမ ဂျေကေရိုးလင်းဖြစ်ပါတယ်။ Fantastic Beast ရဲ့ ဒုတိယမြောက် ဇာတ်ကားဖြစ်တဲ့ The Crimes of grindelwald မှာ မင်းသားဂျော်နီဒပ်ရဲ့ အခန်းတွေလည်း ပါဝင်ခဲ့ပါတယ်။ ပထမဆုံး Fantastic Beasts ဇာတ်ကားဟာ ပြည်တွင်းမှာ ဝင်ငွေ ၂၃၄ သန်း ရရှိခဲ့တာဖြစ်ပြီး တစ်ကမ္ဘာလုံးအနှံ့ ဝင်ငွေကတော့ သန်း ၈၀၀ ရရှိခဲ့ပါတယ်။ Harry Potter and the prisoner of Azkaban ဇာတ်ကားကတော့ ပြည်တွင်းမှာ ဒေါ်လာ ၂၄၉ သန်း ရရှိခဲ့ပြီး Harry Potter ဇာတ်ကားတွေမှာ ဝင်ငွေအနည်းဆုံးကားလည်း ဖြစ်ပါတယ်။

**စီအင်န်အင်န်**



Fantastic Beasts ဇာတ်ကားမှ မင်းသား အက်ဒီ ရက်မင်း

## ဘောလိဝုဒ်မင်းသား ဆာအစ်ဖ်အလီခန်း နောက်ထပ်ရုပ်ရှင်အတွက် ကိုယ်အလေးချိန်လျှော့ချ

ဘောလိဝုဒ်က မင်းသားတွေအတွက် ကိုယ်ခန္ဓာပုံစံပြောင်းလဲဖို့ကတော့ အရေးပါတဲ့ အရာပါပဲ။ ဘောလိဝုဒ်မင်းသား ဆာအစ်ဖ်အလီခန်းဟာ Taanaji ဇာတ်ကားရိုက်ကူးဖို့ အတွက် ကိုယ်ခန္ဓာကြွက်သားတွေ တည်ဆောက်ခဲ့ရသလို အခု နောက်ထပ်ရုပ်ရှင်အသစ်ဖြစ်တဲ့ Jawaani Jaaneman ရိုက်ဖို့အတွက် ကြွက်သားတွေကို စွန့်လွှတ်ရမှာပဲ ဖြစ်ပါတယ်။

ဇူလိုင်လလယ်လောက်ကစပြီး လန်ဒန်မှာ ရုပ်ရှင်အသစ်ကို ရိုက်မှာဖြစ်တယ်။ Taanaji ဇာတ်ကားတုန်းကလည်း ခန္ဓာကိုယ်တောင့်တောင့်တင်းတင်းဖြစ်ဖို့နဲ့ ခါးရေးကျွမ်းကျင်ဖို့အတွက် လေ့ကျင့်မှုတွေ ပြုလုပ်ခဲ့ရပြီး နာရီပေါင်းများစွာ မြင်းစီးလေ့ကျင့်ခဲ့ရပါတယ်။ အခုလာမယ့် Jawaani Jaaneman ဇာတ်ကားမှာကျတော့ ဇာတ်ရုပ်နဲ့ဘောင်ဝင်ဖို့ ခန္ဓာကိုယ်အလေးချိန်ကို လျှော့ချရမှာပါ။

အခုဆိုရင် ဆာအစ်ဖ်ဟာ ခန္ဓာကိုယ်ပုံပြောင်းဖို့အတွက် စားသောက်မှုပုံစံပြောင်းလဲနေပြီပဲ ဖြစ်ပါတယ်။ ခန္ဓာကိုယ်ပိန်ပိန်ပါးပါးဖြစ်ဖို့ တစ်နေ့ကို နှစ်နာရီလေ့ကျင့်နေပါတယ်။ ဇူလိုင်လလယ်မှာ ရိုက်ကူးမှာဖြစ်လို့ ကိုယ်အလေးချိန်လျှော့ချဖို့ အချိန် ၄၅ ရက်ရပါတယ်။ Taanaji ဇာတ်ကားဟာ ၂၀၂၀ အစောပိုင်းမှာ ရုံတင်မှာဖြစ်တယ်လို့လည်း သိရပါတယ်။

**ဘောလိဝုဒ်လိုက်ဖ်**



ဆာအစ်ဖ်အလီခန်း

## ဥပဒေအတွေး ရေးပါရစေ အပိုင်း (၁၇၁)

# လေ့လာမှတ်သား ရှေ့နေကြီးများ



**ဦးဟန်ညွန့် (ဥပဒေ)**

**တစ်ခါသော်**

အလုပ်သင်ရှေ့နေ မောင်ပျင်းရိတစ်ယောက် ကျွန်တော့်ရုံးခန်း၌ရှိနေစဉ် သူ့အတွေးအမြင်များကို သိရှိခွင့် ကျွန်တော်ရသည်။ သူက ပျင်းရိပေမယ့် သွက်လက်မှုတော့ရှိသည်။ အတွေးအခေါ်က တခြား လူငယ်ရှေ့နေနှင့်မတူ။ ဒိုးခနဲဒေါက်ခနဲ ပြန်ပြောတတ်သူ၊ မဟုတ်မခံသူ။ အလုပ်တာဝန်ခိုင်းလျှင်တော့ " မရှိလို့လုပ်စားတာ ဖြည်းဖြည်းပေါ့ဆရာရယ်..." ဟု ရယ်ကျဲကျဲပြန်ပြောတတ်လေသည်။

**လေ့လာမှတ်သား**

"ရှေ့နေမှန်ရင် လေ့လာရမယ်။ မှတ်သားရမယ်။ သုတေသနပြုရမယ်" ဟု ကျွန်တော်အမြဲသင်သည်။ ဘယ်လိုလေ့လာမှတ်သား ရမှာလဲ။ စာအုပ်တွေဖတ်ရတာ ပျင်းစရာကြီး။ အညွှန်း (Index) နဲ့ ကြည့်ရင် မကောင်းဘူးလား။ ဥပဒေတစ်ခုချင်း လိုက်ရှာနေရတာ ဘယ်သက်သာမလဲဟု မောင်ပျင်းရိက မေးခွန်းထုတ်လေသည်။ ဟုတ်တော့လည်း ဟုတ်သားပဲ။ သူတို့ခေတ်၊ လူငယ်တွေခေတ်က ခေတ်မီတိုးတက်နေပြီ။ ကွန်ပျူတာခေတ်၊ သတင်းနှင့်နည်းပညာခေတ်ပါပဲ။ ဖတ်ရှု လေ့လာမှတ်သားရတာ ကျွန်တော်တို့ခေတ်ထက် သာလွန်သည်။ လွယ်ကူသည်။

**ဥပဒေပေါင်းချုပ်များ (Codes and Laws)**

ဥပဒေပေါင်းချုပ်များကို ဥပဒေလေ့လာသူတိုင်း လေ့လာကြစမြဲ။ မြန်မာနိုင်ငံမှာ ဘာဥပဒေတွေ ပြဋ္ဌာန်းထားသလဲ။ ဤသို့ တွေ့ရမည်။

(၁) အင်္ဂလိပ်ကိုလိုနီခေတ်မှ ပါလီမန်ခေတ် ၁၉၅၄ ခုနှစ်အထိ ဥပဒေများကို Myanmar code Vol:၁၃ တွဲ (Vol: 1 to13)

(၂) ၁၉၅၅၊ ၁၉၆၁ ပါလီမန်ခေတ် Burma Acts (Myanmar Acts)

(၃) ၁၉၆၂၊ ၁၉၇၃ တော်လှန်ရေးကောင်စီခေတ်(တော်လှန်ရေးကောင်စီခေတ် ဥပဒေများ၊ အတွဲ ၃ တွဲ)

(၄) ၁၉၇၄၊ ၁၉၈၈ ပြည်သူ့လွှတ်တော် ဥပဒေများ၊ နည်းဥပဒေများနှင့် လုပ်ထုံးလုပ်နည်းများ

(၅) ၁၉၈၈၊ ၁၉၉၇ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့လက်ထက် ဥပဒေများ၊ နည်းဥပဒေများ၊ အမိန့်များနှင့် ကြေညာချက်များ

(၆) ၁၉၉၇၊ ၂၀၁၁ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီခေတ် ဥပဒေများ၊ နည်းဥပဒေများ၊ အမိန့်များနှင့် ကြေညာချက်များ

(၇) ၂၀၁၁မှ ယနေ့တိုင် ပြည်ထောင်စုလွှတ်တော်ဥပဒေများ

**စီရင်ထုံးများ**

ဥပဒေစီရင်ထုံးများနှင့် စပ်လျဉ်း၍ အောက်ပါအတိုင်းတွေ့မြင်ရမည်-

(၁) Selected Judgement- 1872-1892

(၂) Printed Judgement- 1893-1900

(၃) Lower Burma Rulings in 11 Vols:(1900-1922)

(၄) Upper Burma Rulings.Old Series-(1829-1909)

(၅) Upper Burma Rulings-New Services-(1910-1922)

(၆) Chan Toon's Leading Cases 2 Vols:

(၇) Agabeg's Burma Law Reports (1895-1908)

(၈) Burma Law Time (1921-1927)

(၉) Burma Law Journal - 6-Vols: 1921-1927

(၁၀) Indian Law Reports. Rangoon Series- (1925-1937)

(၁၁) ALL India Reporter

(၁၂) Rangoon Law Reports-1937-1947

(၁၃) Burma Law Reports or Myanmar Law Reports.1948 up to this day.

**လေ့လာပုံ**

မောင်ပျင်းရိနှင့် အလုပ်သင်ရှေ့နေများ ဆွေးနွေးပွဲကျင်းပတိုင်း စီရင်ထုံးလေ့လာနည်းအကြောင်း အမြဲပါသည်။ ဘယ်လိုလေ့လာကြမည်လဲ။ ကိုယ်လိုချင်တာ ဘယ်လိုရှာဖွေကြမည်လဲ။ အမှုအဖြစ်အပျက်အကြောင်းခြင်းရာ၊ လျှောက်ချက်၊ လျှောက်လဲချက်၊ ဆုံးဖြတ်ချက်၊ စီရင်ချက်နှင့် ကျိုးကြောင်းဖော်ပြချက်တွေ ဘယ်လိုပိုင်းခြားမည်လဲ။ အလွယ်တကူရှာတွေ့အောင် ဘယ်လိုလေ့ကျင့်မလဲ။

စီရင်ထုံးတစ်ခုကို အခြားသော စီရင်ထုံးတစ်ခုက လွှမ်းမိုးပယ်ဖျက်ပြီးဖြစ်နေသလား။ အယူအဆကွဲလွဲပုံ သုံးသပ်ခြင်း၊ အထက်ရုံး အောက်ရုံးများ၏ သဘောထားအမြင်၊ ဘယ်နှစ်က ဘယ်စီရင်ထုံးကို ဘယ်နှစ်တွင် ပယ်ဖျက်လွှမ်းမိုးထားသည်။ စသည်များ သိထား၊



ဖတ်ထားမှုဖြစ်မည်။ လူငယ်ရှေ့နေအချင်းချင်းစာဖတ်ကြမှု၊ ဆွေးနွေးကြမှု၊ ဝေဖန်သုံးသပ်ကြမှု တိုးတက်ပေမည်။ ဖတ်ပြီး မေ့ပစ်၍ မရ။ မင်နီဖြင့် တားသင့်ကတား။ အသိမမှားအောင် သတိကြံဆောင်ရသည်။

**ပြဋ္ဌာန်း၊ ရုပ်သိမ်း၊ ပြင်ဆင်၊ ပယ်ဖျက်**

ဥပဒေတစ်ခု ပြဋ္ဌာန်းသည်။ ပြီးတော့ ရုပ်သိမ်းသည်။ ဘယ်နေ့ ဘယ်ရက်စွဲနှင့် ရုပ်သိမ်းသလဲ။ သေချာစွာ မှတ်သားထားရသည်။ မူရင်းဥပဒေစာအုပ်၊ ဥပဒေပြဋ္ဌာန်းချက်ဘေးတွင် ထင်ရှားစွာ မှတ်သားရမည်။ ပြင်ဆင်ချက်ရှိပါသလား။ မူရင်းဥပဒေဘေးတွင် ပြင်ဆင်သော ရက်စွဲ၊ ဥပဒေအမည်၊ ဥပဒေအမှတ်၊ ဘယ်စာပိုဒ်၊ ဘယ်စာလုံးကို ပြင်ဆင်သလဲ။ ကွဲကွဲပြားပြားသိရမည်။ ဘယ်ဥပဒေကို ဘယ်နေ့က ပယ်ဖျက်သလဲ။ အထင်အရှားသိဖို့ လိုသေးသည်။

**ရုံးအဖွဲ့**

ဤနေရာတွင် ရုံးအဖွဲ့ဝန်ထမ်းများ၊ အလုပ်သင်ရှေ့နေများတာဝန်၊ သူတို့အပိုင်း၊ သူတို့တာဝန်ကျေသင့်သည်။ ခေါင်းဆောင် ရှေ့နေကြီးကတော့ အလုပ်များ၍ တပည့်များကို အားကိုးရစမြဲ။ သွက်လက်ချက်ချာသော တပည့်များက သုတေသနစိတ်ဓာတ်ဖြင့် ဥပဒေကို စိတ်ဝင်စားမှု ဖြစ်မည်။ စောစောက တင်ပြခဲ့သည့်အတိုင်း မိမိအလုပ်၊ မိမိတာဝန်၊ မိမိသစ္စာသမာဓိဖြင့် ခေတ်မီနေဖို့၊ အဆင်သင့်ဖြစ်နေဖို့၊ ခေတ်နောက်မကျဖို့၊ မိမိအမှုသည်အပေါ် သစ္စာရှိဖို့၊ တရားရုံးအပေါ် သစ္စာရှိဖို့၊ မိမိ၏ အလုပ်သင်ဆရာအပေါ် သစ္စာရှိဖို့ စသည်ဖြင့် အလုပ်သင်ရှေ့နေများ၏ အခန်းကဏ္ဍက ကျယ်ပြန့်လှသည်။ ကျွန်တော်ရှင်းပြတော့ မောင်ပျင်းရိက "ရှေ့နေတစ်ယောက်ဖြစ်ဖို့ မလွယ်ပါလား ဆရာရယ်... "ဟု ပြောနေသေးသည်။

**ပြန်တမ်း**

နိုင်ငံတော်ပြန်တမ်း၏ အခန်းကဏ္ဍကလည်း အရေးကြီးသည်။ ဥပဒေပြင်ဆင်ချက်တွေ၊ ပြည်သူ့လွှတ်တော်၏ ကြေညာချက်တွေ၊ သိကောင်းစရာတွေ ပါဝင်သည်။ ရှေ့နေနှင့် ပြန်တမ်းဘာဆိုင်လို့လဲ ဆရာဟု မောင်ပျင်းရိက စောဒက တက်နေသေးသည်။ သတင်းစာထဲပါသော ဥပဒေများအကြောင်း၊ ပြန်တမ်းထဲပါသော ဥပဒေများအကြောင်း ရှင်းပြမှ မောင်ပျင်းရိတစ်ယောက် သဘောပေါက်သွားလေသည်။

**အခြားဖတ်စရာများ**

ပြည်ထောင်စုရှေ့နေချုပ်ရုံးက ထုတ်ဝေသော ဥပဒေဂျာနယ်၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ထုတ်ဝေသော တရားရေး ဂျာနယ်အစရှိသော အခြားဖတ်စရာ၊ မှတ်စရာစာအုပ်များအကြောင်း လေ့လာဖို့၊ မှတ်သားဖို့လည်း တိုက်တွန်းရသေးသည်။ ရှေ့နေကောင်းတစ်ယောက်ဖြစ်ဖို့ ဥပဒေပညာ တတ်ကျွမ်းရမည်။ လေ့လာရမည်။ သစ္စာတရား၊ စေတနာမေတ္တာ အဖြာဖြာ ပြည့်စုံလေ အောင်မြင်သော ရှေ့နေဖြစ်နိုင်ပေသည်။

**ထုချေရှင်းလင်းခြင်း**

အမှုတစ်မှုဖြစ်လာလျှင် အမှုသည်က ရှေ့နေကို အားကိုးသည်မှာ အသေအချာပါပဲ။ အားကိုးထိုက်သော ရှေ့နေဖြစ်ဖို့ ဘက်စုံထူးချွန်သော၊ စေတနာထားသော သူဖြစ်ဖို့ အရေးကြီးလှပေသည်။

အောင်မြင်သော ရှေ့နေတစ်ဦးအနေဖြင့် ကိုယ်စွမ်း၊ ဉာဏ်စွမ်းရှိသရွေ့ မိမိ၏အမှုသည်အတွက် ကြိုးပမ်းရန် တာဝန်ရှိပါသည်။ ကျင့်ဝတ်သိက္ခာ မြင့်မြတ်စွာဖြင့် မိမိတာဝန် မိမိကျေပွန်ရမည်ဖြစ်ပါသည်။

**ငါးခုံးမတစ်ကောင်ကြောင့်**

ငါးခုံးမတစ်ကောင်ကြောင့် တစ်လှေလုံးပုပ်ရသော အဖြစ်မျိုးတွေ ကြုံတတ်သည်မှာ သဘာဝဖြစ်ပါသည်။ ဆင်ဆင်ခြင်ခြင်၊ မမှားသင့်သည်များ မမှားရအောင် ရှေ့နေလောက ဂုဏ်သိက္ခာ မညှိုးနွမ်းရအောင် ကြိုးပမ်းကြရမည်သာ ဖြစ်ပါသည်။

**လေ့လာမှတ်သား ရှေ့နေကြီးများ**

လေ့လာမှတ်သားသော ရှေ့နေကြီးများအကြောင်း၊ စံပြုဖွယ်ရှေ့နေကြီးများအကြောင်း၊ ခေတ်အဆက်ဆက် ဂုဏ်သတင်း ကောင်းမွန်သော ဥပဒေပညာရှင်ကြီးများအကြောင်း ဆက်လက်စုစည်းတင်ပြသွားပါမည်။

**စေတနာ**

စာဖတ်ပျင်းသော မောင်ပျင်းရိက "ကျွန်တော်က စာဖတ်ပျင်းပေမယ့် ဆရာကြီးပြောတာ၊ သင်ပေးတာတွေကိုတော့ အလွတ်ရနေပါတယ်" ဟု ပြောလိုက်သောအခါ အံ့သြမိကြောင်း တွေးခေါ်မိသော ကျွန်တော်၏ စေတနာဥပဒေအတွေးမျှသာပါ...။ ။

**"စီရင်ထုံးတစ်ခုကို အခြားသော စီရင်ထုံးတစ်ခုက လွှမ်းမိုးပယ်ဖျက်ပြီးဖြစ်နေသလား။ အယူအဆကွဲလွဲပုံ သုံးသပ်ခြင်း၊ အထက်ရုံး အောက်ရုံးများ၏ သဘောထားအမြင်၊ ဘယ်နှစ်က ဘယ်စီရင်ထုံးကို ဘယ်နှစ်တွင် ပယ်ဖျက်လွှမ်းမိုးထားသည်။ စသည်များ သိထား၊ ဖတ်ထားမှုဖြစ်မည်။ လူငယ်ရှေ့နေအချင်းချင်း စာဖတ်ကြမှု၊ ဆွေးနွေးကြမှု၊ ဝေဖန်သုံးသပ်ကြမှု တိုးတက်ပေမည်။ ဖတ်ပြီး မေ့ပစ်၍ မရ။ မင်နီဖြင့် တားသင့်ကတား။ အသိမမှားအောင် သတိကြံဆောင်ရသည်"**

# နိုင်ငံတကာပြိုင်ပွဲများသို့ သွားရောက်ယှဉ်ပြိုင်ကြမည့် မြန်မာအားကစားအသင်းများအား ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန် တွေ့ဆုံ

ရန်ကုန် ဧပြီ ၃၀

**အပြည်ပြည်ဆိုင်ရာ အားကစားပြိုင်ပွဲများသို့ သွားရောက်ယှဉ်ပြိုင်ကြမည့် စက်ဘီး၊ မသန်စွမ်းနှင့် ရိုးရာလက်ဝှေ့အားကစားအသင်းများအား ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏပတ္တမြားခန်းမ၌ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်က တွေ့ဆုံအားပေးစကားပြောကြားသည်။**




တွေ့ဆုံပွဲတွင် အပြည်ပြည်ဆိုင်ရာ ဖိတ်ခေါ်ပြိုင်ပွဲများသို့ သွားရောက်ယှဉ်ပြိုင်ကြမည့် အားကစားအဖွဲ့ချုပ်များမှ တာဝန်ရှိပုဂ္ဂိုလ်များက ကြိုတင်ပြင်ဆင်လေ့ကျင့်မှုနှင့် ပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်နိုင်မှုများကို ရှင်းလင်းတင်ပြကြသည်။

**ကောင်းမွန်သောရလဒ်ဖြင့် ယှဉ်ပြိုင်စေလို**

ထို့နောက် မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ဒုတိယဥက္ကဋ္ဌက အမှာစကားပြောကြားရာတွင် ပြိုင်ပွဲဝင်အားကစားသမားများ၏ လိုအပ်ချက်များကို ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရေးအတွက် ဖြစ်ကြောင်း၊ အားကစားသမားများအနေဖြင့် လေ့ကျင့်ပြင်ဆင်ထားသည့် စံချိန်များထက်မနိမ့်ကျဘဲ ပိုမိုကောင်းမွန်သောရလဒ်ဖြင့် ယှဉ်ပြိုင်စေလိုကြောင်း၊ ပြိုင်ပွဲယှဉ်ပြိုင်ရာတွင် မိမိရရှိထားသည့် စံချိန်ထက် သာလွန်အောင် အကောင်းဆုံးယှဉ်ပြိုင်ရန် ပြောကြားပြီး ပြိုင်ပွဲဝင်အားကစားအဖွဲ့ဝင်များ၊ အုပ်ချုပ်သူနည်းပြများကို နှုတ်ဆက်အားပေးခဲ့သည်။

**သတင်းစဉ်**

# ရွှေ့ပြောင်းသွားလာနေထိုင်သူများ၏ ကျန်းမာရေးဆိုင်ရာလုပ်ငန်းများ ပူးပေါင်းညှိနှိုင်းဆောင်ရွက်ရေး အလုပ်အမှုဆောင်အဖွဲ့၏ တတိယကြိမ်မြောက် အစည်းအဝေးကျင်းပ

**နေပြည်တော် ဧပြီ ၃၀**




ရွှေ့ပြောင်းသွားလာနေထိုင်သူများ၏ ကျန်းမာရေးဆိုင်ရာလုပ်ငန်းများ ပူးပေါင်းညှိနှိုင်းဆောင်ရွက်ရေး အလုပ်အမှုဆောင်အဖွဲ့၏ တတိယအကြိမ်မြောက် အစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ M-Gallery Hotel ၌ ကျင်းပသည်။ **(ယာပုံ)**

အစည်းအဝေး၌ အမြဲတမ်းအတွင်းဝန် ဒေါက်တာသာထွန်းကျော်က အမှာစကားပြောကြားပြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူး (ရောဂါနှိမ်နင်းရေး)က Update on Progress of Migrant Health Agenda in Myanmar ၊ IOM Senior Migration Health Program Coordinator Dr. Patrick Almeida က Summary of Project Findings and Policy Recommendations ၊ ဒေါက်တာကျော်ဦး IOM Consultant က Finding of Census and MDHS data review and KII. Recommendation on Migrant Health Policy in Myanmar တို့ကို ရှင်းလင်းတင်ပြကြရာ တက်ရောက်လာကြသူများက ဝိုင်းဝန်းအကြံပြု ဆွေးနွေးကြကြောင်း သိရသည်။

**သတင်းစဉ်**

# (၃၀)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ရွက်လှေအားကစားနည်း ၁၀ မျိုး ဝင်ရောက်ယှဉ်ပြိုင်မည်

**ရန်ကုန် ဧပြီ ၃၀**

၂၀၁၉ ခုနှစ် မြန်မာနိုင်ငံ ရွက်လှေအဖွဲ့ချုပ်မှ ကြီးမှူးကျင်းပခဲ့သည့် အမျိုးသားတံခွန်စိုက်ရွက်လှေပြိုင်ပွဲ ဆုချီးမြှင့်ပွဲကို ဧပြီ ၂၇ ရက်က ရန်ကုန်မြို့အင်းလျားလမ်းရှိ ရန်ကုန်ရွက်လှေအသင်း အင်းလျားကန်၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ မြန်မာနိုင်ငံရွက်လှေအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးမိုးမြင့်က နိုဝင်ဘာ ၃၀ ရက်မှ ဒီဇင်ဘာ ၁၁ ရက်အထိ ဖိလစ်ပိုင်နိုင်ငံတွင် ကျင်းပပြုလုပ်မည့် (၃၀)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ရွက်လှေပြိုင်ပွဲအမျိုးအစား (၁၂)မျိုးအနက် (၁၀)မျိုး ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း၊ ဆုတံဆိပ်ရရှိရေးကို ဆောင်ရွက်လျက်ရှိပြီး ရည်မှန်းချက်အောင်မြင်ရေးအတွက် ရွက်လှေအားကစားသမားများ၏ အနီးကပ်ကြီးကြပ်သင်ကြားပေးနိုင်ရေး၊ ခေတ်မီနည်းစနစ်များဖြင့် လေ့ကျင့်နိုင်ရေးအတွက် ပြည်ပနည်းပြတစ်ဦးကို မတ်လမှ ဒီဇင်ဘာလအထိ ငှားရမ်းခေါ်ယူလေ့ကျင့်သင်ကြားပေးနိုင်ရေးကို စီစဉ်ဆောင်ရွက်ထားကြောင်း၊ လာမည့် SEA Games ပြိုင်ပွဲတွင် Surf အားကစားနည်းဖြင့် ဆုတံဆိပ်ရရှိနိုင်အောင် ကြိုးစားသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြိုင်ပွဲတွင် Optimist Class ပြိုင်ပွဲနှင့် Optimist Class ပြိုင်ပွဲ၌ ပထမတံခွန်စိုက်ဆုရ စည်သူဟိန်း (ISPE)၊ Laser Radial Class ပြိုင်ပွဲ၌ ပထမတံခွန်စိုက်ဆုရ နန္ဒထူး၊ Sharpie "B" Class ပြိုင်ပွဲ၌ ပထမတံခွန်စိုက်ဆုရ သန့်စင်ထက်နှင့် မင်းပြည့်သွေး အတွဲ၊ Sharpie "A" Class ပြိုင်ပွဲ၌ ပထမတံခွန်စိုက်ဆုရ မင်းသော်ကောင်းနှင့် ထွန်းထွန်းကျော်အတွဲ၊ Rater Class ပြိုင်ပွဲ၌ ပထမတံခွန်စိုက်ဖလားဆုရ အောင်မြင်သူနှင့် မင်းသူအတွဲတို့အား မြန်မာနိုင်ငံ ရွက်လှေအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးမိုးမြင့်နှင့် တာဝန်ရှိသူများက ဆုတံဆိပ်နှင့် တံခွန်စိုက်ဆုဖလားများ ချီးမြှင့်ပေးခဲ့ကြောင်း သိရသည်။

**အာကာစိုး**

# အောင်လအန်ဆန် World MMA Awards ဆုရရှိရန် ပရိသတ်များ၏ အွန်လိုင်းမှ မဲဆန္ဒပေးမှုအများဆုံးရရှိရန် လိုအပ်

**မိတ္ထီလာ ဧပြီ ၃၀**

ဘက်စုံကိုယ်ခံပညာသုံး MMA အားကစားသမားများတိုင်း ဂုဏ်ယူတန်ဖိုးထားရသည့် Fighters Only မဂ္ဂဇင်းက ချီးမြှင့်မည့် (၁၁)ကြိမ်မြောက် World MMA Awards ဆုစာရင်းတွင် ကချင်တိုင်းရင်းသား နာမည်ကြီးကစားသမား အောင်လအန်ဆန်မှာ ဆုနှစ်ခု၏ ဆုလျာထားစာရင်းတွင် ပါဝင်နေပြီး ၎င်းဆုရရှိရန် ပရိသတ်များ၏ အွန်လိုင်းမှ ဆန္ဒမဲပေးမှု အများဆုံးရရှိရန် လိုအပ်ကြောင်း သိရသည်။

"Fighters Only Magazine က ပြုလုပ်တဲ့ ဒီဆုပေးပွဲဟာ နိုင်ငံတကာမှာရှိတဲ့ MMA ပြိုင်ပွဲတွေထဲက ထူးချွန်တဲ့ ကစားသမားတွေကို ရွေးချယ်ထားတာဖြစ်ပြီး ဆုကိုတော့ ပရိသတ်ပေးတဲ့ ဆန္ဒမဲနဲ့ ရွေးချယ်တာ ဖြစ်ပါတယ်။ အဲဒါကြောင့် ကျွန်တော့်အမည်စာရင်းထည့်သွင်းလျာထားခံရတဲ့ ဆုတွေက ကမ္ဘာ့ဘောလုံးပြိုင်ပွဲတွေမှာ ရွှေဖိနပ်ဆုချီးမြှင့်သလိုမျိုး MMA ထူးချွန်ကစားသမားတွေအတွက် အလွန်တန်ဖိုးရှိတဲ့ ဆုတွေဖြစ်ပါတယ်။ အဲဒီ ရင်ခုန်စရာကောင်းတဲ့ ဆုစာရင်းမှာ ကျွန်တော့်ကို တစ်ကမ္ဘာလုံးက အထင်ကရ ဖိုက်တာတွေနဲ့ တစ်တန်းတည်းဖြစ်တဲ့ Charles Mask Lewis Fighter of the Year ဆုနဲ့ International Fighter of the Year ဆု တို့အတွက် လျာထားခံရပါတယ်။ ဒီဆုတွေက ပရိသတ်တွေ ရွေးချယ်မှုအပေါ်မှာပဲ မူတည်ပြီး ပေးအပ်တာမျိုး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ နိုင်ငံတကာ ပရိသတ်ကပေးမယ့် ဆန္ဒမဲထက် ကျွန်တော့်နိုင်ငံက ပရိသတ်တွေပေးမယ့် ဆန္ဒမဲတွေကို ပိုပြီးလိုလိုလားလား လက်ခံရယူချင်ပါတယ်။ ဒီဆုဟာ ကျွန်တော့်ကို နိုင်ငံတကာအလယ်မှာ ပိုမိုသိလာစေမယ့်အပြင် ကျွန်တော်တို့ မြန်မာနိုင်ငံကိုလည်း ပိုမို လူသိများလာစေမယ့် အခြေအနေဖြစ်ပါတယ်"ဟု အောင်လအန်ဆန်က ၎င်း၏ ကိုယ်ပိုင် ဖေ့ဘွတ်စာမျက်နှာမှ တစ်ဆင့် ၎င်း၏ပရိသတ်များကို ပြောကြားထားသည်။

အောင်လအန်ဆန်၏ ဆုနှစ်ဆုလျာထားခံရမှုအတွက် ဆုရရှိရန် Vote (ဆန္ဒမဲ)ပေးလိုသူများအနေဖြင့် https://www.worldmmaawards.com/vote လိပ်စာတွင် မိမိအမည်၊ အီးမေးလ်လိပ်စာနှင့် နိုင်ငံအမည် ထည့်သွင်းကာ မဲပေးနိုင်သည်။ ၎င်းစာမျက်နှာတွင် တခြား ကစားသမားများနှင့်အတူ ဖော်ပြထားသည့် အောင်လအန်ဆန်၏ ဓာတ်ပုံကို တစ်ချက်နှိပ်ရုံနှိပ်ပြီး စာမျက်နှာ အောက်ဆုံးနေရာတွင် ထားပေးထားသည့် အမည် ၊ အီးမေးလ်လိပ်စာနှင့် နိုင်ငံအမည် ဖြည့်ကာ Submit Vote နေရာအား နှိပ်ရုံဖြင့် အလွယ်တကူ ဆန္ဒမဲပေးနိုင်ကြောင်း သိရသည်။

**ချမ်းသာ(မိတ္ထီလာ)**

*❂ ကျောဖုံးမှ*

မြန်မာအသင်းသည် ပွဲထွက်လူစာရင်းကို အပြောင်းအလဲအချို့ပြုလုပ်ခဲ့ပြီး စန်းသော်သော်၊ နွယ်နီဝင်း၊ ဇွန်ယုယဉ်း၊ မြတ်နိုးခင်၊ ဖြူဖြူဝင်းတို့ဖြင့် ပွဲထွက်ခဲ့သည်။ မြန်မာအသင်းသည် ပွဲစကတည်းက တိုက်စစ်ဖွင့်ကစားသလို နီပေါအသင်းကလည်း အကောင်းဆုံးတုံ့ပြန်ကစားခဲ့သည်။ မြန်မာအသင်းသည် အခွင့်အရေးများရသော်လည်း အသုံးမချနိုင်၍ နီပေါအသင်းအတွက် အခွင့်အရေးဖြစ်ခဲ့ပြီး ၃၅ မိနစ်တွင် ပယ်နယ်တီကန်ခွင့်ရခဲ့သည်။ နီပေါတိုက်စစ်ကို ဟန့်တားခဲ့သည့် နောက်ခံလူ ဇွန်ယုယဉ်းကိုလည်း ကွင်းလယ်ဒိုင်က တိုက်ရိုက်အနီကတ်ဖြင့် ထုတ်ပယ်ခဲ့ပြီး ယင်းပယ်နယ်တီကို မာနီရှာက သွင်းယူခဲ့သည်။ မြန်မာအသင်းသည် ဂိုးပေးလိုက်ရသောကြောင့် တိုက်စစ်မြှင့်သော်လည်း တစ်ယောက်လျော့သွား၍ ရုန်းကန်ခဲ့ရသည်။ ဒုတိယပိုင်းအစတွင် မြန်မာအသင်း ချေပဂိုးရရန် တိုက်စစ်အားမြှင့်လာပြီး ၄၇ မိနစ်တွင် စန်းသော်သော်က ခေါင်းတိုက်ပြီး ဂိုးပြန်သွင်းခဲ့သည်။ ချေပဂိုးပြန်ရသွား၍ မြန်မာအသင်း ကစားပုံကောင်းလာပြီး ၅၃ မိနစ်တွင် ပယ်နယ်တီကန်ခွင့်ရခဲ့ပြီး ပုံ့ပုံ့ပြည့်မောင် ကန်သွင်းရာ တိုင်ထိထွက်ခဲ့၍ နစ်နာခဲ့ရသည်။

ယင်းနောက်ပိုင်းတွင် မြန်မာအသင်းကသာ ပွဲကိုဦးဆောင်နိုင်ခဲ့ပြီး ၆၈ မိနစ်တွင် မေဖူးကိုက အနိုင်ဂိုးသွင်းယူခဲ့သည်။ ခြေစစ်ပွဲအောင် မြန်မာအသင်းအား ပွဲအပြီးတွင် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်က ဂုဏ်ပြုနှုတ်ဆက်ခဲ့ပြီး မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် နာယက၊ KBZ Bank နာယက ဦးအောင်ကိုဝင်းက ငွေကျပ် သိန်း ၂၀၀၊ AYA Bank မိသားစုက ငွေကျပ် သိန်း ၂၀၀၊ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် အမျိုးသမီးဘောလုံး ကော်မတီဒုဥက္ကဋ္ဌ ဒေါ်ဌေးဌေးခိုင်က ငွေကျပ် သိန်း ၁၀၀ တို့ ပေးအပ်ချီးမြှင့်သည်။

ညနေ ၄ နာရီက ကျင်းပသည့် ပထမပွဲတွင် ဩစတြေးလျအသင်းက ဥဇဘက်ကစ္စတန်အသင်းကို လေးဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ ဩစတြေးလျအသင်းသည် ဂိုးပြတ်အနိုင်ရလဒ်နှင့်အတူ ရာနှုန်းပြည့်အနိုင်ရလဒ်ဖြင့် ခြေစစ်ပွဲအောင်မြင်ခဲ့သည်။ ဩစတြေးလျအသင်းအတွက် အနိုင်ဂိုးများကို မိနစ် ၄၀ တွင် ကော်နီခရော့စ်၊ ၄၈ မိနစ်တွင် ပရင့်ဆက်စ်၊ ၅၁ မိနစ်တွင် မေရီဖောင်လာ၊ ၈၇ မိနစ်တွင် ချယ်လ်ဆီးဘလီဆက်တို့က သွင်းယူပြီး ဥဇဘက်ကစ္စတန်အတွက် ချေပဂိုးတစ်ဂိုးကို ၇၇ မိနစ်တွင် ရှန်နိုဇာက သွင်းယူခဲ့သည်။ အုပ်စု(က)ပွဲစဉ်များအပြီးတွင် ကိုးမှတ်ရသည့် ဩစတြေးလျအသင်းနှင့် ခြောက်မှတ်ရသည့် မြန်မာအသင်းတို့ ခြေစစ်ပွဲအောင်မြင်ခဲ့ပြီး သုံးမှတ်ရသည့် ဥဇဘက်ကစ္စတန်နှင့် သုံးပွဲစလုံးရှုံးသည့် နီပေါအသင်းတို့မှာ ခြေစစ်ပွဲအဆင့်ဖြင့် ကျေနပ်ခဲ့ရသည်။

**ညီမြတ်သော်တာ**

# နိုင်ငံတကာဘောလုံးလောကသတင်းတိုများ

**ပီအက်စ်ဂျီအသင်း ဒီဂီယာအား ခေါ်ယူနိုင်ရန် မန်ယူအသင်းအား ကမ်းလှမ်းသွားဖွယ်ရှိ**

ပီအက်စ်ဂျီအသင်းသည် ပေါင်သန်း ၉၀ ဖြင့် ဒေးဗစ်ဒီဂီယာအား ခေါ်ယူနိုင်ရန်အတွက် မန်ယူအသင်းအား ကမ်းလှမ်းသွားဖွယ်ရှိကြောင်း အသက် ၂၈ နှစ်အရွယ် စပိန်ဂိုးသမားအား တစ်ပတ် ပေါင်လေးသိန်းခွဲဖြင့် ကမ်းလှမ်းသွားဖွယ်ရှိကြောင်း ဒေးလီးစတားတွင် ဖော်ပြထားသည်။

**ဝုဖ် လင်ဒီလော့ဖ်အား ခေါ်ယူရန် ပြန်လည်ကြိုးစားလာဖွယ်ရှိ**

ဝုဖ်အသင်းသည် ပြီးခဲ့သည့်နွေရာသီတွင် ခေါ်ယူရန်မအောင်မြင်ခဲ့သော မန်ယူအသင်းမှ ဆွီဒင်ခံစစ်ကစားသမား ဗစ်တာ လင်ဒီလော့ဖ် (၂၄နှစ်) အား နောက်တစ်ကြိမ် ခေါ်ယူရန် ပြန်လည်ကြိုးစားလာဖွယ်ရှိကြောင်း သတင်းများတွင် ဖော်ပြထားသည်။

**ရီးရဲမက်ဒရစ် အင်န်ဒွန်ဘီလီအား ခေါ်ယူနိုင်ရေး လိုင်ယွန်နှင့်ဆွေးနွေး**

ရီးရဲမက်ဒရစ်အသင်းသည် လီဂူးဝမ်းကလပ် လိုင်ယွန်အသင်းမှ အသက် ၂၂ နှစ်အရွယ် ပြင်သစ်ကွင်းလယ်ကစားသမား အင်န်ဒွန်ဘီလီအား ခေါ်ယူနိုင်ရေးအတွက် လိုင်ယွန်အသင်းနှင့် ကနဦးဆွေးနွေးမှုများပြုလုပ်လိုက်ကြောင်း အေအက်စ်ဒေ့ါကွန်းတွင် ဖော်ပြထားသည်။

**မန်ယူအသင်း ပီပီအား ခေါ်ယူရေးတွင် လီဗာပူးအသင်း အပြိုင်ပါဝင်လာ**

မန်ယူအသင်းသည် လိုင်လီအသင်းမှ အိုင်ဗရီကို့စ်တိုက်စစ်ကစားသမား နီကိုလပ်စ်ပီပီ (၂၃ နှစ်)အား ခေါ်ယူရေးတွင် လီဗာပူးအသင်းသည်လည်း အပြိုင်ပါဝင်လာခဲ့ကြောင်း ဗြိတိန်မီဒီယာများတွင် ဖော်ပြထားသည်။

**ဘင်နီတက်ဇ် အနာဂတ်နှင့်ပတ်သက်ပြီး ဆွေးနွေးသွားရန် ဆန္ဒရှိနေ**

နယူးကာဆယ်နည်းပြ ဘင်နီတက်ဇ်သည် အသင်း၌ ၎င်း၏ အနာဂတ်နှင့်ပတ်သက်ပြီး ယခုသီတင်းပတ်တွင် ဆွေးနွေးသွားရန် ဆန္ဒရှိနေကြောင်း၊ အဆိုပါ စပိန်လူမျိုးနည်းပြ၏ နယူးကာဆယ်အသင်းနှင့် စာချုပ်သက်တမ်းသည် နွေရာသီတွင် သက်တမ်းကုန်ဆုံးတော့မည်ဖြစ်ကြောင်း သတင်းများတွင် ဖော်ပြထားသည်။

**အောင်ဇော်**

# မန္တလေးမြို့ မဟာအောင်မြေမြို့နယ်တွင် အပူရှောင်စခန်းဖွင့်လှစ်ကာ ကျန်းမာရေးစောင့်ရှောက်မှုများ ပေးလျက်ရှိ



မဟာအောင်မြေမြို့နယ်၌ အပူရှောင်စခန်းတွင် ကျန်းမာရေးအသိ ဟောပြောနေစဉ်။

**မန္တလေး မေ ၃၀**

မန္တလေးမြို့ မဟာအောင်မြေမြို့နယ် မဟာအောင်မြေအရှေ့ရပ်ကွက် အကွက်အမှတ်(၅၁၇)၊ ၈၁လမ်း ၄၁လမ်းထောင့်ရှိ ဉာတိသင်္ဂဟ ဓမ္မာရုံ၌ သက်ကြီးရွယ်အို အဘိုးအဘွားများနှင့် ကလေးသူငယ်များ အပူဒဏ်ကြိုတင် ကာကွယ်ရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှု အပူရှောင်စခန်းကို ယနေ့ နံနက်မှ စတင်ဖွင့်လှစ်ကာ ကျန်းမာရေး စောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိသည်။

အဆိုပါ အပူဒဏ်ကြိုတင်ကာကွယ်ရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှု အပူရှောင်စခန်းတွင် ပန်ကာနှင့် လေအေးစက်များတပ်ဆင်ကာ သောက်ရေသန့်၊ ဓာတ်ဆားရေများ အရန်သင့်ထားရှိပေးသွားမည့်အပြင် ဆရာဝန်နှင့် သူနာပြုများလည်းထားရှိကာ ကျန်းမာရေးစောင့်ရှောက်မှုများလည်း ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

အပူရှောင်စခန်း ဖွင့်လှစ်ထားရာသို့ မန္တလေးတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာန တိုင်းဒေသကြီး ဒုတိယဦးစီးမှူး ဒေါက်တာသင်းသင်းနွယ်၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ ချောချောနိုင်တို့က လာရောက်ကြည့်ရှုစစ်ဆေးပြီး အပူဒဏ်ကာကွယ်နိုင်ရေးအတွက် အသိပညာပေး ဟောပြောခြင်းများ ဆောင်ရွက်ခဲ့သည်။

ယင်းအပူရှောင်စခန်းကို အပူချိန်မြင့်မားနေသည့် ကာလတစ်လျှောက် ဖွင့်လှစ်သွားမည်ဖြစ်ကာ အပူချိန်လျော့ကျပြီး ရာသီဥတုကောင်းမွန်မှ စခန်းပိတ်သိမ်းမည်ဖြစ်သည်။ အပူရှောင်စခန်းသို့ မည်သူမဆို လာရောက်နားနေနိုင်ပြီး ကျန်းမာရေးစောင့်ရှောက်မှုများ ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ထွန်းထွန်းနိုင်**

## ကြိုတင်ကာကွယ် အပူဒဏ်အန္တရာယ်

**လိုက်နာဆောင်ရွက်ရန်အချက်များ**

- ❖ အရိပ်ရ၍ အေးမြသောနေရာများတွင်သာ နေပါ။
- ❖ မိမိ၏အသားကို နေရောင်ခြည်နှင့် တိုက်ရိုက်မထိတွေ့စေရန် လက်၊ လည်ပင်းနှင့် ပခုံးတို့ကိုပါ လုံခြုံသောအရောင်ဖျော့သည့် ပွပွချောင်ချောင် ချည်ထည်များကို ဝတ်ဆင်ပါ။
- ❖ နေ့ခင်းနေ့လယ်အပြင်သွားပါက ထီး၊ ဦးထုပ်ဆောင်းပါ။ နေကာမျက်မှန် တပ်ဆင်ပါ။
- ❖ ရေများများသောက်ပါ။

**ရှောင်ကြဉ်ရန်အချက်များ**

- ❂ နံနက်(၁၀)နာရီမှ ညနေ(၄)နာရီအတွင်း နေရောင်ခြည်နှင့်တိုက်ရိုက် ထိတွေ့ခြင်းကို တတ်နိုင်သမျှရှောင်ကြဉ်ပါ။
- ❂ ပူပြင်းသည့်နေရောင်အောက်တွင် အလုပ်လုပ်ခြင်းနှင့် ကိုယ်လက်လှုပ်ရှားမှုပြုလုပ်ခြင်းကို တတ်နိုင်သမျှရှောင်ကြဉ်ပါ။
- ❂ နေပူထဲမှပြန်လာပြီး ချက်ချင်းရေချိုးခြင်းကို ရှောင်ကြဉ်ပါ။
- ❂ ပူပြင်းသောနေရောင်အောက်မှ အလွန်အေးသောအခန်းနှင့် ကားအတွင်းသို့ ချက်ချင်း ဝင်ရောက်ခြင်း၊ အလွန်အေးသောအခန်းနှင့်ကားအတွင်းမှ ပူပြင်းသောနေရောင်ထဲသို့ ချက်ချင်းထွက်ခြင်းတို့ကို ရှောင်ကြဉ်ပါ။
- ❂ အရက်သေစာသောက်စားခြင်းကိုရှောင်ကြဉ်ပါ။

**အပူဒဏ်အန္တရာယ်အထူးသတိပြုရမည့်သူများ**

- ❋ သက်ကြီးဘိုးဘွားများနှင့် ကလေးသူငယ်များ၊ ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ
- ❋ နာတာရှည်ရောဂါရှိသူများ(ဆီးချို၊ နှလုံး၊ သွေးတိုးရောဂါ၊ စိတ်ကျန်းမာရေးချို့ယွင်းသူများ)
- ❋ ကာယလုပ်သားများ၊ အားကစားသမားများ၊ ဝလွန်းသူများ
- ❋ အရက်စွဲသောသူများ၊ မူးယစ်ဆေးသုံးစွဲသူများ

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

## ဖာပွန်၌ သုံးကောခန့်ရှိ အမှိုက်စွန့်ပစ်ကန်တူးဖော်

**ဖာပွန် မေ ၃၀**

ဖာပွန်မြို့နယ် မဲသလွတ်ကျေးရွာရှိ တောရိုင်းမြေရေယာ သုံးကောခန့်အတွင်း မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ အမှိုက်စွန့်ပစ်ကန် တူးဖော်လျက်ရှိသည်။

ခေတ္တခရိုင်အုပ်ချုပ်ရေးမှူး ဦးမျိုးအောင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးချမ်းငြိမ်းအေး၊ ခရိုင်လမ်းဦးစီးဌာန ဦးစီးမှူးနှင့် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိတို့က ယနေ့နံနက်တွင် စကော်ပီယန်စက်ဖြင့် အမှိုက်စွန့်ပစ်ကန်တူးဖော်ခြင်းလုပ်ငန်း ဆောင်ရွက်ခြင်းကို ကြည့်ရှုခဲ့ပြီး ခေတ္တခရိုင်အုပ်ချုပ်ရေးမှူးက မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အငယ်တန်းအင်ဂျင်နီယာ(၂) ဒေါ်လွဲ့လွဲ့မွန်အား လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# သောက်သုံးရေပြတ်လပ်သည့် ကျေးရွာများသို့ သောက်သုံးရေများ လှူဒါန်း

### ဇီးကုန်း

ပဲခူးတိုင်းဒေသကြီး ဇီးကုန်းမြို့နယ်မီးသတ်တပ်ဖွဲ့မှ ဒုတိယဦးစီးမှူး သက်လွင်ဦးဆောင်သော မီးသတ်တပ်ဖွဲ့ဝင်များသည် မေ ၂၉ ရက်က သောက်သုံးရေရှားပါးသော အေးသိဒ္ဓိကျေးရွာသို့သွားရောက်၍ ရေဂါလန် ၈၀၀ လှူဒါန်းပေးခဲ့ကြောင်း သိရသည်။ ယခုအကြိမ်လှူဒါန်းခြင်းမှာ တတိယအကြိမ်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

### ကျောက်ကြီး

ပဲခူးတိုင်းဒေသကြီး ကျောက်ကြီးမြို့နယ် သိမ်တန်းရပ်ကွက်၌ မေ ၃၀ ရက်က သောက်ရေ သုံးရေပြတ်လပ်နေသည့် အိမ်ထောင်စုဝင်များအတွက် မြို့ပေါ်အလှူရှင်များ ပေါင်းစုပြီး ရေရရှိရေးဆောင်ရွက်ပေးသည်။

ကျောက်ကြီးမြို့နယ်အတွင်းရှိ ရပ်ကွက်အချို့မှ အိမ်ထောင်စု ၂၅၀၊ လူဦးရေ ၈၀၀ တို့သည် နွေရာသီတွင် ရေပြတ်လပ်မှုနှင့် နှစ်တိုင်းကြုံတွေ့နေရကာ အပူချိန်မြင့်တက်မှုကြောင့် သောက်ရေ သုံးရေ ပြတ်လပ်မှုများ အခက်အခဲကြုံတွေ့နေရပြီး ရေပြတ်လပ်သည့်နေရာများ၌ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ရေတွင်းများရှိသော်လည်း ယခုနှစ် အပူချိန်ကြောင့် ရေများ ခန်းခြောက်သွားသဖြင့် မြို့ပေါ်စေတနာရှင်များ စုပေါင်းပြီး ရေရရှိရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကိုသားကြီး(ကျောက်ကြီး)**

### ကန်ကြီးထောင့်

ဧရာဝတီတိုင်းဒေသကြီး ကန်ကြီးထောင့်မြို့နယ် ကျိုက်လတ်ကျေးရွာ၌ နွေရာသီကာလအတွင်း ပြည်သူများသောက်သုံးရေအခက်အခဲများမဖြစ်ပေါ်စေရေးနှင့် သန့်ရှင်းသော သောက်သုံးရေရရှိစေရေးတို့အတွက် မေ ၂၉ ရက်က တိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဌာနပိုင်ရွှေ့လျားရေသန့်စင်ယာဉ်ဖြင့် ကျိုက်လတ် ကျေးရွာမြစ်ထဲမှ ရေများကိုစုပ်ယူသန့်စင်ကာ ပြည်သူများအား သောက်သုံးရေများ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

အဆိုပါ ရေသန့်ဖြန့်ဝေပေးခြင်းသို့ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန (ရုံးချုပ်) မှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမောင်ဝင်း၊ တိုင်းဒေသကြီး ညွှန်ကြားရေးမှူး ဦးနေထက်ရှိန် ဦးဆောင်သောအဖွဲ့နှင့် တာဝန်ရှိသူများ ကွင်းဆင်းကြည့်ရှုခဲ့ကြပြီး လိုအပ်သည်များကို မှာကြားခဲ့သည်။ ဆက်လက်၍ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ရန်ပုံငွေဖြင့် ဆောင်ရွက် ပြီးစီးသွားသော ရွာတွင်းကွန်ကရစ်လမ်းကိုလည်း ကြည့်ရှုစစ်ဆေးခဲ့ကြကြောင်း သိရသည်။

**နန်းထိုက်(KGD)**



ကျိုက်လတ်ကျေးရွာ၌ ရေသန့်စင်စက်ဖြင့် ရေဖြန့်ဝေပေးနေစဉ်။



ဆူးပန်းအင်းကျေးရွာ၌ ရေဖြန့်ဝေပေးနေစဉ်။

### ကလော

ရှမ်းပြည်နယ်တောင်ပိုင်း ကလောမြို့နယ်တွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ကူညီထောက်ပံ့မှုဖြင့် ကလောမြို့နယ်အတွင်းရှိ နွေရာသီရေရှားပါးသည့် ဘော်နင်းကျေးရွာအုပ်စု ဆူးပန်းအင်းကျေးရွာတွင် သောက်သုံးရေရရှိစေရေး မေ ၂၉ ရက်က သောက်သုံးရေဂါလန် ၃၆၀၀ ကို လှူဒါန်းသည်။

ထိုသို့ သောက်သုံးရေများလှူဒါန်းရာတွင် ကလောမြို့နယ် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးခင်မင်းနှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့် တာဝန်ရှိသူများက ဘော်နင်းကျေးရွာအုပ်စု ဆူးပန်းအင်းကျေးရွာမှ အိမ်ထောင်စု ၁၄၅ စုအတွက် သောက်သုံးရေဂါလန် ၃၆၀၀ ကို အကျိုးရှိစွာဖြင့် လိုအပ်သလို သုံးစွဲနိုင်ရေးအတွက် ရေသယ်ယာဉ်များဖြင့် သယ်ဆောင်၍ စနစ်တကျ ခွဲဝေလှူဒါန်းပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

### မြို့သစ်

မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူးနှင့် ဝန်ထမ်းများသည် နွေရာသီပူပြင်းခြောက်သွေ့ပြီး သောက်သုံးရေပြတ်လပ်မှု ကြုံတွေ့နေရသည့် မြို့သစ်မြို့နယ် တယ်ပင်စမ်းကျေးရွာအုပ်စု ပိုင်းတန်းကြီး(တဲတိုက်)တွင် သောက်သုံးရေပြတ်လပ်မှု ကြုံတွေ့နေရသဖြင့် သောက်သုံးရေများပြတ်လပ်မှုမရှိစေရေး ရေဂါလန် ၁၀၀၀ ကို မေ ၂၉ ရက်က သွားရောက်လှူဒါန်းသည်။

မြို့သစ်မြို့နယ် တယ်ပင်စမ်းကျေးရွာအုပ်စု ပိုင်းတန်းကြီး(တဲတိုက်)တွင် အိမ်ခြေ ၂၁ အိမ်၊ လူဦးရေ ၁၀၅ ဦးနေထိုင်လျက်ရှိကြောင်း သိရသည်။

**သန်းဝင်းထွန်း(မြို့သစ်)**

### အိမ်မဲ

ဧရာဝတီတိုင်းဒေသကြီး အိမ်မဲမြို့ တမံကြီးကျေးရွာအုပ်စု ဝါးတောကျေးရွာတွင် သောက်သုံးရေရှားပါးသည့်အတွက် သောက်သုံးရေများ ကျေးရွာအရောက် လှူဒါန်းပေးခြင်းကို မေ ၂၉ ရက်က ဆောင်ရွက်ခဲ့သည်။

မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ရေသန့် လီတာ ၂၀ ဘူး ၁၂၀၊ မြို့နယ်မီးသတ်ဦးစီးဌာနက သောက်သုံးရေ ဂါလန် ၈၀၀ ကိုလှူဒါန်းပေးခဲ့ပြီး အဆိုပါကျေးရွာရှိ သောက်သုံးရေလာရောက်၍ယူကြသော သက်ကြီးရွယ်အိုများကို ပူးပေါင်းအဖွဲ့က အိမ်တိုင်ရာရောက် ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါကျေးရွာတွင် အိမ်ထောင်စု ၁၀၀ကျော် လူဦးရေ ၂၀၀ကျော်ရှိပြီး ယခုလို ပူပြင်းခြောက်သွေ့သော နွေရာသီရောက်သည့်အခါ ရွာထိပ်တွင်တူးထားသော ရေတွင်းမှာ အဝါရောင်သို့ ပြောင်းသွားပြီး သောက်သုံး၍မရကြောင်း သိရသည်။

“ကျွန်တော်တို့ကျေးရွာမှာ အဝီစိတွင်းတွေ တူးကြပါတယ်။ ပေ ၅၀ လောက်ရောက်ရင် ရေကနံသွားပြီး ပေ ၂၀၀ အောက်ရောက်တဲ့အခါ ရေကင်န်သွားပါတယ်။

“မိုးတွင်းအခါ သောက်သုံးရေမရှားပေမယ့် ယခုလိုနွေရာသီရောက်တဲ့အခါ သောက်သုံးရေ အင်မတန်ရှားပါတယ်။ ယခုလို မြို့နယ်၊ ဌာနဆိုင်ရာတွေ ပူးပေါင်းပြီး ရေလာလှူပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်”ဟု ရွာသားတစ်ဦးက ပြောသည်။ **ချစ်သက်လယ် (အိမ်မဲ)**

# အမှောင်ကမ္ဘာမှာ အလင်းရဖို့ မျက်ကြည်လွှာလှူဒါန်းကြပါစို့

**ဖေနှင်းငွေ**

**မျက်စိအဆုံး၊ နားအရှုံးဟူသော မြန်မာစကားတစ်ခု ရှိပါသည်။ လူတစ်ယောက်သည် အကြားအာရုံ ချို့ယွင်းသွားလျှင် လူဖြစ်ရှုံးသည်နှင့်တူသည်။ အမြင်အာရုံ ချို့ယွင်းသွားလျှင် ဘဝတစ်ခုလုံး ဆုံးသည်နှင့် တူပါသည်။ လူတစ်ယောက်၏အမြင်အာရုံကို ထိခိုက်စေနိုင်သော အကြောင်းရင်းများစွာ ရှိပါသည်။**




တချို့က မွေးရာပါရောဂါများကြောင့် အမြင်အာရုံ ချို့ယွင်း နေကြပါသည်။ တချို့က လူ့လောကထဲရောက်ပြီးခါမှ အကြောင်းအမျိုးမျိုးကြောင့် အမြင်အာရုံ ကွယ်ပျောက်သွားတတ်ကြပါသည်။ ထိုအထဲကမှ မျက်ကြည်လွှာဟုခေါ်သော အမြင်အာရုံကောင်းမွန်စေရန် အကူအညီပေးသည့် တစ်သျှူး (အင်္ဂါ) တစ်ခုထိခိုက်ပျက်စီးခြင်းကြောင့် မျက်စိကွယ်ပြီး အလင်းရောင်ပျောက်ကာ အမှောင်ကမ္ဘာထဲ ရောက်နေကြရသည့် မျက်စိဝေဒနာရှင်များစွာ ရှိကြပါသည်။

**မျက်ကြည်လွှာဆိုသည်မှာ**

မျက်ကြည်လွှာဆိုသည်မှာ မျက်လုံးကို ဖုံးအုပ်ထားသည့် တစ်သျှူးတစ်ခုဖြစ်ပါသည်။ မျက်လုံးအတွင်းသို့ ဝင်ရောက်လာသောအလင်းရောင်သည် မျက်ကြည်လွှာကို ပထမဆုံးဖြတ်သန်းရပါသည်။ ထိုမှတစ်ဆင့် သူငယ်အိမ်၊ မှန်ဘီးလူးတို့ကို ဖြတ်၍ အမြင်လွှာပေါ်သို့ကျပြီး အရာဝတ္ထုများကို မြင်ရခြင်းဖြစ်ပါသည်။ မျက်ကြည်လွှာသည် မျက်လုံး၏ရှေ့၌ ခုံးနေသည့် ပုံစံအဖြစ်နှင့် တည်ရှိနေပါသည်။

အဆိုပါ မျက်ကြည်လွှာသည် ပြင်ပအရာဝတ္ထုတစ်ခုခုနှင့်ထိမိ၊ ခြစ်မိ၍ ထိခိုက်ဒဏ်ရာရသွား၍သော်လည်းကောင်း၊ ရောဂါတစ်ခုခုကြောင့်သော်လည်းကောင်း၊ အက်ဆစ် စသည့် ဓာတုပစ္စည်းများနှင့် ထိခိုက်မိ၍သော်လည်းကောင်း၊ မျက်စိအတွင်းသို့ ဖုန်မှုန့်၊ သဲမှုန့်၊ စူးချွန်၊ ပိုးကောင် ၊ မှန်စ ၊ မိတ်ကပ်နှင့် လက်သည်းအပိုင်းအစတို့ ဝင်ရောက်မိ၍သော်လည်းကောင်း၊ ကလေးသူငယ်များ၌ အာဟာရချို့တဲ့၍သော်လည်းကောင်း စသည့်အခြေအနေ အကြောင်းအမျိုးမျိုးတို့ကြောင့် မွေးရာပါမျက်ကြည်လွှာပျက်စီး၍ အမြင်အာရုံ ချို့တဲ့သွားတတ်ပါသည်။ ထိုကဲ့သို့သော အခြေအနေမျိုးအား ဆေးပညာတွင် မျက်ကြည်လွှာကန်းခြင်း (Corneal Blindness) ဟု ခေါ်ပါသည်။

**အစားထိုးကုသခြင်းဖြင့် မျက်စိပြန်မြင်နိုင်**

အကယ်၍ လူတစ်ဦး၏ မျက်ကြည်လွှာသည် ပျက်စီးသွား၍ အမြင်အာရုံချို့ယွင်းသွားပါက ကွယ်လွန်သူတစ်ဦးဦးမှ လှူဒါန်းခဲ့သည့် မျက်ကြည်လွှာနှင့်သာ အစားထိုး၍ ကုသရပါသည်။ အခြားမည်သည့် အရာနှင့်မှ အစားထိုးကုသ၍ မရနိုင်သေးပါ။ မျက်ကြည်လွှာအစားထိုးကုသခြင်းဆိုသည်မှာ မျက်ကြည်လွှာ၏ ထိခိုက်ပျက်စီးသွားသည့် အစိတ်အပိုင်းအား အလှူရှင်ဆီက ရရှိသည့် မျက်ကြည်လွှာအဟောင်းနှင့် အစားထိုးလဲလှယ်ခြင်းဖြစ်ပါသည်။ ပုံမှန်အားဖြင့် ကုသမှု၏ ၉၀ ရာခိုင်နှုန်းသည် အောင်မြင်၍ မျက်စိပြန်မြင်ကြပါသည်။ မည်သည့် အသက်အရွယ်၌မဆို မျက်ကြည်လွှာ အစားထိုးကုသ၍ ရနိုင်ပါသည်။ သို့သော် လိုအပ်သည့် မျက်ကြည်လွှာအတွက် လှူဒါန်းပေးမည့် အလှူရှင်ရှိရန် လိုအပ်ပါသည်။

မျက်ကြည်လွှာလှူဒါန်းရာတွင် ကွယ်လွန်သူ၏ မျက်စိတစ်လုံးလုံးကို ထုတ်ယူခြင်း မဟုတ်ပါ။ နာရီမှန်ကဲ့သို့သော အပေါ်ယံမျက်ကြည်လွှာကိုသာ ထုတ်ယူခြင်းဖြစ်ပါသည်။ ထို့ကြောင့် ကွယ်လွန်သူ၏ မျက်နှာပုံသဏ္ဌာန်ပျက်စီးခြင်း၊ မျက်လုံးဟောက်ပက် ဖြစ်ခြင်းတို့ မရှိပါ။ လှူဒါန်းသူ သေဆုံးပြီးနောက် ၄ နာရီအတွင်း မျက်ကြည်လွှာကို ထုတ်ယူရပါသည်။ မျက်ကြည်လွှာ ထုတ်ယူချိန်မှာ မိနစ် ၃၀ ခန့်သာကြာ၍ ထုတ်ယူပြီးလျှင် သေဆုံးသူ၏ မျက်စိပုံစံမပျက်စေရန် ပလတ်စတစ်မျက်လုံးပုံစံ ကတ်ပြားကိုသေချာအုပ်၍ စနစ်တကျပြန်လုပ်ပေးပါသည်။ မျက်ကြည်လွှာကို ဘာသာမရွေး၊ လူမျိုးမရွေး၊ အယုတ်အလတ်အမြတ်မရွေး၊ မျက်စိအတွင်းတိမ်ရှိသူ၊ မျက်မှန်တပ်သူ၊ ဆီးချိုရောဂါရှိသူ၊ သွေးတိုးရောဂါရှိသူ၊ အသက် ၇၅ နှစ်အောက်ရှိသူအားလုံး လှူဒါန်းနိုင်ပါသည်။

**“ကွယ်လွန်သူတစ်ဦးသည် မျက်ကြည်လွှာတစ်စုံ လှူဒါန်းပေးခဲ့ပါက အခြားမျက်စိမမြင်သူနှစ်ဦး၏ဘဝကို အမြင်အာရုံ ပြန်လည်ရရှိစေနိုင်မှာ ဖြစ်ပါသည်။ လူ့လောကထဲတွင် စိတ်ချမ်းသာစွာဖြင့် ဆက်လက်နေထိုင်သွားနိုင်မှာဖြစ်သည်။ ထို့အပြင် ကွယ်လွန်သူက မျက်ကြည်လွှာလှူဒါန်းရန် ဆန္ဒမပြုခဲ့သော်လည်း ကျန်ရစ်သူမိသားစု၊ ညီအစ်ကိုမောင်နှမ၊ ဇနီး ခင်ပွန်း၊ သားသမီးတို့က သဒ္ဓါပေါက်ပါက လှူဒါန်းပေး၍ရနိုင်ပါသည်။ ကြိုတင်လှူဒါန်းထားသူတစ်ဦး ကွယ်လွန်သွားပါက ကျန်ရစ်သူမိသားစုများမှ မျက်စိဘဏ်သို့ အချိန်မီအကြောင်း ကြားပေးခြင်းဖြင့်လည်း ပူးပေါင်းပါဝင်ကုသိုလ် ယူထိုက်ပါသည်”**

မြန်မာနိုင်ငံတွင် မျက်ကြည်လွှာ လှူဒါန်း၍ရသော အမျိုးသားမျက်စိဘဏ်နှစ်ခု ရှိပါသည်။ အဆိုပါ မျက်စိဘဏ်များမှာ ၁၉၉၃ ခုနှစ်တွင် ဖွင့်လှစ်ခဲ့သော အမျိုးသားမျက်စိဘဏ် (ရန်ကုန်) နှင့် ၁၉၉၉ ခုနှစ်တွင်ဖွင့်လှစ်ခဲ့သော အမျိုးသားမျက်စိဘဏ် (မန္တလေး)တို့ဖြစ်သည်။ မျက်စိဘဏ်များသည် မျက်ကြည်လွှာစုဆောင်းခြင်းကို ဆေးရုံကြီးများ၌ သေဆုံးသူများ၏ မိသားစုဝင်များထံမှ အလှူခံ၍ အဓိကရယူသည့်အပြင် မျက်ကြည်လွှာအလှူရှင်များ သေဆုံးသွားသည့်အခါ ကျန်ရစ်သူမိသားစုများက အချိန်မီအကြောင်းကြားပေးသည့် နည်းလမ်းတို့ဖြင့် ရယူစုဆောင်းကြပါသည်။ မျက်စိဘဏ်များမှ ရရှိသည့် မျက်ကြည်လွှာများအား တစ်နိုင်ငံလုံးတွင်ရှိသော မျက်ကြည်လွှာရောဂါဝေဒနာရှင်များကို ကူညီ၍ကုသပေးလျက်ရှိပါသည်။

**မျက်ကြည်လွှာလှူဒါန်းမှု နည်းပါးနေသေး**

သေဆုံးသူထံမှ မျက်ကြည်လွှာရယူရာတွင် ဦးစွာသေဆုံးသူ၏ ဆေးကုသမှုမှတ်တမ်းကိုကြည့်၍ ခုခံအားကျဆင်းမှုရောဂါ၊ ကာလသားရောဂါ၊ အသည်းရောင်အသားဝါဘီပိုး၊ စီပိုး၊ အသည်းကင်ဆာနှင့် သွေးကင်ဆာရောဂါများ ရှိ မရှိကို စစ်ဆေးပြီး မရှိသည့်အခါမှ ၎င်း၏မိသားစုဝင်များထံမှ အလှူခံရခြင်း ဖြစ်ပါသည်။ သို့ရာတွင် လူနာရှင်မိသားစုဝင်များမှာ မျက်ကြည်လွှာ လှူဒါန်းနိုင်ခြင်းကို မသိကြခြင်း၊ ငယ်ရွယ်သည့်သားသမီးများ သေဆုံးသည့်အခါ မိဘများက ယူကျုံးမရဖြစ်၍ မျက်ကြည်လွှာ လှူဒါန်းမှုမရှိခြင်း၊ မျက်ကြည်လွှာထုတ်ယူပါက မျက်လုံးပုံပျက်သွားမည်ဟု ထင်မှတ်နေခြင်းနှင့် လှူဒါန်းပါက နောက်ဘဝတွင် မျက်လုံးအင်္ဂါ ချို့ယွင်းနေမည်ဟု စသည့်လွဲမှားသည့်အယူအဆများကြောင့် မျက်ကြည်လွှာအလှူခံရရှိမှုမှာ နည်းပါးလျက်ရှိနေပါသည်။

ထို့အပြင် မျက်စိဘဏ်များသို့ မသေဆုံးမီ ဆန္ဒပြု မျက်ကြည်လွှာ လာရောက်လှူဒါန်းခဲ့ကြသူများအနေဖြင့် လှူဒါန်းသည့်ကတ်ပြားကို ထင်သာမြင်သာရှိသည့်နေရာတွင် မထားခြင်း၊ ပျောက်ဆုံးပျက်စီးသွားခြင်းနှင့် ၎င်းတို့သေဆုံးသွားသည့် အခါတွင်လည်း ကျန်ရစ်သူမိသားစုဝင်များက မျက်စိဘဏ်များသို့ မဆက်သွယ်ပေးခြင်းတို့ကြောင့် မျက်ကြည်လွှာရရှိမှုတွင် အခက်အခဲများ ရှိနေပါသည်။

အဆိုပါအခက်အခဲများကြောင့် မျက်စိဘဏ်များတွင် လစဉ်ရရှိသည့် မျက်ကြည်လွှာအရေအတွက်သည် ကုသပေးရမည့် မျက်စိဝေဒနာရှင်အရေအတွက်နှင့် နှိုင်းယှဉ်လျှင် လွန်စွာနည်းပါး၍ နေပါသည်။ ကုသ၍ ပျောက်ကင်းနိုင်ပါသော်လည်း လိုအပ်သည့် မျက်ကြည်လွှာအရေအတွက် လုံလောက်စွာမရရှိခြင်းတို့ကြောင့် အမှောင်ထဲတွင် စမ်းတဝါးဝါးနှင့် (waiting list ) မျက်ကြည်လွှာ ဝေဒနာရှင်များစွာ စောင့်ဆိုင်းနေကြရပါသည်။

**မျက်ကြည်လွှာတစ်စုံမှလူနှစ်ဦး၏ အမြင်အာရုံကို ကူညီပေးနိုင်**

ကွယ်လွန်သူတစ်ဦးသည် မျက်ကြည်လွှာတစ်စုံ လှူဒါန်းပေးခဲ့ပါက အခြားမျက်စိမမြင်သူ နှစ်ဦး၏ဘဝကို အမြင်အာရုံ ပြန်လည်ရရှိစေနိုင်မှာ ဖြစ်ပါသည်။ လူ့လောကထဲတွင် စိတ်ချမ်းသာစွာဖြင့် ဆက်လက်နေထိုင်သွားနိုင်မှာဖြစ်သည်။ ထို့အပြင် ကွယ်လွန်သူက မျက်ကြည်လွှာလှူဒါန်းရန် ဆန္ဒမပြုခဲ့သော်လည်း ကျန်ရစ်သူမိသားစု ညီအစ်ကိုမောင်နှမ၊ ဇနီး ခင်ပွန်း၊ သားသမီးတို့က သဒ္ဓါပေါက်ပါက လှူဒါန်းပေး၍ရနိုင်ပါသည်။ ကြိုတင်လှူဒါန်းထားသူတစ်ဦး ကွယ်လွန်သွားပါက ကျန်ရစ်သူမိသားစုများမှ မျက်စိဘဏ်သို့ အချိန်မီအကြောင်း ကြားပေးခြင်းဖြင့်လည်း ပူးပေါင်းပါဝင်ကုသိုလ် ယူထိုက်ပါသည်။

ထို့ကြောင့် မျက်ကြည်လွှာလှူဒါန်းမှု တိုးလာစေရန်အတွက် ပြည်သူလူထုအတွင်း၌ ပညာပေးစည်းရုံးသည့် လုပ်ငန်းများကို ပိုမိုလုပ်ဆောင်ပေးရန်နှင့် မျက်ကြည်လွှာလှူဒါန်းမှုနှင့် ပတ်သက်၍ လွဲမှားနေသည့်အယူသီးမှုများကို ချေဖျက်ပေးရန် လိုအပ်ပါသည်။ ထို့အပြင် ပညာပေးစည်းရုံးသည့်လုပ်ငန်းများကိုလည်း နေ့စဉ်ထုတ်သတင်းစာများ၊ ရုပ်မြင်သံကြား အစီအစဉ်များ၊ ဆိုရှယ်မီဒီယာများ၊ အနုပညာရှင်များကလည်း ပူးပေါင်းပါဝင် အားပေးသင့်ပါသည်။ စည်းရုံးရာတွင်လည်း လှူဒါန်းသူအများစုမှာ လူငယ်ပိုင်းများဖြစ်၍ မျက်ကြည်လွှာရရှိရန် အချိန်အတော်ကြာ စောင့်ဆိုင်းရမည်ဖြစ်သောကြောင့် အသက်အရွယ်ကြီး ပုဂ္ဂိုလ်များကို အဓိကထား၍ စည်းရုံးသင့်ပါသည်။

**အလွန်မွန်မြတ်သော အလှူဒါန**

သို့ဖြစ်ပါသောကြောင့် မိမိပတ်ဝန်းကျင်ရှိ အသိမိတ်ဆွေ၊ ဆွေမျိုးသားချင်းများထဲမှ သေဆုံးသွားသူများရှိပါက ကျန်ရစ်သူမိသားစုများကို မျက်ကြည်လွှာလှူဒါန်းရန် တိုက်တွန်းပေးခြင်းဖြင့် ကုသိုလ်ကောင်းမှု ရယူနိုင်ပါသည်။ မျက်ကြည်လွှာလှူဒါန်းခြင်းသည် ကွယ်လွန်သူအတွက် အထမြောက်သော အလှူဒါနတစ်ခု ဖြစ်ပါသည်။ စောစောလှူက စောစော ကုသိုလ်ရပါသည်။ ထို့အပြင် ကွယ်လွန်ပြီးနောက် မြေမြှုပ်၊ မီးရှို့၍ အလဟဿပျက်စီးသွားမည့် မိမိ၏မျက်ကြည်လွှာတစ်စုံနှင့် လူ့လောကတွင် အသက်ရှင်ကျန်ရစ်နေဦးမည့် အမှောင်ကမ္ဘာထဲက လူသားတို့အတွက် အလင်းရောင်များ လက်ဆင့်ကမ်းပေးသွားနိုင်သော အလွန်မွန်မြတ်သည့် အလှူဒါနတစ်ခု ဖြစ်ပါပေတော့သည်။ ။

---

# ဘူးသီးတောင်မြို့၌ နေရပ်စွန့်ခွာသူများအား တတိယအကြိမ်ဆန်ရိက္ခာများ ထောက်ပံ့

**ဘူးသီးတောင် ဧပြီ ၃၀**

ရခိုင်ပြည်နယ် မောင်တောခရိုင် ဘူးသီးတောင်မြို့နယ် စေတီတောင်ကျေးရွာ စာသင်ကျောင်း၌ နေရပ်စွန့်ခွာသူများအား ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ စားနပ်ရိက္ခာများကို ယမန်နေ့က ထောက်ပံ့ပေးအပ်ခဲ့သည်။

အဆိုပါထောက်ပံ့စားနပ်ရိက္ခာပေးအပ်ခြင်းကို မြို့နယ်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ဦးစီးမှူး ဦးစည်သူလွင် ဦးစီး၍ ပေးအပ်ခဲ့ရာ နေရပ်စွန့်ခွာသူများက လက်ခံယူခဲ့ကြောင်း သိရသည်။

ထိုကဲ့သို့ နေရပ်စွန့်ခွာသူများ စားနပ်ရိက္ခာထောက်ပံ့ပေးခြင်းမှာ ယခုအကြိမ်နှင့်ဆိုလျှင် တတိယအကြိမ်မြောက်ဖြစ်ကြောင်း သိရသည်။

နေရပ်စွန့်ခွာသူများမှာ အိမ်ထောင်စု ၄၇၉ စု၊ လူဦးရေ ၁၀၀၄ ဦးတို့အား စားရိက္ခာဆန် ၅၆၃ အိတ် ၁၈ ပြည် တစ်လစာ ထောက်ပံ့ပေးကာ မြို့နယ်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ဦးစီးမှူးက နေရပ်စွန့်ခွာသူများအား အားပေးစကားများ ပြောကြားခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



နေရပ်စွန့်ခွာသူများအား စားရိက္ခာဆန် ထောက်ပံ့ပေးအပ်စဉ်။

### ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ ပေါက်မြို့နယ်၊နံ့သာကျေးရွာ အထက တက္ကသိုလ်ဝင်တန်း မောင်ထက်ပိုင်ဝင်းနှင့် နဝမတန်းမှ မရတနာအောင်တို့၏ ဖခင်အမည်မှန်မှာ ဦးမင်းနိုင် ၈/ပမန(နိုင်)၀၈၇၆၈၄ဖြစ်ပါကြောင်း။

**ဦးမင်းနိုင်**

### ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ ပေါက်မြို့နယ်၊ မကျီးစင်ကျေးရွာ အမက ပထမတန်းမှ မမိုးစန္ဒာမြင့်၏ ဖခင်အမည်မှန်မှာ ဦးမြင့် ၈/ရစက(နိုင်)၁၇၄၅၂၀ ဖြစ်ပါကြောင်း။

**ဦးမြင့်**

### ဖခင်မည်မှန်

မကွေးတိုင်းဒေသကြီး၊ ပေါက်မြို့နယ်၊ အထက ရေပြာ တက္ကသိုလ်ဝင်တန်းမှ မခိုင်သဇင်၊ အဋ္ဌမတန်းမှ မစိုးပြည့်သဇင်၊ ပဉ္စမတန်းမှ မောင်စိုးမိုးအောင် တို့၏ဖခင် အမည်မှန်မှာ ဦးမြင့် ၈/ရစက(နိုင်)၁၇၄၅၂၀ ဖြစ်ပါကြောင်း။

**ဦးမြင့်**

### ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 5J/5841 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန(ရွာသာကြီး)**

### ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့နယ်၊ နောင်လိုင်ကျေးရွာအုပ်စု၊ ကွင်းအမှတ်(၇၂၆)၊ ဦးပိုင်အမှတ်(၃၈)၊ မြေဧရိယာ ၃ဒသမ၀၀ဧကရှိယာမြေအား ဒေါ်လီလီဝင်း ၁/ပညန(နိုင်)၁၂၅၉၀၃ မှ မွေးမြူရေးနှင့် လူနေထိုင်ရန် အဆောက်အအုံဆောက်လုပ် အသုံးပြုရန်အတွက် ပြင်ဦးလွင်မြို့နယ် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ ၂၀၁၂ခုနှစ် လယ်ယာမြေဥပဒေပုဒ်မ (၃၀)အရ အခြားနည်းအသုံးပြုခွင့်ရရှိရန် လျှောက်ထားလာသဖြင့် ဖော်ပြပါ လယ်ယာမြေနှင့်ပတ်သက်ပြီး ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထားပြည့်စုံစွာဖြင့် မြို့နယ်လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့သို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့**
**ပြင်ဦးလွင်မြို့**

### ကန့်ကွက်နိုင်ပါကြောင်း

ပြင်ဦးလွင်မြို့နယ်၊ မျှော့တောကျေးရွာအုပ်စု၊ ကွင်းအမှတ်(၆၈၇-ဃ)၊ ဦးပိုင်အမှတ်(၁၂၉/၁)၊ မြေဧရိယာ ၄ဒသမ၇၀ဧကရှိ ယာမြေအား ဒေါ်အေးအေးမြင့် ၉/မရမ(နိုင်)၀၄၁၃၂၂မှ လူနေအိမ်နှင့်အပန်းဖြေဥယျာဉ်ဆောက်လုပ်ရန်အတွက် ပြင်ဦးလွင်မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ ၂၀၁၂ခုနှစ် လယ်ယာမြေဥပဒေပုဒ်မ (၃၀)အရ အခြားနည်းအသုံးပြုခွင့်ရရှိရန် လျှောက်ထားလာသဖြင့် ဖော်ပြပါ လယ်ယာမြေနှင့်ပတ်သက်ပြီး ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း မြေပိုင်ဆိုင်မှုအထောက်အထားပြည့်စုံစွာဖြင့် မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့**
**ပြင်ဦးလွင်မြို့**

## ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ ဝဏ္ဏဒီပရပ်ကွက်၊ ဒေါ်ခင်မျိုးသိန်း ၁၂/တမန(နိုင်)၀၁၁၉၈၀ အမည်ပေါက်ဖြစ်သော ဦးပိုင်/မြေကွက်အမှတ် ပ-၂၂၃၃၈နှင့် ၎င်းမြေပေါ်ရှိ အကျိုးခံစားခွင့်အား လုံးတို့အား ပိုင်ဆိုင်သူ ဒေါ်နွေမာစိုး ၁၁/ဘသတ(နိုင်)၀၂၁၉၂၄ထံမှ ကျွန်မ ဒေါ်ဝင့်နန္ဒဇော် ၁၂/တမန(နိုင်)၁၀၂၉၉၈ က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။အဆိုပါ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့် ရက်မှစ၍ ခုနစ်ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားမူရင်းများနှင့်တကွ ကျွန်မထံ ကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဒေါ်ဝင့်နန္ဒာဇော်**
**ဖုန်း-၀၉-၄၃၀၈၈၂၆၅**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ပညာရေးဝန်ကြီးဌာန
## နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာန
## အလုပ်လျှောက်လွှာခေါ်ယူခြင်း

၁။ ပညာရေးဝန်ကြီးဌာန၊ နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာနအောက်ရှိ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းဆိုင်ရာ သက်မွေးသင်တန်းများ ဖွင့်လှစ်မည့်ကျောင်းများ၌ လစ်လပ်လျက်ရှိသော အောက်ဖော်ပြပါရာထူးနေရာတွင် သတ်မှတ်အရည်အချင်းနှင့်ပြည့်စုံသူများ လျှောက်ထားနိုင်သည်-

| စဉ် | ရာထူး၊ လစာနှုန်း | ပညာအရည်အချင်း | ခန့်အပ်မည့်ဦးရေ |
|---|---|---|---|
| (က) | နည်းပြ (၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀) | Bachelor of Business Management (BBM), Bachelor of Tourism and Hospitality Management (BTHM), BA(Tourism) ဘွဲ့ရ၊ ဘွဲ့တစ်ခုခုရရှိပြီးဟိုတယ်နှင့် ခရီးသွားလုပ်ငန်းဆိုင်ရာ ပညာရပ်တွင်ဒီပလိုမာ (သို့) သင်တန်းဆင်းလက်မှတ်တစ်ခုခုရရှိပြီးသူ | (၂၆)ဦး |

၂။ လျှောက်ထားသူသည်-
(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) ၃၁-၅-၂၀၁၉ရက်တွင် [ ပြင်ပပုဂ္ဂိုလ်ဖြစ်ပါက အသက်(၃၀)နှစ်၊ ဝန်ထမ်းဖြစ်ပါက အသက်(၃၅)နှစ် ] ထက် မကျော်လွန် သူဖြစ်ရမည်။
(ဂ) ရွေးချယ်ခံရပါက အနည်းဆုံး(၃)နှစ်တစ်ဆက်တည်းတာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။ ကျွမ်းကျင်မှုဆိုင်ရာသင်တန်းများ တက်ရောက်နိုင်သူဖြစ်ရမည်။
(ဃ) နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာနအောက်ရှိကျောင်းများတွင် တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။
(င) အကျင့်စာရိတ္တကောင်းမွန်သူဖြစ်ရမည်။

၃။ လျှောက်ထားသူသည် အောက်ဖော်ပြပါ စာရွက်စာတမ်းများ ပူးတွဲလျက် နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာနအောက်ရှိ နီးစပ်ရာ ကောလိပ်၊ သိပ္ပံ၊ ကျောင်းနှင့်ဌာနများတွင် လျှောက်လွှာများထုတ်ယူပြီး အဆိုပါ ကောလိပ်၊ သိပ္ပံ၊ ကျောင်းနှင့် ဌာနများထဲမှ မည်သည့်ကျောင်းတွင်မဆို ၃၀-၅-၂၀၁၉ရက် နောက်ဆုံးထားလျှောက်ထားနိုင်ပါသည်-
(က) ဘွဲ့လက်မှတ်မိတ္တူ၊
(ခ) ခြောက်လအတွင်း ရိုက်ထားသော ပတ်စပို့ဓာတ်ပုံသုံးပုံ၊ တက္ကသိုလ်ဝင်တန်း အောင်လက်မှတ်မိတ္တူနှင့် နိုင်ငံသားစိစစ် ရေးကတ်ပြားမိတ္တူ၊
(ဂ) ဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာဌာန အဖွဲ့အစည်းအကြီးအမှူးခွင့်ပြုချက်နှင့် ဝန်ထမ်းမဟုတ်သူများအတွက် တစ်နှစ်အတွင်း ပြုလုပ်ထားသော သက်တမ်းရှိ အလုပ်သမားမှတ်ပုံတင်မိတ္တူ၊
(ဃ) တစ်လအတွင်းပြုလုပ်ထားသော ကျန်းမာရေးကောင်းမွန်ကြောင်း ဆေးထောက်ခံစာမူရင်း။
(င) လျှောက်လွှာပိတ်ရက်မတိုင်မီ ခြောက်လအတွင်း ရရှိထားသည့် ပြစ်မှုကင်းရှင်းကြောင်း ရဲစခန်းထောက်ခံချက်မူရင်း၊

၄။ သတ်မှတ်ချက်ကိုက်ညီသူများအား ရေးဖြေစာမေးပွဲကို အမှတ် ၁၂၃၊ နတ်မောက်လမ်း၊ ရန်ကုန်မြို့ရှိ စင်ကာပူ-မြန်မာသက်မွေးပညာသင်တန်းကျောင်း (SMVTI)တွင် ကျင်းပဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ရေးဖြေစာမေးပွဲအောင်မြင်သူများကိုသာ လူတွေ့စစ်ဆေးခြင်း ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၅။ လူတွေ့စစ်ဆေးချိန်တွင် (ဘွဲ့လက်မှတ်၊ သက်ဆိုင်ရာသင်တန်းဆင်းလက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်၊ တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်၊ အလုပ်သမားမှတ်ပုံတင်)မူရင်းများ တင်ပြနိုင်ရမည်။

၆။ ရေးဖြေအောင်မြင်သူစာရင်းနှင့် လူတွေ့အောင်မြင်သူများစာရင်းအား www.tvetmyanmar.gov.mm/my/new-events/announcements နှင့်နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာန၊ အစိုးရနည်းပညာ ကောလိပ်၊ အစိုးရစက်မှုလက်မှုသိပ္ပံ၊ အစိုးရနည်းပညာအထက်တန်းကျောင်းနှင့်ဌာနများတွင် ကြေညာသွားမည်ဖြစ်ပါသည်။

၇။ လျှောက်လွှာနှင့်စပ်လျဉ်း၍ စာရွက်စာတမ်းများ မပြည့်စုံလျှင်သော်လည်းကောင်း၊ သတ်မှတ်ထားသောရက်ထက်နောက် ကျရောက်ရှိလျှင်သော်လည်းကောင်း လျှောက်လွှာများကို လက်ခံစဉ်းစားမည်မဟုတ်ပါ။

၈။ ရေးဖြေစာမေးပွဲ စစ်ဆေးမှုအား အောက်ဖော်ပြပါအတိုင်း ကျင်းပသွားမည်ဖြစ်ပါသည်-

| စဉ် | ဖြေဆိုမည့်ဘာသာရပ် | နေ့ရက်အချိန် |
|---|---|---|
| ၁။ | သက်ဆိုင်ရာဘာသာရပ် | ၁၅-၆-၂၀၁၉ရက် (စနေနေ့) နံနက် ၁၀ နာရီမှ မွန်းတည့် ၁၂နာရီအထိ |
| ၂။ | အင်္ဂလိပ်စာ | ၁၅-၆-၂၀၁၉ရက်(စနေနေ့)မွန်းလွဲ ၁ နာရီမှ ညနေ ၃ နာရီအထိ |

**မှတ်ချက်။** အသေးစိတ်အချက်အလက်များအား သိရှိလိုပါက နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန၊ ဖုန်း-၀၆၇-၄၀၄၀၁၉၊ ၀၆၇-၄၀၄၀၁၃ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာန**

## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
## လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း၊ ပြည့်ဖြိုးမြစွမ်း အင်နှင့်ရေအားစက်ရုံများဌာန လက်အောက်ရှိ နန်ချိုစက်ရုံအနီး ငါးတဲစုကျေးရွာသို့ ဓာတ်အားဖြန့်ဖြူးရန်အတွက် 11 KVလိုင်း၊ 0.4 kV လိုင်းများ တည်ဆောက်ရာတွင် လိုအပ်သော Concrete Pole (10M) (204)Nos) အား (DDP at Site) မြန်မာကျပ်ငွေဖြင့် အိတ်ဖွင့်တင်ဒါခေါ်ယူလိုပါသည်။

၂။ ဈေးနှုန်းအဆိုပြုလွှာ(Financial Proposal)အား ချိပ်ပိတ်၍ Tender No.59/EPGE/၂၀၁၈-၂၀၁၉အား (၁၆-၅-၂၀၁၉ရက်) ညနေ ၃ နာရီ နောက်ဆုံးထား၍ (လူကိုယ်တိုင်)လာရောက်တင်သွင်းရမည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစ၍ ဝန်ကြီးဌာန ဝဘ်ဆိုက် (www.moee.gov.mm) တွင် Download ဆွဲယူနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**ဖုန်း-၀၆၇-၈၁၀၄၂၇၈၊ ၀၆၇-၈၁၀၄၂၇၉**

### အမည်မှန်

မန်စီမြို့နယ်၊ ဖရာကျေးရွာနေ မောင်ဒေးဆန့်မိုင်၏ ဖခင်အမည်မှန်မှာ ဦးထိန်လွှန် ၁/မစန(နိုင်)၀၂၀၇၆၇ ဖြစ်ကြောင်းနှင့် မိခင် ဒေါ်ခင်မိဝင်းသည် ရှမ်းလူမျိုး ဗုဒ္ဓဘာသာဖြစ်ကြောင်း။

**ဦးထိန်လွှန်**

### တစ်ဦးတည်းဖြစ်ပါကြောင်း

အင်းစိန်မြို့နယ်၊ အမက(၆)တွင် အလယ်တန်းပြတာဝန်ထမ်းဆောင်နေသော ဆရာမ ဒေါ်ယဉ်ယဉ်မွန်(ခ) ဒေါ် ရင်ရင်မွန် ၁၂/ကမတ(နိုင်) ၀၀၅၇၇၅မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

# (၃၉)နှစ်မြောက် မင်္ဂလာနှစ်ပတ်လည်ဆုမွန်လွှာ

သားတို့သမီးတို့အပေါ် မေတ္တာ၊ ကရုဏာ၊ စေတနာကြီးမားစွာဖြင့် ပြုစုပျိုးထောင်ဆုံးမ သွန်သင်လမ်းညွှန်ပေးကာ အေးရိပ်မိုးလျက်ရှိနေသော၊ အမြဲတစေ ဂုဏ်ယူလေးစားဖွယ် စံနမူနာဖြစ်သော ချစ်ဘိုးဘိုး၊ ချစ်ဘွားဘွားတို့၏ (၃၉)နှစ်မြောက် နှစ်ပတ်လည်မင်္ဂလာရက်မြတ်မှသည် ချစ်သော သားသမီး၊ မြေးများနှင့်အတူ ကိုယ်စိတ်နှလုံး ကျန်းမာ၊ ချမ်းသာစွာဖြင့် အမျိုးဘာသာ သာသနာနှင့် နိုင်ငံအကျိုးကို သယ်ပိုးဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**ချစ်သောပိုးလေးများ - အိပိုး၊ မေပိုး**
**ချစ်ပိုး၊ ရွှေပိုး**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## ချင်းပြည်နယ်အစိုးရအဖွဲ့
## ဟားခါးမြို့
## အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ ချင်းပြည်နယ်အစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် ၂၀၁၉-၂၀၂၀ ပညာသင်နှစ်အတွင်း ချင်းပြည်နယ်၊ ပြည်နယ်ပညာရေးမှူးရုံးအောက်ရှိ အခြေခံပညာမူလတန်းအဆင့် ကျောင်းသား၊ ကျောင်းသူများအားလုံးအတွက် ကျောင်းသုံးဗလာစာအုပ်(၆၈၈၇၈)ဒါဇင် ဖြန့်ဝေရန်ရှိပါသဖြင့် စိတ်ဝင်စားသူ မြန်မာနိုင်ငံသားလုပ်ငန်းရှင်ကုမ္ပဏီများအား အဆိုပြုလွှာတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

၂။ **အဆိုပြုလွှာနောက်ဆုံးတင်သွင်းရမည့် ရက်/အချိန်** - ၄-၅-၂၀၁၉ရက် (ရုံးချိန်အတွင်း)
**အဆိုပြုလွှာတင်သွင်းမည့်နေရာ** - ပြည်နယ်ပညာရေးမှူးရုံး ချင်းပြည်နယ်၊ ဟားခါးမြို့

၃။ အဆိုပြုလွှာတင်သွင်းရန် အသေးစိတ်အချက်အလက်များ သိရှိလိုပါက အောက် ဖော်ပြပါဌာနတွင် လူကိုယ်တိုင်ဖြစ်စေ၊ တယ်လီဖုန်းဖြင့်ဖြစ်စေ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

ချင်းပြည်နယ်ပညာရေးမှူးရုံး၊ ဟားခါးမြို့ ဖုန်း-၀၇၀-၂၁၂၀၄၊ ၀၉-၂၆၅၂၄၅၉၅၅၊ ၀၉-၂၅၉၀၄၅၂၉၀

**အိတ်ဖွင့်တင်ဒါခေါ်ယူရေးကော်မတီ**

### ဖခင် အမည်မှန်

သရက်ခရိုင်၊ ကံမမြို့နယ်၊ ကြို့ပင် အထက တက္ကသိုလ်ဝင်တန်းမှ မနှင်းနန္ဒာ၏ ဖခင်အမည်မှန်မှာ ဦးစိန်ရွှေ ၈/ကမန(နိုင်)၀၅၄၉၁၈ ဖြစ်ပါကြောင်း။

**ဦးစိန်ရွှေ**

### ဖခင်အမည်မှန်

စစ်တွေမြို့၊ သင်ပုန်းတန်း အထက တက္ကသိုလ်ဝင်တန်းမှ မောင်အောင်ကျော်လှနှင့် မောင်အောင်ကျော်ဝင်းတို့၏ ဖခင်အမည်မှန်မှာ ဦးမောင်သန်းဝင်း ၁၁/စတန (နိုင်) ၀၆၂၇၄၅ ဖြစ်ပါကြောင်း။

**ဦးမောင်သန်းဝင်း**

### ဖခင်အမည်မှန်

စဉ့်ကူးမြို့၊ စဉ့်ကူး(အထက) နဝမတန်း(A-3)မှ ဖြေဆိုအောင်မြင်ခဲ့သော မောင်မျိုးကို၏ဖခင်အမည်မှန်မှာ ဦးအောင်ကျော်ဇော ဖြစ်ပါသည်။

**ဦးအောင်ကျော်ဇော**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ (၈)ရပ်ကွက်၊ သီရိမင်္ဂလာ(၁)လမ်း၊ အမှတ်(၉)တွင် ဖွင့်လှစ်ထားသော ကျွန်တော်များ၏ ထရီပယ်လ် "အေ" စီးမန့်တ်အင်တာနေရှင်နယ် ကုမ္ပဏီလီမိတက်ရုံးခန်း တာဝန်ရှိသူထံတွင် ၁၉၉၈ခုနှစ် ရုံးခန်းစတင်ဖွင့်လှစ်ဆောင်ရွက်ကတည်းက ကုမ္ပဏီ မှတ်ပုံတင်လက်မှတ်အမှတ် ၆၉၅/၁၉၉၈-၁၉၉၉ ထုတ်ကုန်သွင်းကုန်လုပ်ငန်းရှင်မှတ်ပုံတင် လက်မှတ်အမှတ်(၁၀၁၃၅)ကို တာဝန်ရှိသူထံတွင် အစဉ်တစိုက် ထိန်းသိမ်းထားရှိပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ဖုန်း-၀၁-၂၃၀၆၂၃၉၊ ၀၉-၇၇၆၂၅၂၉၉၈**

### ကန့်ကွက်နိုင်ပါကြောင်း

မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ဘုရင့်နောင်၊ မြေကွက်အမှတ် ခ/၂၀A၊ မြေကွက်တည်နေရာအမှတ် ခ/၂၀A၊ ခရေလမ်း၊(၁)ရပ်ကွက်၊ ဘုရင့်နောင် ပွဲရုံတန်း၊ မရမ်းကုန်းမြို့နယ်၊ ဦးထွန်းငြိမ်း MBN -၁၄၃၆၄၂ အမည်ပေါက်၂၅ နှစ်မြေငှားဂရန်မြေအား အမည်ပေါက်ဖြစ်သူ ဦးထွန်းငြိမ်း MBN -၁၄၃၆၄၂ ထံမှ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်အမှတ် ၄၀၆၁/၂၀၁၈(၂၆-၁၂-၂၀၁၈) ဖြင့် ပိုင်ဆိုင်လာသူ ဒေါ်တင်ရီ ၁၂/သကတ(နိုင်)၀၁၀၉၀၅မှ ၂၅နှစ်မြေငှားဂရန် မူရင်းပျောက်ဆုံးကြောင်း အမှတ်(၁)ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် ရဲစခန်းထောက်ခံချက်၊ တရားရုံးကျမ်းကျိန်လွှာ၊ ကိုယ်တိုင်ကတိဝန်ခံချက်၊ မြေပေါ်တွင် ဗန္ဓုလကုန်စည်ပို့ဆောင်ရေးအသင်းမှ ရုံးခန်းဖွင့်လှစ်ထားမှုနှင့်ပတ်သက်၍အဆိုပါ မြေကွက်အား ဂိတ်လုပ်ငန်းလုပ်ဆောင်ရန် ဗန္ဓုလ မော်တော် ယာဉ်အသင်းသို့ ချထားပေးစဉ် ဂိတ်ဝန်ထမ်းဌာနခွဲတာဝန်ခံ ဦးထွန်းငြိမ်းမှ ၎င်း၏ အမည်ဖြင့် ငွေပေးသွင်းခဲ့သဖြင့် အဆိုပါအဆောက်အအုံမှာ ဦးထွန်းငြိမ်း အမည်ပေါက်ခဲ့ကြောင်း၊ ဦးထွန်းငြိမ်းမှာ ကွယ်လွန်သွားပြီဖြစ်သဖြင့် ဂရန်မိတ္တူမှန်အား ၎င်း၏ဇနီးဖြစ်သူဒေါ်တင်ရီအမည်သို့ ပြောင်းလဲပြီးမှ ဗန္ဓုလခရီးသည်နှင့် ကုန်စည်ပို့ဆောင်ရေးအသင်းပိုင်ဂရန်သို့ ပြန်လည်လျှောက်ယူရမည်ဖြစ်ကြောင်း၊ ဗန္ဓုလခရီးသည်နှင့် ကုန်စည်ပို့ဆောင်ရေးအသင်း မိတ္ထီလာမြို့မှ ၁၅-၃-၂၀၁၉ ဖြင့် ရှင်းလင်းတင်ပြချက် အား မှန်ကန်ပါကြောင်း ဒေါ်တင်ရီ မှ ၂၂-၃-၂၀၁၉ရက်စွဲဖြင့် လက်မှတ်ရေးထိုးတင်ပြလွှာတို့ကို တင်ပြ၍ ဂရန်မိတ္တူလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

### မွေးသက္ကရာဇ် အမှန်

မြောက်ဦးမြို့နယ်၊ ဘီးလူးကန်ရပ်ကွက်နေ ဦးကျော်ဇံလှ၏ သား ဦးသိန်းမြင့် ၁၁/မဥန(နိုင်)၀၀၇၁၉၃ ၏ မွေးသက္ကရာဇ်အမှန်မှာ ၁၄-၄-၁၉၅၉ ဖြစ်ပါကြောင်း။

### ဖခင်အမည်မှန်

ရန်ကုန်မြို့၊ အထက(၁) မရမ်းကုန်း (၂၀၁၈-၁၉) ပညာသင်နှစ် နဝမတန်း ဖြေဆိုထားသူ ကျောင်းဝင်အမှတ် (၄၇၃/၁၈)မောင်မင်းသွင်ပိုင်၏ ဖခင်အမည်မှန်မှာ ဦးထွဏ်းလင်းဦး ၁၂/ဥကတ(နိုင်)၁၂၈၄၄၀ ဖြစ်ပါသည်။ **ဦးထွဏ်းလင်းဦး**

### ဖခင်အမည်မှန်

ဖားကန့်မြို့နယ်၊ နမ္မဖြစ်ကျေးရွာ အလက သတ္တမတန်းမှ မဆွေဇင်ဝင်း၏ ဖခင်အမည်မှန်မှာ ဦးဝင်းဝင်းထွန်း ၅/ရဘန(နိုင်)၁၉၉၇၀၅ ဖြစ်ပါကြောင်း။

**ဦးဝင်းဝင်းထွန်း**

## မြေရောင်းမည် ပိုင်ရှင်ကိုယ်တိုင်

ပြည်လမ်းမ မျက်နှာစာတန်း မှော်ဘီ(၅)ဧက ဆေးရုံကျောင်း အထည်ချုပ် အထူးသင့်လျော် ရောင်းဈေး ၂၀၁၆-၂၀၁၇ (ယခင်) = ၈၅၀၀
၂၀၁၉ (ယခု) = ၇၅၀၀

ရန်ကုန်မြို့ (၁၄)မိုင်အတွင်း လမ်းမတန်း မီးလိုင်းအောက်ရှိ အခြားနည်းဖြင့် အသုံးပြုခွင့် လျှောက်ထားနိုင်သော ဂျီမြေ (၉)ဧက/(၂၂)ဧက(၃၀)ဧက။

မှတ်ချက်။ ။ (လယ်ဥယျာဉ်မဟုတ်ပါ)

**ဆက်သွယ်ရန်- ဖုန်း-၀၁-၆၂၀၅၂၃**
**၀၉-၄၂၉၅၈၈၄၆၄**

### ယာဉ်မှတ်ပုံတင် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၂ယ/၁၉၈၂ ယာဉ်လက်ဝယ်ရှိသူ ဦးတင်သိန်း ၇/ဖမန(နိုင်)၀၀၅၆၉၀က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (တောင်ငူ)**

### ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် DD/8344၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများ သိစေရန် ကြေညာအပ်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

### အမည်ပြောင်း

သရက်ခရိုင်၊ ကံမမြို့၊ အထက(၁) နဝမတန်းမှ ဦးလှနိုင် ၈/ကမန(နိုင်) ၀၁၅၉၉၉၏သမီး မခင်မေလွင်အား ယနေ့မှစ၍ မအိအိနိုင်ဟု ပြောင်းလဲခေါ်ပါရန်။

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၁၀)၊ အကွက်အမှတ်(၃)ပဒေသာ၊ ဦးပိုင်အမှတ် (၂၆၆-က)၊ မြေယာနံပါတ်(266-A)၊ ဧရိယာ(၀ဒသမ၀၅၅)ဧကရှိ မြို့မြေဂရန်မှုနံပါတ် (၀၅၂/၂၀၁၇-၂၀၁၈)အရ ဦးမျိုးသိန်း(ခ)ဦးမျိုးမြင့်အမည်ပေါက်မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်သူထံမှ အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေက စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ ၁၄ရက်အတွင်းအထောက်အထားခိုင်လုံစွာဖြင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စဆုံးခန်းတိုင်ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ- ဦးအောင်ကြည်(LL.B.,)**
**တရားလွှတ်တော်ရှေ့နေ**
**စဉ်-၄၈၄၀/၁၅-၂-၁၉၈၉**
**အမှတ် ၂၃၂၊ နှင်းဆီလမ်း၊ ရပ်ကွက်ကြီး(၁)၊ ကွက်ပြင်(၃)မြောက်၊ ပြင်ဦးလွင်မြို့**

## ကန့်ကွက်နိုင်ကြောင်းအသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၈)၊ အကွက်အမှတ် ပဒေသာ၊ မြေယာအမှတ် ၄၅၊ ဧရိယာ(၀ဒသမ၀၅၅)ဧကရှိ မြေကွက်အား ဒေါ်ခင်မာမြင့်အမည်ဖြင့် မြေငှားဂရန်အမှုတွဲအမှတ်(၁၀၇၂/၉၃-၉၄)အရ ဂရန်ထုတ်ပေးထားပြီး ဒေါ်ခင်မာတင့်က ဂရန်သစ်လျှောက်ထားခြင်းနှင့် ၎င်းမြေပေါ်တွင် အဆောက်အအုံဆောက်ရန် ဆောင်ရွက်သည့်အခါ ပြင်ဦးလွင်မြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းဦးစီးဌာနရှိ မြေရာဇဝင်(၁က)စာရင်းတွင် မှတ်သားထားခြင်းမရှိသည့်အတွက် ဒေါ်ခင်မာတင့်က မြေရာဇဝင်(၁က)ရေးသွင်းနိုင်ရန်နှင့် ဂရန်သက်တမ်းတိုးခြင်း၊ ဂရန်သစ်လျှောက်ထား ခြင်း၊ ၎င်းမြေပေါ်တွင်အဆောက်အအုံဆောက်လုပ်ခြင်းတို့ ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ် ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း မြေပိုင်ဆိုင်မှုအ ထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**ဒေါ်ခင်မာတင့် ၅/ကလတ(နိုင်)၀၆၆၃၁၈**
**အမှတ် ၂၈၊ အင်ကြင်းလမ်း၊ ရပ်ကွက်ကြီး(၈)၊ ပြင်ဦးလွင်မြို့**

## ဦးထွန်းကြည် (ပင်လုံမြို့)
### အသက်(၈၇)နှစ်

ရန်ကုန်မြို့၊ မြောက်ဒဂုံမြို့နယ်၊ ရွှေပင်လုံအိမ်ရာအပိုင်း(၃)၊ ပတ္တမြားနှင်းဆီလမ်း၊ အမှတ်(၈၇)နေ (ဦးခွန်လူ-ဒေါ်ပန်းလှိုင်)တို့၏သား၊ (ဦးဆံလူး-ဒေါ်နန်းယုံ)တို့၏သားသမက်၊ ဒေါ်ကြာနု၏ခင်ပွန်း၊ (ဦးစိုင်းမြင့်ချို)-ဒေါ်နန်းခမ်းအောင်(ပင်လုံမြို့)၊ ဒေါ်နန်းနွဲ့နွဲ့ဝေ (မီးအိမ်ရှင် ဘော်ဒါ)ပြင်ဦးလွင်မြို့၊ (ဦးစိုင်းမြင့်လွင်)-ဒေါ်ဖြူဖြူမြင့်(လဲချားမြို့)၊ ဦးတင်ဦး-ဒေါ်နန်းဝါဝါ ခိုင်(ပြင်ဦးလွင်မြို့)၊ ဦးခင်မောင်မော်(ညွှန်ကြားရေးမှူးချုပ်၊ ငါးလုပ်ငန်းဦးစီးဌာန)-ဒေါ်နန်းညို ညိုအောင်(Royal Star Hotel) (တောင်ကြီးမြို့)တို့၏ဖခင်၊ မြေး ၁၀ယောက်၊ မြစ်ခြောက်ယောက်တို့၏အဘိုးသည် ၃၀-၄-၂၀၁၉ရက် (အင်္ဂါနေ့) နံနက် ၉း၃၄နာရီတွင် ဂရင်းဟံသာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂-၅-၂၀၁၉ရက်(ကြာသပတေးနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသဖြင့် ရပ်ဝေးရပ်နီးမှ မိတ်ဆွေသင်္ဂဟများအားအသိ ပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ နံနက် ၉နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၆-၅-၂၀၁၉ ရက်(တနင်္လာနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

### အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးထွန်းကြည် (ပင်လုံမြို့)
### အသက်(၈၇)နှစ်

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်မော် - ဇနီး ဒေါ်နန်းညိုညိုအောင်၏ဖခင်ကြီး ဦးထွန်းကြည်သည် ၃၀-၄-၂၀၁၉ ရက် နံနက် ၉း၃၄ နာရီတွင် Grand Hantha International Hospital ၌ ကွယ်လွန်သွားကြောင်း ကြားသိရ၍ မိသားစုထပ်တူထပ်မျှ ဝမ်းနည်း ကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်နှင့် ဇနီး**
**ဝန်ထမ်းမိသားစုများ**
**ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန**

---

### ဝမ်းနည်းကြေကွဲခြင်း
## ဦးထွန်းကြည်
### အသက်(၈၇)နှစ်

ငါးလုပ်ငန်းဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်မော်-ဒေါ်နန်းညိုညို အောင် တို့၏ဖခင် ဦးထွန်းကြည်သည် ၃၀-၄-၂၀၁၉ရက် နံနက် ၉း၃၄နာရီတွင် ရန်ကုန်မြို့၊ ဂရင်းဟံသာဆေးရုံ၌ ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့်**
**အရာထမ်း/အမှုထမ်းများ**
**ငါးလုပ်ငန်းဦးစီးဌာန**

---

### အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးထွန်းကြည်
### အသက်(၈၇)နှစ်

ငါးလုပ်ငန်း ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်မော်-ဇနီး ဒေါ်နန်းညိုညိုအောင်၏ဖခင် ဦးထွန်းကြည်သည် ၃၀-၄-၂၀၁၉ ရက်နံနက် ၉း၃၄ နာရီတွင် Grand Hantha International Hospital ၌ ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ဦးစိုးနိုင်-ဒေါ်စံမြင့် မိသားစု**
**ရခိုင်ပြည်နယ် ဦးစီးဌာနမှူး**
**ငါးလုပ်ငန်းဦးစီးဌာန**

---

## ဦးအောင်မိုးဝင်း(ခ)ဦးမြတ်ကျော်
### အသက်(၅၃)နှစ်

ရန်ကုန်မြို့၊ သုဝဏ္ဏ၊ သဃ်ာန်းကျွန်းမြို့နယ်၊ (၂၃)ရပ်ကွက်၊ ယင်းမာမြိုင်လမ်း၊ အမှတ် (၆၁/၁)နေ ဦးရွှေဝင်း-(ဒေါ်စန်းရီ)တို့၏သား၊ (ဦးသောင်းဟန်)-ဒေါ်အုန်းမြင့်တို့၏သားသမက်၊ ဦးစည်သူဝင်း-ဒေါ်ဝင်းပပနိုင်တို့၏ညီ၊ ဦးဇော်လှိုင်-ဒေါ်အေးအေးဖြိုးတို့၏ အစ်ကိုလေး၊ ရွှေယမင်းဦး(နိုနို)၊ရွှေဝတ်မှုန်အောင်(ရွှေမှုန်)တို့၏ဖခင်၊ ဒေါ်ထွေးထွေးမြင့်၏ခင်ပွန်းသည် ၃၀-၄-၂၀၁၉ရက် နံနက် ၆နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ ဆန္ဒအရ ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

[ကွယ်လွန်သူအားရည်စူး၍ ၆-၅-၂၀၁၉ရက် (တနင်္လာနေ့) နံနက်၆ နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဦးကျော်ဆန်းဝင်း (B.Sc) အသက်(၅၃)နှစ်

နေပြည်တော်၊ လယ်ဝေးမြို့နယ်၊ (၁)ရပ်ကွက်၊ မြေရိုးကြီးရပ်နေ (ဦးမြလှိုင်)-ဒေါ်တင်တင်အေးတို့၏သား၊ (၁)ရပ်ကွက်နေ ဒေါ်မိုးမိုးလှိုင်၊ ဒေါ်ထားထားလှိုင် (ထွေ/အုပ်-ငြိမ်း)၊ ရန်ကုန်မြို့နေ ဦးကိုကိုဇော်-ပါမောက္ခ ဒေါက်တာချိုမာလှိုင် (ဆေးပညာ၊ မြောက်ဥက္ကလာပ ပြည်သူ့ဆေးရုံကြီး)တို့၏မောင်၊ သားသုံးယောက်တို့၏ဖခင်၊ နောင်ဘိုအနောက်ရွာနေ ဒေါ်စန်းစန်းမော်( အမက-နောင်ဘို)၏ခင်ပွန်းသည် ၂၉-၄-၂၀၁၉ရက် (တနင်္လာနေ့) မွန်းတည့် ၁၂နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁-၅-၂၀၁၉ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၃နာရီတွင် နောင်ဘိုသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## သတိပေး နှိုးဆော်ချက်

နေပြည်တော်တွင် မော်တော်ဆိုင်ကယ်စီးနင်းသူများသည် ဆိုင်ကယ်စီး ဦးထုပ်ကို မေးသိုင်းကြိုးတပ်၍ စီးနင်းကြရန်နှင့် နှစ်ဦးထက်ပိုမို စီးနင်းခြင်း မပြုကြရန်၊ ထို့အပြင် လိုင်စင်မဲ့ဆိုင်ကယ်များ စီးနင်းခြင်းမပြုကြရန် နှိုးဆော်အပ်ပါသည်။ လိုက်နာခြင်းမရှိပါကတည်ဆဲဥပဒေအရ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေး နှိုးဆော်အပ်ပါသည်။

**နေပြည်တော်ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ**

---

## အနိစ္စ

## ဦးမျိုးထွန်း
### (တာဝန်ခံအင်ဂျင်နီယာ-ငြိမ်း)
### C.P.M.D(M.P.E)
### အသက်(၆၄)နှစ်

ရန်ကုန်မြို့နေ [ဦးထွန်းအုန်း-ဒေါ်စိုးရီ(ခ)အမာ]တို့၏သား၊ (ဦးမျိုးအောင်)-ဒေါ်ဘီစီဝင်း၊ ပါမောက္ခဦးခင်မောင်ဦး(ညွှန်မှူး /ငြိမ်း)-ဗိုလ်ကြီးခင်မျိုးစု(ငြိမ်း)၊ (ဦးမျိုးဝင်း)တို့၏အစ်ကို၊ Mr.Tony ဒေါက်တာခိုင်ယဉ်မေသန်း၊ Mr.Roland Graffee (ဒေါက်တာခင်သီတာသန်း)တို့၏မောင်၊ ဒေါ်ကြည်ကြည်အေး(ကျောင်းဆရာမ-ငြိမ်း)၏တူ၊ ဦးကျော်ညဏ်လင်း-ဒေါ်သန်းသန်းဦး၊ ဦးရဲကျော်သူ၊ ဦးထွန်းအောင်ကျော်၊ ဦးဆန်းထွန်းကျော်-ဒေါ်ကြည်ကြည်ခိုင်တို့၏အစ်ကိုသည် ၂၉-၄-၂၀၁၉ ရက် နံနက်၁၁း၀၇နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁-၅-၂၀၁၉ရက် မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း။(နေအိမ်မှ ကားများ နံနက် ၁၁း၃၀ နာရီတွင် ထွက်ခွာပါမည်။)

[ကွယ်လွန်သူအားရည်စူး၍ ၅-၅-၂၀၁၉ရက် နံနက် ၈နာရီမှ ၁၀နာရီအထိ သန်လျင်မြို့နေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးသန်းညွှန့်(ဒုတိယဦးစီးအရာရှိ)
### ထွေအုပ်(အငြိမ်းစား)
### အသက်(၆၆)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ခရမ်းမြို့နေ (ဦးလှမောင်-ဒေါ်ခင်ညွှန့်)တို့၏သား၊ ရန်ကုန်မြို့နေ (ဦးသိန်းဆွေ-ဒေါ်မြညွှန့်)တို့၏ သားသမက်၊ ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊(၅)ရပ်ကွက်၊ ၁၁လမ်း၊ အမှတ် ၆၄(ပထမထပ်)နေ ဒေါ်သန်းသန်းဌေး(အလပြ ဆရာမ-ငြိမ်း)၏ခင်ပွန်း၊ ဒေါက်တာမေသူ(M.B.,B.S,Diploma in Emergency Medicine)-ဦးအောင်ကျော်မိုး(ခ)ထိုက်စံမော့စ်(Diploma in Automotive Engineering OIST Japan)တို့၏ဖခင်သည် ၃၀-၄-၂၀၁၉ ရက် (အင်္ဂါနေ့) နံနက် ၁၀း၃၀နာရီတွင် ဗဟိုရိုစည်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂-၅-၂၀၁၉ရက် (ကြာသပတေးနေ့) နံနက် ၁၀နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၈နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၆-၅-၂၀၁၉ရက် (တနင်္လာနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဒေါ်စန်းစန်းထွေး
### အသက်(၅၅)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၂၉)ရပ်ကွက်၊ သခင်ဗစိန်လမ်း၊ အမှတ်(၇၁၆/က)နေ(ဦးဝ-ဒေါ်စိန်မြ)တို့၏သမီး၊ ဦးတင်စော-ဒေါ်တင်လှတို့၏သမီးချွေးမ၊ ဦးမောင်မောင်မြိုင်၏ဇနီး၊ မောင်နန္ဒာမောင်မောင်၊ မကြည်ပြာမောင်မောင်တို့၏ချစ်လှစွာသောမိခင်သည် ၂၉-၄-၂၀၁၉ ရက် (တနင်္လာနေ့) နံနက် ၁၁း၁၅နာရီ တွင် ကွယ်လွန်သွားပါသဖြင့် ၁-၅-၂၀၁၉ရက် (ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

### ဝမ်းနည်းကြေကွဲခြင်း
## ဦးထွန်းကြည်
### အသက်(၈၇)နှစ်

ငါးလုပ်ငန်းဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်မော်-ဒေါ်နန်းညိုညိုအောင်တို့၏ဖခင် ဦးထွန်းကြည်သည် ၃၀-၄-၂၀၁၉ရက် နံနက် ၉း၃၄နာရီတွင် ရန်ကုန်မြို့၊ ဂရင်းဟံသာဆေးရုံ၌ ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ပြည်ထောင်စုဝန်ကြီးနှင့်ဇနီး**
**စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**

---

### ဝမ်းနည်းကြေကွဲခြင်း
## ဦးထွန်းကြည်
### အသက်(၈၇)နှစ်

ငါးလုပ်ငန်းဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်မော်-ဒေါ်နန်းညိုညိုအောင်တို့၏ဖခင် ဦးထွန်းကြည်သည် ၃၀-၄-၂၀၁၉ရက် နံနက် ၉း၃၄နာရီတွင် ရန်ကုန်မြို့၊ ဂရင်းဟံသာဆေးရုံ၌ ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဒုတိယဝန်ကြီးနှင့်ဇနီး**
**စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**

---

### ဝမ်းနည်းကြေကွဲခြင်း
## ဦးထွန်းကြည်
### အသက်(၈၇)နှစ်

ငါးလုပ်ငန်းဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်မော်-ဒေါ်နန်းညိုညိုအောင် တို့၏ဖခင် ဦးထွန်းကြည်သည် ၃၀-၄-၂၀၁၉ရက် နံနက် ၉း၃၄နာရီတွင် ရန်ကုန်မြို့၊ ဂရင်းဟံသာဆေးရုံ၌ ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဒေါက်တာခင်ဇော်နှင့်ဇနီး**
**အမြဲတမ်းအတွင်းဝန်(မွေးရေ/ကျေးလက်)**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**

---

### ဝမ်းနည်းကြေကွဲခြင်း
## ဦးထွန်းကြည်
### အသက်(၈၇)နှစ်

ငါးလုပ်ငန်းဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်မော်-ဒေါ်နန်းညိုညို အောင် တို့၏ဖခင် ဦးထွန်းကြည်သည် ၃၀-၄-၂၀၁၉ရက် နံနက် ၉း၃၄နာရီတွင် ရန်ကုန်မြို့၊ ဂရင်းဟံသာဆေးရုံ၌ ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးမြင့်ဇင်ထူး-ဒေါ်ခင်သော်တာထွန်းနှင့်မိသားစု**
**ဒုတိယညွှန်ကြားရေးမှူးချုပ်**
**ငါးလုပ်ငန်းဦးစီးဌာန**

---

### ဝမ်းနည်းကြေကွဲခြင်း
## ဦးထွန်းကြည်
### အသက်(၈၇)နှစ်

ငါးလုပ်ငန်းဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်မော်-ဒေါ်နန်းညိုညို အောင် တို့၏ဖခင် ဦးထွန်းကြည်သည် ၃၀-၄-၂၀၁၉ရက် နံနက် ၉း၃၄နာရီတွင် ရန်ကုန်မြို့၊ ဂရင်းဟံသာဆေးရုံ၌ ကွယ်လွန်သွားကြောင်းကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ပြည်နယ်ဦးစီးဌာနမှူးနှင့်**
**ဝန်ထမ်းမိသားစုများ**
**ရှမ်းပြည်နယ်ငါးလုပ်ငန်းဦးစီးဌာန**

---

## ဒေါ်ဝင်းရီ
### အသက်(၇၇)နှစ်

ရန်ကုန်မြို့နေ (ဦးအေးမြင့်-ဒေါ်မြရှင်)တို့၏သမီး၊ (ဦးကျော်မြင့်)၏ဇနီး၊ (ဦးသိန်းဇော်)၊ ဒေါ်မိုးမိုးဇော်၊ (ဒေါ်သန္တာကျော်)၊ ဒေါ်ကျော့ကျော့ ဝင်းတို့၏မိခင်၊ TOMOICHI ISHI URA, SEIMO ISHI URA၊ မောင်ရန်ကျော်ကျော်အောင်၊ မောင်ကျော်ဘိုဘိုအောင်၊ မောင်ကျော်ညီညီ အောင်တို့၏အဘွားသည် ၂၉-၄-၂၀၁၉ ရက် (တနင်္လာနေ့) ည ၁၀း၅၀ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁-၅-၂၀၁၉ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ မိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဦးပါရန်ဂရာလို
### ရှမ်းမြောက်၊ ကွေ့ခိုင်လားရှိုး
### အသက်(၆၇)နှစ်

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ကွေ့ခိုင် လားရှိုးနေ(ဦးဝမ်ကွမ်ကျိန်-ဒေါ်ရန်ရှောက်ဟွမ်)တို့၏သား၊ အမှတ်-၃၆/၃၇၊ စည်ပင်လမ်း၊ (၁၉)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)နေ ဒေါ်ကျော့ရှင်လန်၏ခင်ပွန်း၊ ဦးဇော်ရှင်း-ဒေါ်သန္တာစိုး၊ ဦးဇော့ရှင်း-ဒေါ်နန်းထွေးခမ်း၊ ဒေါ်မအာကျေ၊ ဦးအောင်ကျော်မိုး-ဒေါ်ကွေ့ကြည်(ခ)မိမိခိုင်တို့၏ဖခင်၊ မြေး ၁၂ယောက်တို့၏အဘိုးသည် ၂၉-၄-၂၀၁၉ ရက်(တနင်္လာနေ့) နံနက် ၆း၂၈နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃-၅-၂၀၁၉ ရက်(သောကြာနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးယူနန်သုသာန်သို့ ပို့ဆောင်ဂူသွင်း သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြား အပ်ပါသည်။(နေအိမ်မှကား များမွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယိကာမကြီး
## ဒေါ်သန်းသန်း (ယခင်မြကန်သာစားသောက်ဆိုင်)
### အသက်(၁၀၃)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဗိုလ်ချို(၂)ရပ်ကွက်၊ နတ်မောက်လမ်းသွယ်(၁)၊ အမှတ်(၇၀)နေ (ဦးဘရင်-ဒေါ်ရှမ်းမေ)တို့၏သမီး၊ (ဦးဘသိန်း-ဒေါ်မြစိန်)တို့၏သမီးချွေးမ၊ (ဦးသိန်းနွဲ့)၏ဇနီး၊ (ဦးတင်စော-ဒေါ်သန်းနွဲ့)၊ (ဦးဘစိန်-ဒေါ်သောင်းသောင်း) တို့၏ညီမ၊ (ဗိုလ်ကြီးတင်ဦး)၊ ဦးစောလွင်(BKK)၊ ဒေါ်မြမြသိန်း၊ ဒေါ်လှလှသိန်း၊ ဒေါက်တာမောင်မောင်သိန်း-ဒေါ်တင်တင်အေး (USA)၊ ဒေါက်တာကိုဇော်-(ဒေါ်ရီရီရှင်)(USA)၊ (ဒေါ်ခင်ဆွေသိန်း)၊ ဒေါ်အေးအေးမွန်(ဒုတိယညွှန်ကြားရေးမှူး-ငြိမ်း၊ အား/ကာ)-ဦးသန်းကျော်ညွှန့်(ညွှန်ကြား ရေးမှူး-ငြိမ်း၊ အား/ကာ)၊ ဒေါ်ခင်ထွေးသိန်း-Mr.Kevin Erickson (USA) တို့၏မိခင်၊ မြေး ၁၆ယောက်၊ မြစ်ငါးယောက်၊ တူနှစ်ယောက်တို့၏အဒေါ်သည် ၃၀-၄-၂၀၁၉ရက်(အင်္ဂါနေ့) နံနက် ၁၀း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂-၅-၂၀၁၉ရက် (ကြာသပတေးနေ့) နံနက် ၉နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ် ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟ များအား အသိပေးအကြောင်းကြားအပ်ပါသည်။ (အထက်ပါ နတ်မောက်လမ်းသွယ်(၁) နေအိမ်မှကားများ နံနက် ၇း၃၀နာရီတွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဦးစိန်လှ (မော်ကျွန်း)
### လက်ထောက်ညွှန်ကြားရေးမှူး(ငြိမ်း)
### ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန
### အသက်(၈၄)နှစ်

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၅)ရပ်ကွက်၊ ဈေးလမ်း၊ တိုက်(၇၇၄)၊ အခန်း(၂၀၂)နေ (ဒေါ်နုနု)၏ခင်ပွန်းသည် ၃၀-၄-၂၀၁၉ရက် နံနက် ၈း၃၆နာရီတွင် ပန်းလှိုင်စီလုံဆေးရုံ ၌ ကွယ်လွန်သွားပါသဖြင့် ၂-၅-၂၀၁၉ရက် (ကြာသပတေးနေ့) မွန်းလွဲ ၁နာရီတွင် ထိန်ပင်သုသာန်တွင် သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှမိတ်ဆွေများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁း၁၅နာရီတွင်ထွက်ခွာပါမည်။)

[ကွယ်လွန်သူအားရည်စူး၍ ၆-၅-၂၀၁၉ရက် (တနင်္လာနေ့) နံနက် ၇ နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဦးမင်းကြည် (ရန်ကုန်-ပန်တျာ)
### B.A Music လက်ထောက်ကထိက(ငြိမ်း)
### အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ်
### အသက်(၇၅)နှစ်

ပဲခူးတိုင်းဒေသကြီး၊ ကျောက်တန်းနေ ဦးအုန်းချို-ဒေါ်ကြည်တို့၏သား၊ ဦးကျော်ထွန်းဝင်း (MWD)၏အစ်ကို၊ ဒေါ်ဝင်းမေ၊ ဒေါ်ယဉ်ယဉ်ခိုင်၏ခင်ပွန်း၊ ဒေါ်မေသန်းနိုင်(ဒုတိယညွှန်ကြားရေးမှူး-FDA)၊ (ဒုတိယဗိုလ်မင်းခိုင်)(ခမရ-၁၁၈)၊ ဒေါ်ဇော်လဲ့လဲ့မင်း၊ မဆည်းဆာနွယ်(Music Teacher)တို့၏ဖခင်၊ မြေးငါးယောက်၊ မြစ်လေးယောက်တို့၏အဘိုးသည် ၃၀-၄-၂၀၁၉ရက် နံနက် ၅နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့ မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၆-၅-၂၀၁၉ရက်တွင် သဃ်ာန်းကျွန်းမြို့နယ်၊ စံပြ(၇)လမ်း၊ စံပြရပ်ကွက်၊ အမှတ်-၃၉၊ လေးလွှာ၊ ဒုတိယထပ်(A)နေ အိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဒေါ်ဝင်းရီ
### အသက်(၇၇)နှစ်

ရန်ကုန်မြို့နေ (ဦးအေးမြင့်-ဒေါ်မြရှင်)တို့၏သမီး၊ (ဦးမောင်မောင်စန်း)၊ ဒေါ်မိမိလေး၊ ဦးတင်ဝင်း၊ ဒေါ်ညွှန့်ညွှန့်ဝင်း၊ ဒေါ်နုနုဝင်း၊ ဒေါ်ကြည်ကြည်ဝင်းတို့၏အစ်မသည် ၂၉-၄-၂၀၁၉ရက် (တနင်္လာနေ့)ည ၁၀း၅၀နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁-၅-၂၀၁၉ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည် ဖြစ်ပါကြောင်းရပ်နီးရပ်ဝေးမှ မိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဦးဟန်ထွန်း (ကြို့ပင်ကောက်)
### လ/ထမန်နေဂျာ-မြန်မာ့သစ်လုပ်ငန်း(ငြိမ်း)
### အသက်(၇၂)နှစ်

ပဲခူးတိုင်းဒေသကြီး၊ ကြို့ပင်ကောက်မြို့၊ လှေတုံးကျေးရွာနေ (ဦးကျော်စိန်-ဒေါ်မြရီ)တို့၏သား၊ အုတ်ဖိုမြို့၊ သင်မန်းကုန်းကျေးရွာနေ ဦးသောင်းညွှန့်-ဒေါ်မြညွှန့်၊ အင်တိုင်နေ (ဦးအောင်သန်း)-ဒေါ်စန်းစန်းနွယ်၊ ပြည်မြို့၊ ဆင်တဲနေ ဦးသိန်းဆွေ-ဒေါ်ရီရီမြင့်၊ ရွှေပေါက်ကံမြို့သစ်နေ ဦးသန်းလွင်-ဒေါ်ဇင်မင်းထွန်း တို့၏အစ်ကို၊ တူ/တူမ(၁၃) ယောက်တို့၏ဘကြီးသည် ၃၀-၄-၂၀၁၉ရက် (အင်္ဂါနေ့) နံနက် ၀၀း၂၀နာရီတွင် အောင်ရတနာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂-၅-၂၀၁၉ရက်(ကြာသပတေးနေ့) မွန်းတည့်၁၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းအားအကြောင်းကြားအပ်ပါသည်။ (တောင်ဥက္ကလာပမြို့နယ်၊ (၉)ရပ်ကွက်၊ ကျော်သူ(၂၂) လမ်း၊ အမှတ်-၈၅၀(က)နေအိမ်မှကားများ နံနက် ၁၀း၃၀ နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၆-၅-၂၀၁၉ရက်(တနင်္လာနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ တောင်ဥက္ကလာပမြို့နယ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဦးဟန်ထွန်း (ကြို့ပင်ကောက်)
### လ/ထမန်နေဂျာ မြန်မာ့သစ်လုပ်ငန်း(ငြိမ်း)
### အသက်(၇၂)နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၉)ရပ်ကွက်၊ ကျော်သူ(၂၂)လမ်း၊ အမှတ် ၈၅၀(က)နေ (ဦးကျော်စိန်-ဒေါ်မြရီ)တို့၏သား၊ ဒေါ်သန်းသန်း၏ခင်ပွန်း၊ ဦးဇော်လင်း-ဒေါ်ဇင်မာထွန်း (သစ်တောဖက်စပ်)၊ ဦးဇော်မင်းထွန်း(ဖာပွန်ခရိုင် ရွေးကောက်ပွဲကော်မရှင်ရုံး)-ဒေါ်လွင်လွင်မိုး၊ ဦးဇေယျာမင်းသန့်-ဒေါ်မီမီထွန်း၊ ဒေါ်မွန်မွန်ဆွေ(သစ်တောဖက်စပ်)တို့၏ဖခင်၊ မောင်လင်းထက်ဇော်၊ မောင်ဉာဏ်လင်းထက်၊ မောင်ထက်အောင်ကောင်းတို့၏အဘိုးသည် ၃၀-၄-၂၀၁၉ရက် (အင်္ဂါနေ့) နံနက် ၀၀း၂၀နာရီတွင် အောင်ရတနာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂-၅-၂၀၁၉ရက် (ကြာသပတေးနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၆-၅-၂၀၁၉ရက်(တနင်္လာနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

# ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ဟားခါး - ဟာသာ -တောင်ခင်ရမ်းလမ်းနှင့် ဒေါင်ဗားချောင်းတံတား တည်ဆောက်နေမှုအခြေအနေတို့အား ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဧပြီ ၃၀**

ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်မှု အခြေအနေကို ကြည့်ရှုစစ်ဆေးရန် ဟားခါးမြို့၌ ရောက်ရှိနေသည့် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် ယနေ့တွင် ဟားခါး-ဟာသာ-တောင်ခင်ရမ်းလမ်း ဖောက်လုပ်ထားမှုနှင့် ဒေါင်ဗားချောင်းတံတား တည်ဆောက်နေမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဒုတိယသမ္မတသည် ချင်းပြည်နယ်ဝန်ကြီးချုပ် ဆလိုင်းလျန်လွယ်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးဇိုဘွဲ၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွဋ်၊ ဦးလှမော်ဦး၊ ပြည်နယ်ဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ဟားခါးမြို့မှ မော်တော်ယာဉ်များဖြင့် ထွက်ခွာကြရာ လမ်းတစ်လျှောက်ရှိ ကျေးရွာများမှ ဒေသခံပြည်သူများက ရိုးရာဓလေ့အတိုင်း ဂုဏ်ပြုကြိုဆိုကြပြီး ဒေသတွင်းလိုအပ်လျက်ရှိသည့် ပညာရေး၊ ကျန်းမာရေးနှင့် လမ်းပန်းဆက်သွယ်ရေး အခြေအနေများကို တင်ပြကြရာ ဒုတိယသမ္မတက ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းပေးသည်။

ယင်းနောက် ဒုတိယသမ္မတနှင့်အဖွဲ့သည် ဟားခါး - ဟာသာ - တောင်ခင်ရမ်းလမ်းဖောက်လုပ်ထားမှုအခြေအနေများကို မော်တော်ယာဉ်များဖြင့် ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် ဒုတိယသမ္မတနှင့် အဖွဲ့သည် ဟားခါး - ဟာသာ - တောင်ခင်ရမ်းလမ်း *စာမျက်နှာ ၆ ကော်လံ ၁* ✻




ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူနှင့် အဖွဲ့ ဒေါင်ဗားချောင်းတံတား တည်ဆောက်နေသည့်နေရာ၌ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။ သတင်းစဉ်

## အာရှ ယူ-၁၉ အမျိုးသမီးခြေစစ်ပွဲတွင် မြန်မာအသင်း ခြေစစ်ပွဲအောင်မြင်

**မန္တလေး ဧပြီ ၃၀**

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် ၂၀၁၉ အာရှ ယူ-၁၉ အမျိုးသမီးခြေစစ်ပွဲ အုပ်စု(က) နောက်ဆုံးနေ့ကို ယနေ့ ညနေပိုင်းက မန္တလေးမြို့ရှိ မန္တလာသီရိကွင်း၌ ကျင်းပရာ သြစတြေးလျအသင်းနှင့် မြန်မာအသင်းတို့ ခြေစစ်ပွဲအောင်မြင်ခဲ့သည်။




မြန်မာအသင်း၏ တိုက်စစ်ကို နီပေါဂိုးသမား ကာကွယ်စဉ်။ ဓာတ်ပုံ-ဖိုးသော်ဇင်

မြန်မာ ယူ-၁၉ အမျိုးသမီးအသင်းသည် နီပေါအသင်းနှင့် တွေ့ဆုံခဲ့ပြီး နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ မြန်မာအသင်းသည် နောက်ဆုံးပွဲတွင် နိုင်ပွဲရယူကာ သြစတြေးလျအသင်းနှင့်အတူ ခြေစစ်ပွဲအောင်မြင်ခဲ့ခြင်းဖြစ်သည်။ မြန်မာအသင်းသည် နီပေါအသင်းကို အနိုင်ယူကာ ခြေစစ်ပွဲအောင်မြင်ရန် လိုအပ်သည့် ရမှတ်ရယူနိုင်ခဲ့ခြင်းဖြစ်သည်။ ယခုပွဲမတိုင်မီ ကစားသည့်ပွဲတွင် ဥဇဘက်ကစ္စတန်အသင်း အရေးနိမ့်ခဲ့သောကြောင့် မြန်မာအသင်းသည် သရေကျရုံဖြင့် ခြေစစ်ပွဲအောင်မြင်မည်ဖြစ်သော်လည်း နိုင်ပွဲရယူခဲ့ခြင်းဖြစ်သည်။

*စာမျက်နှာ ၂၀ ကော်လံ ၁* ✪

## တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံးက ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးနှင့် ထာဝရငြိမ်းချမ်းရေးအတွက် ထုတ်ပြန်ချက်တစ်ရပ် ထုတ်ပြန်

**နေပြည်တော် ဧပြီ ၃၀**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံးသည် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးနှင့် ထာဝရငြိမ်းချမ်းရေးအတွက် ထုတ်ပြန်ချက်တစ်ရပ်ကို ယနေ့ရက်စွဲဖြင့် ထုတ်ပြန်လိုက်သည်။

ယင်းထုတ်ပြန်ချက်တွင် မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ တပ်မတော်အနေဖြင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအား ထိရောက်စွာ ဆောင်ရွက်နိုင်ရေး ၂၀၁၈ ခုနှစ် ဒီဇင်ဘာ ၂၁ ရက်မှ ၂၀၁၉ ခုနှစ် ဧပြီ ၃၀ ရက်အထိ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်နယ်မြေ၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ်နယ်မြေ၊ အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ်နယ်မြေ၊ အရှေ့အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်နယ်မြေ၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ် နယ်မြေများတွင် စစ်ရေးဆိုင်ရာ လှုပ်ရှားမှုအားလုံး ရပ်ဆိုင်းပေးခဲ့ကြောင်း၊ ၂၀၁၈ ခုနှစ် ဒီဇင်ဘာ ၂၁ ရက်၌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံးက သတင်းထုတ်ပြန်ပြီးဖြစ်ကြောင်း။

*စာမျက်နှာ ၉ ကော်လံ ၁* ❒

## နိုင်ငံတော်အစိုးရ ပြည်သူ့အတွက် တတိယ(၁)နှစ်တာ အချုပ်ပိုပါရှိ

ယနေ့ထုတ် မြန်မာ့အလင်းသတင်းစာတွင် နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် တတိယ (၁)နှစ်တာအဖြစ် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနနှင့် တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့တို့၏ တတိယ (၁)နှစ်တာ ဆောင်ရွက်ချက်များကို အချုပ်ပိုရှစ်မျက်နှာဖြင့် ဖော်ပြထားပါသည်။

GRAND HANTHA INTERNATIONAL HOSPITAL

အမေရိကန်နိုင်ငံနှင့် နိုင်ငံတကာမှ MMPGA အဖွဲ့ဝင် အထူးကုသမားတော်ကြီးများသည် ဂရန်း(ဒ်)ဟံသာအင်တာနေရှင်နယ်ဆေးရုံကြီးတွင် တစ်နှစ်ပတ်လုံး စဉ်ဆက်မပြတ် အလှည့်ကျ လာရောက်ကုသ ဆွေးနွေးပေးသွားမည်ဖြစ်ပါသည်။

MMPGA

အထွေထွေ ရောဂါကုဆရာဝန်ကြီး
ဒေါက်တာ ထူးထူးအောင်
MBBS, MD, Internal Medicine,
California, USA
၁.၅.၂၀၁၉ မှ ၁၄.၅.၂၀၁၉ ထိ

အထွေထွေရောဂါ အထူးကုဆရာဝန်ကြီး
ဒေါက်တာ မောင်တင့်ဝေ
MBBS, MD, FAAFP
Family Medicine, California, USA
၁၇.၅.၂၀၁၉ မှ ၃၀.၅.၂၀၁၉ ထိ

တနင်္လာနေ့မှ သောကြာနေ့တိုင်း နံနက် (၉) နာရီမှ ညနေ(၅) နာရီအထိလူနာများကို လက်ခံကြည့်ရှု ဆွေးနွေးမှုများ ပြုလုပ်ပေးသွားပါမည်။

အမှတ် (၃)၊ နာနတ်တောလမ်းနှင့် ကြည့်မြင်တိုင်ကမ်းနားလမ်းထောင့်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၁ ၂၃၁ ၇၆၁၇၊ ၀၁ ၅၂၃ ၀၀၀၊ ၀၁ ၅၂၃ ၁၁၁

မြန်မာ့အလင်း
ယနေ့ရန်ကုန်
Yangon Today
၁၃၈၁ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၂ ရက်
၂၀၁၉ ခုနှစ်၊ မေ ၁ ရက်၊ ဗုဒ္ဓဟူးနေ့

# ရန်ကုန်ဆိပ်ကမ်းရဲ့ ဆိပ်ခံတံတားတွေ



**ဇင်လင်းမြင့်**

မြန်မာနိုင်ငံရဲ့စီးပွားရေးမြို့တော်ဖြစ်တဲ့ ရန်ကုန်မြို့ဟာ ပြည်တွင်းပြည်ပတင်ပို့၊ တင်သွင်းတဲ့ ကုန်ပစ္စည်းတွေရဲ့အဓိကရေကြောင်းကုန်သွယ်ရေးဆိပ်ကမ်းတွေ တည်ရှိနေတဲ့ မြို့ကြီးတစ်မြို့လည်း ဖြစ်ပါတယ်။ မြန်မာနိုင်ငံရဲ့ အဓိကရေကြောင်း ကုန်သွယ်ရေးမြို့ဖြစ်တာကြောင့် ဆိပ်ကမ်းနဲ့ ဆိပ်ခံတံတားတွေ ကောင်းမွန်အောင်နဲ့ တိုးတက်ဖြစ်ထွန်းလာဖို့လည်း ကြိုးစားနေတာကြောင့် အခုဆိုရင် သုံးနှစ်တာကာလအတွင်းမှာ ရန်ကုန်ရဲ့ဆိပ်ခံတံတားရှစ်စင်းကို အသစ်တည်ဆောက်နိုင်ခဲ့ပြီ ဖြစ်ပါတယ်။

ဒါကြောင့်လည်း ရန်ကုန်ဆိပ်ကမ်းမှာ ဆိပ်ခံတံတားအသစ်တွေ တည်ဆောက်နိုင်ခဲ့လို့ ကုန်သေတ္တာအလုံးရေ သုံးသန်းကျော် ကိုင်တွယ်နိုင်ခဲ့တယ်လို့ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ သိရပါတယ်။ ရန်ကုန်မြို့မှာ အရင်ကဆိပ်ခံတံတား ၃၃ စင်းသာ တည်ရှိခဲ့ပေမယ့် အခုဆိုရင် ဆိပ်ခံတံတား ၄၁ စင်းအထိ ရှိလာခဲ့ပြီ ဖြစ်ပါတယ်။





### ကုန်စည်ကူးသန်းရောင်းဝယ်မှုတွေ တိုးတက်လာမှာဖြစ်

ရန်ကုန်ဆိပ်ကမ်းဟာ မြန်မာနိုင်ငံရဲ့ အပြည်ပြည်ဆိုင်ရာရေကြောင်းကုန်သွယ်မှုပမာဏ ၉၀ ရာခိုင်နှုန်းကျော် လက်ခံဆောင်ရွက်ပေးနေတာဖြစ်လို့ အရေးကြီးတဲ့ဆိပ်ကမ်းလည်း ဖြစ်ပါတယ်။ နိုင်ငံတကာက သင်္ဘောကြီးတွေ ဝင်ထွက်ဆိုက်ကပ်နိုင်အောင် ရန်ကုန်ဆိပ်ကမ်းရဲ့ ဆိပ်ခံတံတားတွေ အသစ်တည်ဆောက်မှုနဲ့ ရေရှည်ခိုင်ခံ့အောင် ထိန်းသိမ်းစောင့်ရှောက်မှုတွေကလည်း အရေးကြီးပါတယ်။ ဆိပ်ကမ်းနဲ့ ဆိပ်ခံတံတားတွေ ကောင်းမွန်ပါမှ နိုင်ငံတကာ ပင်လယ်ကူးသင်္ဘောကြီးတွေ ဝင်ရောက်ဆိုက်ကပ် ဝင်ထွက်သွားလာနိုင်မှာဖြစ်သလို ကုန်စည်ကူးသန်းရောင်းဝယ်မှုတွေလည်း တိုးတက်လာမှာဖြစ်ပါတယ်။

မြန်မာနိုင်ငံဟာ ပင်လယ်ကမ်းရိုးတန်းအရှည် ၁၃၈၅ မိုင်ရှိနေပြီး အဲဒီကမ်းရိုးတန်းအလျားပေါ်မှာ ဆိပ်ကမ်းပေါင်းကိုးခုခန့် ရှိနေပါတယ်။ မြန်မာနိုင်ငံရဲ့ပင်လယ်ဆိပ်ကမ်းပေါင်းကိုးခုမှာ ရန်ကုန်ဆိပ်ကမ်းဟာ မြန်မာ့ရေကြောင်းကုန်သွယ်မှုရဲ့ အရေးပါဆုံးဆိပ်ကမ်းလည်းဖြစ်သလို ပြည်တွင်း ပြည်ပရေကြောင်းကုန်သွယ်မှုရဲ့အဓိကအကျဆုံး ဆိပ်ကမ်းလည်း ဖြစ်ပါတယ်။ ဒါကြောင့် ရန်ကုန်ဆိပ်ကမ်းဖွံ့ဖြိုးတိုးတက်ဖို့အတွက် ဆိပ်ခံတံတားအသစ်တွေအပြင် တည်ဆောက်ပြီးသားဆိပ်ခံတံတားတွေကိုလည်း ကုန်တင်သင်္ဘောကြီးတွေ ဆိုက်ကပ်နိုင်အောင် အဆင့်မြှင့်တင်မှုတွေ ပြုလုပ်နေတာဖြစ်ပါတယ်။

### ဆိပ်ခံတံတားသစ်များတည်ဆောက်

ရန်ကုန်ဆိပ်ကမ်းမှာ အသစ်ထပ်မံတည်ဆောက်ခဲ့တဲ့ ဆိပ်ခံတံတားတွေကိုကြည့်ရင် အရှည်မီတာ ၂၀၀ ရှိတဲ့ Green Asia ဆိပ်ခံတံတား၊ Wilma International ဆိပ်ခံတံတား၊ Elite Perto Chemical ဆိပ်ခံတံတား၊ International Balk Terminal Thilawa ဆိပ်ခံတံတားစတဲ့ ဆိပ်ခံတံတားတွေဖြစ်ပြီး လက်ရှိမှာ အသုံးပြုမှုတွေ ပြုလုပ်နေပြီ ဖြစ်ပါတယ်။

ရန်ကုန်သီလဝါအထူးစီးပွားရေးဇုန်ဘက်မှာလည်း ပြည်ပက သွင်းကုန်နဲ့ ပြည်တွင်းက ထုတ်ကုန်ပစ္စည်းတွေ တင်ပို့တင်သွင်းနိုင်ဖို့အတွက် ဆိပ်ခံတံတားတွေ တည်ဆောက်ခဲ့ရာမှာ အရှည် မီတာ ၁၃၅ ခန့်ရှိတဲ့ Puma Energy Asia Sun ဆိပ်ခံတံတားအပြင် ဂျပန် ODA ချေးငွေနဲ့ တည်ဆောက်ထားတဲ့ မီတာ ၄၀၀ ရှည်တဲ့ ဆိပ်ခံတံတားနှစ်စင်းကိုလည်း တည်ဆောက်ထားပါတယ်။

ဒ့ါအပြင် သီလဝါအထူးစီးပွားရေးဇုန်မှာ စက်ရုံတွေ၊ စီးပွားရေးလုပ်ငန်းတွေ အတော်များများ လည်ပတ်နေကြပြီဖြစ်တာမို့ အဲဒီကနေပြီး ပြည်ပကိုတင်ပို့မယ့် ကုန်ပစ္စည်းတွေလည်း အများအပြား ထွက်ပေါ်လာမှာဖြစ်ပါတယ်။ ဒါကြောင့် ထုတ်ကုန်ပစ္စည်းတွေ ပြည်ပတင်ပို့ဖို့အတွက် ဆိပ်ခံတံတားတွေနဲ့ ကုန်သေတ္တာလွင်ပြင်တွေ လိုအပ်နေဦးမှာ ဖြစ်ပါတယ်။

သီလဝါအထူးစီးပွားရေးဇုန်မှာ ၂၀၁၉ ခုနှစ် ဇန်နဝါရီလအထိ ပြည်တွင်း ပြည်ပ ရင်းနှီးမြှုပ်နှံမှုဟာ အမေရိကန်ဒေါ်လာ ၁ ဒသမ ၅ ဘီလီယံခန့်ရှိနေပြီး နိုင်ငံပေါင်း ၁၈ နိုင်ငံက ကုမ္ပဏီပေါင်း ၁၀၃ ခုတို့က လာရောက်ရင်းနှီးမြှုပ်နှံလုပ်ကိုင်နေကြတာ ဖြစ်ပါတယ်။

**အချပ်ပို (ဃ) သို့**

**သီလဝါအထူးစီးပွားရေးဇုန်မှာ ၂၀၁၉ ခုနှစ် ဇန်နဝါရီလအထိ ပြည်တွင်း ပြည်ပ ရင်းနှီးမြှုပ်နှံမှုဟာ အမေရိကန်ဒေါ်လာ ၁ ဒသမ ၅ ဘီလီယံခန့်ရှိနေပြီး နိုင်ငံပေါင်း ၁၈ နိုင်ငံက ကုမ္ပဏီပေါင်း ၁၀၃ ခုတို့က လာရောက်ရင်းနှီးမြှုပ်နှံလုပ်ကိုင်နေကြတာ ဖြစ်ပါတယ်။ သီလဝါအထူးစီးပွားရေးဇုန် စတင်ချိန်ကနေပြီး ၂၀၁၉ ခုနှစ် နှစ်ဆန်းပိုင်းအထိ လည်ပတ်နေတဲ့ စက်ရုံပေါင်း ၆၃ ရုံ ရှိနေပြီဖြစ်**

# စိတ်အေးချမ်းစွာ နားခိုရာ၊ အများပြည်သူဆိုင်ရာ နေရာမှာ

**ထင်ပေါ်ဝင်း၊ ဓာတ်ပုံ - ထိန်လင်း**



ဒို့အိမ် လူမှုအကျိုးပြုအဖွဲ့အစည်းမှ အဖွဲ့ဝင်များ။

အချိန်ကာလအားဖြင့် နှစ်ပေါင်းရာချီတည်တံ့နေပြီဖြစ်တဲ့ ရန်ကုန်မြို့တော်ကြီးကို စိမ်းလန်းစိုပြည်ပြီး နေချင်စဖွယ်မြို့တော်ကြီးအဖြစ် ပြုပြင်ပြောင်းလဲမှုတွေ လုပ်ဆောင်နေတဲ့နေရာမှာ ရန်ကုန်မြို့သူမြို့သားတွေအပါအဝင် သက်ဆိုင်ရာ အစိုးရအဖွဲ့အစည်းနဲ့ ဌာနဆိုင်ရာများဟာ အင်တိုက်အားတိုက်နဲ့ ပါဝင်ဆောင်ရွက်လျက်ရှိကြပါတယ်။ ပရဟိတလူမှုရေးအသင်းအဖွဲ့တွေနဲ့ လူမှုအကျိုးပြုအဖွဲ့အစည်းများဟာလည်း ရန်ကုန်မြို့ပြရဲ့ယဉ်ကျေးမှု၊ နေချင်စဖွယ်ဖြစ်မှုနဲ့ ရေရှည်တည်တံ့မှုတို့ကို ဝိုင်းဝန်းထိန်းသိမ်းဖို့အတွက် အစွမ်းကုန် ကြိုးစားဆောင်ရွက်နေကြတာကို တွေ့ရပါတယ်။

**တစ်နေ့တခြား တိုးပွားလို့လာနေ**

မြို့တော်ကြီး သန့်ရှင်းသာယာလှပတောက်ပြောင်စေရေးအတွက် ဝိုင်းဝန်းကူညီပေးနေကြတဲ့ ပရဟိတ သန့်ရှင်းရေးအဖွဲ့အစည်းတွေ၊ မြို့ပြအမွေအနှစ်ကို အသိအမှတ်ပြု ထိန်းသိမ်းစောင့်ရှောက်နေတဲ့ လူမှုအဖွဲ့အစည်းတွေ၊ မြို့တော်မှာ အသုံးမပြုဘဲ တိမ်မြုပ်ပျောက်ကွယ်နေတဲ့ အများပြည်သူနဲ့ဆိုင်တဲ့နေရာတွေကို ရှာဖွေဖော်ထုတ် အဆင့်မြှင့်တင်ပေးနေတဲ့ အဖွဲ့အစည်းတွေဟာ ရန်ကုန်မြို့တော်ကြီးမှာ တစ်နေ့တခြား တိုးပွားလို့လာနေပါတယ်။



ဒို့အိမ် လူမှုအကျိုးပြုအဖွဲ့အစည်းမှ ဆယ်ကျော်သက်များအား ဆွေးနွေးဟောပြောစဉ်။

ရန်ကုန်မြို့တော်ကြီးကို ခေတ်မီလှပတဲ့ မြို့တော်တစ်ခုအဖြစ် ရပ်တည်နိုင်အောင် ဝိုင်းဝန်းကူညီနေကြတဲ့ အဖွဲ့အစည်းအသီးသီးရှိနေတဲ့ထဲကမှ အခုတစ်ပတ်မှာ အထူးတင်ပြလိုတာကတော့ ဒို့အိမ်လူမှုအကျိုးပြုအဖွဲ့အစည်းက ရေးဆွဲထားတဲ့ မိန်းကလေးများ ဦးဆောင်ပြုလုပ်တဲ့ လုပ်ငန်းအစီအစဉ်တစ်ခုအကြောင်းပဲ ဖြစ်ပါတယ်။ ရန်ကုန်မြို့အခြေစိုက် ဒို့အိမ်လူမှုအဖွဲ့အစည်းဟာ ရန်ကုန်မြို့လယ်မှာရှိတဲ့ နောက်ဖေးလမ်းကြားများကို ပြည်သူများ အပန်းဖြေအနားယူရာ ဥယျာဉ်အဖြစ် ပြောင်းလဲပေးနေတဲ့ အဖွဲ့အစည်းတစ်ခု ဖြစ်ပါတယ်။

အခုအခါမှာ ဒို့အိမ်လူမှုအကျိုးပြုအဖွဲ့အစည်းဟာ အသက် ၁၀ နှစ်ကနေ ၁၉ နှစ်ကြားရှိတဲ့ ရန်ကုန်သူလေးများရဲ့စွမ်းဆောင်ရည်ကို မြှင့်တင်ပေးတော့မယ်လို့ သိရပါတယ်။ ဒို့အိမ်ရဲ့အစီအစဉ်ကတော့ ရန်ကုန်သူ ဆယ်ကျော်သက်မိန်းကလေးတွေ ကိုယ်တိုင်ဦးစီးဦးဆောင်ပြီး မိမိအနီးပတ်ဝန်းကျင်မှာရှိတဲ့ အများပြည်သူဆိုင်ရာ နေရာများကို ဖော်ထုတ်သွားဖို့ပဲ ဖြစ်ပါတယ်။ ဒီအစီအစဉ်နဲ့ပတ်သက်ပြီး ဒို့အိမ်လူမှုအကျိုးပြုအဖွဲ့အစည်းက လူထုဆက်ဆံရေးနဲ့ ဆက်သွယ်ရေးအရာရှိ ကိုကျော်စည်သူကို သွားရောက်တွေ့ဆုံမေးမြန်းဖြစ်ခဲ့ပါတယ်။

**တိုးတက်လာဖို့အတွက် အဓိကထား**

ကိုကျော်စည်သူက "ဒီစီမံကိန်းကို အကောင်အထည်ဖော်ဖြစ်တာက Spring Accelerator Program က ငွေကြေးထောက်ပံ့ပေးတာပေါ့။ အဲဒီကနေတစ်ဆင့် ဒီစီမံကိန်းလုပ်ဖို့အတွက် စပြီးလှုပ်ရှားဖြစ်တာပေါ့။ Spring Accelerator က အာရှနဲ့ အာဖရိကမှာရှိတဲ့ လူမှုအကျိုးပြုလုပ်ငန်းတွေကို သူတို့က ထောက်ပံ့ပေးတာပေါ့။ ဘယ်လိုထောက်ပံ့ပေးလဲဆိုရင် ဆယ်ကျော်သက် မိန်းကလေးတွေအတွက် သူတို့ရဲ့ လူနေမှုဘဝနဲ့ သူတို့ရဲ့စွမ်းရည်ပိုင်းတွေ ပိုပြီးအားကောင်းလာစေဖို့၊ တိုးတက်လာဖို့အတွက် အဓိကထားပြီး လုပ်ဆောင်တဲ့အဖွဲ့အစည်းတွေကို သူတို့က ကူညီပေးတာပေါ့။

"ကျွန်တော်တို့က ပြီးခဲ့တဲ့နှစ်မှာ အဲဒီပရိုဂရမ်က ရွေးချယ်တာကို ခံခဲ့ရတာပေါ့။ ဒို့အိမ်က အဲဒီပရိုဂရမ်သွားတက်ဖြစ်တယ်။ သူတို့ကလည်း ကျွန်တော်တို့ကို ငွေကြေးအရကော၊ နည်းပညာပိုင်းအရကော သူတို့ဆီက ပညာရှင်တွေနဲ့ ဆွေးနွေးတိုင်ပင်ပြီး လမ်းညွှန်ပေးတယ်။ ကျွန်တော်တို့ အခြေစိုက်တဲ့ ရန်ကုန်မှာပြန်ပြီး ဆယ်ကျော်သက် မိန်းကလေးတွေအတွက် လုံခြုံစိတ်ချရပြီး ကောင်းမွန်စွာအသုံးပြုလို့ရတဲ့ အများပြည်သူဆိုင်ရာနေရာအတွက်ကို ပြန်ပြီး အကောင်အထည်ဖော်ဖြစ်တာပေါ့။ အဲဒီနေရာတွေကတော့ ရန်ကင်းမှာ တစ်နေရာ၊ လှိုင်သာယာမှာ တစ်နေရာ ကျွန်တော်တို့ အကောင်အထည်ဖော်သွားဖို့ရှိတယ်။

**အရင်ဆုံး သုတေသနလုပ်တယ်**

"အဲဒီပရောဂျက်ကိုလုပ်တဲ့အခါမှာ ကျွန်တော်တို့ကလုပ်မယ့်နေရာရဲ့အနီးပတ်ဝန်းကျင်မှာနေတဲ့ ဆယ်ကျော်သက်မိန်းကလေးတွေကို ရွေးချယ်တယ်။ ရွေးချယ်ပြီးတော့ ကျွန်တော်တို့ရဲ့ လုပ်ငန်းအစီအစဉ်တစ်လျှောက်လုံးမှာ ပါဝင်ခိုင်းတယ်။ ဘယ်လိုအစီအစဉ်တွေ ပါဝင်လဲဆိုတော့ သူတို့အနီးပတ်ဝန်းကျင်မှာရှိတဲ့ ရပ်ကွက်တွေ၊ မြို့အနှံ့မှာရှိတဲ့နေရာတွေကို သူတို့ကို လိုက်လေ့လာခိုင်းတယ်။ သူတို့လေ့လာတွေ့ရှိတဲ့အချက်တွေပေါ်မူတည်ပြီးတော့ ကောင်းမွန်တဲ့နေရာတွေဆိုရင် ဘယ်လိုကြွန်အင်လက္ခဏာတွေ ပါလဲဆိုတာကို သူတို့က အရင်ဆုံး သုတေသနလုပ်တယ်။ ပြီးလို့ရှိရင် လုပ်ငန်းခွင်နေရာကို ဘယ်လိုအစိတ်အပိုင်းလေးတွေ ပါအောင်လုပ်မလဲဆိုတာကို ဆွေးနွေးတယ်။ ကျွန်တော်တို့က အဲဒီအချိန်မှာ သူတို့ကို ပုံကြမ်းဆွဲတာတွေ၊ အတိုင်းအတာပြုလုပ်တဲ့ အပိုင်းလေးတွေ အဲဒါတွေကို သင်ပေးတယ်။

ခုနောက်ဆုံးက အများပြည်သူနဲ့ဆိုင်တဲ့ နေရာကို ဘယ်လိုဒီဇိုင်းနဲ့ ဆောက်သွားမလဲဆိုတာကို ကျွန်တော်တို့နဲ့အတူတူ ဒီဇိုင်းဆွဲတယ်ပေါ့။ အဲဒီလိုနဲ့ နောက်ဆုံးဒီဇိုင်းလေး ထွက်လာတယ်။ ကျွန်တော်တို့က အဲဒီ ဒီဇိုင်းမှာထွက်လာတဲ့ အစိတ်အပိုင်းတွေကို ဒီဇိုင်းပြပွဲလေး ပြန်လုပ်တယ်။ အဲဒီမှာ ရပ်ကွက်အနီးကလူတွေ လာကြည့်ကြတယ်။ အစိုးရဘက်ပိုင်းက လူတွေ၊ လွှတ်တော်ကိုယ်စားလှယ်တွေကိုဖိတ်ပြီး သူတို့အမြင်တွေကိုလည်း ယူတယ်။ သူတို့ကလည်း အကြံပေးတယ်။ အဲဒီအပေါ်မှာမူတည်ပြီး ဖိုင်နယ်ဒီဇိုင်းတစ်ခုရလာတယ်။ အဲဒီဖိုင်နယ်ဒီဇိုင်းကို ကျွန်တော်တို့က အကောင်အထည်ဖော်နေတာပါ။ အခုဆိုရင် တည်ဆောက်ရေးအပိုင်းတွေ ကျွန်တော်တို့ စတော့မယ်ပေါ့။ ဒါတွေပြီးသွားရင်တော့ မေလနောက်ဆုံးပတ်လောက်မှာ အများပြည်သူဆိုင်ရာ နေရာနှစ်ခုလောက်ကို ဖွင့်ဖို့စဉ်းစားထားပါတယ်" ဟု ဖြေကြားပေးခဲ့သည်။

**၁၅ ဦး စာရင်းပေးသွင်းပြီး**

ဆယ်ကျော်သက် မိန်းကလေးများ ဦးဆောင်လှုပ်ရှားကြမယ့် အဲဒီအစီအစဉ်မှာပါဝင်ဖို့အတွက် ရန်ကင်းမြို့နယ်အတွက် ၁၄ ဦး စာရင်းပေးသွင်းပြီးဖြစ်သလို လှိုင်သာယာစီမံကိန်းအတွက်ကိုလည်း ၁၅ ဦး စာရင်းပေးသွင်းပြီး ဖြစ်ပါတယ်။

**ကောင်းကောင်းမွန်မွန် အသုံးချ**

အခုလိုစာရင်းပေးသွင်းထားတဲ့ ရန်ကုန်သူ ဆယ်ကျော်သက်မိန်းကလေးများဟာ မိမိပတ်ဝန်းကျင်မှာရှိပြီး လူတွေအသုံးမပြုဘဲ လျစ်လျူရှုခြင်းခံထားရတဲ့နေရာတွေကို အသုံးဝင်လာအောင် ပြန်လည်လုပ်ဆောင်သွားကြမှာပါ။ သစ်ပင်တွေ၊ ချုံနွယ်တွေနဲ့ ရှုပ်ထွေးနေတဲ့နေရာတွေကို ရှင်းလင်းပြီးတော့ ရပ်ကွက်အတွက်၊ အများပြည်သူအတွက် ကောင်းကောင်းမွန်မွန် အသုံးချလို့ရအောင် သူတို့က ဦးဆောင်ပြီး လှုပ်ရှားကြမှာပါ။

အများပြည်သူဆိုင်ရာနေရာတွေမှာ ပါလေ့ရှိတာကတော့ ကစားကွင်းတွေ၊ အပင်တွေ၊ ပန်းဥယျာဉ်တွေ ကလေးတွေအတွက် အရွယ်စုံကစားလို့ရမယ့်နေရာမျိုးတွေ၊ လူကြီးတွေအတွက် အလွယ်တကူ အပန်းဖြေလို့ရမယ့်နေရာတွေ၊ အစိမ်းရောင်မြက်ခင်းတွေပဲ ဖြစ်ပါတယ်။

အများပြည်သူဆိုင်ရာနေရာများကို တစ်ဦးတစ်ယောက်ချင်း သို့မဟုတ် လူအနည်းငယ်ဖြင့် သွားရောက်သည့်အခါတိုင်း စိတ်အနှောင့်အယှက်ဖြစ်စရာများ ကြုံတွေ့ရလေ့ရှိသော ရန်ကုန်သူဆယ်ကျော်သက်တို့အတွက် အများပြည်သူဆိုင်ရာနေရာများကို ကိုယ်တိုင်ဖန်တီးခွင့် အခွင့်အရေးသည် မကြာတော့သည့်ကာလအတွင်း မိမိလက်ဝယ်သို့ ရောက်ရှိလာတော့မည်ဖြစ်သည်။ အနာဂတ်ကို ပုံဖော်ဖန်တီးမည့် ရန်ကုန်သူဆယ်ကျော်သက်တို့အနေဖြင့် ပြည်သူများ စိတ်အေးချမ်းစွာ အနားယူနိုင်မည့် အများပြည်သူဆိုင်ရာနေရာများကို ရှာဖွေဖော်ထုတ်နိုင်ပါစေကြောင်း။ ။



ပုံကြမ်းဆွဲထားမှုကို တွေ့ရစဉ်။

# ၂၀၁၉ ခုနှစ်အတွက် အမွေအနှစ်ထိန်းသိမ်းရေးဆုများကို နမူနာပြုပြင်ဆင်မှု စီမံကိန်း လေးခုက ရရှိခဲ့

ဖူးပြည့်

**ရန်ကုန်** မြို့၏ သမိုင်းကြောင်းရှည်လျားမှုနှင့်အတူ ဖြစ်တည်လာသော မြို့ပြအမွေအနှစ် အဆောက်အအုံများက ရန်ကုန်မြို့အနှံ့ အထင်ကရတည်ရှိနေပေသည်။ ထိုကဲ့သို့အဖိုးတန်သည့် မြို့ပြအမွေအနှစ်အဆောက်အအုံများ အစဉ်တည်တံ့နေစေရန် ထိန်းသိမ်းစောင့်ရှောက်ပြုပြင်သည့်အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များလည်း အထူးလိုအပ်လှပေသည်။



ပန်းဘဲတန်းမြို့နယ် ကုန်သည်လမ်း အမှတ် ၆၄၄ ပထမထပ်ရှိ **Burma Bistro** ကို တွေ့မြင်ရစဉ်။

ဓာတ်ပုံ -YHT

ရန်ကုန်မြို့ပြအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့၏ ၂၀၁၉ ခုနှစ်အတွက် အမွေအနှစ်ထိန်းသိမ်းရေးဆုများကို ချီးမြှင့်ပေးအပ်ခဲ့ရာ အမွေအနှစ်အဆောက်အအုံများကို အကောင်းဆုံးပြန်လည်ထိန်းသိမ်း အသုံးပြုနိုင်ခဲ့သည့် နမူနာပြုပြင်ဆင်မှုစီမံကိန်း လေးခုက ရရှိခဲ့ကြောင်း သိရသည်။

**မူလအတိုင်း အကောင်းဆုံးထိန်းသိမ်း**

ရန်ကုန်မြို့ပြအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့သည် ၂၀၁၉ ခုနှစ်အတွက် ဆုများချီးမြှင့်နိုင်ရန်အတွက် အဆိုပြုလွှာများကို ၂၀၁၈ ခုနှစ် ဒီဇင်ဘာ ၁၄ ရက်မှ ၂၀၁၉ ခုနှစ် ဇန်နဝါရီ ၂၁ ရက်အထိ အဆိုပြုလွှာများ ဖိတ်ခေါ်ခဲ့သည်။ ယင်းအဆိုပြုလွှာများအနက်မှ မူလအတိုင်း အကောင်းဆုံးထိန်းသိမ်းကာ ပြန်လည်အသုံးပြုသည့် စီမံကိန်းအတွက် Best Restoration Award ဆုကို လည်းကောင်း၊ မူလနှင့်ခြားနားစွာ ပြောင်းလဲသုံးစွဲသော်လည်း လိုက်လျောညီထွေရှိစွာ ပြုပြင်ထိန်းသိမ်းသည့် စီမံကိန်းအတွက် Best Adaptive Reuse Award ဆုများကို ရွေးချယ်ချီးမြှင့်ခဲ့ခြင်းဖြစ်သည်။

၂၀၁၉ ခုနှစ်အတွက် အမွေအနှစ် ထိန်းသိမ်းရေးဆုများ ချီးမြှင့်ရာတွင် Best Restoration Award ဆုကို ဗဟန်းမြို့နယ် ကိုယ့်မင်းကိုယ့်ချင်းလမ်းရှိ Goethe Villa နှင့် အစိုးရစက်မှုလက်မှုသိပ္ပံ(အင်းစိန်) ပင်မဆောင်တို့က ရရှိခဲ့ပြီး Best Adaptive Reuse Award ဆုကို ပန်းဘဲတန်းမြို့နယ် ဗိုလ်ဆွန်ပက်လမ်းရှိ Yangon Excelsior Hotel နှင့် ပန်းဘဲတန်းမြို့နယ် ကုန်သည်လမ်း အမှတ် ၆၄၄ ပထမထပ်ရှိ Burma Bistro တို့က ရရှိခဲ့ကြောင်း သိရသည်။ ထို့ပြင် ဒို့အိမ်လူမှုအကျိုးပြုအဖွဲ့အစည်းက ပြန်လည်ပြင်ဆင်ထားသည့် ၄၇ လမ်းရှိ လူနေတိုက်ခန်း အဆောက်အအုံတစ်ခုကိုလည်း ဂုဏ်ပြုဆုအဖြစ် ရွေးချယ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။




၂၀၁၉ ခုနှစ် **Best Adaptive Reuse Award** ဆုရရှိသွားသော ပန်းဘဲတန်းမြို့နယ် ဗိုလ်ဆွန်ပက်လမ်းရှိ **Yangon Excelsior Hotel** ကို တွေ့မြင်ရစဉ်။

ဓာတ်ပုံ - ထိန်လင်း

**အဆိုပြုလွှာများအနက်မှ မူလအတိုင်း အကောင်းဆုံးထိန်းသိမ်းကာ ပြန်လည်အသုံးပြုသည့် စီမံကိန်းအတွက် Best Restoration Award ဆုကို လည်းကောင်း၊ မူလနှင့်ခြားနားစွာ ပြောင်းလဲသုံးစွဲသော်လည်း လိုက်လျောညီထွေရှိစွာ ပြုပြင်ထိန်းသိမ်းသည့် စီမံကိန်းအတွက် Best Adaptive Reuse Award ဆုများကို ရွေးချယ်ချီးမြှင့်ခဲ့ခြင်းဖြစ်**

**ထိန်းသိမ်းစောင့်ရှောက်မှုတန်ဖိုးထားအောင်**

အမွေအနှစ်ထိန်းသိမ်းရေးဆုများ ချီးမြှင့်ခြင်းနှင့်ပတ်သက်၍ ရန်ကုန်မြို့ပြ အမွေအနှစ်ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ ဒါရိုက်တာ ဒေါ်မိုးမိုးလွင်က "ကျွန်မတို့အနေနဲ့ ဒီဆုကိုအဓိကပေးရတဲ့ရည်ရွယ်ချက်ကတော့ ထိန်းသိမ်းစောင့်ရှောက်မှုဟာ လူအများထဲမှာ ပျံ့နှံ့လာအောင်၊ လူတွေဟာ ပိုပြီးတန်ဖိုးထားလာအောင်၊ ဖျက်ဖို့ရည်ရွယ်တာထက် ပြုပြင်ထိန်းသိမ်းရေးဘက်ကို ပိုပြီးတော့ ဦးစားပေးလာအောင်ဆိုတဲ့ ရည်ရွယ်ချက်တွေနဲ့ လုပ်ငန်းတွေအများကြီးလုပ်ပါတယ်။ လူတွေကိုဆော်သြတဲ့ လုပ်ငန်းမျိုးတွေ၊ တိုက်တွန်းတဲ့ လုပ်ငန်းမျိုးတွေပေ့ါ။ အဲဒီအထဲက ဒီဆုပေးခြင်းဟာလည်း လုပ်ငန်းတစ်ခု ဖြစ်ပါတယ်။ ကျွန်မတို့အနေနဲ့ ထိန်းသိမ်းချင်စိတ်ဖြစ်လာအောင်ဆိုတဲ့ လုပ်ငန်းမှာ ဒီလိုဆုပေးခြင်းအားဖြင့် ကောင်းမွန်သော၊ မှန်ကန်သော ထိန်းသိမ်းမှုတွေ ပိုပြီးပေါ်ပေါက်လာဖို့အတွက် ဒါကို အသိအမှတ်ပြုခြင်းပဲဖြစ်ပါတယ်" ဟု ပြောကြားခဲ့သည်။

အမွေအနှစ်ထိန်းသိမ်းရေးဆုများကို ၂၀၁၈ ခုနှစ်တွင် စတင်ချီးမြှင့်ခဲ့ပြီး ဆုများကို အကဲဖြတ်အဖွဲ့ဖြင့် ရွေးချယ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ အကဲဖြတ်အဖွဲ့တွင် မြန်မာနိုင်ငံ ဗိသုကာကောင်စီ၊ မြန်မာနိုင်ငံ ဗိသုကာအသင်း၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီနှင့် ရန်ကုန်မြို့ပြအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့တို့မှ ကိုယ်စားလှယ်များက သတ်မှတ်စံနှုန်းများအတိုင်း ရွေးချယ်ခဲ့ခြင်းဖြစ်သည်။ ။



မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ စစ်ရေးပြတပ်ခွဲများ ချီတက်လေ့ကျင့်နေစဉ်။

# (၇၃)နှစ်မြောက် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နေ့အခမ်းအနားကို ရန်ကုန်မြို့ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ဌာနချုပ်၌ ကျင်းပမည်

လင်းညွန့်၊ ဓာတ်ပုံ - ပေါ်ဦး



(၇၃)နှစ်မြောက် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နေ့ အခမ်းအနားကို ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ဌာနချုပ် စစ်ရေးပြကွင်းတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါအခမ်းအနားတွင် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ စစ်ရေးပြတပ်ခွဲများ ချီတက်ခြင်း၊ စွမ်းဆောင်မှုဆိုင်ရာ ရဲသူရိန်တံဆိပ်နှင့် ရဲကျော်သူတံဆိပ် ချီးမြှင့်အပ်နှင်းခြင်းခံရသော တပ်ဖွဲ့ဝင်များအား ဂုဏ်ပြုဆုတံဆိပ်များ ချီးမြှင့်အပ်နှင်းမည်ဖြစ်ကြောင်း သိရသည်။

ဆက်လက်၍ မီးသတ်လုပ်ငန်းဆိုင်ရာ လေ့ကျင့်သရုပ်ပြသမှုများအနေဖြင့် ငလျင်လှုပ်ခတ်မှုကြောင့် ဆီသိုလှောင်ကန်ကြီး မီးလောင်မှုအား ငြိမ်းသတ်ခြင်း၊ အထပ်မြင့်အဆောက်အဦ မီးလောင်မှုအား ငြိမ်းသတ်ခြင်းနှင့် ပိတ်မိနေသူများအား နည်းပညာအထောက်အကူပြု ကယ်ဆယ်ခြင်း၊ ငလျင်လှုပ်ခတ်မှုကြောင့် အဆောက်အအုံပြိုကျမှုတွင် ရှာဖွေကယ်ဆယ်ရေး(တပ်ခွဲအဆင့်)ဖြင့် လေ့ကျင့်သရုပ်ပြခြင်း၊ Hazmat Response Team မှ Chemical Agent ယိုဖိတ်မှုတွင် Operation Procedure အရ ရှင်းလင်းခြင်းတို့ကို မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ဝင်များက သရုပ်ပြသမည်ဖြစ်သည်။

ထို့ပြင် စစ်ရေးပြနှင့် သရုပ်ပြအစီအစဉ်များတွင်ပါဝင်သော တပ်ဖွဲ့ဝင်များအား တာဝန်ရှိသူများက ဂုဏ်ပြုဆုငွေများ ချီးမြှင့်မည်ဖြစ်ပြီး မီးသတ်ပြခန်းအတွင်း မီးသတ်ပစ္စည်းကိရိယာများအား ခင်းကျင်းပြသထားမည်ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နေ့အခမ်းအနားကို နှစ်ပိုင်းခွဲကာ ကျင်းပမည်ဖြစ်ပြီး အစီအစဉ် ဒုတိယပိုင်းအဖြစ် သီတာခန်းမ၌ ဂုဏ်ပြုစစ်ရေးပြအခမ်းအနားတွင် ဆုရရှိသည့် စစ်ရေးပြတပ်ခွဲများ၊ စံပြမီးသတ်စခန်းဆုနှင့် စံပြအမြန်လမ်းမီးသတ်စခန်းဆုရရှိသော မီးသတ်စခန်းတာဝန်ခံအရာရှိများအား ဂုဏ်ပြုဆုချီးမြှင့်ခြင်း စသောအစီအစဉ်များဖြင့် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။



**ရန်ကုန်ဆိပ်ကမ်းရဲ့ ဆိပ်ခံတံတားတွေ .....မှ**

သီလဝါအထူးစီးပွားရေးဇုန် စတင်ချိန်ကနေပြီး ၂၀၁၉ ခုနှစ် နှစ်ဆန်းပိုင်းအထိ လည်ပတ်နေတဲ့ စက်ရုံပေါင်း ၆၃ ရုံ ရှိနေပြီဖြစ်သလို အလုပ်သမားပေါင်း ၇၀၀၀ ကျော်တို့အပြင် တည်ဆောက်ရေးလုပ်ငန်းတွေမှာ လုပ်သားပေါင်း ၁၅၀၀ ခန့်တို့ကလည်း လုပ်ငန်းခွင်မှာ ဝင်ရောက်လုပ်ကိုင်နေကြတာ ဖြစ်ပါတယ်။

ဒီလိုနိုင်ငံတကာက ကုမ္ပဏီတွေ လာရောက်ရင်းနှီးမြှုပ်နှံလုပ်ကိုင်နေတာအပြင် ထပ်မံပြီး အသစ်လာရောက်ရင်းနှီးမြှုပ်နှံ လုပ်ကိုင်နိုင်ဖို့အတွက်ကတော့ အခြေခံအဆောက်အအုံနဲ့ ဝန်ဆောင်မှုအပိုင်းတွေ ကောင်းမွန်မှုဖြစ်မှာပါ။ အဲဒီလို အခြေခံအဆောက်အအုံနဲ့ ဝန်ဆောင်မှုတွေထဲမှာ အရေးပါတဲ့ဆိပ်ခံတံတားတွေ အထူးကောင်းမွန်ဖြည့်ဆည်းပေးနိုင်ဖို့ လိုအပ်တာတော့ အမှန်ပါပဲ။

ဒါကြောင့်လည်း လက်ရှိအစိုးရသစ်လက်ထက် သုံးနှစ်တာကာလအတွင်း ရန်ကုန်ဆိပ်ကမ်းမှာ အပြည်ပြည်ဆိုင်ရာ ရေယာဉ်သင်္ဘောတွေ ဆိုက်ကပ်နိုင်တဲ့ ဆိပ်ခံတံတားအသစ်ရှစ်စင်းကို တည်ဆောက်နိုင်ခဲ့တဲ့အပြင် ကုန်သေတ္တာအလုံးရေ သုံးသန်းကျော်ကို ကိုင်တွယ်ပေးနိုင်ခဲ့တယ်လို့ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ သိရပါတယ်။ ဒီသုံးနှစ်တာကာလအတွင်းမှာ ကုန်သေတ္တာ သုံးသန်းကျော်နဲ့ ကုန်တန်ချိန် ၇၆၃၂၃၅၈၁ တန်ခန့်ကို ဆောင်ရွက်ပေးနိုင်ခဲ့တာမို့ အရင်ကထက် တိုးတက်မှုတွေ ရရှိခဲ့ပါတယ်။

ရန်ကုန်သီလဝါအထူးစီးပွားရေးဇုန်မှာ ဆိပ်ကမ်းဖွံ့ဖြိုးတိုးတက်ရေးအတွက် အမေရိကန်ဒေါ်လာ သန်း ၂၀၀ အကုန်အကျခံ တည်ဆောက်ထားတဲ့ ဆိပ်ကမ်းတည်ဆောက်ရေးလုပ်ငန်းတွေဖြစ်တဲ့ မီတာ ၄၀၀× ၄၀ မီတာရှိတဲ့ ပင်မတံတား (Steel Jacket Type)၊ မီတာ ၈၀× ၂၀ မီတာရှိတဲ့ ချဉ်းကပ်တံတား သုံးစင်းတို့ကိုလည်း ရေယာဉ်တွေ ဝင်ထွက်ဆိုက်ကပ်ရာမှာ လွယ်ကူဖို့နဲ့ ကုန်သေတ္တာတင်ချမှုတွေအတွက် တည်ဆောက်ထားနိုင်ခဲ့ပါတယ်။

ရန်ကုန်ဆိပ်ကမ်းမှာ အလုံဆိပ်ကမ်း ဆိပ်ခံတံတား၊ မြန်မာ့စက်မှုဆိပ်ခံတံတား၊ ဗိုလ်အောင်ကျော် ဆိပ်ခံတံတား၊ သီလဝါဆိပ်ခံတံတား စတဲ့ဆိပ်ခံတံတားတွေကြောင့် မြန်မာနိုင်ငံရဲ့ အဓိကရေကြောင်းကုန်သွယ်ရေးမှာ ပြည်တွင်းရော ပြည်ပအတွက်ပါ အရေးပါနေတာမို့ ရန်ကုန်ဆိပ်ကမ်းဆိပ်ခံတံတားတွေ ဖွံ့ဖြိုးတိုးတက်လာခြင်းဟာ မြန်မာနိုင်ငံရဲ့ စီးပွားရေးတိုးတက်ဖွံ့ဖြိုးမှုကို ကြီးမားစွာ အထောက်အကူပြုနေတာတော့ အမှန်ပါပဲ။ ။

# နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် တတိယ(၁)နှစ်တာ

မြန်မာ့အလင်း
ဗုဒ္ဓဟူး၊ မေ ၁၊ ၂၀၁၉

ပြည်သူက တစ်ခဲနက်ရွေးချယ်တင်မြှောက်ခဲ့သော ပြည်သူ့အစိုးရ၏ သက်တမ်းမှာ သုံးနှစ်ပြည့်မြောက်ခဲ့ပြီဖြစ်သည်။ သုံးနှစ်တာကာလအတွင်း နိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနယ်ပယ်အသီးသီးတွင် ဖွံ့ဖြိုးတိုးတက်မှုရရှိစေရန် ပြုပြင်ပြောင်းလဲမှုများပြုလုပ်ကာ နိုင်ငံတည်ဆောက်ရေးလုပ်ငန်းများကို အားကြိုးမာန်တက် ဆောင်ရွက်ခဲ့သည့် ပြည်သူ့အစိုးရ၏ ပြည်သူ့အတွက် ကြိုးပမ်းဆောင်ရွက်မှုများမှာ အားလုံးကောင်းမွန်အောင်မြင်ပါသည်ဟူ၍ မဆိုနိုင်သေးသည့်တိုင် သိသာထင်ရှားစွာ မြင်တွေ့နိုင်သည့် အောင်မြင်မှုများ၊ မမြင်တွေ့နိုင်သည့် အောင်မြင်မှုများ၊ စိန်ခေါ်မှုများနှင့် ရှန်းကန်နေရဆဲလုပ်ငန်းစဉ်များဟူ၍ တွေ့ရမည်ဖြစ်သည်။ နိုင်ငံတော်အစိုးရ၏ တတိယ (၁)နှစ်တာကာလအတွင်း ပြည်သူများအတွက် ကြိုးပမ်းဆောင်ရွက်မှုများကို ဝန်ကြီးဌာနများ၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် မှတ်တမ်းပြုတင်ပြအပ်ပါကြောင်း။

## ပြည်သူကို ဝန်ဆောင်မှုများပေးအပ်ရင်း ပြည်သူ့အတွက် တာဝန်ထမ်းဆောင်နေသည့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

**တွေ့ဆုံမေးမြန်း - ခင်ရတနာ၊ ဓာတ်ပုံစုစည်း - အေးသန်း**



၁၂-၁၂-၂၀၁၈ ရက်က နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် အနာကြီးရောဂါတိုက်ဖျက်ရေးညီလာခံသို့ တက်ရောက်လာသူများအား ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်စဉ်။

နိုင်ငံတစ်နိုင်ငံတွင် ကျန်းမာကြံ့ခိုင်သည့် နိုင်ငံသားများကို ပိုင်ဆိုင်မှသာ နိုင်ငံတည်ငြိမ် အေးချမ်းမှု၊ စီးပွားရေးဖြစ်ထွန်းအောင်မြင်မှု၊ ပညာရေးမြင့်မားမှု၊ လူမှုစီးပွားဘဝ ပြည့်စုံ ချမ်းသာမှုများကို ရရှိနိုင်မည်ဖြစ်ရာ ကျန်းမာရေးကဏ္ဍသည် အလွန်အရေးကြီးသကဲ့သို့ ယင်းနှင့်ဆက်စပ်၍ ကျန်းမာကြံ့ခိုင်သည့် အနာဂတ်မျိုးဆက်သစ်များ ပေါ်ထွန်းရေးအတွက်သာမက မျိုးချစ်စိတ်၊ အသင်းအဖွဲ့စိတ်ဓာတ်တို့ ပျိုးထောင်ပေးရာ အားကစားကဏ္ဍသည်လည်း အလွန်အရေးကြီးပါသည်။

နိုင်ငံတော်အစိုးရသစ်လက်ထက်တွင် ဝန်ကြီးဌာနနှစ်ခုကို ပေါင်းစုကာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအဖြစ် ပြန်လည်ဖွဲ့စည်းခဲ့သည်။ အစိုးရသက်တမ်းသည် တတိယ (၁) နှစ်တာ ပြည့်မြောက်ခဲ့ပြီဖြစ်ရာ ဝန်ကြီးဌာန၏ တတိယ (၁)နှစ်တာ ဖြတ်သန်းမှုများ အကြောင်းကို သိရှိနိုင်ရန်အတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးကို တွေ့ဆုံမေးမြန်းဖြစ်ခဲ့ပါသည် -

**မေး ။ ။ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းတွေနဲ့ ပတ်သက်လို့ တတိယ (၁)နှစ်တာအတွင်း ဖြတ်သန်းမှုအခြေအနေကို သိပါရစေရှင့်။**

ဖြေ ။ ။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအနေနဲ့ ပြည်သူလူထုကို ကျန်းမာရေးစောင့်ရှောက်မှုပေးလျက်ရှိရာမှာ ရေရှည်ရည်မှန်းချက်အနေနဲ့ နိုင်ငံသားတိုင်း ကျန်းမာကြံ့ခိုင်ပြီး ကျန်းမာရေးအဆင့်အတန်းမြင့်မားရေး၊ လူတိုင်းလက်လှမ်းမီ ကျန်းမာရေးစောင့်ရှောက်မှုတွေ ရရှိနိုင်ဖို့အတွက် မိမိတို့ရဲ့ဝန်ထမ်းတွေ အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။ ဆက်လက်ဆောင်ရွက်ဖို့လည်း အများကြီးကျန်ရှိလိုအပ်နေပါသေးတယ်။ ဒါပေမယ့် ကျွန်တော်တို့ရဲ့ဝန်ထမ်းတွေဟာ အခက်အခဲတွေ၊ စိန်ခေါ်မှုတွေ၊ ဘဏ္ဍာငွေရရှိမှု အကန့်အသတ်တွေ ကြားထဲက ဆောင်ရွက်ခဲ့ရတဲ့ လုပ်ဆောင်ချက်တွေကို ပြန်လည်သုံးသပ်ကြည့်ရင် ကျွန်တော့်အနေနဲ့ အတော်များများကို အားရကျေနပ်မှုရှိပါတယ်။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး

ပြည်သူကို ကျန်းမာရေးဝန်ဆောင်မှုပေးအပ်တာ အတော်ကို များပြားခဲ့ပြီး လုပ်ဆောင်ချက်တွေ ပီပြင်ပြောင်မြောက်ခဲ့တာ တွေ့ရပါတယ်။ ဝန်ကြီးဌာနရဲ့ လုပ်ဆောင်ချက်ဆိုတာ ကျွန်တော်လုပ်ဆောင်တာ မဟုတ်ပါဘူး၊ ကျွန်တော်တို့ဝန်ထမ်းတွေရဲ့ဆောင်ရွက်ချက်တွေကို ကျွန်တော်က ပြောပြမှာ ဖြစ်ပါတယ်။

ဝန်ကြီးဌာနမှာ အရာထမ်းဝန်ထမ်း ၁၆၉၁၃ ဦးနဲ့ အမှုထမ်း ၉၅၄၈၆ ဦးတို့ တာဝန်ထမ်းဆောင်နေပါတယ်။ လက်ရှိခန့်ထားတဲ့ ဝန်ထမ်းအရေအတွက်ဟာ စုစုပေါင်း ခွင့်ပြုအင်အားရဲ့ ၅၅ ရာခိုင်နှုန်းပဲ ရှိပါသေးတယ်။ ကျွန်တော်တို့ အစိုးရလက်ထက်မှာ ဆရာဝန်သစ်လွှင် ၃၉၈၈ ဦး၊ သွားဆရာဝန် ၅၁၆ ဦး၊ လက်ထောက်ကျန်းမာရေးမှူး ၃၈၁ ဦး၊ လက်ထောက်တိုင်းရင်းဆေးမှူး ၁၉၁ ဦး၊ ဆေးဘက်ကျွမ်းကျင် ၂၄၀၈ ဦး၊ သူနာပြု ၅၆၈၁ ဦး၊ သားဖွား ၃၀၀၅ ဦး၊ ပြည်သူ့ကျန်းမာရေးကြီးကြပ်(၂) ၃၀၀၀ ၊ အငယ်တန်းအင်ဂျင်နီယာ ၁၃၀ နဲ့ အကူသူနာပြု ၉၃၀ ကို ထပ်တိုးပြီး အသစ်ခန့်ထားခဲ့ပါတယ်။ ဒ့ါအပြင် မကြာခင်လပိုင်းမှာ သားဖွားဆရာမ ၉၃၉ ဦး ထပ်ခန့်ဖို့ ရှိပါတယ်။

ကျန်းမာရေးဝန်ကြီးဌာနဟာ ၁၆ ခုတင်ကနေ ခုတင် ၂၀၀၀ ဆံ့အထိ စုစုပေါင်း ဆေးရုံ ၁၁၄၄ ရုံနဲ့ ဆေးရုံခုတင်ပေါင်း ၅၅၂၆၆ ခုနဲ့ ကျန်းမာရေးဝန်ဆောင်မှုပေးနေသလို၊ ပြည်သူ့ကျန်းမာရေးဘက်က ဒေသန္တရ/မိခင်နဲ့ ကလေးကျန်းမာရေးဌာန ၄၄၁ ခု၊ ကျေးလက်ကျန်းမာရေးဌာန ၁၈၄၉ ခုနဲ့ ဌာနခွဲပေါင်း ၈၆၂၈ ခုတို့နဲ့ စောင့်ရှောက်မှုပေးလျက်ရှိပါတယ်။ ဒါတင်မက တိုင်းရင်းဆေးရုံ ၄၀ နဲ့ တိုင်းရင်းဆေးခန်း ၂၁၀ တို့နဲ့ ဝန်ဆောင်မှုပေးလျက်ရှိပါတယ်။ အစိုးရသစ်လက်ထက်မှာ တိုးချဲ့လူနာဆောင်၊ တိုက်နယ်ဆေးရုံ၊ ခွဲစိတ်ခန်း၊ ဓာတ်မှန်ခန်းနဲ့ ဓာတ်ခွဲခန်း စုစုပေါင်း ၃၄၁ ခု အသစ်တိုးချဲ့ဆောက်လုပ်နိုင်ခဲ့ပါတယ်။

ဒ့ါအပြင် ပြည်သူ့ကျန်းမာရေးကဏ္ဍမှာ ကျေးလက်ကျန်းမာရေးဌာန/ဌာနခွဲ၊ ဒေသန္တရဆေးခန်း၊ မိခင်နဲ့ ကလေးကျန်းမာရေးဌာန၊ သားဖွားခန်းနဲ့ ဆေးစတိုစတဲ့ ပြည်သူ့ကျန်းမာရေး အဆောက်အအုံ စုစုပေါင်း ၁၃၅၇ ခု တည်ဆောက်နိုင်ခဲ့ပါတယ်။ ဖွဲ့စည်းပုံအသစ်အနေနဲ့ တိုက်နယ်ဆေးရုံပေါင်း ၂၁ ရုံနဲ့ ဆေးရုံခုတင်အဆင့်မြှင့်တင်ခြင်းမှာ ရှစ်ခုခန့်၊ ကျေးလက်ကျန်းမာရေးဌာန ၇၁ ခုနဲ့ ဌာနခွဲပေါင်း ၂၀ ဖွဲ့စည်းပုံအသစ် တိုးချဲ့နိုင်ခဲ့ပါတယ်။

ပြည်သူတွေကို ကျန်းမာရေးစောင့်ရှောက်မှုပေးနေတဲ့ ဝန်ထမ်းတွေရဲ့နေထိုင်ရေး အဆင်ပြေစေဖို့ ရည်ရွယ်ပြီး ၂၀၁၆ - ၂၀၁၇ ဘဏ္ဍာရေးနှစ်မှာ ဝန်ထမ်းအိမ်ရာ အခန်းပေါင်း ၆၇၃၆ ခန်း တည်ဆောက်ပေးခဲ့ပြီး ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာနှစ်မှာ အခန်းပေါင်း ၁၀၃၇၇ ခု ပြီးစီးအောင် တည်ဆောက်နေတဲ့အတွက် ဝန်ထမ်းအိမ်ရာတွေမှာ ဝန်ထမ်းတွေ စိတ်အေးချမ်းသာစွာနဲ့ နေထိုင်နိုင်မှာဖြစ်ပြီး နောက်နှစ်တွေမှာ ဆက်လက်တည်ဆောက်ပေးသွားမှာ ဖြစ်ပါတယ်။

နိုင်ငံတော်အစိုးရသစ် လက်ထက်မှာ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းတွေအတွက် ဘဏ္ဍာငွေတွေကို နှစ်စဉ်တိုးမြှင့် ချထားပေးလျက်ရှိပြီး ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာနှစ်မှာ နိုင်ငံတော်မှ ငွေ ၉၄၄ ဘီလီယံ၊ နိုင်ငံခြားအဖွဲ့အစည်းတွေရဲ့ ထောက်ပံ့ငွေက ငွေကျပ် ၁၅၂ ဘီလီယံလောက် ရဖို့ရှိပြီး ချေးငွေအနေနဲ့ ငွေကျပ် ၃၅ ဒသမ ၅ ဘီလီယံလောက် ရဖို့ရှိပါတယ်။ ဆေးဝါးနဲ့ ဆေးပစ္စည်းတွေကို နှစ်စဉ်တိုးတက် ဝယ်ယူခဲ့ပါတယ်။ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်မှာ ဆေးဝါးကို ငွေကျပ်ဘီလီယံ ၁၂၀ ဖိုးနဲ့ ဆေးပစ္စည်းအတွက် ငွေကျပ် ၆၄ ဘီလီယံဖိုး ဝယ်မှာ ဖြစ်ပါတယ်။ ဒီလို ဘဏ္ဍာငွေရရှိမှုအပေါ်မူတည်ပြီး ဝန်ကြီးဌာနအနေနဲ့ ဦးစားပေးလုပ်ငန်းတွေ ချမှတ်ဆောင်ရွက်လျက်ရှိပါတယ်။

**မေး ။ ။ ဆေးရုံအဆောင်သစ်တွေ တိုးချဲ့တည်ဆောက်ပြီး ကုသမှုအရှိန်မြှင့်တဲ့ အပိုင်းနဲ့ ထူးခြားတဲ့ ဝန်ဆောင်မှုတွေကို သိပါရစေရှင့်။**

ဖြေ ။ ။ ဆောက်လုပ်တဲ့အထဲမှာ ထူးခြားတာတွေက ရန်ကုန်တိုင်းဒေသကြီးတွင် သဃ်န်းကျွန်းပြည်သူ့ဆေးရုံကြီးမှာ ကျောက်ကပ်၊ အစာအိမ်အူလမ်းကြောင်းနဲ့ ရင်ခေါင်းခွဲစိတ်ဆောင်တွေပါတဲ့ တိုးချဲ့(၆)ထပ် လူနာဆောင်၊

*အချပ်ပို (ခ) သို့*

*အချပ်ပို (က) မှ*

ရန်ကင်းကလေးဆေးရုံကြီးမှာ နှလုံးရောဂါ ဝေဒနာရှင် ကလေးသူငယ်တွေကို ဆေးဝါးကုသမှု/ ခွဲစိတ်ကုသမှု ဆောင်ရွက်နိုင်ဖို့ Cardiac Complex (၆)ထပ်ဆောင်၊ ရန်ကုန် ခုတင်(၅၀၀)ဆံ့ အထူးကုဆေးရုံကြီးမှာ အသည်းနဲ့ သည်းခြေလမ်းကြောင်း၊ ဆီးနဲ့ ကျောက်ကပ် ခွဲစိတ်ခန်းတွေ၊ ဓာတ်မှန်ခန်း၊ ICU ပါဝင်သော တိုးချဲ့(၆)ထပ်ဆောင်၊ အင်းစိန် အထွေထွေရောဂါကုဆေးရုံကြီးမှာ အရေးပေါ်လူနာတွေနဲ့ အရိုးလူနာတွေအတွက် (၆)ထပ်လူနာဆောင်၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီးမှာ ကင်ဆာရောဂါကုသဆောင် (၅)ထပ်ဆောင်၊ ဗဟိုအမျိုးသမီးဆေးရုံကြီး(ရန်ကုန်)မှာ မွေးကင်းစ ကလေးလူနာဆောင် (၅)ထပ်ဆောင်၊ ရန်ကုန်အနောက်ပိုင်း ပြည်သူ့ဆေးရုံမှာ တိုးချဲ့(၅)ထပ်လူနာဆောင်တွေကို ဆောက်လုပ်ပေးခဲ့ပါတယ်။

ပြည်သူတွေကို ကျန်းမာရေးစောင့်ရှောက်ပေးနိုင်မှုအခြေအနေက ၂၀၁၈ ခုနှစ်မှာ အတွင်းလူနာပေါင်း သုံးသန်းခန့်နဲ့ အပြင်လူနာပေါင်း ၁၂ သန်းခန့်ကို ပြည်သူ့ဆေးရုံတွေမှာ ပြုစုကုသစောင့်ရှောက်မှုပေးနိုင်ခဲ့ပါတယ်။ ပြည်သူ့ကျန်းမာရေးဘက်မှ ကျေးလက်ကျန်းမာရေးဌာန/ဌာနခွဲတွေမှာ ဆေးခန်းလာပြသူပေါင်း ၁၄ သန်းခန့်ကို စောင့်ရှောက်မှုပေးခဲ့ပါတယ်။ ၂၀၁၈ ခုနှစ်မှာ တစ်လလျှင် ကိုယ်ဝန်ဆောင်မိခင် ၇၀၀၀၀ ကနေ ၈၀၀၀၀ ခန့်အထိ စောင့်ရှောက်မှုပေးလျက်ရှိပါတယ်။ အလားတူ တိုင်းရင်းဆေးရုံတွေမှာ ၂၀၁၈ ခုနှစ်မှာ အတွင်းလူနာပေါင်း ၁၈၀၀၀ နဲ့ အပြင်လူနာပေါင်း ၃၅၀၀၀၀ စောင့်ရှောက်မှုပေးခဲ့ပါတယ်။

ခွဲစိတ်ကုသရေးဘက်မှာ လူနာတော်တော်များများကို ခွဲစိတ်ပေးနိုင်ခဲ့တယ်လို့ ဆိုနိုင်ပါတယ်။ ၂၀၁၈ ခုနှစ်အတွင်း ပြည်သူတွေကို ခွဲစိတ်မှုပေါင်း ၇၆၀၀၀၀ ကြိမ်ခန့်အထိ ခွဲစိတ်ပေးနိုင်ခဲ့ပါတယ်။

ဒ့ါအပြင် (၃)နှစ်တာကာလအတွင်း ထူးခြားသော ကုသရေးဆိုင်ရာ စွမ်းဆောင်မှုတွေအနေနဲ့ အသည်းအစားထိုး ခွဲစိတ်မှုပေါင်း (၃၄)ကြိမ်၊ ကျောက်ကပ်အစားထိုး ခွဲစိတ်မှုပေါင်း (၉၉)ကြိမ်၊ ရင်ခေါင်းဖွင့် နှလုံးခွဲစိတ်ကုသခြင်း (၂၀၇၆)ကြိမ်၊ နှလုံးသွေးကြောချဲ့ကုသခြင်း (၁၂၉၈၃)ကြိမ်၊ ဦးနှောက်ခွဲစိတ်မှုအမျိုးမျိုး (၁၀၇၇)ကြိမ်၊ ရိုးတွင်းခြင်ဆီ အစားထိုးကုသခြင်း (၁၁)ကြိမ်၊ ခြေပြတ်လက်ပြတ် ပြန်လည်ဆက်ပေးခြင်း (၂၁၄)ကြိမ်၊ လက်မပြတ်ခြင်းအား ခြေမဖြင့် အစားထိုးခွဲစိတ်ပေးခြင်း (၃၇)ကြိမ်၊ အသားအစားထိုးခွဲစိတ်ပေးခြင်း (၁၁၇)ကြိမ်၊ သွေးကြောဆက်ကုသမှုပေးခြင်း(၃၄၇)ကြိမ်တို့ကို အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ပါတယ်။

ဒ့ါအပြင် သားသမီးရလိုသူတွေအတွက်ဌာန (Fertility Centre)ကို ဗဟိုအမျိုးသမီး ဆေးရုံမှာ ဖွင့်လှစ်၍ မြန်မာနိုင်ငံတွင် ပထမဦးဆုံးသော ဖန်ပြွန်သန္ဓေသားကို ၂၀၁၈ ခုနှစ် ဇွန်လ ၁၂ ရက်တွင် အောင်မြင်စွာ မွေးဖွားပေးနိုင်ခဲ့တာကလည်း အောင်မြင်မှုတစ်ရပ်ဖြစ်ပါတယ်။ ပြည်ပနိုင်ငံအသီးသီးက ပညာရှင်အဖွဲ့တွေက ၂၀၁၈ ခုနှစ်အတွင်းမှာ အကြိမ်ပေါင်း ၁၂၅ ကြိမ် လာရောက်ပြီး ကျွန်တော်တို့ဆီက ခွဲစိတ်ဆရာဝန်တွေနဲ့ ပူးပေါင်း၍ ခွဲစိတ်ကုသမှုတွေနဲ့ သင်ကြားရေးလုပ်ငန်းတွေ ဆောင်ရွက်ခဲ့ပါတယ်။

ပထမဆုံး ခေတ်မီဆက်သွယ်ရေး နည်းပညာသုံး ဓာတ်မှန်စက် (Tele - radiology) ကို မွန်ပြည်နယ် ကျိုက်မရော၊ ဘီးလင်းနှင့် ချောင်းဆုံမြို့နယ်သုံးမြို့နယ်တွင် ဝန်ကြီးဌာနမှ ဘဏ္ဍာငွေကျပ်သိန်း ၄၂၀၀ ခန့် ကျခံသုံးစွဲ၍ စတင်ဆောင်ရွက်ပေးခဲ့ပါတယ်။ ဓာတ်မှန် ဆရာဝန်မရှိတဲ့ ဒေသမှာ ၎င်းနည်းပညာနဲ့ ရောဂါတွေကို ပိုမိုမှန်ကန်စွာရှာဖွေပေးနိုင်မှာ ဖြစ်တဲ့အတွက် ဝေးလံခက်ခဲတဲ့ ဒေသနေပြည်သူတွေအတွက် အထူးအကျိုးရှိမှာ ဖြစ်ပါတယ်။ သွားလာမှုခက်ခဲတဲ့ ချင်း၊ ကချင်နဲ့ ကယားပြည်နယ်တွေမှာ ဘဏ္ဍာငွေရရှိမှုအပေါ် မူတည်၍ ဆက်လက်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

**မေး။ ။ကုသရေးနဲ့ပတ်သက်ပြီး ပံ့ပိုးတဲ့ဌာနတွေဖြစ်တဲ့ ဓာတ်ခွဲခန်းတွေနဲ့ သွေးလှူဘဏ်တို့ရဲ့ဆောင်ရွက်ချက်တွေနဲ့ အခြားတိုးတက်မှုတွေကို သိလိုပါတယ်။**

ဖြေ။ ။အမျိုးသားကျန်းမာရေး ဓာတ်ခွဲမှုဆိုင်ရာဌာနမှာ ကမ္ဘာ့အဆင့်အတန်းမီ ဓာတ်ခွဲခန်းကြီးတစ်ခုကို ပြင်သစ်နိုင်ငံကနေ ချေးငွေယူရို ၂၂ သန်း၊ ထောက်ပံ့ငွေ ယူရိုငါးသန်းနဲ့ ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ဒီဓာတ်ခွဲခန်းရဲ့ ဝန်ဆောင်မှုကို ကြည့်မယ်ဆိုရင် ၂၀၁၈ ခုနှစ်မှာ ရောဂါဗေဒ(Pathology) နဲ့ပတ်သက်ပြီး ၇၅၀၀၀ ခန့် စစ်ဆေးပေးခဲ့ပါတယ်။ အဏုဇီဝ (Micro-biology) နဲ့ ပတ်သက်ပြီး ၆၃၀၀၀ ခန့် စစ်ဆေးခဲ့ပါတယ်။ ဒီဓာတ်ခွဲခန်းကြီးကို ISO 15189 အဆင့်အတန်းကို ရဖို့အတွက် US CDC, WHO နဲ့ United Kingdom မှ အဖွဲ့တွေနဲ့ပေါင်းပြီး ဆောင်ရွက်နေပါတယ်။

ဗဟိုသွေးလှူဘဏ်အနေနဲ့ ရန်ကုန်မြို့မှာ လူနာတွေရဲ့ အရေးပေါ်သွေး လိုအပ်ချက်တွေကို ထောက်ပံ့လျက်ရှိပါတယ်။ ၂၀၁၈ ခုနှစ်မှာ သွေးယူနစ်ပေါင်း ၉၇၀၀၀ အထိ အခမဲ့ ဖြန့်ဝေပေးအပ်နိုင်ခဲ့ပါတယ်။

မြန်မာနိုင်ငံတွင် ပထမဦးဆုံး အရေးပေါ် အသက်ကယ်သင်တန်းဌာနကို နေပြည်တော်မှာ ၂၀၁၉ ခုနှစ် ဇန်နဝါရီလ ၁၇ ရက်တွင် ဖွင့်လှစ်နိုင်ခဲ့ပါတယ်။ ဒီသင်တန်းမှာ အရေးပေါ်လူနာတွေကို ဘယ်လိုအသက်ကယ် ပြုစုကုသပေးရမလဲဆိုတာ



ရန်ကုန်မြို့ ဗဟိုသားဖွားသင်တန်းကျောင်း၌ သင်ကြားလေ့ကျင့်ပေးနေမှုများကို ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးနှင့် တာဝန်ရှိသူများက ကြီးကြပ်မှာကြားစဉ်။

တစ်ပြည်လုံးက ဆရာဝန်တွေ၊ သူနာပြုတွေ၊ အခြေခံကျန်းမာရေးဝန်ထမ်းတွေနဲ့ ကြက်ခြေနီအဖွဲ့ဝင်တွေကို သင်ပေးနေတာပါ။

ဆေးရုံအသီးသီးမှာ တက်ရောက်ကုသမှု ခံယူနေသော လူနာတွေ ကျေနပ်မှုရရှိရေး၊ ဆေးရုံဝန်ဆောင်မှု တိုးတက်ရေးတို့အတွက် ဆေးလူမှုဝန်ထမ်းတွေကို ခုတင်(၁၀၀)နဲ့ အထက် ပြည်သူ့ဆေးရုံကြီးတွေနဲ့ ဗဟိုအဆင့်ဆေးရုံကြီးတွေမှာ ဆေးလူမှုဆက်ဆံရေးမှူး ၇၇၂ ဦးကို ခန့်ထားပြီး ပြည်သူတွေကို ဝန်ဆောင်မှုပေးလျက်ရှိပါတယ်။

ဆရာဝန်တွေနဲ့ သူနာပြုတွေအတွက် ကျင့်ဝတ်ကလည်း အရေးကြီးတဲ့အတွက် မိမိတို့ရဲ့ သက်ဆိုင်ရာကျင့်ဝတ်တွေကို အမြဲသတိပြုမိနိုင်ဖို့ ဆေးရုံတွေမှာ ဆရာဝန် ကျင့်ဝတ်၊ သူနာပြု/ သားဖွားဆရာမ ကျင့်ဝတ်တွေကို ချိတ်ဆွဲထားပါတယ်။

ဒ့ါအပြင် ပြည်သူ့ဆေးရုံကြီးတွေမှာ လူနာနဲ့ လူနာမိသားစုတွေ အဆင်ပြေစေဖို့အတွက် ဆေးရုံအထောက်အကူပြုအဖွဲ့တွေရဲ့ ကြီးကြပ်မှုနဲ့ ဆေးဆိုင်တွေ၊ စားသောက်ဆိုင်နဲ့ စတိုးဆိုင်ငယ်တွေကို စတင်ဖွင့်လှစ်လျက်ရှိပါတယ်။

အဝေးပြေးကားစခန်းတွေမှာ အနယ်နယ်အရပ်ရပ်က ခရီးသည်တွေ စုဝေးလာတာ ဖြစ်တဲ့အတွက် ကူးစက်ရောဂါပြန့်ပွားနိုင်ပြီး ဒီရောဂါတွေကို အချိန်မီကာကွယ်ထိန်းချုပ်နိုင်ဖို့နဲ့ အခြားအရေးပေါ် ကျန်းမာရေးပြဿနာတွေကို စောင့်ရှောက်မှုပေးနိုင်ဖို့အတွက် ရန်ကုန်တိုင်းဒေသကြီး အောင်မင်္ဂလာနဲ့ ဒဂုံရော အဝေးပြေးကားကွင်းတွေမှာ (၂၄)နာရီ ကျန်းမာရေးစောင့်ရှောက်မှု ဆေးခန်းတွေ ဖွင့်လှစ်ထားနိုင်ခဲ့ပါတယ်။

**မေး။ ။ပြည်သူတွေကို ကျန်းမာရေးဝန်ဆောင်မှုပေးအပ်နိုင်ဖို့ အမျိုးသားကျန်းမာရေး စီမံကိန်းအရ လုပ်ဆောင်ချက်တွေကိုလည်း သိပါရစေ။**

ဖြေ။ ။အမျိုးသားကျန်းမာရေး စီမံကိန်း (၂၀၁၇-၂၀၂၁)အရ မြို့နယ်ဆေးရုံအတွက် ငွေကျပ်သိန်း ၈၅၀ တန်ဖိုးရှိတဲ့ ဆေးပစ္စည်းပေါင်း ၃၃ မျိုး၊ ငွေကျပ်သိန်း ၁၀၀ တန်ဖိုးရှိတဲ့ အဆင့် (ဂ) (Type C) ဓာတ်ခွဲခန်းသုံးပစ္စည်းတွေနဲ့ လူနာတင်ယာဉ်တွေကို နှစ်အလိုက် ဦးစားပေးမြို့နယ်တွေသတ်မှတ်၍ ဝယ်ယူဖြည့်ဆည်းပေးလျက်ရှိပါတယ်။ လာမယ့် (၂၀၂၁)ခုနှစ် အကုန်မှာ မြို့နယ်အားလုံးလွှမ်းခြုံရရှိသွားမှာ ဖြစ်ပါတယ်။ အမျိုးသားကျန်းမာရေးစီမံကိန်းဆိုတာက အခြေခံကျတဲ့ မရှိမဖြစ် ကျန်းမာရေးစောင့်ရှောက်မှုကို တစ်ပြည်လုံး အတိုင်းအတာနဲ့ရအောင် လုပ်နေခြင်းဖြစ်ပါတယ်။

**မေး။ ။ကျန်းမာရေးသတင်းအချက်အလက်တွေ ရရှိအောင် ဆောင်ရွက်နေပုံတွေကိုလည်း သိပါရစေ။**

ဖြေ။ ။လက်တွေ့ကျ၍ မှန်ကန်သော ကျန်းမာရေးစီမံကိန်းတွေ ရေးဆွဲနိုင်ဖို့ အရေးကြီးဆုံးက စာရင်းဇယားတွေ မှန်ကန်ပြည့်စုံဖို့ လိုအပ်ပါတယ်။ အဲဒီအတွက် ဆေးရုံသတင်းစနစ်ကို လချုပ်ပုံစံစာရွက်တွေနဲ့ ပေးပို့သည့်စနစ်မှ အီလက်ထရွန်နစ်စနစ်နဲ့ DHIS 2 ဆော့ဖ်ဝဲကို အသုံးပြုပြီး သတင်းပို့ဖို့အတွက် ဆေးရုံပေါင်း ၆၆၅ ရုံတွင် သင်တန်းပေးပြီး သုံးနေပါပြီ။ ပြည်သူ့ကျန်းမာရေး သတင်းစနစ်အတွက် မြို့နယ်ပြည်သူ့ကျန်းမာရေး ဦးစီးဌာနအားလုံးမှာ အီလက်ထရွန်နစ်စနစ်နဲ့ DHIS 2 ဆော့ဖ်ဝဲ အသုံးပြုနေပါပြီ။ ဒါမှသာ စာရင်းဇယားတွေကို အချိန်နဲ့တစ်ပြေးညီရရှိမှာ ဖြစ်ပြီး ဒီစာရင်းဇယားတွေအပေါ် အခြေခံပြီး စီမံကိန်း အစီအစဉ်တွေ ရေးဆွဲဆောင်ရွက်နိုင်မှာ ဖြစ်ပါတယ်။

**မေး။ ။ကျန်းမာရေးဝန်ထမ်းတွေရဲ့ အရည်အသွေးမြှင့်တင်မှုအပိုင်းကိုလည်း သိပါရစေ။**

ဖြေ။ ။ကျန်းမာရေးဝန်ထမ်းတွေ အရည်အသွေးမြှင့်တင်နိုင်ဖို့ ပထမအဆင့်အနေနဲ့ Tablet ဖုန်းတွေကို တိုင်းဒေသကြီးနဲ့ ပြည်နယ် ခုနစ်ခုက အခြေခံကျန်းမာရေးဝန်ထမ်းတွေအတွက် ၁၀၇၄၄ လုံးနဲ့ တိုက်နယ်နဲ့ မြို့နယ်ဆရာဝန်တွေအတွက် ၄၀၂ လုံး ဖြန့်ဝေပေးထားပြီး ဖြစ်ပါတယ်။ အခုလာမယ့် လေးလအတွင်း Gavi Vaccine Alliance ထောက်ပံ့မှုနဲ့ Tablet ဖုန်း ၁၄၀၀၀ ထပ်ရမှာဖြစ်တဲ့အတွက် ပြည်နယ်နဲ့ တိုင်းဒေသကြီးအားလုံးကို ဖြန့်ဝေပေးသွားနိုင်မှာ ဖြစ်ပါတယ်။ ရွေ့လျားစာကြည့်တိုက်သဖွယ်ဖြစ်တဲ့ Mobile Tablet တွေမှတစ်ဆင့် ပညာရပ်တွေကို လေ့လာနိုင်မှာဖြစ်တဲ့အတွက် ဝန်ထမ်းတွေဟာ ကျွမ်းကျင်မှုပိုင်းဆိုင်ရာ အသိပညာ အလွန်အဆင့်မြင့်လာပါမယ်။ ပြည်သူတွေကိုလည်း ပိုမိုထိရောက်စွာ ပညာပေးလာနိုင်မှာ ဖြစ်ပါတယ်။

အဲဒီ Tablet ဖုန်းထဲမှာ ကျန်းမာရေး စံလုပ်ထုံးလုပ်နည်းတွေ၊ လက်စွဲစာအုပ်တွေ၊ လုပ်ငန်းလမ်းညွှန်တွေပါရှိတဲ့အပြင် စာမျက်နှာ ၃၃၀ ပါတဲ့ ကျန်းမာရေးဆိုင်ရာ စံပြု အချက်အလက်စာအုပ်ကြီးလည်း ပါပါတယ်။ ကျန်းမာရေးမှူးပဲဖြစ်ဖြစ်၊ သားဖွားဆရာမပဲဖြစ်ဖြစ် ကျန်းမာရေးကြီးကြပ်(၁)ပဲ ဖြစ်ဖြစ်၊ ကြီးကြပ်(၂)ပဲဖြစ်ဖြစ် ဒီစာအုပ်ကိုဖတ်ပြီး ပြည်သူတွေနဲ့ ဆွေးနွေးရင် ပြည်သူတွေရဲ့ကျန်းမာရေးအသိဉာဏ်တွေ မြင့်မားသွားနိုင်ပြီး တော်ရုံတန်ရုံရောဂါတွေ မဖြစ်တော့ဘူး။ ရောဂါတွေရဲ့ ဆောင်ရန်၊ ရှောင်ရန်တွေ၊ ကနဦး လက္ခဏာတွေကို ပိုပြီးသိနိုင်မယ်။ Tablet ဖုန်းကနေ ဗဟို၊ တိုင်းဒေသကြီး၊ ပြည်နယ်နဲ့ ကျန်းမာရေးဝန်ထမ်းတွေအကြားမှာ ဆက်သွယ်ရေးလမ်းကြောင်း ပိုမိုကောင်းမွန်လာပါမယ်။ မိခင်နဲ့ကလေးကို ချက်ကြိုးနဲ့ သွယ်ထားသလို ဖြစ်လာပြီး ကျွန်တော် တစ်ခုခုပြောချင်ရင် ခလုတ်တစ်ချက်နှိပ်တာနဲ့ အကုန်လုံးဆီကို ချက်ချင်းရောက်သွားပါမယ်။

ဒီစာအုပ်ကို Unicef ရဲ့အစီအစဉ်နဲ့ တိုင်းရင်းသားဘာသာ ၅၅ မျိုးကို ဘာသာ ပြန်ပြီးသွားပါပြီ။ ဒီလိုဆောင်ရွက်တဲ့အတွက် သွားလာရေးခက်ခဲတဲ့ ဒေသတွေမှာ တာဝန်ထမ်းဆောင်နေတဲ့ ဝန်ထမ်းတွေရဲ့ ကျွမ်းကျင်မှုပိုင်းတွေ မြင့်လာပြီး ဝေးလံခက်ခဲတဲ့ ဒေသတွေက ပြည်သူလူထုရဲ့ကျန်းမာရေးအသိကလည်း မြင့်မားလာလိမ့်မယ်လို့ ယုံကြည်ပါတယ်။

ဒ့ါအပြင် ပြည်သူရဲ့ကျန်းမာရေးအသိအမြင်တွေ တိုးမြင့်လာအောင် မီဒီယာတွေနဲ့ လူမှုကွန်ရက်တွေကတစ်ဆင့် ကျန်းမာရေးအသိပညာတွေ ဖြန့်ဝေနေပါတယ်။ ဥပမာ - ဝက်သက်ရောဂါ၊ မိခင်နို့ဦးရည်၏ အသုံးဝင်အကျိုးရှိပုံ၊ စပ်ဆေးအန္တရာယ်၊ လေဖြတ်ရောဂါ၊ အမျိုးသမီးသားအိမ်ခေါင်းကင်ဆာရောဂါ၊ ရင်သားကင်ဆာရောဂါနဲ့ ပတ်သက်တဲ့ အသိပညာအချက်အလက်တွေကို မျှဝေတဲ့အခါ တစ်ပတ်အတွင်း လူလေးသိန်းလောက်ကို ရောက်ရှိ ဖြန့်ဝေနိုင်ခဲ့ပါတယ်။

*အချပ်ပို (ဂ) သို့*

**လူနာများအား ကျန်းမာရေး စောင့်ရှောက်မှုပေးနိုင်မှု အခြေအနေ**

| စဉ် | ဦးစီးဌာန | ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း | ၂၀၁၆ ခုနှစ် | ၂၀၁၇ ခုနှစ် | ၂၀၁၈ ခုနှစ် |
|---|---|---|---|---|---|
| ၁။ | ကုသရေး | အတွင်းလူနာ စုစုပေါင်း(သန်း) | ၂ ဒသမ ၇၅ | ၂ ဒသမ ၉၃ | ၂ ဒသမ ၉၆ |
| | | ပြင်ပလူနာ စုစုပေါင်း(သန်း) | ၁၀ ဒသမ ၁၉ | ၁၀ ဒသမ ၇၉ | ၁၁ ဒသမ ၄၅ |
| ၂။ | ပြည်သူ့ကျန်းမာရေး | ဆေးခန်းလာလူနာ(သန်း) | ၁၃ ဒသမ ၂၈ | ၁၃ ဒသမ ၁၇ | ၁၃ ဒသမ ၈၇ |
| | | ဆေးခန်းသို့ လူနာလာရောက်ပြသသောအကြိမ်ပေါင်း(သန်း) | ၂၃ ဒသမ ၁၂ | ၂၂ ဒသမ ၈၄ | ၂၄ ဒသမ ၂၇ |
| | | ကွင်းဆင်းရာတွင် ကျန်းမာရေး စောင့်ရှောက်ပေးခဲ့သည့် လူနာပေါင်း(သန်း) | ၁၀ ဒသမ ၉၈ | ၁၀ ဒသမ ၄၄ | ၁၀ ဒသမ ၂၉ |
| ၃။ | တိုင်းရင်းဆေးပညာ (တိုင်းရင်းဆေးရုံများ) | အတွင်းလူနာ | ၁၀၉၂၂ | ၁၅၉၂၃ | ၁၈၂၀၃ |
| | | ပြင်ပလူနာ | ၁၅၆၈၈၄ | ၂၇၀၂၁၆ | ၃၅၁၇၅၇ |
| | | ကွင်းဆင်းကြည့်ရှုပေးသည့်လူနာ | ၃၁၇၇၉ | ၄၂၂၉၁ | ၅၉၃၃၄ |
| | တိုင်းရင်းဆေးပညာ (မြို့နယ်တိုင်းရင်းဆေးခန်းများ) | ဆေးခန်းလာလူနာ | ၄၁၃၉၃၉ | ၅၈၀၆၇၁ | ၅၉၅၈၃၃ |
| | | ကွင်းဆင်းကြည့်ရှုပေးသည့်လူနာ | ၂၉၃၇၇၀ | ၂၅၀၇၂၅ | ၂၂၇၄၉၉ |

ကိုးကား - ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

# နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် တတိယ(၁)နှစ်တာ



*အချပ်ပို (ခ) မှ*

**မေး။ ။မိခင်နဲ့ကလေး သေဆုံးမှုလျှော့ချရေး ဆောင်ရွက်ချက်တွေကို ရှင်းပြပေးပါဦးရှင့်။**

ဖြေ။ ။ကျွမ်းကျင်တဲ့ ကျန်းမာရေးဝန်ထမ်းနဲ့ မွေးတဲ့ ကိုယ်ဝန်ဆောင်မိခင် အရေအတွက်ဟာ ၂၀၁၆ ခုနှစ်တုန်းက ၆ ဒသမ ၈ သိန်း ရှိရာကနေ ၂၀၁၈ ခုနှစ်မှာ ၇ ဒသမ ၅ သိန်း တက် လာပါတယ်။ ဆေးရုံတွေမှာ မွေးဖွားတဲ့နှုန်းက ၂၀၁၆ ခုနှစ်မှာ ၃ ဒသမ ၉ သိန်း ရှိရာကနေ ၂၀၁၈ ခုနှစ်မှာ ၄ ဒသမ ၅ သိန်းအထိ ရှိလာပါတယ်။ မွေးကင်းစကလေးကို သုံးရက်အတွင်းမှာ ကြည့်ရှုစောင့်ရှောက်နိုင်တဲ့နှုန်းက ၂၀၁၆ ခုနှစ်မှာ ၇၄ ရာခိုင်နှုန်းရှိရာကနေ ၂၀၁၈ ခုနှစ်မှာ ၈၃ ဒသမ ၆ ရာခိုင်နှုန်းအထိ တက်လာတာကို တွေ့ရှိရပါတယ်။

နိုင်ငံမှာ မိခင်သေဆုံးမှုနဲ့ ကလေးသေဆုံးမှုကို လျှော့ချဖို့အတွက် အခြေခံအရေးပေါ် သားဖွား မိခင်စောင့်ရှောက်ခြင်း သင်တန်းကို မြို့နယ် ၃၁၂ မြို့နယ်မှာ ၇၀၇ ကြိမ် သင်တန်းပေးခဲ့ပြီး ဖြစ်ပါတယ်။ မိခင်သေဆုံးမှုဆိုင်ရာ စောင့်ကြပ်ကြည့်ရှုခြင်းနဲ့ တုံ့ပြန်ဆောင်ရွက်ခြင်းတွေ ဆောင်ရွက်နိုင်ခဲ့တဲ့အတွက် ၂၀၁၁ ခုနှစ်တုန်းက မိခင် ၁၅၀၀ ကျော် သေဆုံးရာကနေ ၂၀၁၈ ခုနှစ်မှာ သေဆုံးမှု ၈၀၀ အထိ လျော့ကျလာပါတယ်။ သားဆက်ခြားဆေးဝါးတွေ လက်လှမ်းမီရရှိဖို့အတွက် လက်မောင်းအရေပြားအောက်ထည့် သားဆက်ခြားပစ္စည်းနဲ့ သုံးလခံ သန္ဓေတားထိုးဆေးတွေကို သုံးနှစ်တာကာလအတွင်း ငွေကျပ်သန်းပေါင်း ၈၀၀၀ ခန့်သုံးစွဲပြီး ဝယ်ယူကာ အခမဲ့ဖြန့်ဝေပေးလျက်ရှိပါတယ်။

ဒီလိုသားဆက်ခြားနည်းလမ်းတွေကို စနစ်တကျသုံးစွဲပြီး ကလေး တစ်ယောက်နဲ့ တစ်ယောက် သုံးနှစ်လောက်ခြားပြီး မွေးကြရင် မိခင်သေဆုံးမှုကလည်း လျော့ကျသွားမှာ ဖြစ်ပါတယ်။

လိင်မှုဆိုင်ရာနဲ့ မျိုးဆက်ပွား ကျန်းမာရေး အခွင့်အရေး မူဝါဒကို ခေတ်နဲ့လျော်ညီအောင် ပြင်ဆင်ရေးဆွဲနိုင်ခဲ့အတွက် ၂၀၁၉ ခုနှစ် မေလ အတွင်း ထွက်ရှိလာမှာ ဖြစ်ပါတယ်။

မွေးကင်းစကလေး ကျန်းမာရေးစောင့်ရှောက်မှုတွေ ပိုမိုထိရောက်ကောင်းမွန်လာဖို့ ရည်ရွယ်၍ ကျေးလက်ကျန်းမာရေးဌာန/ဌာနခွဲတွေနဲ့ မွေးကင်းစကလေးစောင့်ရှောက်မှု နေရာတွေ (Newborn care corner) သတ်မှတ်ထားရှိကာ လိုအပ်တဲ့ ဆေးဝါးနဲ့ ဆေးပစ္စည်းကိရိယာတွေ ပံ့ပိုးပေးလျက်ရှိပါတယ်။

မွေးကင်းစကလေး ပေါင်းစည်းကုသခြင်း လုပ်ငန်း သင်တန်းတွေကို အခြေခံ ကျန်းမာရေး ဝန်ထမ်းတွေအတွက် သင်တန်းတွေပို့ချသလို ၂၀၁၇ ခုနှစ်မှစ၍ ကလေးသေဆုံးမှု စောင့်ကြပ်လေ့လာခြင်းနဲ့ တုံ့ပြန်ဆောင်ရွက်ရေးစနစ် ပြောင်းလဲဆောင်ရွက်ခဲ့တဲ့အတွက် အသက်ငါးနှစ်အောက်ကလေး သေဆုံးနှုန်းဟာ ၂၀၁၀ ခုနှစ်တုန်းက ကလေး အရှင်မွေး ၁၀၀၀ မှာ ၅၉ ယောက်နှုန်းရှိရာမှ ၂၀၁၇ ခုနှစ်မှာ ၄၉ ယောက်နှုန်းပဲ သေဆုံးပါတယ်။ တစ်နှစ်အောက် ကလေးသေနှုန်းက ၂၀၁၀ ခုနှစ်တုန်းက အရှင်မွေး ကလေး ၁၀၀၀ မှာ ၄၆ ယောက်နှုန်းရှိရာမှ ၂၀၁၇ ခုနှစ်မှာ ၃၀ နှုန်းပဲ ရှိပါတော့တယ်။ အလားတူ မွေးကင်းစကလေး သေနှုန်းက ၂၀၁၀ ခုနှစ်မှာ အရှင်မွေးကလေး ၁၀၀၀ မှာ ၃၀ ယောက်နှုန်းရှိရာကနေ အခု ၂၄ ယောက်နှုန်းအထိ လျော့ကျသွားကြောင်း တွေ့ရပါတယ်။

**မေး။ ။ကျန်းမာရေးနဲ့ အားကစားဝန်ကြီးဌာနရဲ့ အာဟာရဖွံ့ဖြိုးရေးနဲ့ ပတ်သက်ပြီး ဆောင်ရွက်ချက်တွေကို သိပါရစေ။**

ဖြေ။ ။ကျန်းမာရေးနဲ့ အားကစားဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနဲ့ ဆည်မြောင်းဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနနဲ့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနဲ့ ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနတို့မှ ပြည်ထောင်စုဝန်ကြီးတွေ ပါဝင်သော မြန်မာနိုင်ငံ အာဟာရဖွံ့ဖြိုးမှု မြှင့်တင်ရေး အမျိုးသားအဆင့် ဦးဆောင်ကော်မတီကို ဖွဲ့စည်းနိုင်ခဲ့ပြီး ကဏ္ဍပေါင်းစုံ ပါဝင်တဲ့ အမျိုးသားအာဟာရဖွံ့ဖြိုးမှုဆိုင်ရာ ငါးနှစ်စီမံကိန်း (၂၀၁၈/၂၀၁၉ - ၂၀၂၂/၂၀၂၃) Multi - Sectoral National Plan of Action on Nutrition (MS-NPAN) ကို ၂၀၁၈ ခုနှစ် ဇူလိုင်လတွင် အပြီးသတ် ရေးဆွဲပြီး ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။ မြန်မာနိုင်ငံ အဏုအာဟာရနဲ့ အစာစားသုံးမှုအခြေအနေ လေ့လာရေးစစ်တမ်း (Myanmar Micronutrient and Food Consumption Survey) ကို ၂၀၁၇ ခုနှစ် နိုဝင်ဘာလမှ ၂၀၁၈ ခုနှစ် မေလ အတွင်း တိုင်းဒေသကြီး/ပြည်နယ် အားလုံးရှိ အိမ်ထောင်စုပေါင်း ၂၇၀၀၀ ကို မေးမြန်းပြီး ဆောင်ရွက်နိုင်ခဲ့ပါတယ်။

အဏုအာဟာရ စစ်တမ်းအရ သွေးအားနည်းခြင်းဟာ ကိုယ်ဝန်ဆောင်အမျိုးသမီးတွေမှာ ၄၀ ရာခိုင်နှုန်း၊ အသက် ငါးနှစ်အောက်ကလေးတွေမှာ ၃၅ ရာခိုင်နှုန်းအထိ နည်းနေတာတွေကို တွေ့ရပါတယ်။ ဒါကြောင့် လက်မခံနိုင်လောက်တဲ့ အတိုင်းအတာ ဖြစ်ပါတယ်။ ဒါအတွက် ဆေးလည်း ရှိတယ်၊ ဆေးလည်းကုလို့ရတယ်၊ ကာကွယ်လို့လည်း ရပါတယ်။ တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ ၂၀၁၇ ခုနှစ်တွင် သွေးအားနည်းရောဂါကာကွယ်ရေးအတွက် ကိုယ်ဝန်ဆောင်မိခင်တွေကို သံဓာတ်ပါဝင်သော ဆေးပြားတွေ လေးကြိမ်နဲ့အထက် ရရှိခဲ့တဲ့ မီးဖွားပြီးမိခင် ၇၂ ဒသမ ၃ ရာခိုင်နှုန်း၊ မွေးဖွားပြီး တစ်လအတွင်း မိခင်တွေမှာ ဗီတာမင် ဘီဝမ်း ဆေးပြားတွေ တိုက်ကျွေးခြင်း လွှမ်းခြုံမှု ၈၃ ရာခိုင်နှုန်းရရှိခဲ့ပြီး ပျိုဖော်ဝင်အရွယ် အလယ်တန်းနဲ့ အထက်တန်း ကျောင်းသူတွေကို သံဓာတ်ဆေးပြားတွေ တိုက်ကျွေးခြင်း၊ အသက် (၂)နှစ်မှ (၉)နှစ်အတွင်း ကလေးငယ်တွေကို (၆)လတစ်ကြိမ် သန်ချဆေးတိုက် ကျွေးခြင်း၊ အိုင်အိုဒင်းချို့တဲ့မှု ရောဂါတွေပပျောက်ရေးအတွက် တစ်နိုင်ငံလုံး အိုင်အိုဒင်းဆား စားသုံးရေးအစီအစဉ်ကို အကောင်အထည်ဖော်ခြင်းနဲ့ အာဟာရပညာပေး လုပ်ငန်းတွေကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိပါတယ်။


နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်း၌ ကိုယ်ကာယကြံ့ခိုင်မှု အကလေ့ကျင့်ခန်းများ ဆောင်ရွက်နေစဉ်။

**မေး။ ။မြန်မာနိုင်ငံမှာ အဖြစ်များလာတဲ့ သွေးတိုးရောဂါ၊ ဆီးချိုသွေးချိုရောဂါနှင့် အခြား မကူးစက်တတ်တဲ့ ရောဂါနဲ့ပတ်သက်ပြီး ကာကွယ်ကုသထိန်းချုပ်ရေး လုပ်ငန်းတွေကို ဘယ်လိုချမှတ်ဆောင်ရွက်နေတယ်ဆိုတာကို ရှင်းပြပေးပါဦးရှင့်။**

ဖြေ။ ။မြန်မာနိုင်ငံမှာ မကူးစက်တတ်တဲ့ ရောဂါတွေဖြစ်တဲ့ သွေးတိုး၊ ဆီးချိုသွေးချိုရောဂါနဲ့ နောက်ဆက်တွဲရောဂါတွေဖြစ်ပွားမှုဟာ နှစ်စဉ်များပြားလာတာကိုတွေ့ရပြီး အချိန်မီမထိန်းနိုင်ရင် နောက် ငါးနှစ်မှာ ကျန်းမာရေးဘတ်ဂျက်ရဲ့ တစ်ဝက်လောက်က ဒီရောဂါတွေ ကုရတာနဲ့တင် ကုန်သွားနိုင်ပါတယ်။

ဒီရောဂါတွေအတွက် ကျေးလက်ကျန်းမာရေး ဌာနပေါင်း ၁၈၀၀ မှာ ဗုဒ္ဓဟူးနေ့တိုင်း ဆေးခန်းဖွင့်ပြီး လူနာတွေရဲ့ သွေးထဲမှာပါဝင်တဲ့ သကြားဓာတ်ကို စစ်ပေးတယ်၊ သွေးပေါင်ချိန်ပေးတယ်၊ လိုအပ်ရင်ဆေးပေးတယ်။ ဒီဆေးတွေကို အခမဲ့ ပေးနိုင်အောင် ဆောင်ရွက်လျက်ရှိပါတယ်။ ဒီလို သွေးတိုး၊ ဆီးချိုသွေးချိုကို စောစီးစွာကုသရင် နောက်ဆက်တွဲ ဆိုးကျိုးတွေ မဖြစ်ဘူး။ ဒီလုပ်ငန်းကို တစ်တိုင်းပြည်လုံးမှာ ကျွန်တော်တို့ အားထည့်ပြီး နံပါတ်တစ် ဦးစားပေးအဖြစ် ဆောင်ရွက်နေပါတယ်။

မကူးစက်တတ်တဲ့ ရောဂါတွေထဲမှာ ကင်ဆာရောဂါဖြစ်ပွားမှု ပမာဏဟာ တစ်နိုင်ငံလုံးမှာ ဘယ်လောက်ရှိနေပြီလဲဆိုတာ အတိအကျပြောလို့ မရသေးတဲ့အတွက် လူဦးရေအခြေခံတဲ့ မှတ်ပုံတင်စနစ် (Population Based Cancer Registry)ကို ဆေးရုံကြီးတွေမှာ စလုပ်နေပါပြီ။ ဘယ်ကင်ဆာအမျိုးအစားက ဘယ်တိုင်းဒေသကြီးနဲ့ ပြည်နယ်မှာ ဘယ်လောက်အထိဖြစ်လဲဆိုတာ သိရင် ဆေးတွေဝယ်တာကအစ၊ ကျန်တဲ့ ဆေးပစ္စည်းနဲ့ စက်ပစ္စည်းတွေ ဝယ်တာကအစ မှန်ကန်စွာ စီစဉ်ဆောင်ရွက်နိုင်မှာဖြစ်တဲ့အတွက် အလွန်အရေးကြီးပါတယ်။

မကူးစက်တတ်တဲ့ ရောဂါတွေထဲမှာ တစ်ခု အပါအဝင်ဖြစ်တဲ့ အရက်စွဲရောဂါဖြစ်ပွားမှုနှုန်းဟာ ၂၀၁၈ ခုနှစ်တွင် ၂၀၁၃ ခုနှစ်ထက် နှစ်ဆခွဲလောက် မြင့်တက်လာပါတယ်။ ဒါနိုင်ငံတော်ရဲ့ ပြဿနာ အသွင် ဖြစ်နေပါတယ်။ အရက်ကြောင့် ရောဂါတွေလည်း ဖြစ်ပါတယ်။ ခိုက်ရန်ဖြစ်ပွားတာကအစ အရက်မူးပြီး ကားမောင်းတာကြောင့် ယာဉ်တိုက်မှုဖြစ်ပြီဆိုရင် ဆုံးရှုံးမှုတွေ များစွာဖြစ်ပါတယ်။

ယာဉ်မတော်တဆထိခိုက်မှုကြောင့် ထိခိုက်ဒဏ်ရာရတာက ၂၀၁၃ ခုနှစ်မှာ တစ်နေ့ကို ၂၉၁ ဦး ရှိရာကနေ ၂၀၁၈ ခုနှစ်မှာ ၅၁၆ ဦးအထိ တက်လာတယ်။ သေဆုံးမှုနှုန်းကလည်း ၂၀၁၃ ခုနှစ်တုန်းက ကိုးဦးကနေ အခု ၁၆ ဦးလောက် နေ့စဉ်သေဆုံးနေပါတယ်။

**မေး။ ။ကျောင်းကျန်းမာရေးအတွက် လုပ်ငန်း ဆောင်ရွက်ချက်တွေကို ပြောကြားပေးပါဦးရှင့်။**

ဖြေ။ ။တစ်နိုင်ငံလုံးမှာ ကျောင်းသားပေါင်း ၉ ဒသမ ၇ သန်းခန့်ရှိတဲ့အတွက် သူတို့ ကျန်းမာကြံ့ခိုင်မှု နိုင်ငံရဲ့ ရှေ့ရေးကလည်း ကောင်းမှာဖြစ်တဲ့အတွက် ကျောင်းကျန်းမာရေးကို ဦးစားပေးလုပ်ငန်းတစ်ရပ်အနေနဲ့ သတ်မှတ်ဆောင်ရွက်နေပါတယ်။ ၂၀၁၈ ခုနှစ်အတွင်း ကျောင်းကျန်းမာရေး စစ်ဆေးပေးခြင်းကို တစ်နိုင်ငံလုံးမှာရှိတဲ့ ကျောင်းအားလုံးမှာ ဆောင်ရွက်နိုင်ခဲ့ပါတယ်။ မူလတန်း၊ အလယ်တန်းနဲ့ အထက်တန်းမှာ သန်ချဆေး တစ်နှစ်ကို နှစ်ကြိမ် တိုက်ကျွေးနေပါတယ်။ ဒါပေမယ့် အာဟာရဖွံ့ဖြိုးမှု လုပ်ငန်းဆောင်ရွက်နိုင်တဲ့ ကျောင်းကတော့ ၆၅ ရာခိုင်နှုန်းရှိပြီး ကျန်းမာရေးအဆင့်မြင့်တင် ကျောင်းတွေက ၄၃ ရာခိုင်နှုန်း ရှိပါသေးတယ်။ ဒါတွေကို ပညာရေးဝန်ကြီးဌာနနဲ့ပေါင်းပြီး ဆက်လက်အရှိန်မြှင့် ဆောင်ရွက်ဖို့ ရှိပါတယ်။

**မေး။ ။ကူးစက်ရောဂါ ကာကွယ်နှိမ်နင်းရေး လုပ်ငန်းတွေကို သိပါရစေ။**

ဖြေ။ ။ကူးစက်ရောဂါဖြစ်ပွားနှုန်းက နည်းလာပါတယ်။ ၂၀၁၂ ခုနှစ်တုန်းကဆိုရင် ဆေးရုံအတွင်း လူနာသေဆုံးမှုအားလုံးရဲ့ ၂၂ ဒသမ ၅ ရာခိုင်နှုန်းက ကူးစက်ရောဂါတွေကြောင့် သေဆုံးတာတွေဖြစ်ပါတယ်။ ၂၀၁၇ ခုနှစ်မှာဆိုရင် ၁၄ ရာခိုင်နှုန်းသာ သေဆုံးတော့တယ်။ ကူးစက်ရောဂါဖြစ်ပြီး ဆေးရုံတက်တဲ့နှုန်းကလည်း ကျသွားပါတယ်။ ၂၀၁၄ ခုနှစ်တုန်းက ၄၁ ရာခိုင်နှုန်းကနေ ၂၀၁၇ ခုနှစ်မှာ ၃၈ ရာခိုင်နှုန်းအထိ ကျသွားပါတယ်။

HIV / AIDS နဲ့ပတ်သက်ပြီး HIV/AIDS ရောဂါကုသတဲ့ ART ဆေးကို အရင်တုန်းက မြို့နယ်ပေါင်း ၁၄၁ မြို့နယ်မှာ ဆောင်ရွက်နိုင်ခဲ့ရာမှ ယခုအခါ မြို့နယ် ၂၇၂ မြို့နယ်ရှိ ဌာန ၃၂၂ ခုတွင် တိုးချဲ့ဆောင်ရွက်နိုင်ခဲ့ပါတယ်။ ၂၀၁၅ ခုနှစ်တုန်းက HIV ပိုးကူးစက်ခံထားရသူ ၁၀၆၄၉၀ ကိုသာ HIV/AIDS ရောဂါကုသတဲ့ ART ဆေးတိုက်ကျွေးနိုင်ခဲ့ရာမှ ၂၀၁၈ ခုနှစ်မှာ ၁၆၆၁၂၀ ဦးအထိ တိုးမြှင့်ကုသပေးနိုင်ခဲ့ပါတယ်။

မူးယစ်ဆေးစွဲလူနာတွေကို မက်သဒုန်း အစားထိုးတိုက်ကျွေးတဲ့ဌာန ၂၀၁၈ ခုနှစ် အကုန်တွင် ၅၅ ခုအထိ ဖွင့်လှစ်နိုင်ခဲ့ပြီး ယခုနှစ်အတွင်း နောက်ထပ် ၁၄ ခု တိုးချဲ့ဖွင့်လှစ်သွားမှာ ဖြစ်ပါတယ်။ မူးယစ်ဆေး သွေးကြောအတွင်း ထိုးသွင်းသူတွေအနက် ၁၅၀၀၀ ကို မက်သဒုန်း အစားထိုးတိုက်ကျွေးပေးနေပါတယ်။ ဒ့ါအပြင် မိခင်မှ သန္ဓေသားသို့ HIV ပိုး ကူးစက်မှု ကာကွယ်ရေးလုပ်ငန်းတစ်ရပ်အနေနဲ့ ကိုယ်ဝန်ဆောင်မိခင်တွေကို HIV ပိုး ရှိ/မရှိကို ၂၀၁၅ ခုနှစ်က ရှစ်သိန်းခန့်သာ စစ်ဆေးနိုင်ခဲ့ရာမှ ၂၀၁၈ ခုနှစ်မှာ တစ်သန်း အထိ စစ်ဆေးပေးနိုင်ခဲ့ပါတယ်။

၂၀၁၈ ခုနှစ်မှာ တီဘီလူနာပေါင်း ၁၃၅၄၃၅ ဦးအားရှာဖွေ၍ အခမဲ့ကုသပေးခဲ့ပြီး ဆေးကုသမှု အောင်မြင်မှုနှုန်း ၈၇ ရာခိုင်နှုန်းရရှိအောင် ဆောင်ရွက်နိုင်ခဲ့ပါတယ်။ တီဘီ/ ဆေးယဉ်ပါး တီဘီ ရှာဖွေကုသရေးကို အရှိန်မြှင့်ဆောင်ရွက်နိုင်ဖို့အတွက် အမေရိကန်ဒေါ်လာ ၁ ဒသမ ၂ သန်း ကုန်ကျတဲ့ ဇီဝလုံခြုံမှုအဆင့် (၃)ရှိတဲ့ ဓာတ်ခွဲခန်း တစ်ခုကို တောင်ကြီးမြို့မှာ တည်ဆောက်ဖွင့်လှစ်နိုင်ခဲ့ပါတယ်။ Gene Xpert လို့ခေါ်တဲ့ ဆေးယဉ်ပါးတီဘီကို အချိန်တိုအတွင်းသိနိုင်တဲ့ စက် ၈၆ လုံးကို ခရိုင်အဆင့် တီဘီတိုက်ဖျက်ရေးဌာနတွေအတွက် တပ်ဆင်အသုံးပြု ဆောင်ရွက်နေပါတယ်။ ဒီဆေးယဉ်ပါးတီဘီဟာ နိုင်ငံအတွက် အလွန်အန္တရာယ်ကြီးပါတယ်။ ဆေးယဉ်ပါးတီဘီမှာ MDR-TB နဲ့ XDR-TB အဆင့်နှစ်ဆင့် ရှိပါတယ်။ ပြင်းထန်ဆေးယဉ်ပါးတီဘီ (XDR-TB) အဆင့် ဖြစ်ရင်တော့ အလွန်ပြင်းထန်ပြီး အသက်အန္တရာယ် စိုးရိမ်ရပါတယ်။ ဆေးတွေက ပြင်းထန်တဲ့အတွက် ဘေးထွက်ဆိုးကျိုးကလည်း များပါတယ်။ ဒါကိုမဖြစ်အောင် ကျွန်တော်တို့ ဆောင်ရွက်နေပါတယ်။

၂၀၁၇ - ၂၀၁၈ ခုနှစ်အတွင်း တစ်နိုင်ငံလုံး အတိုင်းအတာနဲ့ ပြုလုပ်ခဲ့တဲ့ တီဘီရောဂါဖြစ်ပွားမှု အခြေအနေစစ်တမ်းရဲ့ ရလဒ်အရ မြန်မာနိုင်ငံမှာ တီဘီရောဂါဖြစ်ပွားမှုနှုန်းမှာ ၂၀၁၀ ပြည့်နှစ်နှင့် နှိုင်းယှဉ်လျှင် သလိပ်မှာ ပိုးတွေ့လူနာဟာ တစ်ဝက်ထိ လျော့ကျသွားတာ တွေ့ရပါတယ်။

ငှက်ဖျားရောဂါ ဖြစ်ပွားမှုအခြေအနေက ၂၀၁၆ ခုနှစ်မှာ ငှက်ဖျားဖြစ်တဲ့သူ ၁ ဒသမ ၁ သိန်း ခန့်ရှိရာမှ ၂၀၁၈ ခုနှစ်မှာ ၆၈၀၀၀ ခန့်ပဲရှိပါတော့တယ်။ ငှက်ဖျားရောဂါကြောင့် သေဆုံးမှုက တစ်နိုင်ငံလုံးတွင် ၁၄ ဦးပဲ ရှိပါတော့တယ်။ ကျွန်တော်တို့က ငှက်ဖျားကင်းစင်ရေး ရည်မှန်းချက်ကို ရရှိအောင်ဆောင်ရွက်နေပြီး အခုအခါ မြန်မာနိုင်ငံမှာ ဆေးယဉ်ပါးငှက်ဖျားရောဂါနဲ့ ပိုးသတ်ဆေးယဉ်ပါးတဲ့ငှက်ဖျားခြင် မတွေ့ရှိရသေးပါဘူး။ ဆေးစိမ်ခြင်ထောင်တွေကို ၂၀၁၇ ခုနှစ်တုန်းက ၄ ဒသမ ၉ သန်း ဖြန့်ဝေနိုင်ခဲ့ပြီး ၂၀၁၉ ခုနှစ်မှာ ၆ သန်းအထိ ဖြန့်ဝေပါမယ်။

သွေးလွန်တုပ်ကွေးက ၂၀၁၈ ခုနှစ်မှာ လူနာ ၂၃၀၀၀ ခန့် ဖြစ်နေပါသေးတယ်။ သေတာကလည်း ၁၁၂ ဦးရှိတယ်။ အမှန်ကတော့ သွေးလွန်တုပ်ကွေးရောဂါဆိုတာ ပြည်သူ့ကျန်းမာရေးနဲ့ ကာကွယ်နှိမ်နင်းရေးလုပ်ငန်းတွေကို သေချာလုပ်ရင် ဖြစ်ပွားမှုတွေ အလွန်လျော့နည်းသွားနိုင်တဲ့ ရောဂါဖြစ်ပါတယ်။ ဒါကြောင့် ပြည်သူလူထုအနေနဲ့ ကျန်းမာရေးအသိပညာရှိရှိနဲ့ ပိုးလောက်လမ်းနဲ့ ခြင်ကျားနှိမ်နင်းရေးလုပ်ငန်းတွေကို ဂရုတစိုက် သေချာစွာဆောင်ရွက်ကြဖို့ အထူးအရေးကြီးပါတယ်။

ဆင်ခြေထောက်ရောဂါနဲ့ ပတ်သက်ပြီး တစ်ပြည်လုံးအတိုင်းအတာနဲ့ အမြစ်ပြတ်အောင် လုပ်နေပြီး သန်ချဆေးပေါင်းကို ဆင်ခြေထောက်ရောဂါ အမြစ်တွယ်နေမှုရှိနေသေးတဲ့ ခရိုင်နဲ့ မြို့နယ်တွေမှာ နှစ်စဉ်လူဦးရေ ၃၃ သန်းခန့်ကို တိုက်ကျွေးနေပါတယ်။

အနာကြီးရောဂါကာကွယ်ရေးနဲ့ပတ်သက်လို့တော့ တစ်နှစ်တစ်နှစ်ကို လူနာအသစ် ၂၀၀၀ ခန့် တွေ့နေရပါသေးတယ်။ ဒါဟာ ကောင်းတဲ့ လက္ခဏာ မဟုတ်ပါဘူး။ အဲဒီတော့ အနာကြီးရောဂါကိုလည်း ပေါ့လို့မရပါဘူး၊ အနာကြီးရောဂါ လုံးဝကင်းစင်ရေးအတွက် အရှိန်အဟုန်နဲ့ ဆက်လုပ်နေပါတယ်။ နောက်တစ်ချက်က တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ မွေးကင်းစ အရွယ်မှစ၍ ကလေးတွေကို ကာကွယ်ဆေးထိုးတဲ့အစီအစဉ် ဆောင်ရွက်နေတာ လက်ရှိအခြေအနေမှာ ကာကွယ်ဆေး ၁၁ မျိုး ထိုးပေးနေပါတယ်။ ပုံမှန်ကာကွယ်ဆေးအစီအစဉ်မှာ အသုံးပြုနေတဲ့ ကာကွယ်ဆေးတွေ ဝယ်ယူရန်အတွက် နိုင်ငံတော်အစိုးရအနေနဲ့ အမေရိကန်ဒေါ်လာ ၆ ဒသမ ၇ သန်းခန့် နှစ်စဉ် ထည့်ဝင်သုံးစွဲလျက်ရှိပါတယ်။ ကာကွယ်ဆေးအမျိုးမျိုးရဲ့ လွှမ်းခြုံမှုက တစ်နိုင်ငံလုံး အတိုင်းအတာနဲ့ ၈၀ ရာခိုင်နှုန်းမှ ၉၀ ရာခိုင်နှုန်းခန့် ရှိပါတယ်။ ၂၀၂၀ ပြည့်နှစ်မှာ အမျိုးသမီး သားအိမ်ခေါင်းကင်ဆာကာကွယ်ဆေးနဲ့ ဝမ်းလျှောရောဂါ (Rota) ကာကွယ်ဆေးအသစ် နှစ်မျိုးကို ထပ်မံထည့်သွင်း ထိုးနှံပေးသွားမှာ ဖြစ်ပါတယ်။

*အချပ်ပို (ဃ) သို့*

# နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် တတိယ(၁)နှစ်တာ



*အချပ်ပို (ဂ) မှ*

ခွေးရူးပြန်ရောဂါနဲ့ပတ်သက်လို့ရှိရင် ၃ နှစ်တာကာလအတွင်းမှာ နိုင်ငံတော်က ငွေကျပ် ၁၄ ဘီလီယံလောက် သုံးစွဲပြီး ခွေးရူးပြန်ကာကွယ်ဆေးနဲ့ ပဋိပစ္စည်းတွေဝယ်ယူပြီး အခမဲ့ထိုးနှံကုသပေးခဲ့ပါတယ်။ ၂၀၁၈ ခုနှစ်မှာဆိုရင် ခွေးကိုက်ခံရတဲ့လူနာ ၁၉၀၀၀၀ အထိ ထိုးပေးခဲ့တယ်။ ခွေးရူးပြန်ရောဂါကြောင့် သေဆုံးမှုက လျော့နည်းလာပါတယ်။ ၂၀၁၆ ခုနှစ် မှာ ခွေးရူးပြန်ရောဂါနဲ့ သေဆုံးတဲ့လူနာ ၉၉ ဦးရှိခဲ့ပြီး ၂၀၁၈ ခုနှစ်မှာ ၇၀ အထိ လျော့ကျလာခဲ့ပါတယ်။ ခွေးသာမကိုက်လို့ရှိရင် ခွေးရူးပြန်ကာကွယ်ဆေးထိုးစရာမလိုဘူး၊ ဘဏ္ဍာငွေအကုန်အကျ နည်းသွားပါမယ်။ ဒီခွေးမကိုက်အောင် ကျွန်တော်တို့ဝန်ကြီးဌာနက လုပ်လို့မရပါဘူး။ မွေးမြူရေးနဲ့ ကုသရေးဦးစီးဌာနနဲ့ စည်ပင်သာယာရေးကော်မတီကအစ သက်ဆိုင်သူအားလုံး ဝိုင်းဝန်းပြီး ဆောင်ရွက်ကြရမှာ ဖြစ်ပါတယ်။

မြွေကိုက်ခံရပြီး သေဆုံးမှုနှုန်းက နည်းလာပါတယ်။ ၂၀၁၃ ခုနှစ်တုန်းက လူတစ်သန်းမှာ ၁၂ ဦး သေဆုံးရာကနေ ၂၀၁၈ ခုနှစ်မှာ လူတစ်သန်းမှာ ကိုးဦးပဲ သေဆုံးပါတော့တယ်။

ရခိုင်ပြည်နယ်မှာ မထင်မှတ်ဘဲတွေ့ခဲ့ရတဲ့ ရေချိုခရုကနေကူးစက်တဲ့ သန်ပြားကောင်ရောဂါ (Schistosomiasis) ဖြစ်ပွားမှုနဲ့ပတ်သက်လို့ ရောဂါမပြန့်ပွားအောင်လည်း စီမံချက်တွေရေးဆွဲပြီး စနစ်တကျဆောင်ရွက်နေပါတယ်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အပါအဝင် နိုင်ငံတကာအဖွဲ့အစည်းတွေနဲ့ပေါင်းပြီး လုပ်ဆောင်နေပါတယ်။ ဒီကိစ္စက အရေးကြီးတဲ့ ပြည်သူ့ကျန်းမာရေး ပြဿနာတစ်ခုဖြစ်ပါတယ်။ လူတွေက ရေထဲမှာ လမ်းလျှောက်သွားတဲ့အတွက် ရေထဲကတစ်ဆင့် အရေပြားကနေဝင်လာတဲ့ရောဂါ ဖြစ်ပါတယ်။ ဒီရောဂါဖြစ်ပွားမှုကိုလည်း သေချာစွာ လေ့လာသုတေသနပြုလုပ်လျက်ရှိပါတယ်။

ပြည်သူ့ကျန်းမာရေး ဝန်ထမ်းတွေအနေနဲ့ ကူးစက်ရောဂါဗေဒဆိုင်ရာ အသိဉာဏ် ဗဟုသုတ မြင့်မားဖို့လိုအပ်တဲ့အတွက် ကူးစက်ရောဂါဆိုင်ရာ လက်တွေ့ကွင်းဆင်းလေ့လာခြင်း သင်တန်းတွေ (Field Epidemiology Training Program - FETP) ကို ဖွင့်လှစ်ပို့ချလျက်ရှိပါတယ်။

**မေး။ ။ နိုင်ငံတကာနဲ့ ပူးပေါင်းဆောင်ရွက်နေတဲ့ အခြေအနေတွေကို ပြောပြပေးပါဦး။**

**ဖြေ**။ ။ နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှုအနေနဲ့ Global Fund, Gavi, Access to Health Fund, USAID, World Bank နဲ့ ADB တို့နဲ့ပူးပေါင်းပြီး လုပ်နေတဲ့အပြင် UN အဖွဲ့အစည်း တွေဖြစ်တဲ့ WHO, Unicef, UNDP, UNFPA, UNOPS နဲ့ FAO တို့နဲ့လည်း အကုန်ပူးပေါင်း ဆောင်ရွက်နေပါတယ်။ အခြားအကူအညီပေးတဲ့ အဖွဲ့တွေက ထိုင်းနိုင်ငံက TICA အဖွဲ့၊ ဂျပန်နိုင်ငံက JICA အဖွဲ့၊ ကိုရီးယားက KOICA အဖွဲ့တွေကလည်း အကူအညီ အထောက်အပံ့တွေ တော်တော်ပေးပြီး သူတို့နဲ့ပူးပေါင်းပြီး လုပ်ဆောင်နေပါတယ်။

ထို့အတူ ကျွန်တော်တို့ဟာ INGO အဖွဲ့အစည်း ၈၀ လောက်နဲ့ ပူးပေါင်းလုပ်ဆောင်နေပါတယ်။ ဒီလောက်များတဲ့ INGO တွေ ဘာလုပ်နေလဲဆိုတာ သိနိုင်အောင်လို့ ကျွန်တော်တို့ INGO Profile စာအုပ်ကို ပြုစုထုတ်ဝေပြီး ဘယ်နေရာမှာ ဘယ်အဖွဲ့က ဘာလုပ်နေလဲ ဆိုတာကို အတိအကျသိရှိအောင် ဆောင်ရွက်ခဲ့ပါတယ်။ စီမံကိန်းတွေ ထပ်နေတယ်ဆိုရင် ပိုက်ဆံမကုန်သင့်ဘဲ ကုန်နေတာမျိုးဖြစ်နေမှာစိုးတဲ့အတွက် အခုထက်ပိုပြီး စနစ်ကျအောင် လုပ်ဖို့ရှိပါတယ်။ နောက်တစ်ချက်က ဝန်ကြီးဌာနမှာရှိတဲ့ တက္ကသိုလ်တွေနဲ့ နိုင်ငံပေါင်း ၁၄ နိုင်ငံက တက္ကသိုလ်တွေအကြား သဘောတူညီမှု စာချွန်လွှာ ၇၅ ခု ထိုးပြီး ကုသရေးအပိုင်း၊ သင်ကြားရေးအပိုင်းနဲ့ သုတေသနအပိုင်းမှာ အကုန်ပူးပေါင်းဆောင်ရွက်နေပါတယ်။

ဒါ့အပြင် (၃)နှစ်တာအတွင်း နိုင်ငံတကာ အစည်းအဝေး၊ ညီလာခံနဲ့ အလုပ်ရုံဆွေးနွေးပွဲ

**၂၀၁၈ ခုနှစ်အတွင်း ကျောင်းကျန်းမာရေး စစ်ဆေးပေးခြင်းကို တစ်နိုင်ငံလုံးမှာရှိတဲ့ ကျောင်းအားလုံးမှာ ဆောင်ရွက်နိုင်ခဲ့ပါတယ်။ မူလတန်း၊ အလယ်တန်းနဲ့ အထက်တန်းမှာ သန်ချဆေး တစ်နှစ်ကို နှစ်ကြိမ် တိုက်ကျွေးနေပါတယ်။ ဒါပေမယ့် အာဟာရဖွံ့ဖြိုးမှုလုပ်ငန်းဆောင်ရွက်နိုင်တဲ့ ကျောင်းကတော့ ၆၅ ရာခိုင်နှုန်းရှိပြီး ကျန်းမာရေးအဆင့်မြှင့်တင် ကျောင်းတွေက ၄၃ ရာခိုင်နှုန်း ရှိပါသေးတယ်။ ဒါတွေကို ပညာရေးဝန်ကြီးဌာနနဲ့ပေါင်းပြီး ဆက်လက်အရှိန်မြှင့်ဆောင်ရွက်ဖို့ ရှိပါတယ်။**

တွေကို ၁၅၅၇ ဦး၊ ခြောက်လအောက် သင်တန်းတွေကို ၁၁၆၄ ဦး၊ ခြောက်လအထက် သင်တန်းတွေကို ၂၆၂ ဦး၊ မဟာသိပ္ပံ ၈၆ ဦးနဲ့ ပါရဂူသင်တန်း ၄၅ ဦးတို့ စေလွှတ်ခဲ့ရာ လူဦးရေ ၆၅၃၅ ဦး ရှိပြီဖြစ်ပါတယ်။ ဒါ့အပြင် နိုင်ငံတကာအစည်းအဝေးနဲ့ ညီလာခံ စုစုပေါင်း ၄၀ ကို အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့တာ ရှိပါတယ်။

**မေး။ ။ ကျန်းမာရေးကဏ္ဍနဲ့ ပတ်သက်ပြီး လူသားအရင်းအမြစ်တွေ တိုးတက်အောင် ဘယ်လိုမျိုး ဆောင်ရွက်နေသလဲဆိုတာ သိပါရစေ။**

**ဖြေ**။ ။ ကျန်းမာရေး လူ့စွမ်းအားအရင်းအမြစ်တွေ မွေးထုတ်နိုင်ဖို့ ဘွဲ့ကြိုနဲ့ ဘွဲ့လွန် သင်တန်းတွေ တိုးချဲ့ဖွင့်လှစ်ပေးခဲ့ပြီး ဘွဲ့ကြိုလက်မှတ်ရ အထူးပြုသူနာပြု ဒီပလိုမာတန်းအဖြစ် ၂၀၁၈ ခုနှစ်တွင် အစာအိမ်နဲ့ အူလမ်းကြောင်း၊ နှလုံးနဲ့ သွေးကြော၊ ကျောက်ကပ်နဲ့ ဆီးလမ်းကြောင်းတို့ကို ထပ်မံဖွင့်လှစ်ထားပြီး အခြား ဘွဲ့ကြိုဒီပလိုမာဖြစ်တဲ့ ကျန်းမာရေး သတင်းအချက်အလက်နည်းပညာ၊ ဓာတ်ရောင်ခြည်ကုသမှုနဲ့ သူနာပြုသိပ္ပံ(ပေါင်းကူး) တို့ကို ထပ်တိုးဖွင့်လှစ်ခဲ့ပါတယ်။ ဘွဲ့လွန်သင်တန်း ဒီပလိုမာသင်တန်း နှစ်မျိုး၊ မဟာသိပ္ပံ သင်တန်း ခြောက်ခုနဲ့ ပါရဂူဘွဲ့ သင်တန်း လေးမျိုး စုစုပေါင်း ဘွဲ့လွန်သင်တန်း အသစ် ၁၂ မျိုး တိုးချဲ့ဖွင့်လှစ်ခဲ့တဲ့အပြင် အခုအခါ ဒီပလိုမာသင်တန်း၊ ဘွဲ့ကြိုသင်တန်း၊ ဘွဲ့လွန်သင်တန်း၊ မဟာသိပ္ပံသင်တန်းနဲ့ ပါရဂူသင်တန်း စုစုပေါင်း ၁၂၆ ခု ဖွင့်လှစ် သင်ကြားပေးလျက်ရှိပါတယ်။

၂၀၁၈ ခုနှစ်မှာ M.B.B.S အပါအဝင် ဘွဲ့လွန်ဘွဲ့ရတဲ့သူတွေ ဒီပလိုမာရတဲ့သူတွေ၊ မဟာသိပ္ပံ ပါရဂူရတဲ့သူတွေ ၈၃၃၆ ဦး မွေးထုတ်နိုင်ခဲ့ပါတယ်။ (၃)နှစ်တာကာလအတွင်းမှာ စုစုပေါင်း ၂၂၀၀၀ ခန့် ရှိပါတယ်။ နိုင်ငံက ဆေးတက္ကသိုလ်တွေမှာ သင်ကြားမှုစနစ်ကို ကမ္ဘာ့အဆင့်အတန်းမီအောင် Integrated Teaching ပေါင်းစပ်သင်ကြားမှုစနစ်ကို ၂၀၁၉ ခုနှစ် ဒီဇင်ဘာလမှာ စတင်မှာဖြစ်ပါတယ်။ ဒါမှသာ ကျွန်တော်တို့ရဲ့ ဆေးတက္ကသိုလ်တွေရဲ့ ဘွဲ့ရတွေကို ကမ္ဘာ့နိုင်ငံတွေက အသိအမှတ်ပြုမှာ ဖြစ်ပါတယ်။

ကျွန်တော်တို့နိုင်ငံမှာ သက်ကြီးရွယ်အိုတွေများလာတဲ့အတွက် သက်ကြီးရွယ်အို စောင့်ရှောက်မှုသင်တန်းကို ဂျပန်နိုင်ငံနဲ့ပူးပေါင်းပြီး ပြီးခဲ့တဲ့လကပဲ ဖွင့်ပါတယ်။ ရှေ့ဆက်ပြီးတိုးချဲ့ဖို့ အစီအစဉ်လည်း ရှိပါတယ်။ သူနာပြုအင်အားက အတော်နည်းနေတဲ့အတွက် အရင်တုန်းက တစ်နှစ်ကို သူနာပြု/သားဖွား ၁၈၀၀ ခေါ်နေရာကနေ ၂၀၁၈ ခုနှစ်ကစပြီး ၃၆၉၀ သို့ တိုးမြှင့်ခေါ်ယူခဲ့ပါတယ်။ သူနာပြုသိပ္ပံ (Bachelor of Nursing Science- B.N.Sc) ကို တစ်နှစ် ၃၀၀ ခေါ်နေရာကနေ ၄၀၀ ခေါ်နေပါပြီ။ နောက်သုံးနှစ်မှာ သူနာပြုတွေ ၄၀၀၀ နီးပါးလောက် နှစ်စဉ်ထွက်လာမယ်ဆိုရင် နိုင်ငံရဲ့သူနာပြုရှားပါးမှုကို ဖြေရှင်းနိုင်မယ်လို့ ထင်ပါတယ်။

ခက်ခဲဒေသနဲ့ အထူးဒေသခြောက်ခုက ဆေးတက္ကသိုလ်တက်ချင်တဲ့ ကျောင်းသားတွေအတွက် ဆေးကျောင်းတက်ခွင့်ရရှိသူ ပမာဏရဲ့ ၆ ရာခိုင်နှုန်း ပေးပါတယ်။ ၂၀၁၆ - ၂၀၁၇ ခုနှစ်မှာ ခက်ခဲဒေသက ၅၆ ဦး၊ ၂၀၁၇ - ၂၀၁၈ ခုနှစ်မှာ ၈၁ ဦး၊ ၂၀၁၈ - ၂၀၁၉ ခုနှစ်မှာ ၇၂ ဦး တက်ရောက်ခွင့်ပေးခဲ့ပါတယ်။ သူတို့ကို အခြားကျောင်းသားတွေတက်တဲ့အမှတ်ထက်နည်းပြီး တက်ခွင့်ပြုထားပါတယ်။ အလားတူ အဲဒီဒေသတွေကို သူနာပြုသင်တန်းတက်ခွင့်ရသူ ပမာဏရဲ့ ၁၀ ရာခိုင်နှုန်း တက်ခွင့်ပြုထားပါတယ်။ ဒါမှသာ ဝေးလံခက်ခဲဒေသတွေရဲ့ကျန်းမာရေးစောင့်ရှောက်မှုကို ပိုမိုတိုးတက်ဆောင်ရွက်ပေးနိုင်မှာ ဖြစ်ပါတယ်။

**မေး။ ။ အစားအသောက်နဲ့ ဆေးဝါးကဏ္ဍတွေ၊ သုတေသနလုပ်ငန်းတွေနဲ့ တိုင်းရင်းဆေးကဏ္ဍတွေနဲ့ အားကစားကဏ္ဍတွေကို ဖွံ့ဖြိုးတိုးတက်အောင် ဘယ်လိုမျိုးဆောင်ရွက်နေလဲဆိုတာ သိပါရစေ။**

**ဖြေ**။ ။ ဝန်ကြီးဌာနအနေနဲ့ ပြည်သူတွေ အရည်အသွေးပြည့်မီ၍ ဘေးဥပဒ်ကင်းစင်တဲ့ အစားအသောက်၊ ဆေးဝါး၊ ဆေးပစ္စည်းနဲ့ အလှကုန်တွေ ရရှိသုံးစွဲနိုင်ဖို့အတွက် လက်ရှိဥပဒေပြဋ္ဌာန်းချက်တွေနဲ့အညီ ဆောင်ရွက်လျက်ရှိပါတယ်။ Post Marketing Survillance လို့ခေါ်တဲ့ ဈေးကွက်ထောက်လှမ်းခြင်းလုပ်ငန်းနဲ့ ဈေးကွက်ထဲမှာ ရောင်းချနေတဲ့ အစားအသောက်တွေကိုယူပြီး စစ်ဆေးပါတယ်။ ၂၀၁၈ ခုနှစ်မှာ ဈေးကွက်အတွင်းမှ အစားအသောက်နမူနာ ၆၇၄၆ ခု စစ်ဆေးခဲ့ပါတယ်။ စားသုံးရန်မသင့်တဲ့ စားသုံးကုန်တွေကို အများပြည်သူသိရှိအောင် ထုတ်ပြန်ကြေညာခြင်းနဲ့ တရားစွဲဆိုအရေးယူတာတွေ လုပ်ပါတယ်။ ၂၀၁၈ ခုနှစ်မှာ ဈေးကွက်အတွင်းမှ ဆေးဝါးနမူနာ ၂၉၈ မျိုးကို စစ်ဆေးခဲ့ပါတယ်။

အစားအသောက်နဲ့ ဆေးဝါးကွပ်ကဲရေးဦးစီးဌာနအနေနဲ့ အစားအသောက်၊ ဆေးဝါးနဲ့ ပတ်သက်ပြီး သွင်းကုန်လိုင်စင်ထောက်ခံချက်က ၇၄၅၂ ခု၊ သွင်းကုန် ကျန်းမာရေးထောက်ခံချက်က ၉၇၃၀၊ ပို့ကုန်လိုင်စင်ထောက်ခံချက် ၃၈၀ နဲ့ ပို့ကုန်ကျန်းမာရေး ထောက်ခံချက် ၆၇ ခု ထုတ်ပေးခဲ့ပါတယ်။ အရည်အသွေးမပြည့်မီတာတွေ၊ မကောင်းတာတွေကို လိုင်စင်ထုတ်ပေးလိုက်မိရင် ပြည်သူလူထုကို အန္တရာယ်ဖြစ်စေတဲ့အတွက် ဒါကို သေချာကြပ်မတ်ဆောင်ရွက်ပါတယ်။ ဆေးဝါး မှတ်ပုံတင်လျှောက်ထားခြင်းကို အွန်လိုင်းကနေ တစ်ဆင့် လျှောက်လို့ရနေပြီ ဖြစ်ပါတယ်။

အလားတူ FDA မှာရှိတဲ့ ဓာတ်ခွဲခန်းတွေက ကမ္ဘာ့အဆင့်မီတယ်လို့ ပြောလို့ရပါတယ်။ ဆေးဝါး ဓာတုဓာတ်ခွဲခန်းဟာ ISO / IEC 17025:2005 ကို ရထားပြီးပါပြီ။ ဒါ့အပြင် နိုင်ငံတော်က ငွေကျပ်သန်း ၁၈၀၀ ခန့် အကုန်အကျခံ တည်ဆောက်ခဲ့တဲ့ နိုင်ငံတကာအဆင့်မီ ဓာတ်ခွဲခန်းကို ၂၀၁၈ ခုနှစ် ဇန်နဝါရီလ ၁၈ ရက်မှာ ဖွင့်လှစ်နိုင်ခဲ့ပါတယ်။ တိုင်းဒေသကြီး / ပြည်နယ်တစ်ခုကို ရွေ့လျားဓာတ်ခွဲခန်းယာဉ် (Mobile Lab Van) တစ်စီးစီ ဖြန့်ဝေပေးခဲ့ပြီး ခြောက်လအတွင်း ရွေ့လျားဓာတ်ခွဲခန်းယာဉ်တွေအသုံးပြုပြီး အစားအသောက်နဲ့ ဆေးဝါးနမူနာပေါင်း ၆၂၀၀ ကျော်နဲ့ ၂၆၄ ကြိမ် စစ်ပြီးသွားပါပြီ။

သုတေသနကဏ္ဍအနေနဲ့ သုတေသနလုပ်ငန်းတွေ ဆောင်ရွက်ဖို့ ၂၀၁၆ - ၂၀၁၇ ဘဏ္ဍာနှစ်မှာ ငွေကျပ် ၁၆ ဒသမ ၅ သန်း၊ ၂၀၁၇ - ၂၀၁၈ ခုနှစ်မှာ ငွေကျပ်သန်း ၁၀၀၀၊ ၂၀၁၈ ခုနှစ် ပထမ ခြောက်လကာလမှာ ငွေကျပ်သန်း ၅၀၀ နဲ့ ၂၀၁၈- ၂၀၁၉ ဘဏ္ဍာနှစ်မှာ ငွေကျပ်သန်း ၁၅၀၀ ခွင့်ပြုချထားခဲ့ပြီး ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာနှစ်မှာ ငွေကျပ်သန်း ၃၀၀၀ အထိ တိုးမြှင့်ဆောင်ရွက်နိုင်ဖို့ လျာထားပါတယ်။

သုတေသနလုပ်မှ နိုင်ငံတိုးတက်မှာဖြစ်တဲ့အတွက် သုတေသနစိတ်ဓာတ်၊ သုတေသနအလေ့အထယဉ်ကျေးမှုတွေ ဖြစ်လာအောင် အားပေးဆောင်ရွက်နေပါတယ်။ လက်တွေ့အသုံးချသုတေသနလုပ်ငန်း (Implementation Research) တွေကို ဦးစားပေးဆောင်ရွက်နေပါတယ်။ နိုင်ငံမှာ ကျန်းမာရေးနဲ့ပတ်သက်တဲ့ သုတေသနစာရင်း အကုန်လုံးကို Health Research Registry နဲ့ မှတ်ပုံတင်ထားရှိ ဆောင်ရွက်နေပြီ ဖြစ်ပါတယ်။

အလားတူ သုတေသနသတင်းအချက်အလက် (Research Information System) ကို ဖော်ဆောင်ထားပြီး စနစ်တကျ စာရင်းသွင်းထားပါတယ်။ သုတေသနညီလာခံကို နှစ်စဉ် ဇန်နဝါရီလမှာ လုပ်ပါတယ်။ ၂၀၁၉ ခုနှစ်မှာဆိုရင် စာတမ်းပေါင်း ၂၃၁ ခု ဖတ်တဲ့အပြင် နိုင်ငံပေါင်း တော်တော်များများက သုတေသနပညာရှင်တွေလာပြီး ဆွေးနွေးပါတယ်။ ဒီအချက်ဟာ နိုင်ငံရဲ့ သုတေသနအဆင့်အတန်းဟာ ကမ္ဘာမှာတောင် ရင်ပေါင်တန်းနိုင်တဲ့အဆင့် ဖြစ်တာကို ပြသခြင်း ဖြစ်ပါတယ်။

ပြင်ဦးလွင်မြို့နယ်မှာရှိတဲ့ ဆေးသုတေသနဦးစီးဌာန(ရုံးခွဲ)ကို သင်တန်းကျောင်းပုံစံအဖြစ် စတင်ဆောင်ရွက်နေပြီး သုတေသနနဲ့ပတ်သက်တဲ့ သင်တန်းတွေ ပို့ချလျက်ရှိပါတယ်။ ဆေးသုတေသနဦးစီးဌာနအနေနဲ့ ဆေးနဲ့နီးနွယ် ၁၆ ကျောင်းမှာရှိတဲ့ ဘွဲ့ကြို၊ ဘွဲ့လွန်ကျောင်းသားတွေကို သုတေသနစာတမ်းတွေ အရည်အသွေးမြင့်မားအောင် သုတေသနဆိုင်ရာ နည်းပညာအထောက်အပံ့ပေးလျက်ရှိရာ သုံးနှစ်တာအတွင်း ကျောင်းသားပေါင်း ၁၀၉၃ ဦးရှိပါပြီ။

တိုင်းရင်းဆေးနဲ့ပတ်သက်လို့ တိုင်းရင်းဆေးတက္ကသိုလ် ဘက်စုံဖွံ့ဖြိုးတိုးတက်ဖို့အတွက် ပညာရှင်ပေါင်းစုံပါဝင်တဲ့အဖွဲ့နဲ့ ဘက်စုံသုံးသပ်ပြီး တိုင်းရင်းဆေးတက္ကသိုလ်ကြီးကို ဆေးတက္ကသိုလ်တွေနည်းတူဖြစ်အောင် ဆောင်ရွက်နေပါပြီ။ တိုင်းရင်းဆေးအနေနဲ့ ပရဆေးပင်ကျမ်းအတွဲ(၂) ကို ထုတ်ဝေနိုင်ခဲ့တဲ့အပြင် မြန်မာ့တိုင်းရင်းဆေးဖုံတွေရဲ့ ဖော်စပ်ပုံကို စံသတ်မှတ်ခြင်းကိုလည်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့နဲ့ပူးပေါင်းပြီး ဆောင်ရွက်နေပါတယ်။

ဌာနသုံးတိုင်းရင်းဆေးနည်းနဲ့ ဆေးဖုံ ဘယ်လောက်သုံးရမယ် ဆိုတာတွေကိုလည်း သုတေသနလုပ်နေပြီ ဖြစ်ပါတယ်။ နိုင်ငံတော်အစိုးရက ငွေကျပ် ၄ ဒသမ ၆၇ ဘီလီယံလောက် သုံးပြီး ခေတ်မီတိုင်းရင်းဆေးစက်ရုံကြီး မန္တလေးမှာ မကြာခင်က ဖွင့်လိုက်ပါပြီ။ တိုင်းရင်းဆေးလောက မြှင့်တင်ဖို့အတွက် နှစ်စဉ်တိုင်းရင်းဆေးသုတေသနညီလာခံတွေအပြင် တိုင်းရင်းဆေးသမားတော်တွေညီလာခံကို ကျင်းပပါတယ်။ ညီလာခံတွေက ထွက်ရှိလာတဲ့ ထောက်ခံချက်၊ အဆိုပြုချက်တွေကို လုံးဝအကောင်အထည်ဖော်ရပါမယ်။ ဒါ့အပြင် တိုင်းရင်းဆေးပညာ အဆင့်မြှင့်တင်ရေးအတွက် အကြံပြုပေးနိုင်ဖို့ ဝါရင့်ပညာရှင်တွေပါဝင်တဲ့ တိုင်းရင်းဆေးပညာရပ်ဆိုင်ရာ အကြံပေးအဖွဲ့ကိုလည်း ဖွဲ့ထားပါတယ်။

ပြည်သူလူထုရဲ့ ကျန်းမာရေးကောင်းဖို့ အားကစားနဲ့ ကိုယ်လက်လှုပ်ရှားမှုဟာ အလွန်အရေးကြီးတဲ့အတွက် ၂၀၁၇ ခုနှစ်မှာ Healthy Myanmar Seminar တစ်ခု ကျင်းပခဲ့ပါတယ်။ အဲဒီ seminar က ထွက်ပေါ်လာတဲ့ ဆုံးဖြတ်ချက် ၁၃ ချက်အပေါ် မူတည်ပြီး ဆောင်ရွက်နေပါတယ်။ အမျိုးသမီးအားကစားအဖွဲ့ချုပ်က တိုင်းဒေသကြီး / ပြည်နယ် ခုနစ်ခုမှာ "ကိုယ်လက်လှုပ်ရှားဆေးတစ်ပါး" အစီအစဉ်နဲ့ လေ့ကျင့်ခန်းတွေ စနစ်တကျသင်ကြား ဆောင်ရွက်နေပါတယ်။ အားကစားနဲ့ ကာယပညာဦးစီးဌာနရှိ ဝန်ထမ်းတွေကို ကိုယ်လက်လှုပ်ရှားမှု (Physical Fitness Dance)ကို ရုံးပိတ်ရက်တွေမှအပ နေ့စဉ်ပြုလုပ်လျက်ရှိပြီး အမျိုးသားလွှတ်တော်၊ ပြည်သူ့လွှတ်တော်မှ အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်တွေ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ အရာရှိ၊ အရာထမ်း၊ အကြပ်စစ်သည် မိသားစုတွေ၊ သူနာပြုသင်တန်းကျောင်းနဲ့ သားဖွားသင်တန်းကျောင်းတွေကို နည်းပြတွေ စေလွှတ်၍ သင်တန်းပို့ချပေးခဲ့ပါတယ်။

တိုင်းဒေသကြီးနဲ့ ပြည်နယ်က အားကစားမှူးတွေနဲ့ ဆရာ ဆရာမတွေကိုလည်း သင်တန်းပေးနေပါတယ်။ ပြည်သူတွေ အလွယ်တကူ လေ့ကျင့်ခန်းပြုလုပ်နိုင်ဖို့ Outdoor Fitness Equipment ၁၁၂၇ ခုကို တိုင်းဒေသကြီးနဲ့ ပြည်နယ်အားလုံးမှာ တပ်ဆင်ပေးတဲ့အပြင် သူနာပြု၊ သားဖွားသင်တန်းကျောင်း ၅၀ မှာလည်း ပံ့ပိုးပေးခဲ့ပါတယ်။ ပညာရေးဝန်ကြီးဌာနနဲ့ ပူးပေါင်းပြီး ASEAN University Games ကိုလည်း အောင်မြင်စွာ ကျင်းပပေးနိုင်ခဲ့ပါတယ်။

အားကစားသိပ္ပံ ခြောက်ခုရှိပြီး လက်ရွေးစင်တွေဖြစ်အောင် လေ့ကျင့်ပေးနေပါတယ်။ အထူးသဖြင့် B.Sc(Sports) ဘွဲ့ရ အားကစားမှူးတွေ အများကြီးမွေးထုတ်ထားပါပြီ။ သူတို့ကို ကျန်းမာရေးနဲ့ အားကစားဝန်ကြီးဌာနနဲ့ ပညာရေးဝန်ကြီးဌာနတွေမှာ အလုပ်ခန့်ထားပါတယ်။ နွေရာသီအားကစားသင်တန်းတွေ နှစ်စဉ်ဖွင့်လှစ်လျက်ရှိရာ ၂၀၁၈ - ၂၀၁၉ ခုနှစ်တွင် ကျောင်းသား ၁၂၀၀၀၀ လောက်ကို သင်တန်းပေးနိုင်ခဲ့ပါတယ်။ မြန်မာနိုင်ငံ အိုလံပစ်ကောင်စီ (Myanmar Olympic Council)ကို နိုင်ငံတော်သမ္မတက ဖွဲ့စည်းပေးခဲ့ပြီး ဒီကောင်စီကနေ မြန်မာနိုင်ငံရဲ့ အားကစားလောကတစ်ခုလုံး တိုးတက်အောင် ဘာတွေလုပ်သင့်လဲ၊ ဘယ်လိုလုပ်ရမလဲဆိုတာကို မူဝါဒတွေ ချမှတ်ပါမယ်။

ကျွန်တော်တို့ ကျန်းမာရေးနဲ့ အားကစားဝန်ကြီးဌာနအနေနဲ့ ပြည်သူတွေ ရောဂါဘယကင်းရှင်းရေးနဲ့ ရောဂါဖြစ်ပွားလာပါက ထိရောက်စွာ ကုသမှုခံယူရေးအတွက် ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ ဆောင်ရွက်နေပါတယ်။

ပြည်သူတွေကို ကျွန်တော့်အနေနဲ့ အကြံပြုလိုတာက ကျန်းမာဖို့ဆိုရင် နံပါတ်(၁) ဆေးလိပ်၊ အရက်နဲ့ ကွမ်းယာကို လျှော့၊ ဖြစ်နိုင်ရင် လုံးဝမသောက်ပါနဲ့၊ နံပါတ်(၂) ကိုယ်လက်လှုပ်ရှားအားကစား မှန်မှန်လုပ်ရပါမယ်။ နံပါတ်(၃) အလွန်ချိုသောအစာ၊ အလွန်ငန်သောအစာနဲ့ အလွန်အဆီများသောအစာကို လျှော့စားရမယ်။ နံပါတ်(၄) FDA အသိအမှတ်ပြုတဲ့ဆေးတွေကိုပဲ သုံးစွဲပါ၊ နံပါတ်(၅) နှလုံး၊ သွေးတိုးနဲ့ လေဖြတ်ရောဂါတွေဖြစ်ပွားစေတဲ့ စိုးရိမ်သောကတွေနဲ့ လောဘ၊ ဒေါသ၊ မောဟတို့ကို လျှော့ချပါ၊ နံပါတ် (၆) ကလေးတွေကို ကူးစက်ရောဂါတွေက ကြိုတင်ကာကွယ်နိုင်ဖို့ ကာကွယ်ဆေးထိုးပေးကြပါ၊ နံပါတ်(၇) ကျန်းမာရေးဝန်ထမ်းတွေနဲ့ မီဒီယာတွေကတစ်ဆင့် ဖြန့်ဝေပေးနေတဲ့ ကျန်းမာရေးအသိပညာတွေကို အလေးအနက် မှတ်သားလိုက်နာကြပါ၊ နံပါတ်(၈) ရောဂါဖြစ်ပွားလျှင် ကြိုတင်လက္ခဏာတွေ သိသိချင်း စောစီးစွာ ဆေးရုံ/ဆေးခန်းတွေကိုသွားပြီး ကုသမှု ခံယူရပါမယ်။ ဒါတွေလုပ်မှသာလျှင် ကျန်းမာရေးနဲ့ အားကစား ဝန်ကြီးဌာနကပေးတဲ့ ဝန်ဆောင်မှုကလည်း ထိရောက်အကျိုးရှိမှာဖြစ်ပြီး ပြည်သူတွေအနေနဲ့ ကျန်းမာခြင်းသုခကို ရရှိခံစားနိုင်မှာ ဖြစ်ပါတယ်။



၁၄-၂-၂၀၁၉ ရက်က နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဘုတ်ပြင်းမြို့နယ် ပုလဲကျွန်း၌ မုတ်ကောင်အတွင်းသို့ ဝတ်ဆံများထည့်သွင်းနေမှုကို ကြည့်ရှုစဉ်။

# ငါး / ပုစွန်မွေးမြူရေးလုပ်ငန်း၊ ခရီးသွားလုပ်ငန်း သဘာဝအခြေခံကောင်းများနှင့်အတူ ဒေသဖွံ့ဖြိုးရေး ကြိုးပမ်းဆောင်ရွက်နေသည့် တနင်္သာရီတိုင်းဒေသကြီး

**ဆောင်းပါး - နန္ဒာဝင်း ၊ ဓာတ်ပုံစုစည်း - အေးသန်း**

**သာယာလှပသော ကမ်းခြေနှင့် နေဝင်ချိန် ဆည်းဆာအလှကို ခံစားနိုင်သဖြင့် ပြည်တွင်း၊ ပြည်ပ ခရီးသွားများ စိတ်ဝင်စားစွာ လာရောက်လည်ပတ်လေ့ရှိသော မောင်းမကန်ကမ်းခြေသည် မြန်မာပြည်တောင်ဘက်အဖျားစွန်း ရိုးရာယဉ်ကျေးမှု ဓလေ့စရိုက်လက္ခဏာများ ပေါကြွယ်ဝသည့် တိုင်းအလှတနင်္သာရီတွင် တည်ရှိသည်။**

**မီးခိုးမထွက်သော စက်ရုံအဖြစ် တင်စားခေါ်ဝေါ်သည့် ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဟိုတယ် ၃၀ နှင့် တည်းခိုရိပ်သာ ၁၀ ခု ဖွင့်လှစ်ထားရှိပြီး ခရီးသွားလာရေးကုမ္ပဏီ ၉၄ ခုတို့ဖြင့် ခရီးသွားဝန်ဆောင်မှုလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။**

ကော့သောင်းမြို့၌ ပြီးခဲ့သည့် ၂၀၁၈ ခုနှစ် မတ်လ ၂၄ ရက်နှင့် ၂၅ ရက်တို့တွင် ကျင်းပပြုလုပ်ခဲ့သည့် ခရီးသွားနှင့် ရင်းနှီးမြှုပ်နှံမှုပွဲတော်တွင် တနင်္သာရီတိုင်းဒေသကြီး၏ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ခရီးစဉ်ဒေသများဖြစ်သော ကျွန်းစုဒေသ ခရီးသွားလုပ်ငန်းများကို အဓိက မိတ်ဆက်ပြသခဲ့သည်။



တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်မောင်

တနင်္သာရီတိုင်းဒေသကြီး၏ ခရိုင်အလိုက် ခရီးသွားများ လေ့လာလည်ပတ်စရာ အထင်ကရနေရာများအနေဖြင့် ထားဝယ်ခရိုင်တွင် ရှေးဟောင်းသမိုင်းဝင် ရှင်ကိုးရှင်ဘုရားများ (ရှင်ပင်ခရု၊ ရှင်တောက်ထိန်၊ ရှင်တော့ပုံ၊ ရှင်ဇလွန်၊ ရှင်မုတ္ထီး၊ ရှင်ဓာတ်ဝဲ၊ ရှင်ညသြ၊ ကလိန်အောင်ရှင်ဆံတော်နှင့် မြတ်ရှင်မော်)၊ ရွှေတောင်စားစေတီတော်နှင့် လောကမာရဇိန် ဘုရားကြီး၊ မျှော်ရစ်စေတီတော်၊ မောင်းမကန်ကမ်းခြေ၊ မြင်းခွာအော် ကမ်းခြေ၊ ဖိုးဖိုးကျောက်ကမ်းခြေ၊ စမ်းလှမ်းကမ်းခြေ၊ မောင်းမကန်ရေပူစမ်း၊ ထားဝယ်ရိုးရာ ပုဆိုး၊ လုံချည် လက်ရက်ကန်း လုပ်ငန်း၊ ထားဝယ်ရိုးရာ အိုးမျိုးစုံလုပ်ငန်း၊ ပလတ်စတစ်ခြင်းတောင်းရက် လုပ်ငန်းနှင့် သဘော့ဖျာရက်လုပ်ငန်း၊ မြိတ်ခရိုင်တွင် လေးကျွန်းဆီမီး သိမ်တော်ကြီး၊ အတုလရံသီ (ပထက်တောင်) ရွှေသာလျောင်း လျောင်းတော်မူဘုရားနှင့် ကျွန်းအခြေပြုခရီးသွားလုပ်ငန်းများ၊ ကော့သောင်းခရိုင်တွင် ပြည်တော်အေးဘုရား၊ မလိဝမ်းရေတံခွန်၊ ၅၅၅ တောင်ကုန်း၊ ဘုရင့်နောင်ကုန်းမြေနှင့် ဘုရင့်နောင်အငူ၊ ကျွန်းဖီလာ၊ ဗိုလ်ရွှေ၊ ငမန်းကျွန်း၊ ခေင်ညိုကြီးကျွန်း၊ ညောင်ဦးဖီးကျွန်း၊ ကျွန်းအမှတ်(၁၁၅)၊ ခရင်းခွကျွန်း၊ ဘားလားကျွန်း (ခ) သံယုတ်ကျွန်း၊ ဖိုးနီကျွန်း (ခ) ဗိုလ်ရာညွှန့်ကျွန်း၊ ဗိုလ်နက်ကျော်ကျွန်း၊ လိုဏ်ဂူကျွန်း၊ ငထွေးရှူးကျွန်း စသည့် ကျွန်းအခြေပြုခရီးသွားလုပ်ငန်းများမှာ ခရီးသွားများ လေ့လာလည်ပတ်စရာ အထင်ကရနေရာများ ဖြစ်သည်။

တနင်္သာရီတိုင်းဒေသကြီးကို ထားဝယ်၊ မြိတ်နှင့် ကော့သောင်းခရိုင်ဟူ၍ ခရိုင် သုံးခု၊ မြို့နယ် ၁၀ ခု တို့ဖြင့် ဖွဲ့စည်းထားပြီး တိုင်းဒေသကြီး၏ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့က ၂၀၁၆ ခုနှစ် ဧပြီလ ၁ ရက်မှ စတင်တာဝန်ယူ ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ရာတွင် ပြည်သူလူထု၏ အကျိုးစီးပွားနှင့် ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အမျိုးသားရင်ကြားစေ့ရေး၊ ပြည်တွင်းငြိမ်းချမ်းရေး၊ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု ဖြစ်ပေါ်လာရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ပြည်သူများ၏ လူနေမှုဘဝများ တိုးတက်အောင် ဆောင်ရွက်ရေး ဆိုသည့် နိုင်ငံတော်မှချမှတ်ထားသည့် မူဝါဒများနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

*အချပ်ပို (စ) သို့*

> **မီးခိုးမထွက်သော စက်ရုံအဖြစ် တင်စားခေါ်ဝေါ်သည့် ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဟိုတယ် ၃၀ နှင့် တည်းခိုရိပ်သာ ၁၀ ခု ဖွင့်လှစ်ထားရှိပြီး ခရီးသွားလာရေးကုမ္ပဏီ ၉၄ ခုတို့ဖြင့် ခရီးသွားဝန်ဆောင်မှုလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိ**



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ကော့သောင်းမြို့နယ် မကြံ့ဂလက်ကျေးရွာမှ ဆလုံတိုင်းရင်းသား၊ တိုင်းရင်းသူများ၊ ဒေသခံပြည်သူများနှင့် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

*အချပ်ပို (င) မှ*

## ရည်မှန်းချက်များ

တိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့် တိုင်းဒေသကြီးတစ်ခုလုံး ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကုမ္ပဏီများမှ လုပ်ကိုင်ဆောင်ရွက်နိုင်ခြင်းမရှိသည့် မြေယာများကို ဒေသခံတောင်သူများအား ပြန်လည်ပေးလုပ်ကိုင်ရေး၊ ဒေသတွင်းခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ ရေထွက်ပစ္စည်းများကို လုပ်ထုံးလုပ်နည်းနှင့်အညီ ပြည်ပနိုင်ငံများသို့ တင်ပို့ရောင်းချနိုင်ရေး၊ တိုင်းဒေသကြီးအတွင်းရှိ ပြည်သူများ ဒေသတွင်းလုံခြုံရေးနှင့် တရားဥပဒေအရ အကာအကွယ်ပေးမှုများ အပြည့်အဝရရှိရေး၊ တနင်္သာရီတိုင်းဒေသကြီးအတွင်း လျှပ်စစ်ဓာတ်အားခ ဈေးနှုန်းချိုသာစွာ ရရှိနိုင်ရေး စသည့် ရည်မှန်းချက်များ ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

## လုပ်ငန်းစဉ်များ

တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့် ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးရရှိရေးအတွက် နိုင်ငံရေးပြဿနာများကို စစ်ရေးနည်းဖြင့် ဖြေရှင်းခြင်းမပြုဘဲ နိုင်ငံရေးနည်းဖြင့် ဖြေရှင်းနိုင်ရန် ပါဝင်သင့် ပါဝင်ထိုက်သူများ ပါဝင်သည့် နိုင်ငံရေးဆွေးနွေးပွဲများကို ကျင်းပရန်၊ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနှင့် လုံခြုံရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများကို ငြိမ်းချမ်းစွာ ညှိနှိုင်းအဖြေရှာသွားရန်၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်ကို အခြေခံသည့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာများ၊ တိုင်းရင်းသားလူမျိုးတစ်မျိုးချင်းစီအလိုက် ခံစားသင့် ခံစားထိုက်သော အခွင့်အရေးများနှင့် လူမျိုးရေးဆိုင်ရာ စုပေါင်းအခွင့်အရေးများ၊ ဒေသန္တရဖွံ့ဖြိုးရေးဆိုင်ရာများ၊ မြေယာနှင့် သဘာဝသယံဇာတ စီမံခန့်ခွဲရေးနှင့် ခွဲဝေခြင်းဆိုင်ရာများတွင် လုပ်ငန်းစဉ်များချမှတ်၍ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

## မဏ္ဍိုင်(၃)ရပ်

တိုင်းဒေသကြီး အစိုးရအဖွဲ့သည် (၃)နှစ်တာကာလအတွင်း ဥပဒေပြုရေးမဏ္ဍိုင်အနေဖြင့် ဒုတိယအကြိမ် တနင်္သာရီတိုင်းဒေသကြီး လွှတ်တော် ပထမပုံမှန်အစည်းအဝေးမှ (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေးအထိ ဥပဒေ(၁၄)ခု အသစ်ပြဋ္ဌာန်းခြင်းကို ဆောင်ရွက်ခဲ့ပြီး ထုတ်ပြန်ထားရှိသည့် ဥပဒေများအပေါ် နည်းဥပဒေ နှစ်ခုတို့ကို အတည်ပြု ထုတ်ပြန်နိုင်ခဲ့သည်။

အုပ်ချုပ်ရေးမဏ္ဍိုင်အနေဖြင့် ပြည်ထောင်စုဗဟိုရုံးများ၏ လက်အောက်ခံရုံး လေးခု၊ ဝန်ကြီးဌာန ၂၀ ၏ လက်အောက်ခံရုံး ၉၀၊ တိုင်းဒေသကြီး အစိုးရအဖွဲ့၏ လက်အောက်ခံရုံး နှစ်ခုတို့ကို ဗဟိုအဆင့် အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများ၏ လုပ်ငန်းများ အကောင်အထည်ဖော်နိုင်ရေးအတွက် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ ဥပဒေ ပုဒ်မ ၃၁၊ ပုဒ်မခွဲ(ခ) အရ ကြီးကြပ်ဆောင်ရွက်လျက်ရှိသည်။

တရားစီရင်ရေးမဏ္ဍိုင်အနေဖြင့် တိုင်းဒေသကြီး တရားလွှတ်တော်ချုပ်ရုံး တစ်ခု၊ ခရိုင်ရုံး သုံးခုနှင့် မြို့နယ်ရုံး ၁၀ ခုတို့ဖြင့် လွတ်လပ်သော တရားစီရင်ရေးစနစ်ဖြင့် အမှီအခိုကင်းစွာ စီရင်ဆုံးဖြတ်နိုင်ရေးအတွက် ကြီးကြပ်ထိန်းကျောင်းပေးလျက်ရှိသည်။

## ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ

၂၀၁၆ - ၂၀၁၇ ဘဏ္ဍာရေးနှစ်မှ ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာရေးနှစ်အထိ ၃ နှစ်တာကာလအတွင်း တိုင်းဒေသကြီးအစိုးရအဖွဲ့ ရန်ပုံငွေကျပ်သန်း ၃၆၉၉၀ ဒသမ ၆၈၆၇ သန်းဖြင့် နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်း ၃၅၁ ခုနှင့် ပြည်ထောင်စုရန်ပုံငွေကျပ်သန်း ၁၀၈၁၈ ဒသမ ၇၉၄၅ သန်းဖြင့် နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်း ၁၇၉ ခုတို့ကို ဆောင်ရွက်ပေးနိုင်ခဲ့သည်။

မိုးစပါးစိုက်ပျိုးထုတ်လုပ်မှုအနေဖြင့် ၂၀၁၆-၂၀၁၇ ခုနှစ်မှ ၂၀၁၈ - ၂၀၁၉ ခုနှစ် အထိ ၄၉၁၇၉၁ ဧက စိုက်ပျိုးခဲ့ရာ တင်းပေါင်း ၄၉၈၄၇၀၉၇ တင်းထွက်ရှိခဲ့ပြီး နွေစပါး စိုက်ပျိုးထုတ်လုပ်မှုအနေဖြင့် ၂၉၃၀၃ ဧက စိုက်ပျိုးခဲ့ရာ တင်းပေါင်း ၁၂၃၂၇၁၉ တင်း ထွက်ရှိခဲ့ပြီး ဆောင်းသီးနှံစိုက်ပျိုးနိုင်မှုအနေဖြင့် ၂၅၅၈၉ ဧက စိုက်ပျိုးနိုင်ခဲ့ပါသည်။

ရော်ဘာစိုက်ပျိုးထုတ်လုပ်မှုအနေဖြင့် ၂၀၁၆-၂၀၁၇ ခုနှစ်မှ ၂၀၁၈ - ၂၀၁၉ ခုနှစ် အထိ စိုက်ပျိုးပြီး ၁၀၄၁၆၆၅ ဧကအပေါ်တွင် အစေးလှီးဧက ၄၃၆၀၁၂ ရှိပြီး စုစုပေါင်း ၂၄၄၇၄၅၀၀၅ ပေါင်ထွက်ရှိခဲ့ပြီး ဆီအုန်း စိုက်ပျိုးထုတ်လုပ်မှုအနေဖြင့် ၂၀၁၆ - ၂၀၁၇ ခုနှစ်မှ ၂၀၁၈ - ၂၀၁၉ ခုနှစ်အထိ စိုက်ဧက ၁၁၉၂၀၃၅ အပေါ်တွင် အသီးခူးဧက ၄၂၂၄၈၄ ဧကရှိပြီး ၁၀၉၂၃၅၆ တန် ထွက်ရှိခဲ့သည်။

တနင်္သာရီတိုင်းဒေသကြီး၏ အရေးကြီးသည့် အသက်မွေးဝမ်းကျောင်း လုပ်ငန်းတစ်ခု ဖြစ်သည့် ကမ်းနီးငါးဖမ်း/ငါးသယ်ရေယာဉ် လိုင်စင်ထုတ်ပေးမှုအနေဖြင့် ၂၀၁၆ - ၂၀၁၇ ခုနှစ်မှ ၂၀၁၈-၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလကုန်အထိ ၂၂၀၅၄ စင်း ထုတ်ပေးနိုင်ခဲ့ပြီး ကမ်းဝေးငါးဖမ်းရေယာဉ် လိုင်စင်ထုတ်ပေးမှုအနေဖြင့် ငါးဖမ်းရာသီတွင် ၄၂၉ စင်း ထုတ်ပေးနိုင်ခဲ့သည်။ ၎င်းအပြင် ကမ်းနီး/ ကမ်းဝေး/အခြား ရေလုပ်သားကတ်ထုတ်ပေးနိုင်မှုအနေဖြင့် ၂၀၁၆ - ၂၀၁၇ ခုနှစ်မှ ၂၀၁၈ - ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလကုန်အထိ ၁၄၄၂၀၇ ဦးကို ထုတ်ပေးနိုင်ခဲ့သည်။

ငါး/ပုစွန် မွေးမြူထုတ်လုပ်မှုအနေဖြင့် ၂၀၁၆-၂၀၁၇ ခုနှစ်မှ ၂၀၁၈ - ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလကုန်အထိ ကုန်ချိန် ၆၅၄၅၃၅၆ တန်၊ အမေရိကန်ဒေါ်လာ ၄၁ ဒသမ ၈၉၇ သန်း တင်ပို့နိုင်ခဲ့ပြီး ငါး/ပုစွန် ရေထွက်ပစ္စည်းတင်ပို့မှုမှာ ၂၀၁၆ - ၂၀၁၇ ခုနှစ်မှ ၂၀၁၈ - ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလကုန်အထိ ကုန်ချိန် ၇၈၀၁၂၅ ဒသမ ၄၄ တန်၊ အမေရိကန် ဒေါ်လာ ၇၄၄ ဒသမ ၀၇၂ သန်း၊ မြန်မာငွေကျပ် ၆၉၈၁ ဒသမ ၅၀၃ သန်း ရရှိခဲ့သည်။ အအေးခန်းစက်ရုံများမှ ကုန်ချောထုတ်လုပ်တင်ပို့ရောင်းချနိုင်မှုမှာ ကုန်ချိန် ၁၇၂၂၁ ဒသမ ၄၇ တန်၊ အမေရိကန်ဒေါ်လာ ၈၆ ဒသမ ၈၀၈ သန်း တင်ပို့နိုင်ခဲ့သည်။

ဒေသဖွံ့ဖြိုးတိုးတက်ရေး၌ အခြေခံအဆောက်အအုံဖြစ်သည့် လျှပ်စစ်ဓာတ်အား ထုတ်လုပ်မှုကဏ္ဍတွင် (၃)နှစ်တာကာလအတွင်း ထားဝယ်ခရိုင်တွင် ၅၇၇၇၉၃၆ ယူနစ် ထုတ်လုပ်ပေးနိုင်ခဲ့ပြီး ယခင်နှစ်ထက် ၂၈၁၂၈၁၅ ယူနစ်၊ မြိတ်ခရိုင်တွင် ၃၅၂၂၄၆၁ ယူနစ် ထုတ်လုပ်ပေးနိုင်ခဲ့ပြီး ယခင်နှစ်ထက် ၂၀၁၆၂၉၆ ယူနစ်၊ ကော့သောင်းခရိုင်တွင် ၁၄၈၆၉၀၉ ယူနစ် ထုတ်လုပ်ပေးနိုင်ခဲ့ပြီး ယခင်နှစ်ထက် ၄၄၅၁၂၆ ယူနစ် ပိုမိုထုတ်လုပ်နိုင်ခဲ့သည်။

၂၀၁၆ ခုနှစ် ဧပြီလမှ ၂၀၁၉ ခုနှစ် ဇန်နဝါရီလအထိ (၃)နှစ်တာကာလတွင်း ထားဝယ်ခရိုင်တွင် လျှပ်စစ်မီးသုံးစွဲသူ အိမ်ထောင်စု ၁၀၄၀၉၂ စု ရာခိုင်နှုန်းအားဖြင့် ၁၆ ဒသမ ၄၀ ရာခိုင်နှုန်း၊ မြိတ်ခရိုင်အတွင်း အိမ်ထောင်စု ၁၃၂၉၁၉ စု ရာခိုင်နှုန်းအားဖြင့် ၇ ဒသမ ၄၈ ရာခိုင်နှုန်း၊ ကော့သောင်းခရိုင်အတွင်း အိမ်ထောင်စု ၄၆၀၈၈ စု ရာခိုင်နှုန်း အားဖြင့် ၁၆ ဒသမ ၀၉ ရာခိုင်နှုန်း တိုင်းဒေသကြီးအတွင်း စုစုပေါင်းအိမ်ထောင်စု ၂၈၃၀၉၉ စု ရာခိုင်နှုန်းအားဖြင့် ၁၂ ဒသမ ၂၁ ရာခိုင်နှုန်းအထိ တိုးတက်လာခဲ့သည်။

တိုင်းဒေသကြီးအတွင်း စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် ပုဂ္ဂလိကကဏ္ဍအနေဖြင့် ပုဂ္ဂလိကစက်မှုလုပ်ငန်း မှတ်ပုံတင်ပေးခြင်း၊ သက်တမ်းတိုးပေးခြင်း၊ ကြီးကြပ်ခြင်းနှင့် စစ်ဆေးရေးကိရိယာများဖြင့် တိုင်းတာစိစစ်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိသည်။ နိုင်ငံတော်အစိုးရ၏ (၃)နှစ်တာကာလအတွင်း ပုဂ္ဂလိကစက်မှုလုပ်ငန်း ၆၀၇ ခုကို မှတ်ပုံတင်ဆောင်ရွက်ပေးနိုင်ခဲ့သည်။

အစိုးရသက်တမ်း (၃)နှစ်တာကာလအတွင်း တိုင်းဒေသကြီးအစိုးရအဖွဲ့ ငွေလုံးငွေရင်းရန်ပုံငွေကျပ်သန်း ၅၇၈၂ ဒသမ ၃၇ သန်းဖြင့် ကျောက်စီမြေထိန်းနံရံ တည်ဆောက်ခြင်းလုပ်ငန်း ၁၅ ခုကို အကောင်အထည်ဖော် ဆောင်ရွက်ပေးနိုင်ခဲ့သည်။

တနင်္သာရီတိုင်းဒေသကြီး အတွင်းရှိ ပြည်ထောင်စုလမ်းမကြီး ၆၃၁ မိုင် ၃ ဖာလုံနှင့် တိုင်းဒေသကြီးလမ်း ၄၄၈ မိုင် ၁ ဒသမ ၅ ဖာလုံ၊ ပေ ၅၀ အောက် တံတား ၉၅၉ စင်း၊ ပေ ၅၀ နှင့် ၁၀၀ အောက်တံတား ၁၀၅ စင်း၊ ပေ ၁၀၀ နှင့် ၁၈၀ အောက်တံတား ၃၆ စင်း၊ ပေ ၁၈၀ နှင့် အထက် တံတား ၂၄ စင်း၊ ရေပြွန်နှင့် ပိုက်များ ၂၃၇၁ စင်းတို့ကို အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပြီးဖြစ်သည်။

တိုင်းဒေသကြီးအတွင်း ပြည်ထောင်စု/တိုင်းဒေသကြီး ရန်ပုံငွေများဖြင့် ကျေးလက်လမ်းများ ဆောင်ရွက်မှုအနေဖြင့် ကွန်ကရစ်လမ်း၊ ကတ္တရာလမ်း၊ ကျောက်လမ်း၊ အမာခံလမ်း ဖောက်လုပ်ဆောင်ရွက်ပေးနိုင်ခဲ့ပြီး တံတားလုပ်ငန်းများ အနေဖြင့် ၁၀ ပေ မှ ပေ ၅၀ အထက် တံတား ၅၇ စင်း၊ ပေ ၅၀ မှ ပေ ၁၈၀ အထက် တံတား ၁၄ စင်းနှင့် Box Culvert / ရေပြွန် ၁၆၁ စင်း ဆောက်လုပ်ဆောင်ရွက်ပေးနိုင်ခဲ့သလို ရာသီမရွေး သွားလာနိုင်သောလမ်း ၈၄၃ မိုင် ၃ ဒသမ ၆၈ ဖာလုံသို့ တိုးချဲ့ဖောက်လုပ်ပေးနိုင်ခဲ့သည်။

မြို့ပြလမ်းလုပ်ငန်းများ ဆောင်ရွက်မှုအနေဖြင့် (၃)နှစ်တာကာလတွင် ကွန်ကရစ်လမ်း၊ ကတ္တရာလမ်း၊ ကျောက်လမ်း၊ မြေသားလမ်း၊ ကတ္တရာလမ်းပေါက်ဖာ စုစုပေါင်း ၉၇ မိုင် ၅ ဒသမ ၇၇ ဖာလုံကို ကုန်ကျငွေကျပ် ၁၂၀၄၉ ဒသမ ၇၅၂၅ သန်း၊ မြို့ပြတံတားလုပ်ငန်းများ ဆောင်ရွက်မှုအနေဖြင့် ကုန်ကျငွေကျပ် ၁၁၀၄ ဒသမ ၂၈၆၂၅ သန်း၊ မြို့ပြရေပေးရေးလုပ်ငန်းများအတွက် ကုန်ကျငွေကျပ် ၂၅၆ ဒသမ ၁၂၃ သန်း ဆောင်ရွက်ခဲ့သည်။

တိုင်းဒေသကြီး အမှတ်(၂) သတ္တုတွင်းလုပ်ငန်းအနေဖြင့် Mini Budget စီမံကိန်း ရည်မှန်းချက်အရ ၂၀၁၈ - ၂၀၁၉ ခု ဘဏ္ဍာရေးနှစ်တွင် ခဲမဖြူနှင့် အဖြိုက်နက်ရောရာ သတ္တု ၈၃၄ ဒသမ ၈၁၆ မက်ထရစ်တန် ထုတ်လုပ်ရန် ရည်မှန်းထားပြီး ၂၉၅ ဒသမ ၀၃၃ မက်ထရစ်တန် ထုတ်လုပ်နိုင်ခဲ့သည်။

ပုလဲနှင့် မုတ်ခွံ ထုတ်လုပ်နိုင်မှုအနေဖြင့် ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာရေးနှစ် အောက်တိုဘာလမှ ဖေဖော်ဝါရီလအထိ ပုလဲထုတ်လုပ်ရန် လျာထားချက် မိုမီ ၃၈၇၀၀၀ တွင် ၃၃၆၉၅၅ ဒသမ ၃၂ မိုမီနှင့် မုတ်ခွံထုတ်လုပ်ရန်လျာထားချက် ၁၄၂ မက်ထရစ်တန်တွင် ၈၉ ဒသမ ၀၄ မက်ထရစ်တန် ထုတ်လုပ်နိုင်ခဲ့သည်။

တနင်္သာရီတိုင်းဒေသကြီးတွင် ၂၀၁၆ - ၂၀၁၇ ဘဏ္ဍာရေးနှစ်မှ ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာရေးနှစ်အထိ (၃)နှစ်တာကာလအတွင်း အခွန်အရပ်ရပ် ကောက်ခံရရှိမှုမှာ မြန်မာငွေကျပ် ၁၄၇၇၂၀ ဒသမ ၈၃၆ သန်း၊ ထိုင်းဘတ်ငွေ ၁၀၀ ဒသမ ၇၉၇ သန်း၊ အမေရိကန်ဒေါ်လာ ၅ ဒသမ ၉၅၆ သန်း ကောက်ခံရရှိခဲ့သည်။

တိုင်းဒေသကြီးအတွင်း ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှ ၂၀၁၈ ခုနှစ် ဧပြီလမှ စက်တင်ဘာလအထိ (၃)နှစ်တာကာလအတွင်း ကုန်သွယ်ရေးစခန်းများ၏ ပို့ကုန်၊ သွင်းကုန်၊ ကုန်သွယ်မှုပမာဏမှာ အမေရိကန်ဒေါ်လာ ၁၃၈၂ ဒသမ ၇၅၃ သန်း ရရှိအောင် ဆောင်ရွက်နိုင်ခဲ့သည်။

အသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး(GDP)မှာ ၂၀၁၆ - ၂၀၁၇ ဘဏ္ဍာရေးနှစ်မှ ၂၀၁၈ ခုနှစ် ဧပြီလမှ စက်တင်ဘာလအထိ (၃) နှစ်တာကာလအတွင်း ငွေကျပ် ၅၄၅၀၉၂၀ ဒသမ ၉ သန်း အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ပြီး ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် လူတစ်ဦးချင်းဝင်ငွေရရှိမှုအနေဖြင့် နှစ်အလိုက် ဈေးနှုန်းများအရ ငွေကျပ် ၂၉၄၁၂၂၅ ရရှိရန် ရည်မှန်းထားသည်။

ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းနေနိုင်ရေးနှင့် ကျောင်းထွက်သူပပျောက်ရေးအတွက် နှစ်စဉ် မေလ ၂၅ ရက်မှ မေလ ၃၀ ရက်အထိ ကာလကို ကျောင်းအပ်နှံရေး သီတင်းပတ်အဖြစ် သတ်မှတ်ပြီး ကျောင်းအလိုက်/မြို့နယ်အလိုက်၊ ကျောင်းအပ်နှံရေးအခမ်းအနားများကို လူထုလှုပ်ရှားမှုအသွင်ဖြင့် ကျင်းပပြုလုပ်ခဲ့သည်။

*အချပ်ပို (ဆ) သို့*

# “အများပြည်သူ ခရီးသွားလာမှု၊ လူမှုစီးပွားဘဝ အဆင့်မြှင့်တင်နိုင်ရေးနှင့် ကုန်စည်ပို့ဆောင်မှု လွယ်ကူချောမွေ့ရေးအတွက် တိုင်းဒေသကြီး ငွေလုံးငွေရင်း ရန်ပုံငွေဖြင့် ထားဝယ်မြို့ ဆန်းချီရပ်ရှိ မြို့သစ် ၄ လမ်းနှင့် ၆ လမ်းများကို အဆင့်မြှင့်တင် ဆောင်ရွက်ပြီး မြို့သစ် ၅ လမ်းနှင့် ၇ လမ်းများကို အသစ်ဖောက်လုပ်ပေးခဲ့”

*အချပ်ပို (စ) မှ*

၂၀၁၆ - ၂၀၁၇ ပညာသင်နှစ်၊ ၂၀၁၇ - ၂၀၁၈ ပညာသင်နှစ်နှင့် ၂၀၁၈ - ၂၀၁၉ ပညာသင်နှစ် ကျောင်းအပ်နှံရေး အခမ်းအနားများတွင် နိုင်ငံတော်နှင့် စေတနာရှင်ပြည်သူများမှ ကျောင်းသား ကျောင်းသူများကို ထောက်ပံ့ငွေကျပ် ကျောင်းသုံးစာရေးကိရိယာ၊ ကျောင်းသုံးပရိဘောဂများနှင့် ကျောင်းဝတ်စုံများ စုစုပေါင်းတန်ဖိုးငွေကျပ် ၁၄၉၆ ဒသမ ၀၇၂၄ သန်းခန့် ထောက်ပံ့ပေးနိုင်ခဲ့သည်။

လစ်လပ်လျက်ရှိသော မူလတန်းပြရာထူးနေရာများတွင် ပညာရေးဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် ဒေသခံဘွဲ့ရ ပြင်ပပုဂ္ဂိုလ် ၂၇၉ ဦးကို ခန့်ထားပေးခဲ့ပြီး မူလတန်းဆရာ အတတ်သင် တစ်လသင်တန်း တက်ရောက်ကာ မူလတန်းပြ အမြဲတမ်းဝန်ထမ်းများအဖြစ် ၂၀၁၇ - ၂၀၁၈ ပညာသင်နှစ်တွင် ခန့်ထားပေးနိုင်ခဲ့သည်။ တက္ကသိုလ်ဝင်တန်း အောင်ချက်ရာခိုင်နှုန်းအနေဖြင့် ၂၀၁၈ ခုနှစ်တွင် တက္ကသိုလ်ဝင်တန်းဝင်ရောက်ဖြေဆိုသူ ၂၀၂၃၇ ဦး အနက် ၆၁၇၄ ဦး အောင်မြင်ခဲ့သဖြင့် အောင်ချက် ၃၀ ဒသမ ၅၁ ရာခိုင်နှုန်း တိုးတက်ရရှိခဲ့သည်။

တိုင်းဒေသကြီးအတွင်း မြို့နယ် ၁၀ မြို့နယ်၌ ဆင်းရဲချို့တဲ့သည့် အခြေခံပညာ မူလတန်းကျောင်း ၁၀ ကျောင်းမှ သူငယ်တန်း(KG)နှင့် ပထမတန်း (Grade-1) ကျောင်းသား ကျောင်းသူများကို ကျောင်းအလိုက် အာဟာရကျွေးမွေးရေးလုပ်ငန်း အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် ၂၀၁၇ - ၂၀၁၈ ဘဏ္ဍာရေးနှစ်မှစတင်၍ နှစ်စဉ် တိုင်းဒေသကြီးအစိုးရအဖွဲ့ ရန်ပုံငွေမှ ငွေကျပ် ၁၄၂၇၆၀၀၀၀ ကို ထောက်ပံ့ပေးခဲ့သည်။

တိုင်းဒေသကြီးအတွင်း ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်း လွှမ်းခြုံနိုင်မှုအနေဖြင့် ကျေးလက်ကျန်းမာရေးဌာနနှင့် လူဦးရေအချိုးမှာ ၁ အချိုး ၂၂၀၃၁၊ ကျေးလက် ကျန်းမာရေးဌာနခွဲနှင့် လူဦးရေအချိုးမှာ ၁ အချိုး ၄၈၇၃၊ သားဖွားဆရာမနှင့် လူဦးရေ အချိုးမှာ ၁ အချိုး ၃၈၁၄ ဖြစ်သည်။ လူဦးရေနှင့် ဆရာဝန်အချိုးမှာ ၁ အချိုး ၇၆၇၉ ၊ လူဦးရေနှင့် သူနာပြုအချိုးမှာ ၁ အချိုး ၂၄၆၉ ဖြစ်ကြောင်း သိရသည်။

တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ အခြေခံကျန်းမာရေးဝန်ထမ်းများ၏ အရည်အသွေးကို မြှင့်တင်ပေးရန် ဘာသာရပ်အလိုက် သင်တန်းများ၊ မွမ်းမံသင်တန်းများကို ပို့ချပေးလျက်ရှိရာ ၂၀၁၆ ခုနှစ်အတွင်း တိုင်းဒေသကြီးအဆင့် သင်တန်း စုစုပေါင်း ရှစ်ကြိမ်၊ ၂၀၁၇ ခုနှစ်အတွင်း သင်တန်း စုစုပေါင်း ၁၄ ကြိမ်၊ ၂၀၁၈ ခုနှစ်အတွင်း သင်တန်း စုစုပေါင်း ၁၉ ကြိမ် သင်တန်းပို့ချပေးနိုင်ခဲ့ပြီး ထားဝယ်သူနာပြုသင်တန်းကျောင်းမှ သူနာပြုဆရာ ဆရာမ ၁၈၂ ဦး၊ မြိတ်သားဖွားသင်တန်းကျောင်းမှ ၂၀၁ ဦး မွေးထုတ်ပေးနိုင်ခဲ့သည်။

တိုင်းဒေသကြီးအတွင်း တိုင်းအဆင့်၊ ခရိုင်/မြို့နယ်ပေါင်းစုံ အားကစားပြိုင်ပွဲများ ကျင်းပမှုအနေဖြင့် (၃)နှစ်တာကာလတွင် အားကစားနည်း ၁၈ နည်း ကျင်းပနိုင်ခဲ့ပြီး မြို့နယ်များတွင် အားကစားပြိုင်ပွဲ ၃၀၂ ပွဲ ကျင်းပပေးနိုင်ခဲ့ပြီး ၂၀၁၈ - ၂၀၁၉ ခုနှစ်၌ အားကစားနည်း ၃၂ နည်း ကျင်းပခဲ့ပြီး ဆုရရှိမှုအနေဖြင့် ရွှေ ၃၁ ခု၊ ငွေ ၂၇ ခု ၊ ကြေး ၂၇ ခု ရရှိခဲ့ကာ တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက် အဆင့်(၃) ရရှိခဲ့သည်။

## ပြည်သူ့အကျိုးပြု

တနင်္သာရီတိုင်းဒေသကြီးအတွင်း နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ စက်မှုလက်မှုပညာသင်တန်းကျောင်း(ထားဝယ်)၊ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း(မြိတ်)၊ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်း (ကော့သောင်း) တို့ကို ဖွင့်လှစ်၍ အသက်မွေးဝမ်းကျောင်းဆိုင်ရာ သင်တန်းများကို သင်ကြားပို့ချပေးလျက်ရှိရာ (၃)နှစ်တာကာလအတွင်း သင်တန်း ၅၆ ကြိမ်နှင့် သင်တန်းသား သင်တန်းသူ ဦးရေမှာ ၁၃၉၆ ဦးကို သင်ကြားပို့ချပေးနိုင်ခဲ့သည်။

ပညာသင်ကြားရေးတွင် အခက်အခဲရှိသည့် ဒေသခံတိုင်းရင်းသားလူငယ်များကို အလယ်တန်းပညာ၊ အထက်တန်းပညာများသင်ကြားနိုင်ရေး ဆောင်ရွက်ပေးမည့် နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းကို ထားဝယ်မြို့ ကြက်စားပြင်ရပ်ကွက်တွင် ဖွင့်လှစ်နိုင်ရေးအတွက် ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာရေးနှစ်မှစ၍ တည်ဆောက်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပြီး မြိတ်မြို့တွင် နယ်စပ်ဒေသ တိုင်းရင်းသား လူငယ်များဖွံ့ဖြိုးရေး သင်တန်းကျောင်း ဖွင့်နိုင်ရန်မြေနေရာရရှိရေး ဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးနိုင်ငံဖြစ်ပြီး နိုင်ငံတော်အစိုးရအနေဖြင့် စိုက်ပျိုးရေးကဏ္ဍကို အားပေးဆောင်ရွက်လျက်ရှိသကဲ့သို့ တနင်္သာရီတိုင်းဒေသကြီးတွင် တောင်သူများသို့ စိုက်ပျိုးစရိတ်ချေးငွေ ထုတ်ချေးပေးနိုင်မှုမှာ ၂၀၁၆ - ၂၀၁၇ ဘဏ္ဍာရေးနှစ်မှ ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာရေးနှစ်အထိ (၃)နှစ်တာကာလတွင် မိုးရာသီ (စပါး) စိုက်ပျိုးစရိတ်အတွက် ထုတ်ချေးငွေကျပ် ၅၁၇၇၈ ဒသမ ၆၅၀ သန်း၊ နှမ်းစပါးနှင့် အခြားသီးနှံအတွက် ငွေကျပ် ၄၀၃ ဒသမ ၉၅၀ သန်း၊ ပြည်ပဂျပန်နှစ်ဆင့်ချေးငွေ JICA (TSL) (၅ နှစ် ၅ ရစ်) နှစ်ရှည် လယ်ယာသုံးစက် ချေးငွေကျပ် ၁၄၁၅ ဒသမ ၇၅ သန်း၊ ပြည်တွင်းမြန်မာ့စီးပွားရေးဘဏ် နှစ်ဆင့်ချေးငွေ MEB (TSL) (၃ နှစ် ၆ ရစ်ဆပ်)၊ နှစ်တိုလုပ်ငန်း ချေးငွေကျပ် ၆၇ ဒသမ ၃၁၅ သန်း ထုတ်ချေးနိုင်ခဲ့သည်။

တနင်္သာရီတိုင်းဒေသကြီး အတွင်းရှိ ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆက်သွယ်မှုစနစ် ကောင်းမွန်ရန် ကျေးလက်ဒေသများတွင် မိုဘိုင်းစခန်းအသစ်များ တပ်ဆင်ဆောင်ရွက်ပေးခဲ့သည်။ အစိုးရသစ်၏ (၃)နှစ်တာကာလအတွင်း တနင်္သာရီတိုင်းဒေသကြီး အတွင်း မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၏ မိုဘိုင်း BTS စခန်း စုစုပေါင်း ၁၂၈ ခု ဖွင့်လှစ်နိုင်ခဲ့သည်။

ထို့ပြင် အများပြည်သူ ခရီးသွားလာမှု၊ လူမှုစီးပွားဘဝ အဆင့်မြှင့်တင်နိုင်ရေးနှင့် ကုန်စည်ပို့ဆောင်မှု လွယ်ကူချောမွေ့ရေးအတွက် တိုင်းဒေသကြီး ငွေလုံးငွေရင်း ရန်ပုံငွေဖြင့် ထားဝယ်မြို့ ဆန်းချီရပ်ရှိ မြို့သစ် ၄ လမ်းနှင့် ၆ လမ်း များကို အဆင့်မြှင့်တင် ဆောင်ရွက်ပြီး မြို့သစ် ၅ လမ်းနှင့် ၇ လမ်း များကို အသစ်ဖောက်လုပ်ပေးခဲ့သည်။

အဆိုပါလမ်းများမှ ထားဝယ်အထူးစီးပွားရေးဇုန်နှင့် မောင်းမကန်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဇုန်များသို့ အချိန်တိုအတွင်း ရောက်ရှိနိုင်သည့်အပြင် ထားဝယ် - ရေး - ရန်ကုန် လမ်းမကြီးနှင့် ထားဝယ် - မြိတ် လမ်းမကြီးများသို့ အချိန်တိုအတွင်း သွားလာနိုင်သည်။

တနင်္သာရီတိုင်းဒေသကြီးအတွင်း မြို့နယ်များဖြစ်သော တနင်္သာရီမြို့နယ်တွင် FM ရေဒီယိုလွှင့်စက်၊ ဘုတ်ပြင်းမြို့နယ်တွင် ရုပ်မြင်သံကြားလွှင့်စက်၊ သရက်ချောင်းမြို့နယ် ပဲဒက်ကျေးရွာတွင် ရုပ်မြင်သံကြားလွှင့်စက်နှင့် စက်ရုံတစ်ရုံ တိုးချဲ့တည်ဆောက်ပေးနိုင်ခဲ့သည်။

ရပ်ရွာလူထုအခြေပြု ခရီးသွားလုပ်ငန်းကို ထားဝယ်ခရိုင် လောင်းလုံးမြို့နယ် စမ်းလုမ်းကျေးရွာတွင် အိပ်ခန်း လေးခန်းပါ အိပ်ဆောင်နှစ်ဆောင်၊ စားသောက်ဆောင် တစ်ဆောင်ဖြင့် ၂၀၁၈ ခုနှစ် နိုဝင်ဘာလ ၂၅ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး မြိတ်ခရိုင် ကျွန်းစုမြို့နယ် ဒုံးညောင်မှိုင်းကျေးရွာနှင့် ကော့သောင်းခရိုင် ကော့သောင်းမြို့နယ် မကြံ့ဂလက်ကျေးရွာများအား အစဉ်တိုင်း ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမည် ဖြစ်သည်။

အဆိုပါ ကျေးရွာများကို အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်ပြီးမှသာ ကျန်ဆလုံကျေးရွာများတွင် ရပ်ရွာလူထုအခြေပြု ခရီးသွားလုပ်ငန်း (CBT) ကို ဆက်လက် အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ပြည်သူများ အပန်းဖြေအနားယူနိုင်ရန် အတွက် ထားဝယ်မြို့တွင် ဆိပ်ကမ်းသာ ကစားကွင်း၊ မြိတ်မြို့တွင် ဦးမြတ်လေး ပန်းခြံကစားကွင်း အသစ်များ တိုးချဲ့ဆောင်ရွက်ပေး နိုင်ခဲ့သည်။ ၎င်းအပြင် ထားဝယ်မြို့တွင် ပြည်သူများ မြစ်အလှကို ကြည့်ရှုပြီး အပန်းဖြေအနားယူနိုင်ရေး အတွက် ဆိပ်ကမ်းသာလမ်းတွင် ၂၀၁၇ - ၂၀၁၈ ဘဏ္ဍာရေးနှစ်အတွင်း Bored Pile အခြေပြု ကျောက်စီနံရံဆောက်လုပ်ခြင်း၊ ၁၈ ပေ အကျယ် ရှစ်လက်မထု ကွန်ကရစ်ခင်းခြင်း၊ RCC Box Culvert နှစ်စင်း ဆောက်လုပ်ခြင်း၊ လမ်းလယ်ကျွန်းတွင် ရေမြောင်းနှင့် လမ်းဘေးကပ်တုံးများ ပြုလုပ်ခြင်း၊ ရောင်စုံဘလောက်တုံးဖြင့် ပလက်ဖောင်း ပြုလုပ်ခြင်းကို မြောင်းပုလဲတံတားမှ အာဇာနည်လမ်းပိုင်းကြားတွင် ပထမအဆင့် အနေဖြင့် ဆောင်ရွက်ပြီးဖြစ်သည်။

မြိတ်မြို့ ကန်တော်မင်္ဂလာ(ရေကန်ဘောင်) တွင် ပြည်သူများ စိတ်ချမ်းမြေ့စွာ အပန်းဖြေအနားယူနိုင်ရေးအတွက် ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ရေကန်ပေါင်ပတ်လမ်း ရေမြောင်း ကျောက်စီခြင်း၊ ရေကန်ပေါင်အဝင်လမ်း ကွန်ကရစ်ခင်းခြင်း၊ ရေကန်ပေါင်ပတ်လမ်း ရေမြောင်းတွင် ရေမြောင်းအဖုံးပြုလုပ်ခြင်း၊ ရေကန်ပေါင်ပတ်လမ်း သံပန်းတပ် သစ်သားကြမ်းခင်းထိုင်ခုံများ ပြုလုပ်ခြင်းများကို ဆောင်ရွက်ပေးနိုင်ခဲ့သည်။

## သဘာဝဘေးအန္တရာယ်

တနင်္သာရီတိုင်းဒေသကြီးအတွင်း ၂၀၁၆ - ၂၀၁၇ ဘဏ္ဍာရေးနှစ်မှ ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာရေးနှစ်အထိ သဘာဝဘေးသင့်ပြည်သူများ အတွက် ငွေကျပ် ၁၅၁၄၆၀၃၁၁ ကို ထောက်ပံ့ပေးနိုင်ခဲ့သည်။ တနင်္သာရီတိုင်းဒေသကြီးအတွင်း ဇွန်၊ ဇူလိုင်နှင့် ဩဂုတ်လများတွင် သဘာဝဘေးအန္တရာယ်ဖြစ်ပွားမှုများကြောင့် ဘေးသင့်အိမ်ထောင်စုများနှင့် ထိခိုက်ပျက်စီးသွားသော နေအိမ်များအတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ငွေကျပ် ၂၃၄ ဒသမ ၁၂၈ သန်း ထောက်ပံ့ပေးခဲ့သည်။

တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အခြေအနေများနှင့် Tanintharyi Regional Development Plan ရေးဆွဲနိုင်ရေးအတွက် JICA အဖွဲ့မှ တာဝန်ရှိသူများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ ထိုင်းနိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များသည် တိုင်းဒေသကြီးအတွင်း

*အချပ်ပို (ဇ)သို့*



ရေလုပ်ငန်းဖြင့်အသက်မွေးမှု အဓိကလုပ်ကိုင်သည့် တနင်္သာရီတိုင်းဒေသကြီး လောင်းလုံးမြို့နယ် စမ်းလုမ်းကျေးရွာ။ ဓာတ်ပုံ - ဘိုဘို

*အချပ်ပို (ဆ) မှ*

ရင်းနှီးမြှုပ်နှံမှုပြုလုပ်နိုင်ရေးအတွက် VSI Thai Union Co.,Ltd (Thailand) နှင့် ပူးပေါင်းဆွေးနွေးခြင်း၊ Development Planning in Tanintharyi Region and Dawei SEZ ခေါင်းစဉ်ဖြင့် Master Plan ရေးဆွဲထားရှိမှု Draft Plan နှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာကိစ္စများ နှင့်စပ်လျဉ်း၍ JICA အဖွဲ့နှင့် ပူးပေါင်း ဆွေးနွေးခြင်း၊ တိုင်းဒေသကြီးအတွင်း ရင်းနှီး မြှုပ်နှံမှု လုပ်ငန်းဆိုင်ရာ ကုမ္ပဏီများနှင့် ပူးပေါင်း ဆောင်ရွက်ပေးခဲ့သည်။


တနင်္သာရီတိုင်းဒေသကြီးအတွင်း တရားမဝင် သစ်ထုတ်လုပ်မှုများ လျော့နည်းပပျောက်နိုင်ရေးအတွက် မိတ်ဖက်ဌာနဆိုင်ရာ အဖွဲ့အစည်းများ၊ အရပ်ဘက် လူမှုရေးအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ တရားမဝင် သစ်ထုတ်လုပ်မှု ဖမ်းဆီးရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ရာတွင် ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာရေးနှစ် အောက်တိုဘာလမှ ဖေဖော်ဝါရီလအထိ ကျွန်းသစ် ၀ ဒသမ ၄၈၂ တန်၊ အုပ်စု (၁) သစ်ခွဲသား ၂၉ ဒသမ ၆၆၄၃ တန်၊ အုပ်စု (၂) အခြားသစ်လုံး ၄၀ ဒသမ ၇၆၁၃ တန်၊ အုပ်စု(၂) အခြားခွဲသား ၃၂၀ ဒသမ ၀၇၉၇ တန်ကို ဖမ်းဆီးရမိခဲ့သည်။

တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ ပြည်သူလူထု၊ ကျောင်းသား ကျောင်းသူ၊ ဆရာ ဆရာမများ၊ ဌာနဆိုင်ရာဝန်ထမ်းများ လူကုန်ကူးမှုဆိုင်ရာ အသိပညာဗဟုသုတများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် သက်ဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ NGO, INGOs များနှင့် ပူးပေါင်း၍ အသိပညာပေး ဟောပြောပွဲများပြုလုပ်ခြင်း၊ လက်ကမ်းစာစောင်ဖြန့်ဝေခြင်းများ၊ လူစည်ကားရာ နေရာများတွင် အသိပညာပေး Bill Board များ စိုက်ထူခြင်းများအပြင် တနင်္သာရီတိုင်းဒေသကြီးရဲတပ်ဖွဲ့၏စီစဉ်မှုဖြင့် UD Counder (၁၀) ဘီးယာဉ် အသုံးပြု၍ ဝေးလံခေါင်းပါးသည့် နေရာများအထိရောက်အောင် အသိပညာပေး လှည့်လည်ဟောပြောခြင်းများ ဆောင်ရွက်လျက်ရှိသည်။

## လုပ်ထုံးလုပ်နည်းများ ဖြေလျှော့ပေးခြင်း

ဖြေလျှော့မှုများအနေဖြင့် ယခင်က ဓာတ်အားလိုင်းခွဲရုံ (ထရန်စဖော်မာ)များကို စစ်ဆေးပြီးပါက လျှပ်စစ်စစ်ဆေးရေးမှူးချုပ်၊ လျှပ်စစ်စစ်ဆေးရေးဌာန (ရုံးချုပ်) နေပြည်တော်မှ ခွင့်ပြုလက်မှတ် ထုတ်ပေးခဲ့သော်လည်း ယခုဘဏ္ဍာရေးနှစ်များတွင် ဓာတ်အားလိုင်းခွဲရုံ (ထရန်စဖော်မာ) ကို ၄၀၀ ကေဗွီအေနှင့်အောက်လျော့နည်းပါက တိုင်းဒေသကြီး လျှပ်စစ်စစ်ဆေးရေးမှူးမှ ခွင့်ပြုလက်မှတ် ထုတ်ပေးပိုင်ခွင့်ပြုခဲ့သည်။

ထို့ပြင် တနင်္သာရီတိုင်းဒေသကြီး စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန အသေးစား၊ အငယ်စားနှင့် အလတ်စား လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဌာနသည် လုပ်ငန်းရှင်များ ချေးငွေရယူရန်အတွက် ယခင်က လုပ်ငန်းရှင်ဖြစ်ကြောင်း ထောက်ခံချက် Recommendation Letter ကို နေပြည်တော်(ရုံးချုပ်) မှ ထောက်ခံချက် ထုတ်ပေးခဲ့ပြီး ယခုအခါ ငွေကျပ်သိန်း ၁၀၀၀ အောက် ဘဏ်ချေးငွေရယူလိုသော လုပ်ငန်းရှင်များကို တိုင်းဒေသကြီးဦးစီးဌာနမှူးမှ ထောက်ခံချက်ဖြင့် ထုတ်ပေးနိုင်အောင် လုပ်ငန်းဖြေလျှော့ပေးလျက်ရှိသည်။



မြိတ်ကျွန်းစုဒေသရှိ စမတ်ကျွန်းကို တွေ့ရစဉ်။

## ငြိမ်းချမ်းရေးလုပ်ငန်းစဉ်

ရန်ကုန်တိုင်းဒေသကြီး အခြေစိုက် တိုင်းရင်းသားလူမျိုးရေးရာ ဖွံ့ဖြိုးရေးနှင့် သုတေသနအသင်း CDEF နှင့် မြိတ်ခရိုင်အခြေစိုက် ငါတို့အနာဂတ် အရှေ့ဆောင် OTF တို့ ပူးပေါင်းဆောင်ရွက်သော ငြိမ်းချမ်းရေးဆွေးနွေးပွဲကို မြိတ်ခရိုင် မြိတ်မြို့နယ် Green Eye ဟိုတယ်တွင် လာမည့် အောက်တိုဘာလတွင် ကျင်းပရန် ခွင့်ပြုပေးခဲ့သည်။

တိုင်းဒေသကြီးအတွင်း ထားဝယ်ခရိုင် ထားဝယ်မြို့နယ်အတွင်းရှိ မောထ၊ အမြှား၊ ထီးထနှင့် ဆင်ဖြူတိုင်ကျေးရွာများတွင် စစ်ရေးပဋိပက္ခကြောင့် နေရပ်စွန့်ခွာပြီး ပြန်လည်အခြေချနေထိုင်သော ဒေသခံတိုင်းရင်းသားများ၏ လမ်းပန်းဆက်သွယ်ရေး၊ ပညာရေး၊ ကျန်းမာရေး အခက်အခဲများဆောင်ရွက်ရန် ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီး အစိုးရအဖွဲ့ ရန်ပုံငွေတွင် ထည့်သွင်းလျာထားရန် စီစဉ်ထားကြောင်း သိရသည်။

တိုင်းဒေသကြီးအတွင်း အကျဉ်းသား အကျဉ်းသူ၊ အချုပ်သား အချုပ်သူများ၏ နေထိုင်မှု အဆင့်အတန်း တိုးတက်ကောင်းမွန်ရန်၊ အကျဉ်းထောင်အတွင်း သောက်ရေသုံးရေ သန့်ရှင်းလုံလောက်မှုရှိရန်၊ အနံ့အသက်များကင်းစင်ပြီး သန့်ရှင်းမှုရှိရန်၊ ကျန်းမာရေးစောင့်ရှောက်မှုများ အလုံအလောက် ပေးနိုင်ရန် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ (ICRC) အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

တိုင်းဒေသကြီးအတွင်း တိုင်းဒေသကြီး/ခရိုင်/မြို့နယ် အမျိုးသမီးကော်မတီများ ဖွဲ့စည်းခဲ့ပြီး တိုင်းဒေသကြီး အမျိုးသမီးကော်မတီနှင့် သင်္ဂဟဂျန်ဒါတို့ပူးပေါင်းပြီး "လူဖြစ်ခွင့်ပေးပါ" လှုပ်ရှားမှုနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေး (၁၆)ရက်တာ လှုပ်ရှားမှုအဖြစ် "မတူကွဲပြား အကြမ်းမဖက်ရေး မိမိကစပါဝင်ပေး" လှုပ်ရှားမှုတို့ကို ကျင်းပပေးနိုင်ခဲ့သည်။

## အကျိုးသက်ရောက်မှုများ

တနင်္သာရီတိုင်းဒေသကြီး အတွင်းသို့ နိုင်ငံတော်၏ မဟာဓာတ်အားလိုင်း မရောက်ရှိမီက တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အသီးသီးတွင် သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်များ၊ ဒီဇယ်ဓာတ်အားပေးစက်များ၊ အသေးစားရေအားစက်များဖြင့် လျှပ်စစ်ဓာတ်အား ထုတ်လုပ်ဖြန့်ဖြူးပေးလျက်ရှိရာ ၂၀၁၉ ခုနှစ် ဇန်နဝါရီလအထိ စက်တပ်ဆင်နိုင်မှု အင်အားအနေဖြင့် ဓာတ်အားပေးစက် ၄၈ လုံး တပ်ဆင်အင်အား ၃၀ ဒသမ ၈၃ မဂ္ဂါဝပ် တိုးချဲ့တပ်ဆင်နိုင်ခဲ့သည်။

ကျောင်းများ အဆင့်တိုးမြှင့်မှုအနေဖြင့် တိုင်းဒေသကြီးအတွင်းရှိ ကျောင်းပေါင်း ၃၇၄ ကျောင်းကို အဆင့်တိုးမြှင့် ဖွင့်လှစ်ပေးနိုင်ခဲ့သလို ဆေးရုံ၊ ဆေးပေးခန်းနှင့် ဝန်ထမ်းအိမ်ရာ တည်ဆောက်ရေးလုပ်ငန်း ၇၅ ခုကို အကောင်အထည်ဖော် ဆောင်ရွက်ပေးနိုင်ခဲ့သည်။

အားကစားကဏ္ဍ တိုးတက်ရေးအတွက် ၂၀၁၈ - ၂၀၁၉ ခုနှစ်၌ တိုင်းဒေသကြီး အတွင်း ထားဝယ်မြို့ ရွှေဝယ်သီရိအားကစားကွင်းတွင် ကစားသမားတည်းခိုဆောင် နှစ်ဆောင်၊ ကွန်ကရစ်ရေစင် တစ်လုံး၊ အမိုးပါအုတ်ရေကန် နှစ်လုံး တည်ဆောက်ခြင်း၊ ရေဖြူမြို့ အားကစားကွင်း နယ်နိမိတ် ခြံစည်းရိုးကာရံခြင်း၊ သရက်ချောင်းမြို့ အားကစားကွင်းပြေးလမ်းမြေဖြည့်ခြင်း Inner Fence ကာရံခြင်းနှင့် ခြောက်ခန်းတွဲ အိမ်သာ ဆောက်လုပ်ခြင်း၊ မြိတ်မြို့ အားကစားခန်းမ နယ်နိမိတ် ခြံစည်းရိုးကာရံခြင်း၊ မီတာ ၄၀၀ ပြေးလမ်း ကျောက်မှုန့်ခင်းခြင်းနှင့် တင်းနစ်ကွင်း ပွဲကြည့်စင်ဆောက်လုပ်ခြင်း၊ ကျွန်းစုမြို့ အားကစားကွင်း ပြေးလမ်းကျောက်မှုန့်ခင်းခြင်း၊ ဖြတ်ရေမြောင်းပြုလုပ်ခြင်း၊ ကပ်တုံးပြုလုပ်ခြင်း၊ ရေလမ်းကြောင်းတူးဖော်ခြင်းနှင့် ကွင်းအတွင်း မြေကြီးတူးထုတ်ခြင်း၊ ပုလောမြို့ အားကစားကွင်း Inner Fence ကာရံခြင်း၊ တနင်္သာရီမြို့ (မောတောင်) အားကစားကွင်း နယ်နိမိတ် ခြံစည်းရိုးကာရံခြင်း၊ ဘုတ်ပြင်းမြို့ အားကစားခန်းမ ပတ်လည် ခြံစည်းရိုးကာရံခြင်းတို့ကို ဆောက်လုပ်ပေးလျက်ရှိသည်။

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် ပုလောမြို့နယ် တိုနှင့် ပလကျေးရွာတို့ကို ပေါင်း၍ ပလမြို့သစ် Town Plan နှင့် ထားဝယ်ခရိုင်၊ လောင်းလုံးမြို့နယ် မောင်းမကန်ဒေသရှိ မောင်းမကန် Town Plan ကို ရေးဆွဲဆောင်ရွက်ခဲ့ပြီး ဒုတိယအကြိမ် တိုင်းဒေသကြီးလွှတ်တော် ဒသမအကြိမ် ပုံမှန်အစည်းအဝေးတွင် အတည်ပြုခဲ့ပြီးဖြစ်သည်။

ထို့ပြင် မြန်မာနိုင်ငံ၏ လူမှုကာကွယ်စောင့်ရှောက်ရေး အမျိုးသားအဆင့် မဟာဗျူဟာလုပ်ငန်းအစီအစဉ်နှင့် သက်ကြီးရွယ်အိုများဆိုင်ရာ ဥပဒေအရ မြန်မာနိုင်ငံသား အသက်(၉၀)နှစ်ပြည့်ပြီးသူ ဘိုးဘွားများကို လူမှုရေးပင်စင် အစီအစဉ်အရ တစ်လလျှင် ငွေကျပ် ၁၀၀၀၀ နှုန်း ထောက်ပံ့လျက်ရှိသလို တိုင်းဒေသကြီး အစိုးရအဖွဲ့၏ ဦးဆောင်မှုဖြင့် မသန်စွမ်းသူများ လူ့အသိုင်းအဝိုင်းတွင် ဝင်ဆံ့နိုင်ရေးအတွက် Right to Play အခမ်းအနားများကို ကျင်းပပေးခဲ့သည်။

သက်ငယ်မုဒိမ်းမှု ကျူးလွန်ခံရသူများအတွက် တရားရုံးထောက်ပံ့စရိတ် ငွေကျပ်တစ်သိန်းစီနှင့် ၁၇ ဦးကို ဘဝရပ်တည်ရေးအတွက် အသက်မွေးဝမ်းကျောင်းပစ္စည်းများ ဝယ်ယူရန် ငွေကျပ် ငါးသိန်းစီဖြင့် စုစုပေါင်း ငွေကျပ် ၁၀၉ သိန်း ထောက်ပံ့ပေးခဲ့သည်။

တိုင်းဒေသကြီး ယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းရေး ဥပဒေပုဒ်မ(၄)အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ တိုင်းဒေသကြီး အစိုးရအဖွဲ့၏ အစည်းအဝေး အမှတ်စဉ် (၁၈/၂၀၁၇) ဆုံးဖြတ်ချက်အရ မြိတ်ခရိုင် တနင်္သာရီမြို့နယ် တနင်္သာရီမြို့ဟောင်းကို ရှေးဟောင်းနေရာတည်နေရာဇုန်နှင့် ကာကွယ်ထိန်းသိမ်းရေးဇုန်အဖြစ် သတ်မှတ်နိုင်ခဲ့သည်။

ထို့ပြင် တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ ဒြပ်ရှိ/ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ် (ICH) ၉၆ ခုအနက် ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာရေးနှစ်အတွင်း ရှင်မာလဲပွဲတော်၊ နှစ်ကျိပ် ရှစ်ဆူဘုရားပွဲတော်၊ ထားဝယ်မုန့်ကာလာမဲလုပ်ငန်း၊ ထားဝယ်ခေါက်မုန့်လုပ်ငန်း၊ ကောက်ညှင်းကျည်တောက်လုပ်ငန်း၊ ထားဝယ်မုန့်လက်သုပ်၊ ဝါးခမောက်လုပ်ငန်း၊ သကျက်ဖျာလုပ်ငန်း၊ ရေဖြူလှေလှော်ပြိုင်ပွဲ၊ ခေါသရပ်ပွဲတော်၊ တနင်္သာရီ မင်္ဂလာဆောင်ဓလေ့၊ ထားဝယ်မင်္ဂလာဆောင် ဓလေ့၊ ဓနိပွင့်ယိုလုပ်ငန်းများကို ယူနက်စကို ယဉ်ကျေးမှု အမွေအနှစ်အဖြစ် UNESCO သို့ မှတ်တမ်းတင် ပေးပို့နိုင်ခဲ့သည်။

ထိုကဲ့သို့ အမွေအနှစ်များသည် တနင်္သာရီတိုင်းဒေသကြီး၏ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆွဲဆောင်မှုများပင် ဖြစ်သည်။ ခရီးသွားလုပ်ငန်း အပါအဝင် တနင်္သာရီတိုင်းဒေသကြီး ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရအဖွဲ့သည် ပြည်ထောင်စုအစိုးရအဖွဲ့မှ ချမှတ်ထားသည့် မူဝါဒလမ်းစဉ်များကို ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ အရှိန်အဟုန်မပျက် ဆက်လက် ဆောင်ရွက်လျက်ရှိပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။



မြိတ်ကျွန်းစုဒေသရှိ ပင်လယ်ကျွန်းများသို့ အပန်းဖြေလေ့လာရေးခရီး လာရောက်ကြသည့် ပြည်တွင်း ပြည်ပခရီးသွားများကို တွေ့ရစဉ်။